www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

၀၉၅-၈၃

ကြည်သိမ်
ဟာဇက်ခုနှစ်တွေ/ကြည်သိမ်။ -ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၅။
၂၅၀-စာ၊ ၁၂.၅ x ၁၈.၃ စင်တီ။
(၁) ကြည်သိမ်

ထုတ်ဝေသူ ဦးအောင်မြင့်၊ မြနိဒ်ဦး-ဗျူး အောင်မြင်စာပေ

အတွင်းဖုံးနှိပ် နှင့် မျက်နှာဖုံးပုံနှိပ် အောင်မြင်ပုံနှိပ်တိုက်၊ ပထမအကြိမ် ၂၀၁၅ ခုနှစ်
(မတ်လ)၊ အုပ်ရေ (၅၀၀)။



BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

- ချစ်သူမျက်နှာကို ရဲရဲသာကြည့်ပါ။
တစ်စုံတစ်ခုကြောင့် မကြည့်ဝံ့ခဲ့ရင်
မျက်နှာပေါ်မှာ အရိပ်ထင်နေတဲ့
သူ့ရင်ထဲက ခံစားချက်တွေကို
တွေ့ရမှာ မဟုတ်ပါဘူး။

- အမုန်းတရားရဲ့ဆန့်ကျင်ဘက်ဟာ
အမှားဖြစ်ပါတယ်။
အမှားရဲ့ဆန့်ကျင်ဘက်မှာလည်း
အမုန်းတရား ရှိပါတယ်။
ရွေးချယ်မှုပေါ်မှာတော့ မူတည်ပါတယ်။

- အပြစ်မရှိသူကို အပြစ်ပေးမိရင်
အပြစ်တစ်ခု ရနိုင်ပါတယ်။
အပြစ်ရှိသူကို အပြစ်မပေးမိရင်တော့
သူ့အပြစ်တွေအားလုံး
ကိုယ့်ဆီရောက်လာတော့တာပါပဲ။

# ဒဿနလက်ဆောင်

- စာရွက်တွေပေါ်က စကားလုံးတွေကတော့
တစ်ချိန်ကျရင် ပျောက်ကွယ်သွားမှာပါပဲ။
အသည်းနှလုံးအထိ ရောက်ခဲ့ရင်တော့
အဲဒီစကားလုံးတွေ မပျောက်ပျက်အောင်
လက်ဆင့်ကမ်းကြတော့တာပါပဲ။

- အခြားသူထံမှ ငါးတစ်ကောင်ရလျှင်
တစ်နပ်သာ စားသောက်နိုင်ပါတယ်။
မိမိကိုယ်တိုင် ငါးဖမ်းနည်းတတ်လျှင်တော့
တစ်သက်လုံး စားသောက်စရာ ရနိုင်ပါတယ်။

- ချစ်ခြင်းမေတ္တာဆိုတာ
တဖြည်းဖြည်း ပြုစုပျိုးထောင်ပေးရပါတယ်။
သို့သော်လည်း
အမုန်းတရားတွေမရှိတဲ့
မြေကွက်နေရာမျိုးလည်း
ဖြစ်ဖို့ရန် လိုသေးတယ်။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

➢ လူများစွာ လျှောက်တဲ့လမ်းကတော့
ရှုပ်ထွေးမှာပါပဲ၊
ရှင်းလင်းတဲ့လမ်းကို ရွေးချင်ရင်တော့
ကိုယ့်လမ်းကိုယ်ဖောက်ဖို့ လိုပေလိမ့်မယ်။

➢ လက်သီးဆုပ်ထားရင်တော့
နှုတ်ဆက်လို့ မရနိုင်ပါဘူး။
ပါးစပ်စေ့ထားရင်တော့
ပြုံးရယ်၍ မရနိုင်ပါဘူး။
ဟန်ဆောင် ဖုံးကွယ်ထားရင်တော့
ချစ်ခြင်းမေတ္တာကို မြင်တွေ့ရမှာ မဟုတ်ပါဘူး။

➢ သင့်မှာ နိုကိုးရာမဲ့နေရင်
စိတ်ဝိညာဉ်နဲ့ အဖော်ပြုပေးပါ။
သင့်မှာ ခံစားမှု မဲ့နေရင်တော့
ချစ်ခြင်းမေတ္တာကိုသာ တွေ့အောင်ရှာပေတော့။

# ဒဿနလက်ဆောင်

➢ အချစ်ဆိုတာ လှပတဲ့ ရုပ်ပုံလွှာဖြစ်သလို
နလုံးသားရဲ့မိတ်ဆွေလည်း ဖြစ်ပါတယ်။
အချစ်ဆိုတာ နူးညံ့သိမ်မွေ့လှပေမယ့်
အတိုင်းမသိတဲ့ ခွန်အားတွေကိုလည်း
ပေးနိုင်ပါသေးတယ်။

➢ ဒုက္ခတရားက ကိုယ်နဲ့ ထိုက်တန်သည်ဖြစ်စေ၊
မထိုက်တန်သည်ဖြစ်စေ
အတင်းအဓမ္မ ဝင်ရောက်လာတတ်ပါတယ်၊
သုခချမ်းသာကတော့
လာချင်ရင်တောင်မှ ဖြည်းဖြည်းချင်းပဲ
လာတတ်ပါတယ်။

➢ အချိန်ကာလတစ်ခုကို ဖြုန်းတီးခြင်းက
အသက်ရှင်ခွင့်ရတဲ့ ကာလတစ်ခုကို
ဖျက်ဆီးပစ်တာနဲ့ အတူတူပါပဲ၊
လွန်မြောက်သွားတဲ့အချိန်ကို
ဘယ်သောအခါမှ ပြန်မရနိုင်တော့ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



## ဤဝတ္ထု၌ ပါဝင်သောအခန်းများ


| | |
|---|---|
| အခန်း(၁) | ကိုလိုနီခေတ်က တရုတ်တန်း |
| အခန်း(၂) | သူတောင်းစားမာဒင် |
| အခန်း(၃) | သီရိုဝေနှင့်ပြန်ညှိရမည့်ကာရံများ |
| အခန်း(၄) | ကျွန်ုပ်နှင့်မော်ဝင်လက်စွပ်များ |
| အခန်း(၅) | သရဲသတ်သဖြင့်သေသောအမှု |
| အခန်း(၆) | ဦးညွှတ္တာနှင့်သဲလွန်စကွင်းဆက်များ |
| အခန်း(၇) | မာဒင်နှင့်သူတောင်းစားပညာ |
| အခန်း(၈) | ဒေါက်တာမင်းထင်ကျော်နှင့်သီရိုဝေ |
| အခန်း(၉) | တိုနီစာသင့်နေသည့်ဘုရားကျွန်များ |
| အခန်း(၁၀) | မေရီကျော်နှင့်သေမင်းတမန်တော် |
| အခန်း(၁၁) | မျက်နှာဖုံးစွပ်လူသတ်သမား |
| အခန်း(၁၂) | ဆေးရုံပေါ်မှသဲလွန်စများ |
| အခန်း(၁၃) | ဦးညွှတ္တာပျောက်ဆုံးသောအမှု |
| အခန်း(၁၄) | ကျေးဇူးသိတတ်သည့်နာနာဘာဝများ |
| အခန်း(၁၅) | မာဒင်မော်နှင့်မိစ္ဆာဝိညာဉ်လက်စွပ် |
| အခန်း(၁၆) | ဖူးစာ၏ဆုံမှတ်များ |






# အခန်း (၁)

# ကိုလိုနီခေတ်က တရုတ်တန်း

အချိန်ကာလမှာ မြန်မာနိုင်ငံအား အင်္ဂလိပ်နယ်ချဲ့များ သိမ်းပိုက်ထားသော (၁၉၃၀)ခုနှစ် အချိန်ကာလဝန်းကျင် ဖြစ်ပေသည်။ ထိုအချိန်ကာလတွင် ရန်ကုန်မြို့၏ အနေအထားမှာ ယခုလက်ရှိ မြင်တွေ့နေရသော အခြေအနေမျိုးနှင့် တခြားစီ ဖြစ်နေပေတော့သည်။

မြန်မာဘုရင်များ ထီးနန်းစိုက်ခဲ့စဉ် မန္တလေးအား ရတနာပုံ မင်းနေပြည်တော်အဖြစ် သတ်မှတ်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်နယ်ချဲ့များ ဝင်ရောက်လာပြီးသောအခါမှာတော့ မန္တလေးကို မြို့တော်အဖြစ် အသုံးမပြုတော့ဘဲ ရန်ကုန်မြို့ကိုသာ အစိုးရရုံးစိုက်ရာ မြို့တော်အဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ကြပေသည်။

ထိုအချိန်က ရန်ကုန်မြို့တော်မှာ မြန်မာနိုင်ငံ၏ မြို့တော်အဖြစ် သတ်မှတ်ခဲ့ကြသော်လည်း နေထိုင်သူလူဦးရေကတော့ မများလှပေ။

ရန်ကုန်မြို့တွင်နေကြသော လူဦးရေတွင် ဗမာလူမျိုးက အနည်းငယ်သာရှိပြီး တရုတ်နှင့် ကုလားလူမျိုးတို့က အများဆုံး နေထိုင်ကြလေသည်။

အများဆုံးက ကုလားလူမျိုးများ ဖြစ်ကြသည်။

ဗမာများက ကမာရွတ်၊ စမ်းချောင်း၊ ကြည့်မြင်တိုင် ပုဇွန်တောင် စသောမြို့စွန်ရပ်ကွက်ကလေးများသာ အနေများကြပြီး တရုတ်များကတော့ လမ်းမတော်နှင့် လသာတစ်ဝိုက်မှာသာ အနေများကြလေသည်။

တစ်မြို့လုံး နေရာအနှံ့မှာတော့ ကုလားလူမျိုးများက အများစုနေထိုင်ကြသည်။

ကုလားလူမျိုးများတွင် ဈေးကြီးများ၊ စပါးလုပ်ငန်း၊ သစ်လုပ်ငန်း စသည်တို့ကို ပိုင်ဆိုင်လုပ်ကိုင်သော မတ်စတီးခန်းကဲ့သို့ ကုလားသူဌေးကြီးများမှအစ ကူလီထမ်း၊ လန်ချားဆွဲ၊ အဝတ်လျှော်၊ ဈေးကျုံးလုပ်ငန်းအထိ ကုလားများက လုပ်ကိုင်ကြသည်။

၎င်းတို့သည် ဆင်းရဲပင်ပန်းမှုဒဏ်ခံနိုင်ပြီး အလုပ်မရွေး



BURMESE CLASSIC



လုပ်ကိုင်နိုင်ကြသည်။ တရုတ်များကတော့ ထိုသို့မလုပ်ကြပေ။

ထိုအချိန်က လူစည်ကားပြီး ရန်ကုန်မြို့လယ်ဟု သတ်မှတ်ထားသော လမ်းမတော် လသာတစ်ဝိုက်မှာပင် စုဝေးနေထိုင်ကြပြီး ဘိန်းခန်းထောင်ခြင်း၊ လောင်းကစားဝိုင်းများထောင်ခြင်း၊ ပျော်ပွဲစားရုံ၊ လက်ဖက်ရည်ဆိုင်၊ ခေါက်ဆွဲဆိုင်များဖွင့်ကာ စီးပွားရှာကြသည်။

ပျော်ပွဲစားရုံနှင့် ခေါက်ဆွဲဆိုင်များ ဖန်းပြပြီး အရက်ရောင်းခြင်း၊ ဘိန်းခန်းများဖွင့်ခြင်း၊ အနီထောင်ဝိုင်း၊ ဂျင်ဝိုင်းများဖွင့်ခြင်းတို့ဖြင့် စီးပွားရှာဖွေကြသည်။

လမ်းမတော်၊ လသာစသော ရပ်ကွက်များမှာ ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းမှာ ပါဝင်ပြီး အနောက်ပိုင်း ရာဇဝတ်အုပ် အုပ်ချုပ်သော နယ်မြေပင် ဖြစ်သည်။

(၁၉၃၀)ပြည့်နှစ်၊ ဝန်းကျင်ကာလက အနောက်ပိုင်းခရိုင်ကို အုပ်ချုပ်သော ရဲဌာနသုံးနေရာရှိသည်။

ရဲအင်စပက်တော်အုပ်ချုပ်သော နေရာဖြစ်သည်။

အနောက်တိုင်းခရိုင်ကို အုပ်ချုပ်ရသော ရဲအင်စပက်တော်(ထိုအခေါ်အဝေါ်မှာ ရှေးကရေးသားခေါ်ဝေါ်သော အမည်ပင်ဖြစ်၏။)မှာ အထက်၌ရေးထားသော ရဲဌာနသုံးနေရာကို စီမံအုပ်ချုပ်ရသည်။

ထိုရဲဌာနကို ယခင်က ရဲဌာနဟု မခေါ်ကြဘဲ ဂါတ်တဲဟုသာ အလွယ်တကူ ရေးသားခေါ်ဝေါ်ကြသည်။

အနောက်ပိုင်းခရိုင်တွင်ပါဝင်သော ရဲဌာနသုံးခုမှာ



www.burmeseclassic.com

www.burmeseclassic.com



လမ်းမတော် ရဲဌာန၊ အလုံရဲဌာနနှင့် ကန်တော်မင်ရဲဌာန၊ (ယခု ဒဂုံရဲဌာန)တို့ဖြစ်သည်။

ထိုဌာနများတွင် ဒုတိယရာဇဝတ်အုပ်များက အချိန် ပြည့်နေကာ တာဝန်ယူအုပ်ချုပ်ကြရပေသည်။

ကိုလိုနီခေတ်က ပုလိပ်ဖွဲ့စည်းပုံမှာ အောက်ပါအတိုင် ပင် ဖြစ်ပေသည်။

(၁) ပုလိပ်မင်းကြီး
(၂) တိုင်းရဲမင်းကြီးများ
(၃) ခရိုင်ရာဇဝတ်ဝန်
(၄) နယ်စီးရဲဝန်ထောက်
(၅) တိုက်ပိုင်
(၆) ဌာနအုပ်
(၇) ရာဇဝတ်အုပ်၊ အမှုလိုက် ရာဇဝတ်အုပ်
(၈) ရဲကြပ်ကြီး(ဂါတ်စာရေး)
(၉) ရဲကြပ်(ဆားပုလင်း)
(၁၀) ရဲသား(ပုလိပ်)

စသည်ဖြင့် ဖွဲ့စည်းကာ နယ်မြေအလိုက် အုပ်ချုပ်ကြရ လေသည်။ ထိုအနောက်ပိုင်းခရိုင်ကို အုပ်ချုပ်ရသော ရာဇဝတ် အုပ်မှာ အလုပ်အများဆုံးဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် . .

အနောက်ပိုင်းခရိုင်သည် လူအစည်ကားဆုံး အရှုပ် ထွေးဆုံး၊ လောင်းကစားဝိုင်းများ၊ ဘိန်းခန်းများ အပေါဆုံးဖြစ်





သို့ ရာဇဝတ်မှုများလည်း အပေါများဆုံး ဖြစ်လေသည်။

(၁၈၇၀)ခုနှစ်လောက်ကလည်း စည်ကားရှုပ်ထွေးသော င်းမတော်၊ လသာတစ်ဝိုက်မှာ ထိုအချိန်လောက်ကတည်းက ရာဇဝတ်မှု များပြားခဲ့သည်ကို ရဲမှတ်တမ်းဟောင်းများ၌ တွေ့ရ မည်။

ထိုအချိန်က ရာဇဝတ်ရုံးတော်ကစီရင်သော အမှုများကို ခေတ်အခါက ထုတ်ဝေသော သတင်းစာများ၌ ဖော်ပြပေးခဲ့ သည်ကိုလည်း အောက်ပါအတိုင်း တွေ့ရသည်။

➤ ဒုတိယရာဇဝတ်အုပ် မောင်တိုးစံ ပိုင်နက်၊ ကြည့်မြင် တိုင်အရပ်၊ ထွက်ပြေးတိမ်းရှောင်မှု (၂)မှု၊ အက်(၅) (၁၈၆၁)ခု အရပိုင် ရဲသား(၂)ယောက်မိ၍ စီရင်လိုက်သည်။

ခိုးမှုအခန်း(၃၈၀)အရပါ ပစ္စည်းအဖိုးတန်ငွေ(၃၄)ကျပ် ၁၀)ပဲ၊ လူမမိ၊ ငွေမရ။

➤ အနောက်တိုင်း ရာဇဝတ်အုပ် မီလာသခင် ပိုင်နက်၊ အကွက်နံပါတ်(၂)၊ ရန်ပုံကွင်း၊ အိုးဘိုအတင်း ခုခံမှုအခန်း(၃၄၅) အရ လူတစ်ယောက် မိသော်ငြားလည်း တရားလိုက တရားကို ပြန်နှုတ်သဖြင့် ပြီးသည်။

နှောင့်ယှက်မှု (၂)မှု၊ (၁၈၆၁)ခုအရ၊ လူ(၆)ယောက်ကို သဖြင့် စီရင်လိုက်သည်။

အကွက်နံပါတ်(၃) တရုတ်တန်း လမ်းမတော် ကစားမှု၊ က်(၅) (၁၈၆၇)အရ လူနှစ်ယောက်မိ၍ စီရင်လိုက်သည်။ မှု(၂)မှု၊ အခန်း(၃၇၉)နှင့်(၃၈၀)အရပါ ပစ္စည်းအဖိုးတန် (၃)



www.burmeseclassic.com

www.burmeseclassic.com



ပဲနှင့် (၆၀၅)ကျပ်၊ (၃)ပဲမှာ လူတစ်ယောက်မိသဖြင့် စီရင်လိုက်သည်။ (၆၀၅)ကျပ်မှာ လူမမိ၊ ငွေမရပေ။

နှောက်ယှက်မှု (၂)မှု၊ လူ(၄)ယောက်မိ၍ စီရင်လိုက်သည်။

အကွက်နံပါတ်(၃)၊ တပ်ကလေး၊ ပန်းဘဲတန်း၊ ငွေညစ်ဖြစ်မှု၊ အခန်း(၃၈၄)အရ၊ အဖိုးတန်ပစ္စည်း (၁)ကျပ်၊ (၁)ပဲ၊ (၆)ပိုင် ၎င်းကို ပြန်ရ၊ လူတစ်ယောက်မိသဖြင့် စီရင်လိုက်သည်။

နာကျည်းစွာပြုမှု၊ လူအများစုရုံးမှု၊ နှောင့်ယှက်မှု၊ အခန်း(၃၂၅)နှင့် (၁၄၉)အရ၊ လူ(၆)ယောက်မှာ စီရင်ဆဲ၊ (၅)ယောက်မှာ စီရင်လိုက်သည်။

အကွက်နံပါတ်(၄) ကျောက်တံတား၊ အုတ်တံတား နှောင့်ယှက်မှုနှင့် လိမ်လည်မှု၊ အခန်း(၄၀၅)အရ၊ လူ(၈)ယောက်မှာ စီရင်လိုက်သည်။ တစ်ယောက်မှာ စီရင်ဆဲ. .

အကွက်နံပါတ် (၅)၊(၆) မြေတံတား၊ ကန်တော်ကလေး နှောင့်ယှက်မှု (၂)မှု၊ လူ(၃)ယောက်မိ၍ စီရင်လိုက်သည်။

အကွက်နံပါတ်(၇)၊ မင်္ဂလာရေကျော်ရွာခိုးမှု၊ ခိုးပစ္စည်း ရောင်းမှုနှင့် လက်ခံမှု၊ အခန်း(၁၀၈)နှင့် (၄၁၁)အရ အဖိုးတန်ငွေ (၄၃)ကျပ်၊ လူမမိ။ (၅)ကျပ်(၈)ပဲနှင့်(၂၅)ကျပ်၊ လူတစ်ယောက်မိသဖြင့် တရားပြန်သိမ်းလိုက်သည်။

(၂၅)မှာ နှစ်ယောက်မိ၍ လွှတ်လိုက်သည်။

အသောက်အစား ဥပဒေလွန်ကျူးမှု၊ လူနှစ်ယောက်မိ၍ စီရင်လိုက်သည်။





➢➢ ဒုတိယရာဇဝတ်အုပ် မောင်ဘိုးခင်ပိုင်နက်၊ ပုဇွန်တောင်အရပ် နှောင့်ယှက်မှု၊ ခိုးမှု(၂)မှု၊ အသောက်အစား ဥပဒေလွန်ကျူးမှု၊

ပထမအမှုမှာ လူတစ်ယောက်မိ၍ စီရင်လိုက်သည်။

ဒုတိယ ခိုးမှုနှစ်မှုမှာ ပါပစ္စည်း (၈၂)ကျပ်နှင့် (၂)ကျပ်(၄)ပဲ၊ (၈၂)ကျပ်မှာ လူမမိ၊ (၂)ကျပ်(၄)ပဲမှာ လူတစ်ယောက်မိသဖြင့် စီရင်လိုက်သည်။

တတိယမှာ လူတစ်ယောက် မိသဖြင့် စီရင်ဆဲ. . .

(ရှေးအစဉ်အဆက်ကပင် များများခိုးလျှင် မမိပဲ၊ နည်းနည်းခိုးမှုများသာ အမိခံရကြောင်း တွေ့ရပေမည်။)

ဤသို့ ရာဇဝတ်ရုံးတော်က စီရင်သမျှ အမှုကြီးငယ်တို့ကို သတင်းစာတွင် ထည့်လိုက်လျှင် တွေ့မြင်သမျှ လူတို့သည် ရာဇဝတ်တော်နှင့် သက်ဆိုင်သမျှ အမှုတို့ကို မပြုဝံ့ကြ၊ ကြောက်ရွံ့၍ ကောင်းစွာဆင်ခြင်ရန် ရှိပေသောကြောင့် ဤအမှုဦးရေစာရင်းကို ပေးပို့ပေးသော ဒုတိယ ရာဇဝတ်ဝန်ထောက်တော်မင်းသခင်အား ကျေးဇူးများစွာ တင်မိပါကြောင်း။

ဟု ရေးသားဖော်ပြထားပေသည်။

ထိုခေတ်အချိန်အခါလောက်က ရန်ကုန်မြို့တွင် လူဆိုးလူမိုက် သူခိုးဓားပြ၊ ခါးပိုက်နှိုက်၊ စသော လူရမ်းကားများ ပေါ်များသော်လည်း သက်ဆိုင်ရာ ပုလိပ်များက စိတ်ထင်တိုင်း မပြုဝံ့ကြပေ။ အဘယ်ကြောင့်ဆိုသော်. .

ထိုလူဆိုးလူမိုက်များမှာ နာမည်ကြီး လူမိုက်ကြီးများ၏



www.burmeseclassic.com

www.burmeseclassic.com



တပည့်တပန်းများ ဖြစ်နေသောကြောင့်ပင်ဖြစ်၏။

ထိုအချိန်က ရန်ကုန်မြို့ပေါ်မှာ သူ့နေရာနှင့်သူ သူ့နယ်မြေနှင့်သူ နာမည်ကြီးသော လူမိုက်ကြီးများ ရှိခဲ့ကြသည်။

လမ်းမတော်တစ်ဝိုက်တွင် လမ်းမတော်ဖိုးတုတ်၊

ကျုံးကြီးဘက်မှာ ပုဏ္ဏားဘထွန်း၊

မောင်ထော်လေးလမ်းဘက်မှာ မတ်စတီးခန်း၊

ဗိုလ်တစ်ထောင်ဘက်မှာ ဗိုလ်တစ်ထောင်ငမိုး၊

စသည်တို့ ရှိကြသည်။

ထိုလူမိုက်ကြီးများက သူ့နယ်မြေနှင့်သူ အပိုင်စားယူထားကာ လုပ်ကိုင်စားသောက်ကြသည်။

ဂင်းတို့ကို ပုလိပ်များကပင် မလွန်ဆန်ဝံ့ကြပေ။

လမ်းမတော် ဖိုးတုတ်လို လူမိုက်များက ပုလိပ်မင်းကြီးအထိ ဝင်ဆန့်သူ ခရီးပေါက်သူဖြစ်ရာ ဂင်းတို့နှင့် ပြဿနာဖြစ်ပါက မလွယ်ပေ။

မကြာခင် ရာထူးချပြီး နယ်ပြောင်းတာမျိုး ခံရတတ်သည်။

သို့ကြောင့် လူမိုက်ကြီးများနှင့် ပြဿနာအဖြစ်မခံကြဘဲ ပေးတာယူ ကျွေးတာစား ဘဝမျိုးဖြင့် မြွေမသေ တုတ်မကျိုး အခြေအနေမျိုးဖြင့်သာ နေကြသည်ကများသည်။

ထိုခေတ်ထိုအချိန်က ရန်ကုန်မြို့တွင် "လူမိုက်ကြီးများ ခေတ်ကောင်းသောကာလ"တစ်ခုဟုပင် ဆိုနိုင်ပေသည်။

ကိုလိုနီနယ်ချဲ့များကလည်း မျောက်အမြီးနှင့် မျောက်





ည်ဆိုတာမျိုးဖြစ်အောင် တော်ရုံကိစ္စများကို မသိကျိုးကျွံပြုပေး ားသည်။

အချို့ကိစ္စများဆိုလျှင် မသိမသာ အားပေးအားမြှောက် ပေးထားတတ်သည်။

အရက်ဆိုင်နှင့် လောင်းကစားဝိုင်းများကို တရားဝင် ပြုပေးခြင်း မရှိသော်လည်း တစ်ဖက်လှည့်နှင့် ခွင့်ပြုပေးထား ည်။ စားသောက်ဆိုင်အနေနှင့် ခွင့်ပြုပေးထားသည်။

တစ်နှစ်တစ်ခါ လုပ်ကိုင်ခွင့်များ လျှောက်ထားပြီး လုပ် ကြလေသည်။

➤ "စားသောက်ရန်နှင့်ဆိုင်သော ကြော်ငြာစာ"

အောက်၌ပြထားသော အခွင့်အရေးများကို ရန်ကုန်မြို့ င်း၊ သခင်ဘုရားရုံးတော်၌ မတ်လ(၂၇)ရက် တနင်္ဂနွေလဆန်း )ရက်၊ သောကြာနေ့ မွန်းတည့်ချိန်တွင် လေလံတင်၍ ရောင်း မည်။

ပုံစံ(၄)တွင်ပါသည့်အတိုင်း တစ်တိုင်းတစ်ပြည်မှ အရက် ချက်သောအရက်နှင့် ဖောက်သောအရက်များကို ခွက်ခြင်၍ ောင်းရသော အခွင့်(၃)

ထိုခွက်ခြင် ရောင်းရသော ဆိုင်တို့၏ တည်ရာအရပ်တို့ လေလံတင်ရောင်းကာလ ချထားတော်မူလိမ့်မည်။

ရန်ကုန်မြို့၏ အရက်ချက်ရုံတွင် အင်္ဂလိပ်နည်းဖြင့် ဖြ ပျံကသော်လည်းကောင်း၊ ဖောက်၍သော်လည်းကောင်း၊ ်သောအရက်များကို လက်လီရောင်းချသော အခွင့်ချက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ၎င်းကိုချက်သော ဆေးများကို လက်လီရောင်းချသော အခွင့်
အရ. . .

သောက်သောခနိရေကို ရောင်းရသော အခွင့်(၈)

ခေါင်ရည်နှင့်တကွ ဆန်မှပြုလုပ်သော အရည်တို့ကို
ရောင်းချရသော အခွင့်(၈)

(၎င်းတို့ကို ရောင်းချရန် ဆိုင်နေရာများမှာ ယခုတည်ရှိ
ရာ နေရာများ၌ပင် တည်ရှိရမည်)

ကောင်းမွန်စွာ မှတ်ရန်

မတ်လ(၂၆)ရက် ကြာသပတေးနေ့ (၁၂)နာရီ မတိုင်မီ
အထက်ဆိုခဲ့ပြီးသော အခွင့်တို့တွင် မည်သည့်အခွင့်ကိုမဆို
လျှောက်တောင်းစာများ သွင်းခဲ့သော် ၎င်းလျှောက်တောင်
သော အခွင့်များကိုလည်း လေလံတင်လိမ့်မည်။

သို့တည်းမဟုတ်မူ၍ လျှောက်သွင်းစာလည်းမရှိ၊ ထို
ဆိုခဲ့ပြီးသော အခွင့်များကို ယခုခံထားသော သူတို့ကလည်း
မတ်လ(၃၀)ရက်နေ့တွင် မိမိတို့ခံထားသော အခွင့်များကို ပြန်၍
မအပ်လိုကြောင်းနှင့် မလျှောက်ထားလာမူ (၁၈၇၃-၇၄) ခုနှစ်
တွင်း ခံထားသော သူတို့ကို အစားအသောက်နှင့်ဆိုင်သော
ဥပဒေအခန်း (၃၃)အရ ထားရင်းတိုင်း အတိုးနှင့် ပေးသနား
တော် မူပြန်လိမ့်မည်။

"ကပ္ပတိန် ဤဝင်စံသခင်"

မြို့ဝန်မင်းနှင့် အစားအသောက်နှင့်ဆိုင်သော လွှတ်
တော်ဝန်ထောက်မင်း သခင်ဘုရား။





ဟူ၍ သတင်းစာများတွင် လေလံကြော်ငြာထည့်သွင်း
အစားအသောက်နှင့် အရက်ရောင်းချခြင်း စသောလုပ်ငန်း
ကို လေလံချပေးလေ့ရှိသည်။

ထိုလေလံများကို အများဆုံး ဆွဲယူကြသူများမှာ တရုတ်
တို့သာ များပေသည်။ အဘယ်ကြောင့်ဆိုသော်. .

၎င်းတို့က ခေါက်ဆွဲကြော်ဆိုင်မှစပြီး ပျော်ပွဲစားရုံတို့
အရက်အမျိုးမျိုးတို့ကို ဦးစားပေး ရောင်းချရုံသာမက ဘိန်း
များ၊ ဖိမ်ခန်းများ၊ အနှိပ်ခန်းများ လောင်းကစားဝိုင်းများ
ကြသောကြောင့်ပင် ဖြစ်သည်။

ဤနေရာတွင် စကားစပ်မိသဖြင့် အနည်းငယ် ထည့်
ရေးသားလိုသော အကြောင်းအရာမှာ အနှိပ်ပညာပင် ဖြစ်
သည်။

ရှေးအခါက အနှိပ်ပညာမှာ ရောဂါပျောက်ကင်းသက်
သာအောင် အကြောပြင် သွေးပြင်ပညာဖြင့် ကုသပေးသော
ပညာမျိုး ဖြစ်သည်။

ဆေးမပါပဲ ရောဂါပျောက်ကင်းအောင် ကုသပေးနိုင်
ဖြင့် တန်ဖိုးရှိသော ပညာမျိုးဖြစ်သည်။

နောက်တော့ ရောဂါကုသရုံမကပဲ ဖိမ်ခံသော နေရာ
မှာပါ အသုံးပြုလာကြသည်။

ကိုလိုနီခေတ်တွင် တရုတ်ဘိန်းစားတို့က အနှိပ်ခန်းများ
နှိပ်နယ်ပေးသည်ကို ဖိမ်ခံကြသည်။

တရုတ်ဘိန်းစားများက အကြောပညာကို အတန်အ



www.burmeseclassic.com

www.burmeseclassic.com



သင့်တတ်ကြပြီး နာကျင်အောင် မနှိပ်ကြဘဲ ဇိမ်ကျအောင် နှိပ်ပေးသဖြင့် သဘောကျကြလေသည်။

ကိုလိုနီခေတ်က တရုတ်ဘိန်းစားများနှိပ်ပေးသော အနှိပ်ခန်းများ ပေါ်ပေါက်ခဲ့သည်နှင့်အမျှ တန်ဖိုးကြီးသော အကြောကိုင် ပညာမှာလည်း တန်ဖိုးယုတ်လျော့သွားခဲ့ရပေသည်။

ယခု မျက်မှောက်ခေတ် ကာလမှာတော့ အနှိပ်ခန်းများမှာ ပုံသဏ္ဍာန်တစ်မျိုးဖြင့် ဝန်ဆောင်မှုပေးကြသဖြင့် လူတန်းစားတစ်ရပ်တို့ နှစ်သက်စွာ သွားလာခွင့်ရသော နေရာများအသွင်ဖြင့် ရှိနေခဲ့ကြပေသည်။

ကိုလိုနီခေတ်ကတော့ လသာ၊ လမ်းမတော်၊ တရုတ်တန်းတစ်ပိုက်မှာရှိသောအိမ်များမှာ ပိုင်ရှင်များက အခန်းဖွဲ့ပြီး ငှားစားကြသည်။

ထိုအခန်းများတွင် ငွေကြေးပေးနိုင်လျှင် မည်သူမဆို ငှားနေ၍ရသည်။

ဘိန်းစား၊ သူခိုး၊ ခါးပိုက်နှိုက်၊ ဖဲသမား၊ အရက်သမား ပြည့်တန်ဆာ အလုပ်လုပ်သူ၊ သူတောင်းစားပါမကျန် မည်သူမဆို အခန်းခပေးနိုင်ပါက မြို့လယ်က အခန်းများတွင် ငှားရမ်းနေနိုင်ကြသည်။ အချို့က ငှားရမ်းထားသောအခန်းမှာ တိုးတိုးတိတ်တိတ် ဘိန်းခန်းဖွင့်သည်။

လောင်းကစားဝိုင်းလုပ်သည်။

ပြည့်တန်ဆာ လုပ်ငန်းလုပ်သည်။

လူဆိုးလူမိုက်၊ သူခိုးဓားပြ၊ ခါးပိုက်နှိုက်များကတော့





အပြင်ထွက်ငွေရှာပြီး အိပ်ချိန်ရောက်တော့မှ ငှားထားသောအခန်း ပြန်လာပြီး အိပ်သည်။

ထိုသူများမှာ သူလိုကိုယ်လိုပင် ဝင်ထွက်ပြီး သွားလာနေကြရာ အခြားသူများက မရိပ်မိကြပေ။

ရိပ်မိလျှင်လည်း အကြောင်းမဟုတ်ပေ။

အားလုံးမှာ လုပ်ငန်းမတူသော်လည်း ဘဝတူများ ဖြစ်နေသောကြောင့်ပင်။

ရှေးအခါက လသာ၊ လမ်းမတော်၊ နယ်မြေအတွင်းမှာရှိသော လမ်းသွယ်များထဲတွင် ထိုကဲ့သို့ လူအမျိုးမျိုးတို့ကို ငှားရမ်းထားသော အိမ်တန်းလျားပေါင်း၊ အခန်းပေါင်း များစွာရှိခဲ့ကြသည်။

ထိုအထဲတွင် ဘိန်းရုံတန်းလမ်း (ယခု-(၂၃)လမ်း)ထဲမှာရှိသော ရှေးအိမ်ကြီးတစ်လုံးလည်း ပါဝင်လေသည်။

ဘိန်းရုံတန်းလမ်းထဲမှာရှိသော အခန်းအတော်များများမှာ ဘိန်းခန်းများဖွင့်ကာ စီးပွားရှာသဖြင့် ထိုနာမည် ပေးထားကြခြင်းဖြစ်သည်။

ရှေးအခါက လမ်းအမည်များကို ယခုကာလကဲ့သို့ ဂဏန်းအမည်များဖြင့် မခေါ်ဘဲ သက်ဆိုင်ရာလုပ်ငန်းများဖြင့်သာ ခေါင်းစဉ်တပ်ပြီး လမ်းအမည်အဖြစ် ခေါ်ဝေါ်ခဲ့ကြသည်။

ကိုလိုနီခေတ်ဦးအချိန်က ရန်ကုန်မြို့တွင် (၁)လမ်းမှ (၄)လမ်းအထိ လူနေအိမ်ခြေမရှိသေးဘဲ သစ်တောများသာရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



* ဝါးတန်းလမ်းမှာ ဝါးခနီ ရောင်းချသူများ နေသဖြင့် ထိုအမည် ခေါ်ဝေါ်ကြသည်။
* ကီလီလမ်းမှာ ဗြိတိသျှအစိုးရ မြူနီစပါယ်အဖွဲ့ အ[illegible] ဆောင်အင်ဂျင်နီယာ ကီလီ(Capt Keyghly)၏ အမည်ကို အစွဲပြုပြီး တွင်ခဲ့သော လမ်းဖြစ်သည်။
* ငှက်ပျောတံတားနှင့် ကပ်လျက်ရှိသောလမ်းမှာ ငှက်ပျောတန်းလမ်း(ယခု-(၅)လမ်း)
* ကိုင်းတောကြီးများရှိသောလမ်းမှာ ကိုင်းတန်းလမ်း ဗြိတိသျှတို့က ထိုလမ်းကျယ်ကို အင်ဂျင်နီယာချုပ် ဝီ[illegible] (Lt William)ကို အစွဲပြုပြီး ဝီလျံလမ်းဟု ခေါ်ကြသည်
* ကျွဲများထားသောလမ်းကို ကျွဲပုတ်တန်း(ယခု-(၈)လမ်း
* လမ်းသစ်လမ်းကိုတော့ ဗြိတိသျှတရားသူကြီး မော်တ[illegible] (Morton)အား ဂုဏ်ပြုသောအားဖြင့် မော်တင်လမ်း[illegible] ခေါ်ခဲ့ကြသည်။
* ငပိရောင်းသူတို့ နေသောလမ်းကို ငပိတန်း(ယခု-(၁[illegible] လမ်း)
* လှည်းလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြု[illegible] တို့ စုဝေးနေထိုင်သောလမ်းကို လှည်းတန်းလမ်း။
* ယခု (၁၁)လမ်းဟုခေါ်သောလမ်းအား အထက်ပိုင်း[illegible] ဖက်တန်း၊ အလယ်ပိုင်းကို ပိုက်တန်းဟု ခေါ်ခဲ့ကြသည်
* ဖိနပ်ချုပ်သူများနေသောလမ်းကို ဖိနပ်တန်း(ယခု-(၁[illegible] လမ်း)






* ဘုရားငုတ်တိုရှိသောလမ်းကို ဘုရားငုတ်တိုလမ်း။
* သရက်တောကျောင်းတိုက်မှ ဘုန်းကြီးများ ဆွမ်းခံကြွသောလမ်းကို ဘုန်းကြီးလမ်း။
* (၁၃)လမ်းကိုတော့ ခေါင်ချုပ်တန်း သို့မဟုတ် ငါးရှဉ့်တန်း။
* (၁၄)လမ်းကိုတော့ ကြောင်တစ်ရာတန်း။
* (၁၅)လမ်းကို သုံးပင်တန်း၊ (၁၆)လမ်းကို ထန်းပင်ကုန်း ကြက်သွန်တန်းဟု ခေါ်ဝေါ်ခဲ့ကြသည်။

ထိုလမ်းအမည်များမှာ ပြုလုပ်သော လုပ်ငန်းအမည်များကို အစွဲပြု၍ ခေါ်ဝေါ်ခဲ့ကြသည့် ရှေးခေတ်အမည်များဖြစ်ပြီး ကျွန်တော်ရေးသားခဲ့ပြီးသော အခြားဝတ္ထုရှည် များမှာလည်း ထည့်သွင်းဖော်ပြပြီးခဲ့ပါကြောင်းလည်း ဝန်ခံရပေမည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၂)

# သူတောင်းစား မာဒက်

ရှေ့၌ရေးသားခဲ့သောအခန်းတွင် ဖော်ပြပေးခဲ့သည့်အတိုင်း ယခု(၂၃)လမ်းဟုခေါ်သော ဘိန်းရုံတန်းထဲမှာ ရှေးလက်ရာဖြင့် ဆောက်ထားသော အိမ်ဟောင်းကြီးတစ်လုံး ရှိသည်။

နှစ်ထပ်အိမ် အမျိုးအစားဖြစ်ပြီး အခန်းပေါင်းများစွာပါဝင်သည့် တန်းလျားကဲ့သို့ ဆောက်ထားသော အိမ်ကြီးမျိုးသည်း ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအိမ်ကြီးအကြောင်းကို ဆက်လက်မရေးသားမီ တစ်ဆက်တည်း ဖြစ်သွားစေရန် လမ်းမတော်မြို့နယ်နှင့် တစ်ဆက်တည်းဖြစ်နေသော လသာမြို့နယ်အတွင်းမှာရှိသော ကိုလိုနီခေတ်လမ်း၊ အမည်ဟောင်းများကိုလည်း ထည့်သွင်းရေးသားရပေဦးမည်။

(၁၆)လမ်းအထိ လမ်းမတော် မြို့နယ်အတွင်းမှာ ပါဝင်ပြီး (၁၇)လမ်းမှစတင်ပြီး လသာမြို့နယ်ထဲ ရောက်သွားလေသည်။

* ယခု (၁၇)လမ်းမှာ ယခင်က အရာကြီးတန်း၊
* (၁၈)လမ်းမှာ ရေနံတန်း၊
* (၁၉)လမ်း အထက်ပိုင်းကို မန်ကျည်းတန်း၊ အောက်ပိုင်းကို လိပ်ဥတန်း၊
* လမ်း(၂၀)ကို ဦးထွန်းလမ်း၊
* (၂၁)လမ်းအထက်ပိုင်းကို ပရဆေးတန်း၊ အောက်ပိုင်းကို တွင်းညီနောင်တန်း၊
* (၂၂)လမ်းကို ပန်းတိမ်လမ်း၊
* (၂၃)လမ်းမှာ ဘိန်းရုံတန်း၊
* (၂၄)လမ်းမှာ အမွေလက်ကြားလမ်း၊

ဟု ခေါ်ဝေါ်ခဲ့ကြလေသည်။

ထိုအချိန်က ရန်ကုန်မြို့ပေါ်မှာ ပျော်ပွဲစားရုံ အတော်များများ ရှိခဲ့ကြသော်လည်း လမ်းမကြီးများဖြစ်သော ဖရေဇာလမ်း၊ ကုန်သည်လမ်း၊ ဆူးလေဘုရားလမ်း၊ ပန်းဆိုးတန်းလမ်း





မောင်ဂိုမာရီလမ်း၊ ဒါလဟိုဇီလမ်းမကြီးများပေါ်၌သာ များလေသည်။

လမ်းမတော် လသာဘက်မှာတော့ ဟော်တယ်နှင့် ပျော်ပွဲစားရုံကြီးများ သိပ်မရှိလှပေ။

ကျုံးကြီးလမ်းဘက်တွင် ဟောင်ကောင်ပျော်ပွဲစားရုံ၊ (၂၂)လမ်းတွင် ကွမ်လောက်ဟော်တယ်၊ မောင်ခိုင်လမ်းတွင် နမ်ရှမ်းဟော်တယ်၊ လတ္တာလမ်း၊ (ယခု လသာလမ်း)တွင် အွိုင်ခွန်ဟော်တယ်(Oikhun) စသည်တို့လောက်သာ ရှိကြသည်။

ထိုဟော်တယ်ကြီးများကိုတော့ သာမန်ငွေကြေးတတ်နိုင်သူတို့ ဝင်ရောက်ခြင်း မပြုနိုင်ကြပေ။

လမ်းမတော်၊ လသာ၊ တရုတ်တန်း တစ်ဝိုက်မှာရှိသော ပျော်ပွဲစားရုံ၊ အရက်ဆိုင်၊ ခေါက်ဆွဲကြော်ဆိုင်များ၌သာ ဝင်ရောက်စားသောက်ကြသဖြင့် ထိုနေရာတစ်ဝိုက်တွင် လူစည်ကားခြင်း ဖြစ်ပေသည်။

ဟော်တယ်ကြီးများတွင်ရှိသော လောင်းကစားဝိုင်းများတွင် သာမန်လူတို့ ဝင်ရောက်မကစားနိုင်သဖြင့် တရုတ်တန်းဘက်တွင် အခန်းများငှားပြီး ပြုလုပ်ပေးသော ဘိန်းခန်းများ၊ အနှိပ်ခန်းများ၊ ဇိမ်ခန်းများ၊ အရက်ခန်းများ၊ လောင်းကစားဝိုင်းများပြုလုပ်သော အခန်းများ၌သာ သာမန်လူတို့ လာရောက်ကြသည်။

ထိုနေရာတစ်ဝိုက်မှာတော့ သာမန်လူများအပြင် အောက်ခြေလူတန်းစားများလည်း စုံလင်လှသည်။



www.burmeseclassic.com

www.burmeseclassic.com



လူဆိုးလူမိုက်၊ ခါးပိုက်နှိုက်၊ သူခိုးဓားပြ၊ ဘိန်းသမား၊ အရက်သမား၊ ပြည့်တန်ဆာ၊ သူတောင်းစား၊ အနှိပ်သမား . . . စသည်တို့မှာ ထိုနေရာတစ်ပိုက်မှာ စားကျက်ချပြီး ဝမ်းစာရှာဖွေကြလေသည်။

သို့ကြောင့် အခန်းငှားသူတို့အတွက်လည်း တွက်ခြေကိုက်သည်။

မိသားစုဖြင့် အေးအေးဆေးဆေး နေချင်သူများကလည်း ထိုမျှလောက် ရှုပ်ထွေးသောနေရာမျိုး၌ လာမနေကြပေ။

ဘိန်းရုံတန်း(၂၃-လမ်း)တွင်ရှိသော အိမ်ကြီးတွင် အပေါ်ထပ်မှရော အောက်ထပ်မှာပါ အခန်းများစွာ ဖွဲ့ထားသည်။

အခန်းတိုင်းမှာ ငှားရမ်းနေထိုင်သူများ ပြည့်နေသည်။ လူဆိုးလူမိုက်၊ ခါးပိုက်နှိုက်များကလည်း သင့်တော်သောအချိန်များတွင် အပြင်ထွက်ပြီး အလုပ်လုပ်ကြသည်။

သူတောင်းစားကလည်း အချိန်တန်လျှင် အဝတ်အစားလဲပြီး တစ်နေကုန် အပြင်ထွက်တောင်းသည်။ အချိန်တန်တော့ အခန်းပြန်လာသည်။

ဘိန်းရုံတန်းတွင်ရှိသော အိမ်ကြီးပေါ်မှာ ငှားရမ်းနေထိုင်သော သူတောင်းစားတစ်ယောက် ရှိပေသည်။

၎င်း၏အမည်မှာ မာဒင်္ဂဖြစ်သည်။

မာဒင်္ဂဆိုသောအမည်မှာ သူ့ဘာသာ ပေးထားသောအမည် ဖြစ်ဟန်ရှိပြီး အခြားနာမည်ရှိမရှိတော့ မည်သူမှ မသိကြပေ။





သူတောင်းစား မာဒင်္ဂမှာ အသက်လေးဆယ်ကျော်အရွယ်ခန့်သာ ရှိသေးသော်လည်း ဟောင်းနွမ်းစုတ်ပြဲနေလှသော အဝတ်အစားများကြောင့်သော်လည်းကောင်း၊ တစ်ကိုယ်လုံးရှုပ်ပွကျဆင်းပျက် ဖြစ်နေလောက်အောင် ပေရေနေသည်ကတစ်ကြောင်းကြောင့် သူ့အသက်အရွယ် မည်ရွေ့မည်မျှရှိသည်ကို မည်သူမှမသိနိုင်ကြပေ။

ရန်ကုန်မြို့တွင် နေရာအနှံ့၌ တောင်းရမ်းစားသောက်သူအချို့ ရှိကြသည်။ သူတောင်းစားဂိုဏ်းများပင် ရှိကြသည်။

သို့သော် မြို့စွန်များမှာသာ လွတ်လွတ်လပ်လပ်တောင်းရမ်းဝံ့ပြီး ရန်ကုန်မြို့လယ်မှာတော့ မတောင်းဝံ့ကြပေ။

အဘယ်ကြောင့်ဆိုသော် ရန်ကုန်မြို့လယ်တွင် တောင်းရမ်းနေသော သူတောင်းစားများကိုတွေ့လျှင် ပုလိပ်များက ဖမ်းဆီးရိုက်နှက်တတ်သောကြောင့် ဖြစ်သည်။

သို့သော် သူတောင်းစားများအနေဖြင့် မြို့စွန်ရပ်ကွက်များတွင် တောင်းရမ်းသောအခါ ဖြစ်မြောက်အောင် မရကြပေ။

အဘယ်ကြောင့်ဆိုသော် ထိုရပ်ကွက်များတွင် ဆင်းရဲနွမ်းပါးတဲ့သူများသာ အနေများကြသောကြောင့် ဖြစ်သည်။

သို့သော် ထိုရပ်ကွက်များ၌ တောင်းရမ်းလျှင် ပုလိပ်ဖမ်းသော အန္တရာယ်မျိုးတော့ သိပ်မရှိပေ။ မြို့လယ်မှာ တောင်းလျှင်တော့ ပုလိပ်ဖမ်းသည့် အန္တရာယ် ရှိပေသည်။

သို့သော်လည်း ပိုက်ဆံများများ ရနိုင်ကြသည်။

ဗြိတိသျှနယ်ချဲ့တို့က ၎င်းတို့မှာ ဂုဏ်သရေရှိသော အ



www.burmeseclassic.com

www.burmeseclassic.com



မျိုးအနွယ်များဖြစ်ရာ ၎င်းတို့မြို့တော် လန်ဒန်အပါအဝင် မြို့ကြီးများတွင် သူတောင်းစား မရှိစေရဟူသော စီမံကိန်းမျိုးရှိသည်။

တောင်းရမ်းစားသောက်နေသူများတွေ့လျှင် ဗြိတိသျှလူမျိုးတို့၏ ဂုဏ်သိက္ခာကို ထိခိုက်စေသည်မှာ အကြောင်းပြကာ လိုအပ်သော ဥပဒေပုဒ်မများတပ်ကာ ဖမ်းဆီးအရေးယူလေ့ရှိသည်။

ပထမတစ်ကြိမ်ဆိုပါက ပညာပေးခြင်း၊ ဩဝါဒပေးခြင်းများပြုကာ ပြန်လွှတ်ပေးသော်လည်း တစ်ကြိမ်ထက်မက တွေ့ပါက အပြစ်ပေးလေ့ရှိသည်။

လန်ဒန်မြို့မှာ ကမ္ဘာလှည့်ခရီးသွားများ လာရောက်လေ့လာမှုများသော မြို့တစ်မြို့ဖြစ်သောကြောင့် ဗြိတိသျှအစိုးရ အနေဖြင့် "သူတောင်းစား မရှိစေရ" ဟူသော မူဝါဒကို ကိုင်ပြီး သူတောင်းစား တိုက်ဖျက်ရေးလုပ်ငန်းများကိုပါ ဂရုတစိုက် ဆောင်ရွက်ကြလေသည်။

ဒေါ်လာသိန်းပေါင်းများစွာ ခိုးဝှက်ယူနေသော အစိုးရအရာရှိကြီးများက မရှိသဖြင့် တောင်းရမ်းစားသောက်နေကြသော သူတောင်းစားများကို အမြင်ကပ်ပုံရသည်။

စီမံကိန်းတစ်ရပ်အနေဖြင့် သူတောင်းစား တိုက်ဖျက်ရေး၊ ပပျောက်ရေး လုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်နေကြသည်။

ယခု မြန်မာပြည်ကို တိုက်ခိုက်သိမ်းပိုက်ပြီးသောအခါမှာလည်း ထိုစီမံကိန်းက ပါလာသည်။





၎င်းတို့အစိုးရရုံးစိုက်သော ရန်ကုန်မြို့ကြီး၌ သူတောင်းစား မရှိစေရဟူသော မူဝါဒအတိုင်း သူတောင်းစားများတွေ့ပါက ဖမ်းဆီးအရေးယူကြလေသည်။

သို့ကြောင့် သူတောင်းစားအတော်များများက ရန်ကုန်မြို့လယ်နေရာများသို့ လာရောက်မတောင်းဝံ့ကြပေ။

ရန်ကုန်မြို့လယ်၌ စွံစွံမြဲမြဲတောင်းဝံ့သူဆို၍ မာဒင်တစ်ယောက်သာ ရှိသည်။

ထို့ကြောင့် မာဒင်မှာ ဝင်ငွေကောင်းသည်။ ဝင်ငွေကောင်းသဖြင့် အချို့ပုလိပ်များကို ပေးကမ်း ကျွေးမွေးထားနိုင်သည်။ ဆက်ကြေးသဘောမျိုး ပေးထားသည်။

ထို့ကြောင့် အချို့ပုလိပ်များက သူ ဒီနေရာမှာ တောင်းနေလျှင် တခြားနေရာမှ ကွေ့ရှောင်သွားကြသည်။

ဒီလမ်းမှာ တောင်းနေလျှင် ဟိုဘက်လမ်းမှ ကွေ့ရှောင်သွားကြသည်။

ပေးနိုင်ကမ်းနိုင်တော့လည်း သူတောင်းစားပင် ဖြစ်စေအာမှု ဩဇာရှိတန်သလောက် ရှိသည်။

ထိုခေတ်အချိန်က ပုလိပ်များမှာလည်း ပေးထားသောအစာရိက္ခာက နည်းသဖြင့် အခြားသူများထံမှ ပေးစာကမ်းစာကို မျှော်ကိုးရသည်။

ငွေရမည်ဆိုလျှင် သူခိုးဓားပြဆီကလည်း ယူသည်။
ခါးပိုက်နှိုက်ဆီကလည်း ယူသည်။
ပြည့်တန်ဆာထံမှလည်း ယူသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး လမ်းဘေးမှာ တောင်းရမ်းစားသောက်နေသော သူတောင်းစားထံမှပင် ယူကြလေသည်။

မာဒဂ်သည် သူတောင်းစားပင် ဖြစ်သော်လည်း ဝင်ငွေကောင်းသူဖြစ်သည်။

လူစည်ကားသော မြို့လယ်ခေါင်မှာ ပြိုင်ဘက်မရှိဘဲ တစ်ဦးတည်း တောင်းရမ်းခွင့်ရသဖြင့် အခြားသူများထက် ငွေပိုရသည်။

တစ်နေ့လျှင် ငါးကျပ် တစ်ဆယ်ထက်မနည်း တောင်းရမ်းရလေ့ရှိရာ တစ်လလျှင် သုံးလေးရာ ဝင်ငွေရနေသူ ဖြစ်သည်။

ထိုခေတ်အချိန်က သာမန်ဝန်ထမ်းများ ပုလိပ်များ၏ လစာရိက္ခာမှာ(၅၀)ကျပ်၊ (၁၀၀)ကျပ်ထက် မပိုဘဲ ရကြရာ၊ သူတောင်းစား မာဒဂ်၏ဝင်ငွေမှာ အရာရှိကြီးများ ဝင်ငွေထက်ပင် ပိုနေသေးသည်။

ထို့ကြောင့်လည်း ပုလိပ်များကို ရက်ရက်ရောရော ပေးကမ်းထားနိုင်ခြင်း ဖြစ်ပေသည်။ ထိုကဲ့သို့ ပေးကမ်းထားသောကြောင့် ပုလိပ်များကလည်း သူ့ကို မဖမ်းဆီးသည့်အပြင် ကူညီစောင့်ရှောက်မှုများပင် ပေးကြသည်။

"မာဒဂ် ဒီကနေ့ မြို့ထဲမှာ အရာရှိတွေ ဆင်းစစ်ဆေးလိမ့်မယ်၊ မင်း ကြည့်ရှောင်နေပေတော့။

ဟုပင် လာရောက်သတင်းပေးကြသည်။

သို့သော် မာဒဂ်ကတော့ ဂရုမစိုက်ပေ။

☺ အောင်မြင်စာပေ ☺



သူတောင်းသည့် နေရာမှာပင် ဆက်တောင်းမြဲ တောင်းနေတတ်ပေသည်။

ထိုသို့ တောင်းနေရင်းနှင့် မျက်စိကိုလည်း ဖွင့်ထားရသည်။ ပတ်ဝန်းကျင် အခြေအနေကို မျက်ခြည်မပြတ်ကြည့်ရသည်။

အစိုးရ အရာရှိကြီးများ လာပြီဆိုလျှင်တော့ ချက်ချင်းနေရာမှထပြီး အသွင်ပြောင်းလိုက်သည်။

ဦးထုပ်ဟောင်းနှင့် အပေါ်မှဝတ်ထားသော အင်္ကျီအစုတ်ကြီးကို ချွတ်ပစ်လိုက်သည်။

ဦးခေါင်းပေါ်မှာ သက္ကလပ် ဦးထုပ်အစား အခြားဦးထုပ်တစ်လုံး ရောက်လာသည်။

သက္ကလပ် အင်္ကျီဟောင်းကြီးအစား အခြားသင့်တော်သော အင်္ကျီတစ်ထည်ကို ဝတ်ဆင်လိုက်သည်။

အဝတ်အစား လဲပြီးသည်နှင့်တစ်ပြိုင်နက် သူ့ခံဘေးမှ အဆင်သင့်ရှိနေသော လွယ်အိတ်ဟောင်းကြီးထဲမှ ပစ္စည်းများအချို့ကို လက်ပေါ်တင်လိုက်သော အခါမှာတော့ သူသည် သူတောင်းစားတစ်ယောက် မဟုတ်တော့ပေ။

လက်ပွေ့ပစ္စည်းရောင်းသော လမ်းဘေးဈေးသည် တစ်ယောက်ဘဝသို့ ချက်ချင်းပြောင်းသွားတတ်ပေသည်။

လက်ပွေ့ပစ္စည်းများထည့်သော လွယ်အိတ်ထဲကိုတော့ တောင်းရမ်းသည့်အခါ အသုံးပြုသော ဒန်ခွက်ဟောင်းကြီးက ရောက်သွားပေပြီ။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



မာဒဂ်သည် ထိုကဲ့သို့သော ရုပ်ပြောင်းရုပ်လွှဲပြုလုပ်ပြီး ဥပဒေကို လက်တစ်လုံးခြား တိမ်းရှောင်နေနိုင်ခဲ့သူ ဖြစ်သည်။

လာရောက်စစ်ဆေးသော လူကြီးများ ကျော်သွားပြီဆိုလျှင်တော့ မူလအဝတ်အစားများ ပြန်ထုတ်ကာ ဒန်ခွက်ကြီးကို ရှေ့မှာပြန်ချပြီး ဆက်တောင်းမြဲ တောင်းပြန်လေသည်။

လူများထံမှ ငွေရအောင်ပြောဆိုခြင်း၊ တောင်းရမ်းခြင်းစသည်တို့မှာ လွယ်ကူသော ပညာမျိုးတော့ မဟုတ်ပေ။

အထူးသဖြင့် ပေးချင်လာအောင် တောင်းရမ်းတတ်ဖို့ အရေးကြီးသည်။

အထူးသဖြင့် တောင်းရမ်းသောအသံမှာ တစ်ဖက်သားသနားလာအောင် တောင်းရမ်းတတ်ဖို့ အရေးကြီးသည်။

သူတောင်းစားတစ်ယောက်၏ အသံသည်မှာ အသွင်သဏ္ဍာန်ပါ သနားစဖွယ်ဖြစ်နေဖို့ အရေးကြီးသည်။

လူတစ်ယောက်ထံမှ ငွေရဖို့ လမ်းနှစ်လမ်းရှိသည်။

တစ်လမ်းက စေတနာရှိလာအောင် ပြောဆိုတတ်ဖို့ဖြစ်ပြီး နောက်တစ်ခုက မိမိအပေါ် သနားလာအောင် ပြောဆိုတတ်ဖို့ပင် ဖြစ်သည်။

မာဒဂ်က ထိုပညာရပ်များတွင် အတော်ပင် ကျွမ်းကျင်သူ ဖြစ်ပေသည်။

သူ့ကိုကြည့်လျှင် . . သက္ကလပ်ဦးထုပ်ဟောင်း၊ အင်္ကျီဟောင်းကြီးကို ဝတ်ဆင်ထားပြီး နီကျင်နေသော ဆံပင်များက မျက်နှာနှင့် လည်ဂုတ်ပေါ်သို့ ကျနေသည်။





မျက်နှာပေါ်မှာ မှဲ့ခြောက်များ အမည်းကွက်များနှင့် အရာဒဏ်ချက်များ ရှိသည်။

လက်တစ်ဖက်က သေနေပြီး ခြေထောက်တစ်ဖက်က ထော့တွဲနေတတ်သည်။

တောင်းသောအခါ တဆတ်ဆတ်တုန်နေသောလက်ကို ဖြန့်ပြီးတောင်းသည်။

သူ့အသံက ဂရုဏာသက်ချင်စရာ ကောင်းသောအသံ ဖြစ်သည်။

သူ့အသံကြားပြီး သူ့အမူအယာ မြင်သည်နှင့် လမ်းသွားလမ်းလာများထံမှာ တစ်ပဲ၊ တစ်မူး၊ ငါးပြား၊ ဆယ်ပြားရဖို့ တော်လှပေ။

မည်သူမဆို ထိုပိုက်ဆံလောက်တော့ အလွယ်တကူ ထည့်ပေးသွားတတ်ကြသည်။

အချို့ သူတောင်းစားများက အနာကြီး ရောဂါသည် အသွင် ဖြစ်စေရန် ပတ်တီးများစည်း၊ အနီရောင်ဆေးနှင့် ထန်းလျက်ရေများသုတ်ပြီး အနာကြီးရောဂါသည် အယောင်ဆောင်ပြီး တောင်းကြသည်။

ထန်းလျက်ရေ သုတ်ထားခြင်းမှာ အနာကို ယင်ကောင်အုံနေသော သဏ္ဍာန်ဖြစ်စေရန် ပြုလုပ်ထားခြင်း ဖြစ်သည်။

အနာကြီးရောဂါသည်ဟန်ဆောင်ပြီး တောင်းရမ်းသူတို့ဆင်သလောက် မရကြပေ။ အဘယ်ကြောင့် ဆိုသော် . .

အချို့က ရွံရှာသဖြင့်၊ အချို့က ရောဂါကူးစက်မှာ စိုးသ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် အနားမလာတော့ဘဲ ခပ်ဝေးဝေး ရှောင်သွားသောကြောင့် ပိုက်ဆံမရခြင်း ဖြစ်ပေသည်။

လူများထံမှ ငွေရအောင် တောင်းရမ်းသောအခါ အ... တစ်ယောက်ကဲ့သို့၊ အနာကြီးရောဂါသည် တစ်ယောက်ကဲ့သို့ ဟန်ဆောင် တောင်းရမ်းခြင်းမှာ သနားစိတ်ထက် ရွံရှာထိတ်လ... သောစိတ်ကို များစေသဖြင့် ပိုက်ဆံမရနိုင်ခြင်းပင် ဖြစ်ပေတော့ သည်။

မာဒဂ်ကတော့ တစ်ကိုယ်လုံး သူတောင်းစားတ... ယောက်ကဲ့သို့ ဝတ်ဆင်ထားသော်လည်း ရွံရှာဖွယ်ရာ အသွ... သဏ္ဍာန်မျိုးတော့ မဟုတ်ပေ။

သနားစရာ ဒုက္ခိတတစ်ယောက် ပုံစံမျိုးဖြင့်သာ တော... ရမ်းလေသည်။

အနာကြီးရောဂါသည်တစ်ယောက်ပုံစံ ဟန်ဆောင်... တောင်းရမ်းသည်ထက် သနားစရာအသွင်သဏ္ဍာန်ဖြင့် တော... ရမ်းသည်က ပိုမိုဝင်ငွေကောင်းကြောင်းလည်း သူ့အနေ... လက်တွေ့သိထားပြီးဖြစ်သဖြင့် သနားစရာကောင်းသော အ... မျိုးဖြင့်သာ တောင်းရမ်းလေ့ရှိသည်။

တစ်နေ့တော့ ဖရေဇာ(ယခု အနော်ရထာလမ်း) ... မပေါ်ရှိ စားသောက်ဆိုင်တန်းများရှိသောနေရာနှင့် မနီး... တွင် ထိုင်တောင်းနေလေသည်။

အချိန်က ညနေပိုင်း လူစည်ကားသောအချိန် ဖြ... ဖြင့် လမ်းဘေးပလက်ဖောင်းပေါ်မှာ လူသွားလူလာများ ရှုပ်...





...သော အချိန်ပင်ဖြစ်သည်။

ထိုအချိန်တွင် သူတောင်းစား မာဒဂ်ရှေ့သို့ လူရွယ်တစ် ...ယောက်နှင့် မိန်းမပျိုတစ်ယောက်တို့ ရောက်လာကြသည်။

မာဒဂ်ကတော့ ဦးထုပ်ကြီးကို ဆောင်းထားပြီး မျက် ...နှင့် မြေကြီးထိလုမတတ် ဝပ်ထားရာမှ သနားစဖွယ်အသံမျိုး ...ဖြင့် တောင်းရမ်းနေလေသည်။

သူ့အသံကြားတော့ မိန်းကလေးက ခြေလှမ်းတုံ့ခနဲ ...ဖြစ်သွားပြီး ရပ်တံ့လိုက်သည်။

ထိုအခြေအနေကြောင့် အတူတွဲလာသော ယောကျ်ား ...တပါ ရပ်တံ့သွားသည်။

"ဘာဖြစ်လို့လဲဝေ၊ ဘာလုပ်မလို့လဲ"

ဟု မေးလိုက်သည်။

"ဟိုမှာ သူတောင်းစားကြီးတစ်ယောက် သနားပါတယ်၊ ...က်ဆံထည့်ပေးချင်လို့ပါ"

"အို ဒါမျိုးတွေကို မလုပ်ချင်စမ်းပါနဲ့ ဝေရယ်၊ ကိုယ်တို့လို ...သိုလ် ကျောင်းသားကျောင်းသူတွေက ဒါမျိုးတွေ မလုပ် ...ပါဘူး၊ နောက်ပြီး . . သူတောင်းစားတွေဆိုတာ ဘုရားကျွန် ...ကျောင်းကျွန်တွေဆိုတော့ သူတို့နဲ့ မပတ်ချင်စမ်းပါနဲ့"

ထိုစကားကြောင့် အတူပါလာသော မိန်းမပျိုက အံ့သြ ...ဟန်ရှိသော အမူအယာဖြင့် ပြန်ကြည့်လိုက်သည်။

ထိုအခါ ယောကျ်ားပျိုက ဆက်ပြောလေသည်။

"တကယ်တော့ ဒီလိုလူမျိုးတွေကို မသနားသင့်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲဟင်"

"သူတို့တတွေက သူလိုကိုယ်လို လုပ်ကိုင်စားသော နိုင်ပါရက်နဲ့ မစားသောက်ကြဘဲ၊ လူတွေဆီက သနားအော ပြောပြီး ပိုက်ဆံတောင်းယူချင်ကြတယ်၊ ဒါကြောင့် ဒီလိုလူ တွေကို ဘယ်တော့မှ အားမပေးသင့်ဘူး၊ သွားကြရအော ကွယ်"

ဟုပြောပြီး ယောက်ျားပျိုက မိန်းကလေးဖြစ်သူ၏လ ကို ဆွဲခေါ်သွားရာ မိန်းမပျိုမှာ အိတ်ထဲမှပိုက်ဆံကိုပင် ထု ခွင့်မရလိုက်တော့ဘဲ ပါသွားလေတော့သည်။







## အခန်း (၃)

# သိရှိမနေနှင့် ပြန်ညှိရမည့် ကာရုံများ

ထိုယောက်ျားပျိုနှင့် မိန်းမပျိုနှစ်ယောက်တို့မှာ အခြား သူများ မဟုတ်ကြပေ။ နှစ်ယောက်စလုံး တက္ကသိုလ်တွင် တက် ရောက်ပညာသင်ကြားနေကြသော တက္ကသိုလ် ကျောင်းသား ကျောင်းသူများပင် ဖြစ်ကြလေသည်။

ယောက်ျားပျို၏အမည်မှာ "မောင်မောင်ကြီး" ဖြစ်သည်။ သို့သော် အားလုံးကတော့ "မောင်မောင်" ဟုသာ ခေါ်



www.burmeseclassic.com

www.burmeseclassic.com



ဝေါ်ကြသည်။

အသက် (၂၅)နှစ် အရွယ်ခန့်ရှိပြီး ငွေကြေးချမ်းသာသူ မိသားစုမှ ဆင်းသက်လာခဲ့သူ ဖြစ်ပေသည်။

၎င်းတို့ နေထိုင်သောနေရာမှာ ဟံသာဝတီအဝိုင်းနှင့် မနီးမဝေးမှာရှိသော ခြံကျယ်ကြီးအတွင်း၌ ဖြစ်သည်။

ထိုခြံကျယ်ကြီးမှာ ပြည်လမ်းနှင့်မဝေးလှသော နေရာမှာရှိပြီး တစ်ဧကနီးပါး ကျယ်ဝန်းလေသည်။

ခြံဝန်းထဲတွင် သစ်ပင်ကြီးမျိုးစုံတို့ ရှိကြသည်။

ပိတောက်ပင်၊ ခရေပင်၊ ကံ့ကော်ပင်၊ သရက်ပင်၊ စိန္ဒြာပင် စသော အပင်ကြီးများအပြင် အခြားအပင်ကြီးများဖြင့် မှိုင်းညို့နေသော နေရာပင်ဖြစ်သည်။

ကံ့ကော်ပွင့်ချိန်၊ ပိတောက်ပန်း ပွင့်ချိန်ရောက်လျှင် တစ်ခြံလုံး ပန်းများဖြင့် ဝေဆာနေရာ များစွာလှပလှပေသည်။

၎င်းခြံမှာ တက္ကသိုလ်နယ်မြေနှင့် တဆက်တစပ်တည်း ရှိသည်။

ပိတောက်ပန်းပွင့်ချိန်၊ ကံ့ကော်ပန်းများပွင့်ချိန် ရောက်လျှင် တက္ကသိုလ်နယ်မြေတစ်ခုလုံး ပန်းခြံကြီးသဖွယ် ဖြစ်နေတတ်ပေသည်။

ထို့အတူ မောင်မောင်ကြီးတို့ နေထိုင်သော ခြံကျယ်ကြီးမှာလည်း ပန်းခံကြီးသဖွယ် ဖြစ်နေလေတော့သည်။

ရှေးအခါက ထိုနေရာဘက်မှာ မြို့လယ်ရပ်ကွက်များနှင့် အနည်းငယ် ဝေးသည်ကတစ်ကြောင်း၊ မြို့စွန်ရပ်ကွက် ဖြစ်သ





ဖြင့် နေထိုင်သူ မများသေးသောကြောင့် ဝယ်ယူစဉ်က ဈေးအနည်းငယ်သာ ပေးခဲ့ရပေသည်။

မောင်မောင်ကြီးတို့မှာ မိသားစု မများလှပေ။

ဖခင်ဖြစ်သူမှာ ဦးဥက္ကာဖြစ်ပြီး အသက်(၅၀)ကျော်အရွယ်ခန့်သာ ရှိသေးသည်။

ဦးဥက္ကာမှာ ပုဂံဘက်တွင် နေထိုင်ခဲ့ရာမှ စီးပွားချမ်းသာသောအခါ ရန်ကုန်မြို့သို့ ရွှေ့ပြောင်းလာပြီးနောက် အခြေချနေထိုင်ခဲ့ခြင်း ဖြစ်သည်။

ဇနီးဖြစ်သူ ဒေါ်မြမြမေမှာ အသက်(၄၀)ကျော် အရွယ်ခန့်သာရှိသေးပြီး ရိုးရိုးအေးအေး နေထိုင်တတ်သူဖြစ်သည်။

သူတို့တွင် သားတစ်ယောက်နှင့် သမီးတစ်ယောက် ရှိသည်။

သားအကြီး မောင်မောင်ကြီးက အသက်(၂၅)နှစ်အရွယ်ခန့်ရှိပြီး ရန်ကုန်တက္ကသိုလ်တွင် တက္ကသိုလ် ကျောင်းသားအဖြစ် ပညာသင်ကြားနေသူဖြစ်သည်။

သမီးအငယ်ကတော့ ခင်မေလေးဖြစ်ပြီး အသက်(၁၈)နှစ်ကျော်ကျော်သာ ရှိသေးသည်။

သူတို့မိသားစုမှာ ပုဂံဘက်တွင် နေထိုင်ခဲ့စဉ်ကပင် နန်းတွင်းမှာ အမှုထမ်းခဲ့သူများ၏ အဆက်အနွယ်များ ဖြစ်ခဲ့ကြသဖြင့် နေထိုင်ပုံ စည်းကမ်းကြီးကြသည်။

ရိုးရိုးအေးအေးနေသော်လည်း မာနကြီးသည်။

ငွေကြေးအချမ်းသာကြီး မဟုတ်သော်မှ ပြည့်စုံသူများ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ အတွင်းပစ္စည်း ရွှေငွေလက်ဝတ်ရတနာများ ရှိကြသည်။

ပုဂံမှာနေခဲ့စဉ်ကတော့ စီးပွားရေး လုပ်ငန်းများကို လုပ်ကိုင်ခဲ့ကြသော်လည်း ရန်ကုန်မြို့ရောက်လာတော့ အေးအေးချမ်းချမ်းပင် နေကြလေသည်။

ဦးဥက္ကာက ရန်ကုန်မြို့လယ် တစ်နေရာတွင် စီးပွားရေးလုပ်ငန်းတစ်ခု လုပ်ကိုင်နေသည်ဟုသာ မိသားစုများကို အသိပေးထားပြီး ဘယ်လိုအလုပ်မျိုး လုပ်နေသည်ကိုတော့ အသိပေးမထားပေ။

၎င်းပြောပြသော စကားအရဆိုလျှင်တော့ မြို့လယ်တရုတ်တန်းဘက်မှာ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးနှင့် ပူးပေါင်းကာ လုပ်ငန်းတစ်ခု လုပ်ကိုင်နေသည်လောက်သာ မိသားစုများက သိကြရသည်။

ဘယ်လိုလုပ်ငန်းမျိုး လုပ်နေသည်တော့ ဘယ်သူမှ မသိကြပေ။

သိချင်လို့မေးလျှင်သော်မှ ဦးဥက္ကာက သဘောမကျပေ။

"စီးပွားရေးသမားတွေနဲ့ အတူတွဲပြီး အလုပ်လုပ်တယ်ဆိုတာ လူသိခံလို့ မဖြစ်ဘူး၊ တတ်နိုင်ရင် ကိုယ့်အိမ်က အိမ်သူအိမ်သားတွေတောင် အသိမပေးရဘူး"

"ကျွန်မတို့က ရှင့်အတွက်စိတ်ပူလို့ မေးမိတာပါ အစ်ကိုကြီးရယ်၊ သဘောမကျရင်လည်း နောက်မမေးတော့ပါဘူး"

ဟု ဒေါ်မြမြမေက အပြုံးမပျက်နှင့်ပင် ပြန်ပြောသေး





သည်။

မောင်မောင်ကြီးနှင့် ခင်မေလေးတို့ နှစ်ယောက်ကတော့ ဖခင်ဖြစ်သူ ဘယ်လိုအလုပ်မျိုး လုပ်နေသည်ကို စိတ်မဝင်စားကြပေ။

ဘယ်လိုလုပ်ငန်းပဲလုပ်နေနေ သူတို့အေးအေးချမ်းချမ်းနေရလျှင်ပြီးရော သဘောမျိုးဖြင့် အေးအေးပင်နေကြလေသည်။

ဦးဥက္ကာအလုပ်က နံနက်ပိုင်းအချိန် ရောက်သည်နှင့် ဝတ်ကောင်းစားလှများ ကျကျနန ဝတ်ဆင်ကာ အလုပ်ရှိသော မြို့လယ်ဘက်သို့ သွားလေသည်။

ညနေပိုင်း မိုးချုပ်ကာနီးလျှင် အိမ်ပြန်ရောက်လာသည်။

သူပြန်ရောက်လာသည်နှင့် နေ့စဉ်လိုလို ငွေများပါလာတတ်သည်။

တကယ်တော့ ဦးဥက္ကာ လုပ်နေသောအလုပ်မှာ ဝင်ငွေကောင်းသော လုပ်ငန်းတစ်ခုတော့ ဖြစ်ဟန်ရှိသည်။

ထိုအချိန်က ရန်ကုန်မြို့ထဲမှာ ဝင်ငွေကောင်းသော လုပ်ငန်းအချို့ရှိသည်။

ဘိန်းအရောင်းအဝယ် ပြုလုပ်ခြင်းနှင့် လောင်းကစားဝိုင်းများ ပြုလုပ်ခြင်းပင်ဖြစ်သည်။

ဦးဥက္ကာကတော့ မြို့လယ်မှ တရုတ်သူဌေးတစ်ဦးနှင့် ဖက်စပ်လုပ်ငန်းတစ်ခု လုပ်နေသည်ဟုသာ ပြောထားပြီး မည်သည့်အလုပ်မျိုး လုပ်နေသည်ကိုတော့ အိမ်သူအိမ်သားများက

www.burmeseclassic.com



နှစ်အတော်ကြာသည်အထိ မသိခဲ့ကြပေ။

သို့သော် ဦးဥက္ကာကိုတော့ လူသိများသည်။

ပတ်ဝန်းကျင်မှာ နေထိုင်ကြသူများရော မြို့လယ်မှ မိတ်ဆွေအတော်များများကပါ သိကျွမ်းခင်ကြသည်။

သဘောမနောကောင်းပြီး ပြောဆိုဆက်ဆံရေး ပြေပြစ်သူဖြစ်သောကြောင့် အပေါင်းအသင်းများခြင်း ဖြစ်ပေသည်။

ဦးဥက္ကာနှင့် ခင်မင်သော မိတ်ဆွေရင်းချာများထဲတွင် ပွဲစားကြီး ဦးပြည့်စုံတို့ မိသားစုများလည်း အပါအဝင် ဖြစ်ပေသည်။

ဦးပြည့်စုံတို့မိသားစုမှာ မြေနီကုန်းဘက်မှာ နေထိုင်ကြသူများ ဖြစ်သည်။ ဦးပြည့်စုံက ပွဲရုံထောင်ထားပြီး ၎င်းပွဲရုံက မော်တင်ထိပ်တွင်ရှိသည်။

ဦးပြည့်စုံက(၅၀)ကျော် အရွယ်ခန့်ရှိပြီး ဇနီးဖြစ်သူ ဒေါ်ခင်ဝေကလည်း အသက်ချင်း မတိမ်းမယိမ်း ရှိပေသည်။

သားအကြီးဖြစ်သူ ခင်မောင်ဝေက အိမ်ထောင်ကျပြီးသော်လည်း မိဘနှင့်မခွဲဘဲ အတူနေကာ ဖခင်၏ ပွဲရုံလုပ်ငန်းများကို ဦးစီးလုပ်ကိုင်နေသူ ဖြစ်သည်။

၎င်း၏မိန်းမ မေရီကျော်က ခေတ်ဆန်ဆန် နေတတ်သူတစ်ဦးဖြစ်သောကြောင့် အပေါင်းအသင်းများနှင့် သွားလာလည်ပတ်ရင်း အချိန်ကုန်နေသူဖြစ်သည်။

ဖဲချတာ ဝါသနာပါသဖြင့် မိတ်ဆွေများနှင့် ချိန်းကာ ဖဲဝိုင်းမှာပင် အချိန်အတော်များများ ကုန်နေတတ်သူဖြစ်သည်။





ခင်မောင်ဝေက အသက်(၃၀)ကျော် အရွယ်သာရှိသေးသော်လည်း အပျော်အပါး ဝါသနာမပါသူ ဖြစ်သောကြောင့် မိန်းမဖြစ်သူကိုလည်း လှည့်မကြည့်အားပေ။

ဦးပြည့်စုံမှာ သမီးတစ်ယောက် ရှိသေးသည်။

နာမည်က 'သီရိဝေ'ဖြစ်ပြီး အသက်(၂၃)နှစ် အရွယ်ခန့်သာ ရှိသေးသည်။

သီရိဝေက တက္ကသိုလ်ကျောင်းသူတစ်ဦးဖြစ်ပြီး မောင်မောင်ကြီးနှင့် ခင်မင်ရင်းနှီးမှု ရှိပေသည်။

ချစ်သူအဆင့်မျိုးဖြစ်နေပြီး. . သွားအတူလာအတူ ကျောင်းတက်လည်း အတူတူ ရှိကြသည်။

သီရိဝေက မြို့ထဲဈေးဝယ်သွားချင်လျှင်ပင် မောင်မောင်ကြီးကို အဖော်အဖြစ် ခေါ်သွားတတ်လေသည်။

ဦးဥက္ကာနှင့် ဦးပြည့်စုံတို့က ခင်မင်ရင်းနှီးကြပြီး မိသားစုချင်းကလည်း ခင်မင်ကြသည်။

စီးပွားရေး အခြေအနေချင်းကလည်း မကွာလှသောကြောင့် ၎င်းတို့နှစ်ယောက်၏ ရှေ့ဘဝခရီး အခြေအနေမှာ သာယာဖြောင့်ဖြူးလျက် ရှိနေပြီဟုသာ ဆိုရပေတော့မည်။

၎င်းတို့မိသားစုအချင်းချင်း ထိုမျှခင်မင်ကြရခြင်း အကြောင်းရင်းမှာ တစ်နယ်တည်းသားချင်း ဖြစ်သောကြောင့်ပင်၊ နယ်မှာနေစဉ်က တစ်ဦးနှင့်တစ်ဦး မသိကျွမ်းခဲ့စေကာမူ ရန်ကုန်မြို့မှာ လာရောက်တွေ့ဆုံသောအခါ တစ်ဦးနှင့်တစ်ဦး မေးမြန်းပြောဆိုရင်းနှင့် တစ်နယ်တည်းသားချင်းမှန်း သိသောအခါ ခင်



www.burmeseclassic.com

www.burmeseclassic.com



မင်ရင်းနှီးသွားခဲ့ခြင်း ဖြစ်ပေသည်။

လူကြီးချင်း ခင်မင်ရင်းနှီးမှု ရှိသောအခါ မောင်မောင်ကြီးနှင့် သီရိဝေတို့နှစ်ယောက်၏ မေတ္တာရေးမှာလည်း အနှောင့်အယှက်ကင်းကာ ဖြောင့်ဖြူးသာယာလျက် ရှိနေခြင်းကတော့ အဆန်းတကြယ် မဟုတ်တော့ပေ။

မောင်မောင်ကြီးက အသားဖြူဖြူ ပိန်ပိန်ပါးပါးနှင့် သူဌေးသား လူချမ်းသာတစ်ဦး၏ ပုံသဏ္ဌာန်မျိုး ဖြစ်သည်။

သီရိဝေကတော့ ရုပ်ရည်ချောမောသည်သာမက ကိုယ်လုံးကိုယ်ထည်ကလည်း အချိုးအစားကျသူဖြစ်သည်။

ဆံပင်ရှည်များက ကျောလယ်လောက်အထိရှိကာ မြန်မာဆန်သော အမျိုးသမီးတစ်ဦး ဖြစ်ပေသည်။

နှစ်ယောက်စလုံးက တက္ကသိုလ်မှာ ပညာသင်ကြားနေကြသော တက္ကသိုလ်ကျောင်းသားကျောင်းသူများ ဖြစ်ကြသောကြောင့် ရွေ့သွားနောက်လိုက် ညီသည်ဟု ယေဘူယျ ထင်စရာရှိသော်လည်း စိတ်သဘောချင်းကတော့ မတူကြပေ။

သီရိဝေက လူတစ်ဖက်သားကို သနားကြင်နာတတ်ပြီး စေတနာထားတတ်သည်။ လမ်းမှာ သူတောင်းစား တွေ့လျှင်ပင် ပေးချင်ကမ်းချင် စိတ်ရှိသူဖြစ်သည်။

မောင်မောင်ကြီးကတော့ ထိုကဲ့သို့ မဟုတ်ပေ။

သနားကြင်နာစိတ် သိပ်မရှိသည့်အပြင် အဆင့်အတန်းခွဲခြားလိုစိတ်လည်း ရှိသည်။

တော်ရုံလူကိုပင် ပေါင်းသင်းဆက်ဆံခြင်း မပြုချင်သူ





ဖြစ်သည်။

ထိုနေရာမှာတော့ သီရိဝေနှင့် သဘောချင်း သိပ်မတူလှပေ။

"ဝေကလည်း သိပ်ခက်တာပဲ၊ တွေ့သမျှလူနဲ့ ပေါင်းသင်းဆက်ဆံနေတော့တာပဲ"

"ကျောင်းသူကျောင်းသားအချင်းချင်း ခင်ခင်မင်မင်ဆက်ဆံတာပဲ ဘာဖြစ်လို့လည်း ကိုမောင်ရဲ့"

"တက္ကသိုလ်ကျောင်းမှာ ကျောင်းတက်နေလို့သာ တက္ကသိုလ်ကျောင်းသားလို့ ခေါ်ကြပေမယ့် တချို့ကျတော့ အဆင့်အတန်း နိမ့်တာတွေပါတယ်"

"ဘယ်လို အဆင့်အတန်း နိမ့်တာမျိုးလဲ"

သီရိဝေက နားမလည်သော အမူအယာမျိုးဖြင့် ပြန်မေးလိုက်လေသည်။

"ကိုယ်ပြောတာက တက္ကသိုလ်လာတက်နေပေမယ့် လူတိုင်းကို အထင်ကြီးစရာ မရှိဘူးလို့ ပြောချင်တာပါ၊ တချို့က မိသားစု ချို့ချို့တဲ့တဲ့နဲ့ လာတက်နေကြရတာ ရှိတယ်၊ တချို့ဘုန်းကြီးကျောင်းမှာ ကပ်နေပြီး လာတက်နေတာတွေ ရှိတယ်၊ ဒါထက်ပိုဆိုးတာက မျိုးရိုးမသန့်တဲ့လူတွေ ဒီအထဲမှာ မပါဘူးလို့ ပြောနိုင်ဘူး"

"အဲဒါက ဘယ်လိုအဓိပ္ပါယ်မျိုးလဲ"

"တချို့ ဘုရားကျွန်ကျောင်းကျွန်တွေ ပါချင်ပါမယ်၊ တချို့လည်း ကယ်ပါမျိုးနွယ်တွေ ပါချင်ပါမယ်၊ အဲဒီလို မျိုးရိုး



www.burmeseclassic.com

www.burmeseclassic.com



မသန့်တဲ့လူတွေနဲ့ အပေါင်းအသင်းဖြစ်သွားမှာ စိုးရိမ်လို့ ကိုယ် ကသတိပေးနေရတာပါ"

ဟု ပြောသည်။

ထိုစကားကြားသောအခါ သီရိနွမက တစ်ချက်ပြုံးလိုက်လေသည်။

"ကျွန်မကတော့ အဲဒီလောက်အထိ မတွေးမိပါဘူး လူဆိုတာ သူ့ဘဝတစ်လျှောက်လုံးမှာ ကောင်းတာတွေလည်း ရှိတယ်၊ မကောင်းတာတွေလည်း ရှိခဲ့မှာပေါ့၊ အဲဒါတွေကို ကာယကံရှင်တွေတောင် သိချင်မှသိမှာပေါ့"

"ကိုယ်က ဝေအောင်တွက် ပြောတာပါ"

"ကျွန်မအပေါ်မှာ စိုးရိမ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ကျွန်မသဘောကတော့ လက်ရှိကိုယ်နဲ့ တွေ့ဆုံဆက်ဆံတဲ့အချိန်မှာ ကောင်းနေရင် လူကောင်းတစ်ယောက်လိုပဲ ဆက်ဆံရမှာ မဟုတ်လား"

မောင်မောင်ကြီးက စိတ်မသက်သာသော အမူအယာဖြင့် သက်ပြင်းတစ်ချက် ချလိုက်သည်။

"ကျွန်မ တက္ကသိုလ်စာကြည့်တိုက်ရောက်တော့ စာအုပ်တစ်အုပ် ဖတ်ဖူးတယ်၊ 'အောင်မြင်ကျော်ကြားသူများရဲ့ ဘဝလျှို့ဝှက်ချက်များ'ဆိုတဲ့ စာအုပ်ပါပဲ၊ စာအုပ်ထဲမှာပါတဲ့ အကြောင်းအရာတွေကတော့ ကမ္ဘာကျော်ခဲ့ကြတဲ့ ယခုအချိန်အထိ မျက်မှောက်ကာလမှာ ထင်ရှားကျော်ကြားခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေရဲ့ အကြောင်းကို ရေးသားထားတာပါ၊ ကိုမောင်လည်း ဖတ်ဖူးတယ်





ဟုတ်လား"

"ကိုယ်က အဲဒီလို စာအုပ်မျိုးတွေ သိပ်ပြီးစိတ်မဝင်စားလှဘူး"

ဟု ပေါ့ပျက်ပျက်အသံမျိုးဖြင့် ပြန်ပြောလေသည်။

"ကိုမောင် စိတ်မဝင်စားပေမယ့်လည်း ကျွန်မကတော့ စိတ်ဝင်စားလေတော့ ပြောပြရဦးမှာပဲ၊ အဲဒီစာအုပ်ထဲမှာ ကမ္ဘာကျော်ခဲ့တဲ့ သမ္မတကြီးတွေ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေ၊ သိပ္ပံပညာရှင်ကြီးတွေဆိုရင် အတော်များများဟာ ဆင်းရဲချို့တဲ့တဲ့ ဘဝမျိုးက လာကြတယ်၊ အမေရိကန်သမ္မတကြီး လင်ကွန်းဆိုရင် ဖိနပ်ချုပ်သမားဘဝတောင် ရောက်ခဲ့ဖူးတယ်၊ ကမ္ဘာကျော် ဆရာခေါင်းဆောင် ဟစ်တလာဆိုရင် လမ်းဘေးမှာ အခြေအနေဘဝမျိုးနဲ့ နေခဲ့ရတယ်လို့ ဖတ်ခဲ့ရတယ်"

"သူတို့နေတဲ့နေရာနဲ့ ကိုယ်တို့နေတဲ့နေရာမှ မတူတာ၊ အချင်းတွေလည်း ဘယ်တူနိုင်ပါ့မလဲ ဝေ၊ တခြားမကြည့်နဲ့ အခုအာပြည်ကို အုပ်ချုပ်နေတဲ့ ဗြိတိသျှတွေကိုပဲ ကြည့်ပါလား.. ဘယ်လောက် အဆင့်အတန်း ရှိကြသလဲ"

"အဆင့်အတန်းဆိုတာ ဘာကိုပြောတာလဲ"

"အားလုံးပါတာပေါ့၊ ဝတ်ပုံစားပုံ နေပုံထိုင်ပုံတွေကိုပဲ ကြည့်ပါလား၊ ကိုယ်တို့ ဗမာလူမျိုးတွေနဲ့ မကွာပေဘူးလား၊ ဒီလို အဆင့်အတန်းမြင့်တဲ့ လူမျိုးတွေကိုမှ အထင်ကြီးပြီး အတုမယူရင် ဘယ်ဟာကို အတုယူကြမလဲ"

"ကျွန်မကတော့ အဲဒီလို မယူဆဘူး၊ အဆင့်အတန်း



www.burmeseclassic.com

www.burmeseclassic.com

ဆိုတာ ပြင်ပ ဝတ်ပုံစားပုံ၊ နေပုံထိုင်ပုံ၊ ပြောပုံဆိုပုံတွေ၊ ပစ္စည်း ဥစ္စာ ချမ်းသာပုံတွေကိုပဲကြည့်ပြီး မဆုံးဖြတ်ချင်ဘူး၊ အရေး အကြီးဆုံးက လူတစ်ယောက် ဒါမှမဟုတ် လူမျိုးတစ်မျိုးရဲ့ အ ဆင့်အတန်းကို သိချင်ရင် သူတို့ရဲ့ စိတ်ထားပေါ်မှာလည်း အများ ကြီးမူတည်ပါတယ်၊ စိတ်ထားမကောင်းဘဲနဲ့တော့ လူ့ဘ အခြေအနေ ဘယ်လောက်ပဲ မြင့်နေပေမယ့် အဆင့်အတန်း ရှိတဲ့ လူတစ်ယောက်တော့ ဖြစ်လာမှာမဟုတ်ပါဘူး”

ထိုစကားကြားတော့ မောင်မောင်ကြီးက ဦးခေါင်း စိတ်ပျက်လက်ပျက်နှင့် ခါရမ်းလိုက်သည်။

“ဝေက တကယ်ကို ရှေးဟောင်းအယူအဆတွေ လောင်းရိပ်အောက်မှာ ရောက်နေတာပဲ”

သီရိဝေက ဘာမှတော့ ပြန်မပြောတော့ပေ။

သို့သော် ဘဝခရီးလမ်းကို အတူတူလက်တွဲပြီး လျှော ကြတော့မည်ဆိုလျှင်တော့ သူတို့နှစ်ယောက်ကြားမှာ ပြန်ညှိ မည့် ကာရံများစွာ ရှိနေပေလိမ့်မည်ဟုတော့ စိတ်ထဲမှာ တွေး မိလေသည်။







## အခန်း (၄)

# ကျွန်ုပ်နှင့် မော်ဝင်လက်စွပ်များ

တစ်နေ့သ၌ ဒေါက်တာမင်းထင်ကျော်သည် ၎င်း၏ ကိုယ်ပိုင်မော်တော်ကားဖြင့် ကျွန်ုပ်နေထိုင်ရာ ငါးထပ်ကြီးကုန်း အောက်သို့ ရောက်လာလေသည်။

ဒေါက်တာမင်းထင်ကျော်နေသော ရွှေတောင်ကြား လမ်းတွက်နှင့် ကျွန်ုပ်နေသော ရွှေဂုံတိုင်ရပ်ကွက်မှာ ဝေးလှသည် တော့ မဟုတ်ပေ။


www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်နေသောနေရာမှာ ငါးထပ်ကြီးဘုရား အနော
ဘက် ရွှေဂုံတိုင် ရပ်ကွက်တစ်ခု၌ ဖြစ်ပေသည်။

ရှေးအခါက ထိုနေရာများမှာ လူနေထိုင်မှု မများလှ
ဘုရားမြေ ကျောင်းမြေများနှင့် လွတ်ဟင်းသော နေရာအ
တွင် ပန်းစိုက်သူများနှင့် ရာသီထွက်အသီးအနှံများ စိုက်ပ
ရောင်းချသူတို့ နေထိုင်ကြသည်။

ယခင်က ထိုနေရာများတွင် ဆိတ်မွေးမြူသူ၊ နွားမေ
မြူသော ကုလားများ နေကြသော်လည်း နောက်ပိုင်းမှာ
နွားချေးနံ့ ဆိတ်ချေးနံ့များ မခံနိုင်တော့သောကြောင့် ရပ်ကွ
မှာ နေထိုင်သူတို့က ပြောသဖြင့် ယခု ရွှေတောင်ကြားရပ်ကွ
ဟုခေါ်သော နေရာဘက်သို့ ရွှေ့ပြောင်းသွားကြလေသည်။

ရွှေတောင်ကြားရပ်ကွက်မှာ သစ်ပင်ကြီးများဖြင့် သ
ရိပ်ဝါးရိပ် ကောင်းသည်ကတစ်ကြောင်း၊ ချုံနွယ်ပိတ်ပေါင်းမျ
နှင့် မြက်တော ငှက်ပျောတောများ ပေါသောနေရာ ဖြစ်သေ
ကြောင့် နွားများအတွက် အစာပေါများလှပေရာ နွားမွေးသေ
ကုလားများက ပိုမိုသဘောကျကြလေသည်။

ပတ်ဝန်းကျင်မှာ နေထိုင်သူမများသောကြောင့်လည
သူတို့အတွက် အနှောင့်အယှက် မရှိတော့ပေ။

နွားမွေးမြူသောကုလားများ ရွှေ့ပြောင်းသွားကြ
နောက်မှာတော့ ငါးထပ်ကြီးဘုရား အနီးတစ်ဝိုက်မှာတော့ ပ
စိုက်ပျိုးသူများသာ ကျန်ခဲ့တော့သည်။

ကျွန်ုပ်နေသောနေရာမှာ လမ်းနှင့်မဝေးလှသော်လည





သူနေထိုင်ရာနှင့် အနည်းငယ်ဝေးသောကြောင့် တိတ်ဆိတ်
သက်မှု ရှိလေသည်။

ဝယ်ယူစဉ်ကပင် တိုက်ခံနှစ်ထပ်အိမ်နှစ်လုံး ပါသဖြင့်
နည်းငယ်သာ မွမ်းမံပြင်ဆင်ပြီးနောက် တက်နေခဲ့ခြင်း ဖြစ်
သည်။

ကျွန်ုပ်သည် တပည့်အဖြစ် ခေါ်ယူထားသော မောင်
အောင်အမည်ရှိသော လူရွယ်တစ်ဦးသာရှိသဖြင့် နှစ်ယောက်
သာ ရှိကြသည်။

သို့ကြောင့် အပေါ်ထပ်တစ်ထပ်လုံး စာအုပ်များသာ
သဖြင့် ပြည့်နေလေတော့သည်။

ယခုလည်း နံနက်ပိုင်းအချိန်တွင် မောင်တိုးအောင်စီစဉ်
သော လက်ဖက်ရည်နှင့် အစားအသောက်များ စားသောက်
ဖြင့် ရှေးဟောင်းမှတ်တမ်းတစ်ခုကို စိတ်ဝင်စားစွာ ဖတ်ရှုနေ
မှာပင် ဒေါက်တာမင်းထင်ကျော် ရောက်လာခြင်းပင်ဖြစ်
သည်။

ဒေါက်တာမင်းထင်ကျော်မှာ အသက်(၃၀)အရွယ် ဝန်း
သာ ရှိသေးပြီး ဖျတ်လတ်သွက်လက်သည့် အသွင်သဏ္ဌာန်
ရှိလေသည်။

ဒေါက်တာမင်းထင်ကျော် ရောက်လာသဖြင့် နောက်
ကော်ဖီတစ်ခွက် စီစဉ်ပေးပြီး အောက်ထပ်ဧည့်ခန်းမှာပင်
ည့်ခံစကားပြောလေသည်။

"မတွေ့ရတာတောင် အတော်ကြာသွားပါပကောလား၊



www.burmeseclassic.com

www.burmeseclassic.com



ဒီရက်ထဲမှာ ခရီးဝေးတွေ သွားဖြစ်သေးသလား"

"သွားဖြစ်ပါတယ် ဆရာ၊ ခရီးသွားမှတ်တမ်းတွေလည်း ခုတောင်းထားပါတယ်"

"ကောင်းတာပေါ့ မောင်ထင်ကျော်ရယ်၊ ခရီးသွားမှ တမ်းတွေ၊ အချက်အလက်တွေ ကောင်းတော့လည်း ဖတ်ရ သူတွေအတွက် ဗဟုသုတအချက်တွေ များများရတာပေါ့ဗျာ"

ဒေါက်တာမင်းထင်ကျော်က စားပွဲပေါ်မှ ကော်ဖီပ ကန်ကိုယူပြီး တစ်ငုံသောက်လိုက်ပြီးမှ စကားစသည်။

"ဆရာက ထူးထူးခြားခြားမှတ်တမ်းတွေ အချက်အ လက်တွေကို စုဆောင်းထားတတ်လေတော့ သိချင်တာလေး လို့ လာခဲ့တာပါ"

"မောင်ထင်ကျော်က ဘာများသိချင်လို့လဲ"

"တခြားတော့ မဟုတ်ပါဘူး"

"ဝိညာဉ်တွေကို စေခိုင်းနိုင်တဲ့ မှော်ပညာနဲ့ ပတ်သ ပြီး သိချင်တာလေးတွေ ရှိလို့ပါ"

ထိုစကားကြောင့် ကျွန်ုပ်သည် သောက်လက်စ လ ဖက်ရည်ပန်းကန်ကို ပြန်ချထားလိုက်ပြီး ဆေးဖြည့်ထားပြီးသေ ဆေးတံကို မီးညှိကာ တစ်ဖွာနှစ်ဖွာ ဖွာလိုက်သည်။

"မှော်ပညာနဲ့ပတ်သက်ပြီး ယေဘူယျလောက်တေ မောင်ထင်ကျော်လည်း သိသင့်သလောက် သိတာပဲ၊ မက်ဂျ (MEGIC)ဆိုတဲ့စကားလုံးကို အဓိပ္ပါယ်ပြန်တဲ့အခါ မှော်ပည ဆိုပြီး အနီးစပ်ဆုံး ပြန်ဆိုပြောကြတာပဲ"



"ဟုတ်ပါတယ်"

"တကယ်တော့ မက်ဂျစ်ဆိုတာ ရှေးဟောင်း ပါရှားပြည် မေးဂတ်စ်(MAGUS)ဆိုတဲ့ စကားလုံးကဆစ်ဆင့် ဆင်း သက်လာတာပဲ၊ မေးဂတ်စ်ဆိုတာ ပါရှားဘုန်းတော်ကြီးတွေကို ခေါ်ပြီး ပေါ်ပေါက်လာတဲ့ စကားလုံးပဲ၊ ဥရောပတိုက်သား တွေက အရှေ့တိုင်း မဟာဂန္ဓာရီ ပညာရှင်တွေကို မေးဂတ်စ်လို့ ခြင်းခေါ်ကြရာက မက်ဂျစ်ဆိုတဲ့ စကားလုံး ပေါ်ပေါက်လာတာ ပဲ၊ ဘယ်လိုပဲ ခေါ်ခေါ်ပါ၊ မက်ဂျစ်ဆိုတာနဲ့ ဂမ္ဘီရဆန်တဲ့ မှော် ပညာဆိုတာတော့ လက်ခံကြတာပါပဲ"

"မှန်ပါတယ် ဆရာ"

ဥရောပတိုက် အလယ်ပိုင်းခေတ်တွင် လူ အတော်များ များတို့က မက်ဂျစ်ဟုခေါ်သော မှော်ပညာကို လက်ခံယုံကြည်ခဲ့ ကြသည်။ စိတ်ဝင်စားခဲ့ကြသည်။

(၁၄၅၃-၁၅၄၁)တွင် ထင်ရှားကျော်ကြားခဲ့သော အ ဆွေးအခေါ် ပညာရှင်လည်းဖြစ်၊ ဆေးပညာရှင်လည်း ဖြစ်ခဲ့ သော ပါရာဆဲဆပ်စ်(Paracelsus)က မှော်ပညာနဲ့ ပတ်သက်ပြီး အောက်ပါအတိုင်း မှတ်ချက်ချခဲ့ပေသည်။

"သာမန်လူသားတို့ ကျိုးကြောင်းဆင်ခြင်တုံဉာဏ်ဖြင့် ဆုံးကပ်ခြင်း၊ *နိုင်မာသော အဓိပ္ပါယ်ဖွင့်ဆိုမှုများ မပြုနိုင်သော* အရာများကို မှော်ပညာက အဓိပ္ပါယ်ဖွင့်ဆိုပေးနိုင်သော အမျိုး ညီမျိုး ရှိလေသည်။"

အချို့ကလည်း မှော်ပညာဆိုသည်မှာ မေဂျိုင်း(Magi)

www.burmeseclassic.com

www.burmeseclassic.com



ဆိုသော ပုဂ္ဂိုလ်ထံမှ လက်ဆင့်ကမ်းရောက်လာသော သဘာဝ တရား၏ လျှို့ဝှက်ဆန်းကြယ်မှု တစ်ခုဖြစ်သည်ဟု ထင်မြင်ယူဆခဲ့ကြသည်။

ခရစ်ယာန်တို့၏ ဓမ္မသစ် ကျမ်းစာထဲတွင် ဆိုင်မွန် (Simon)ဆိုသူသည် မှော်အစီအရင်ကို မြို့ထဲ၌ ဆောင်ရွက်ကာ ဆာမားရီးယားနိုင်ငံကိုပင် အံ့ဩစေသည်ဟု ဖော်ပြထားသည်။

ခရစ်ယာန်တို့၏ ရှေးကရေးသားခဲ့သော စာများထဲတွင် မှော်ဆရာဆိုင်မွန်သည် ရှိမ်းဆာယာပိုမောက်၍ ကိုယ်ပျောက်စေနိုင်ကြောင်း လူတိရိစ္ဆာန်အပါအဝင် ကိုယ်ပွားရုပ်သွင် အမျိုးမျိုးတို့ကို ဖန်ဆင်းနိုင်ခြင်း၊

မီးရေ ကျောက်သားနံရံများကို ဖောက်ထွင်းသွားလာနိုင်သည့် တန်ခိုးသိဒ္ဓိရှိကြောင်း ဖော်ပြထားပေသည်။

(၁၈)ရာစုနောက်ပိုင်းမှာတော့ လူအတော်များများတို့မှာ မှော်ပညာကို စိတ်ဝင်စားလာကြသည်။ အားကိုးအားထား ပြုလာကြသည်။

မှော်ဆရာများ၊ ၎င်းတို့နှင့်သက်ဆိုင်သော ကျင့်စဉ်များ အစီအရင်ကျမ်းများ မှော်လက်စွပ်များ၊ ရုပ်တုများ၊ ရုပ်ပုံသင်္ကေတများ၊ မကောင်းဆိုးဝါးများကို ခေါ်ယူရာ နှင်ထုတ်ရာတွင် အသုံးပြုသော ဂါထာမန္တန်များ၊ အစီအရင်များ၊ မကောင်းဆိုးဝါးကို ခေါ်ယူရာတွင် အသုံးပြုလေ့ရှိကြသည့် မှော်စက်ဝိုင်းများကို စိတ်ဝင်စားလာကြသည်။ ယုံကြည်မှု ရှိလာကြသည်။

ထိုအထဲတွင် အဓိကအသုံးပြုသော ပစ္စည်းမှာ 'မှော်ဝင်





လက်စွပ်'ပင် ဖြစ်ပေသည်။

မှော်ဝင်လက်စွပ်များမှာ အမျိုးမျိုး ရှိကြလေသည်။

ရှေးမခေတ်က မှော်လက်စွပ်များအကြောင်းကို လေ့လာဖော်ပြပါမည်။

ကျောက်မျက်များတွင် ရှိနေသည့် နူးညံ့လှပသော ဝိညာဉ်များသည် ၎င်းတို့၏ ကြီးကျယ်ခမ်းနားခြင်းနှင့်အတူ ပေါ်ပေါက်လာပြီး လူသားများအတွက် ခွန်အားများ စိတ်ပျော်ရွှင်မှုများကို ပေးစွမ်းနိုင်ကာ လူသားတို့၏ဝိညာဉ်နှင့် တစ်သားတည်း ဖြစ်သွားစေပါသည်။

ထို့ပြင် ၎င်းတို့၏ ထူးခြားသော ဂုဏ်သတ္တိကိုလည်း လူသားတို့အား အကြွင်းမဲ့ပေးကမ်းခဲ့ပါသည်။

အဆိုပါ ကျောက်မျက်ရောင်စဉ်များသည် အရာအားလုံးထက် ပေါ်လွင်ထင်ရှားပြီး လူသားတို့၏ စိတ်ဝိညာဉ်ကိုလည်း ရွှင်မြူးတက်ကြွစေပါသည်။

ထိုမျှသာမက ကြီးမားလှသော ဆန်းသစ်မှုနှင့်အတူ ပြောင်းလဲခြင်းများကိုလည်း ဖြစ်ပေါ်လာစေနိုင်သည်မှာ အဖိုးတန်ကျောက်မျက်များထဲတွင်ရှိသည့် တကယ့်ပျော်ရွှင်ချမ်းမြေ့စေသည့် အကြောင်းတရားတစ်ခုဖြစ်သည်။

ဖော်ပြပါအကြောင်းအရာမှာ ဖရန်စစ်ဘေကွန် (၁၅၆၁ - ၁၆၂၆)၏ အဆိုဖြစ်ပေသည်။

လွန်ခဲ့သည့် နှစ်ပေါင်းနှစ်ထောင်ကျော်က ပလေတို (ဘီစီ ၄၂၇-၃၄၇)သည် စိတ်ဝင်စားဖွယ်ကောင်းသော သီအိုရီ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို ကြံဆတီထွင်ခဲ့သည်။

ငင်း၏ သီအိုရီတွင် ကျောက်မျက်များသည် ပျက်စီးယိုယွင်းသွားသော အရာများမှ တဖြည်းဖြည်း ပြောင်းလဲလာခြင်းဖြစ်ပြီး ဂြိုဟ်တာရာ နက္ခတ်များအပေါ်တွင် ဩဇာသက်ရောက် လွှမ်းမိုးမှု ရှိလာသည်ဟု ဆိုပါသည်။

အဆိုပါ သီအိုရီကို ရှေးဟောင်းဗေဒင်ဆရာများနှင့် မှော်ဆရာများက စိတ်အားထက်သန်စွာ လက်ခံခဲ့ကြပြီး ၎င်းတို့၏ ပရိသတ်များအတွက် ရှေ့ဖြစ်ဟောနည်း စံနစ်များကို တီထွင်ကြံဆခဲ့ကြပေသည်။

အခြား ဘာသာရေးအုပ်စုများကလည်း ကျောက်မျက်များကို ၎င်းတို့၏ ဘာသာရေးအခမ်းအနားများတွင် အသုံးပြုခဲ့ကြပါသည်။ မရေမတွက်နိုင်သော ဆေးဆရာများကလည်း ကျောက်မျက်များကို အနာရောဂါများ ကုသရာတွင် စွမ်းအားတစ်ရပ်အနေဖြင့် အသုံးပြုခဲ့ကြပါသည်။

သို့သော် ယနေ့ခေတ် သိပ္ပံပညာရှင်များကမူ လူတို့ပြုလုပ်ဖန်တီးထားသော ကျောက်မျက်နှင့် ပုံဆောင်ခဲများ အပါအဝင် သဘာဝအတိုင်းထွက်ရှိသော ကျောက်မျက်နှင့် ပုံဆောင်ခဲများကို လေဆာရောင်ခြည်များ ထုတ်လုပ်ရာတွင် အသုံးပြု၍ ၎င်းလေဆာရောင်ခြည်ကို လပေါ်ရှိ သေးငယ်သော အရာဝတ္ထုများကို တိကျစွာတိုင်းတာနိုင်ရန်အတွက် အသုံးချခဲ့ကြပေသည်။

အားလုံးသော အရာဝတ္ထုများသည် အက်တမ်များနှင့် တည်ဆောက်ထားပြီး မည်သည့်အရာဝတ္ထု အမျိုးအစားမဆို



၎င်းတို့တွင်ရှိသော အီလက်ထရွန်အမှုန်ကလေးများသည် သူတို့၏ သတ်မှတ်ထားသော ပတ်လမ်းများအတိုင်း အက်တမ်ရှိ နယူးကလီးအီး၏ ပတ်ချာလည်တွင် လှည့်ပတ်နေခြင်းနှင့်အတူ အလိုက်သင့် စည်းဝါးကိုက် တုန်ခါနေကြပါသည်။

၎င်းအချက်ပေါ်မူတည်၍ ကျောက်မျက်များအတွင်းရှိ အလိုက်သင့် တုန်ခါနေသော လှိုင်းများသည်လည်း ကျောက်မျက်များကို ဝတ်ဆင်သူများ၏ သီးသန့်တုန်ခါလှိုင်းများနှင့်အတူ အလိုက်သင့် စည်းဝါးကိုက် တုန်ခါနေကြပေသည်။

အပြန်အလှန်အားဖြင့် လှိုင်းထိပ်နှင့် လှိုင်းခွက်တို့၏ တုန်ခါခြင်းများသည် အချင်းချင်း ချေဖျက်လိုက်ကြပေသည်။

ကျောက်မျက်များအတွင်းမှ ထွက်လာသော တုန်ခါလှိုင်းများသည် ပို၍အင်အားပြင်းထန်လာသောအခါ အခြားမျက်နှာပြင်နှင့် အရာဝတ္ထုများမှလာသော တုန်ခါလှိုင်းများကို ၎င်း၏ သီးခြားသဘာဝအတိုင်း ဩဇာလွှမ်းမိုးသွား၍ အချို့ကျောက်မျက်များသည် မေတ္တာဂရုဏာကို ဖြစ်စေပြီး အချို့ကျောက်မျက်များသည် မနာလိုဝန်တိုစိတ်နှင့် မစ္ဆရိယစိတ်များကို ဖြစ်စေသည်ဟု လူအများက ယုံကြည်ကြပါသည်။

ကမ္ဘာတစ်ဝှမ်းရှိ ဆင်းရဲချမ်းသာမရွေး လူအများသည် ကျောက်မျက်ရတနာ လက်စွပ်များကို တစ်ခါတစ်ရံ အဆောင်လက်ဝတ်ရတနာများအနေဖြင့် ဝတ်ဆင်ခဲ့ကြပေသည်။

၎င်းလက်စွပ်များအထဲမှ အချို့သည် ပုံပြင်သဖွယ် ထူးဆန်းအံ့ဩဖွယ် အစွမ်းရှိသူသာ လက်စွပ်များ ရှိနေပေသည်။

www.burmeseclassic.com



သာဓကအဖြစ် ထူးဆန်းသော လက်စွပ်အချို့ကို ကောက်နှုတ်ဖော်ပြပါမည်။

များစွာသော အောင်မြင်ကျော်ကြားသည့် ဂရိတွေးခေါ် ပညာရှင်များနှင့် ဆေးဆရာများအထဲမှ တစ်ယောက်ဖြစ်သော ကလောဒိယပ်ဂါလန် (အေဒီ ၁၃၁-၂၀၀)သည် ရာစုနှစ်ပေါင်း များစွာ ကြာမြင့်ခဲ့ပြီဖြစ်သော ဂရိဆေးပညာလောကကို ပြောင်းလဲစေခဲ့သူ ဖြစ်ပေသည်။

သူသည် ကာနယ်လီယမ်ကျောက်(အနီရောင်သမ်းပြီး ဆီလီကာများဖြင့် ဖွဲ့စည်းထားသော ချာစီဒိုနီတွင်းထွက်တစ်မျိုး) ဖြင့် ပြုလုပ်ထားသည့် ငွေလက်စွပ်ကို ဝတ်ဆင်ထားပါသည်။

၎င်းကာနယ်လီယမ်ကျောက်သည်လည်း ရိုးရိုးကျောက် တစ်ပွင့်မဟုတ်ဘဲ လူ၏လည်ပင်းတွင် ဆေးထုပ်ကလေးများကို စုစည်းထားသော လည်ဆွဲတစ်ခု ဝတ်ဆင်ထားသည့် လူ့ဦး ခေါင်းပုံသဏ္ဌာန် ထုလုပ်ထားသော ကျောက်တစ်ပွင့် ဖြစ်ပါ သည်။

အဆိုပါလက်စွပ်ကို ဝတ်ဆင်ထားသူသည် ထိုးထွင်း ဉာဏ်ရှိပြီး ကိုယ်လက်အင်္ဂါ မသန်စွမ်းခြင်းနှင့် ရောဂါဘယများ ကို မှန်ကန်စွာ စစ်ဆေးကုသပေးနိုင်ခြင်းတို့အပြင် သွေးထွက် လွန်နေသော ဒဏ်ရာများကိုလည်း ၎င်းကျောက်နှင့် ထိပွတ်ပေး ခြင်းအားဖြင့် ဒဏ်ရာများကို သွေးတိတ်စေသော အစွမ်းရှိသည် ဟုဆိုပါသည်။

အယ်လီယာဇာ၏ ဆေးဖက်ဝင် လက်စွပ်အကြောင်းကို ဖော်ပြပါဦးမည်။

အေဒီ(၄၀)ခုနှစ်တွင် တိတပ်သည် ဂျေရုဆလင် ဘုရား ရှိခိုးကျောင်းများကို ဖျက်ဆီး၍ လူအများကို ဖမ်းဆီးခေါ်ဆောင် လာပြီး ကျွန်အဖြစ်ရောင်းစားရန်အတွက် ရောမသို့ သယ်ဆောင် လာခဲ့သည်။

၎င်းတို့အထဲတွင် ထင်ရှားသော သမိုင်းနှင့် အတွေးအ ခေါ် ပညာရှင် ဂျိုးဖပ်ဖလေဆီယပ်လည်း ပါဝင်ခဲ့သည်။

ဤရှေးခေတ်ဟောင်း အတောအတွင်း ဆေးဆရာများ နှင့် မှော်ဆရာများတို့သည် ဆေးကုသရာတွင် ဂမုန်းသူယောင် ပင်တစ်မျိုး၏အမြစ်ကို အသုံးများလာကြသည်ကို ကမ္ဘာအနှံ့ အပြားမှ လူအများ သိရှိလာခဲ့ကြပေသည်။

ထိုသူတို့အထဲတွင် အယ်လီယာကာသည် မကောင်းဆိုး ဝါးများကို နှင်ထုတ်ရာတွင် ဂျိုးဖတ်ဖလေဆီယပ်အား သက်သေ တစ်ယောက်အနေဖြင့် ထားခဲ့လေသည်။

အယ်လီယာဇာသည် ဂမုန်းသူယောင်မြစ်နှင့် ပြုလုပ် ထားသော လျှို့ဝှက်ချက်များဖြင့် ပြည့်နေသည့် သူ၏လက်စွပ်ကို ဆော်လမွန်ဘုရင်ကြီး၏ ညွှန်ကြားချက်ဖြင့် ဆေးကုသရာတွင် အသုံးပြုခဲ့ပေသည်။

၎င်းလက်စွပ်ကို လူနာ၏ နှာခေါင်းပေါက်ထဲသို့ ထိုး သွင်းလိုက်သောအခါ လူနာသည် မူလအသိစိတ်များ ပျောက် ကွယ်သွားပေသည်။

အယ်လီယာဇာသည် ဆက်လက်၍ ဆော်လမွန်ဘုရင်







www.burmeseclassic.com

www.burmeseclassic.com



ကြီးအား တိုင်တည်ပြီး ဂါထာမန္တယားများကို ရွတ်ဆို၍ လူနာ
အား ပူးကပ်နေသော မကောင်းဆိုးဝါးများကို အပြီးအပိုင် ထွက်
ခွာသွားရန် အမိန့်ပေးလိုက်ပါသည်။

အယ်လီယာဇာသည် သူ၏ တန်ခိုးဩဇာကို ပြသရန်
အတွက် အသင့်စီစဉ်ထားသော ရေဇလုံထဲမှ ရေအနည်းငယ်ဖြင့်
သွန်းလောင်းလိုက်ပြီး မကောင်းဆိုးဝါးများကို လူနာ၏ ခန္ဓာ
ကိုယ်အတွင်းမှ ထွက်ခွာသွားရန် အမိန့်ပေးလိုက်ခြင်းဖြင့် လူနာ
အား လူကောင်းပကတိအတိုင်း ပြန်လည်ရောက်ရှိစေခဲ့ပါသည်။

ဆက်လက်၍ ဆလပ်၏ လက်စွပ်အကြောင်းကို ဖော်ပြ
ပါဦးမည်။

မရေမတွက်နိုင်သော နတ်ဘုရားများထဲမှ နတ်ဘုရား
အများစုသည် ရောမနတ်ဘုရားမ ဆလပ်အားရည်စူး၍ လူအ
များ၏ 'လူမှုဖူလုံရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးတို့အ
တွက် နတ်ဘုရားကျောင်းတစ်ခုကို တည်ဆောက်ခဲ့ကြပါသည်။

သူမကို ဟိုက်ဂျီးရီးယားအဖြစ်လည်း လူသိများကြပြီး
သူမသည် အက်လီပီယပ်၏ သမီးဖြစ်ကာ ကျန်းမာရေး၏ အရှင်
သခင်မလည်း ဖြစ်ပါသည်။

ဆလပ်နတ်ဘုရားမအား ယုံကြည်သက်ဝင်သူများသည်
ဆလပ်လက်စွပ်အား ဝတ်ဆင်ထားခြင်းအားဖြင့် ကျန်းမာရေး
ကောင်းမွန်စေသကဲ့သို့ နေ့စဉ်လုပ်ကိုင်ရမည့် လုပ်ငန်းကိစ္စများ
အတွက်လည်း အောင်မြင်သော ဆုံးဖြတ်ချက်များကို ချမှတ်ပေး
နိုင်သည်ဟု ယုံကြည်ကြပါသည်။





ဆလပ်လက်စွပ်၏ မျက်နှာပြင်သည် စက်ဝိုင်းပုံသ
ဏ္ဍာန်ရှိပြီး တံဆိပ်ခတ်နှိပ်၍ရသော လက်ဝတ်ရတနာအဖြစ်
ဝတ်ဆင်ရသည့် လက်စွပ်ဖြစ်ပါသည်။

လက်စွပ်၏ အပြင်ဘက်စက်ဝိုင်းတွင် အထိမ်းအမှတ်
သင်္ကေတများဖြင့် မွမ်းမံခြယ်သ၍ ထွင်းထုထားပြီး ကူရိုဘိုရို့(စ်)
ဟု ခေါ်ပါသည်။

ကူရိုဘိုရို့စ်ဆိုသည်မှာ မြော်စက်ဝန်းတစ်ခုဖြစ်ပြီး ၎င်း
စက်ဝန်းမှာ ဘာမှမရှိသော အပြင်ဖက်မှ အတွင်းထဲသို့ ဝင်
ရောက်နိုင်ပြီး ဘာမှမရှိသော အတွင်းဖက်မှ လွတ်ထွက်သော
မြွေပုံသဏ္ဍာန်ကို ထွင်းထုလေ့ရှိကြပါသည်။

ထိုလက်စွပ်၏ အလယ်ဗဟိုတည့်တည့်တွင် ပုရော
ဟိတ်ဆရာ၏ အမိန့်အရ သတ်မှတ်ထားသော စာလုံး(၅)လုံးကို
ထွင်းထုထားပါသည်။

ကြံ့ဦးချိုနှင့် ခွာတို့ဖြင့် ပြုလုပ်ထားသော လက်စွပ်များ
တွင် အစွမ်းသတ္တိများလည်း ရှိပေသည်။

အစွဲအလမ်းကြီးမားသော အရှေ့ဖျားဒေသတွင် အ
ထူးသဖြင့် အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံတို့၌ ကြံ့၏ဦးချိုကို အမှုန့်
ထောင်း၍ ကာမအားတိုးဆေးအဖြစ် သုံးစွဲကြပါသည်။

ဤယုံကြည်ချက်သည် ဥရောပတိုက်သို့ ရောက်ရှိလာပြီး
ဆရာဝန်များမှတဆင့် ရောမစစ်တပ်များသို့ ပြန်နှံ့ခဲ့ပါသည်။

၎င်းတို့အထဲမှ ရောမဆရာဝန်တစ်ယောက်သည် အဖျား
ကြောရောဂါများကို ကုသရန်နှင့် ထမင်းလုံးတစ္ဆေခြောက်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



တို့ကို နှင်ထုတ်ရန်အတွက် ကြွံသတ္တဝါ၏ ခွာများကို လက်စွပ်အဖြစ် ပြုလုပ်ဝတ်ဆင်ရန် အကြံဉာဏ် ပေးခဲ့ပါသည်။

ဆေးပညာအလိုအားဖြင့် ကြွံချို(ဂျို)သည် လေဖြတ်ခြင်း ဝက်ရူးပြန်ရောဂါနှင့် ကလေးမွေးဖွားရာတွင် နာကျင်ခြင်းတို့၏ သက်သာပျောက်ကင်းစေရန် အသုံးပြုပါသည်။

မိမိတို့၏လက်စွပ်များအတွင်းတွင် ကြွံ၏ဦးချို အစိတ်အပိုင်းကလေးများကို ထည့်သွင်းဝတ်ဆင်ခြင်းဖြင့် အဆိပ်သင့်ခြင်းမှ ကာကွယ်ပေးနိုင်သော စွမ်းအားသတ္တိများကို ရရှိစေနိုင်ပါသည်။

အစွမ်းထက်သော မြွေပုံသဏ္ဌာန် အဆောင်လက်စွပ်များအကြောင်းကို ဖော်ပြပါဦးမည်။

မြွေအမှတ်အသားများဖြင့် ပြုလုပ်ထားသော လက်စွပ်များသည်လည်း အဆောင်လက်စွပ်များ ပြုလုပ်ရာတွင် အစွမ်းထက်သည်ဟု အယူရှိကြပါသည်။

ကြေးခေတ်မတိုင်မီက မြွေများသည် နောက်ကြောင်းပြန် ခြေရာခံနိုင်သည်ဟု အစွဲအလန်း ရှိကြပါသည်။

ဂရိနှင့် ရောမတို့သည် ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခမ်းအနားများတွင် မြွေကို ရှိခိုးကိုးကွယ်သည့် အလေ့အထ ရှိခဲ့ကြပါသည်။

မြွေသည် ကြီးပြင်းလာသည်နှင့်အမျှ ၎င်းတို့၏ကိုယ်ကို အရေခွံလဲခြင်းအားဖြင့် ပြန်လည်နုပျိုလာကြလေသည်။

ဤကဲ့သို့အားဖြင့် နုပျိုခြင်းနှင့်အတူ အသက်ရှည်ခြင်း





ဉာဏ်ပညာ ကြီးမားခြင်းတို့ကိုပါ ရရှိလာပါသည်။

၎င်း၏ မျိုးပွားအင်္ဂါ ပုံသဏ္ဌာန်များသည်လည်း ဖိုမသတ္တဝါနှင့် သန္ဓေအောင်ခြင်းတို့ကို ဆက်စပ်ပေးသည်ဟု ယုံကြည်ကြပါသည်။

တကယ်တော့ မှော်ဝင်လက်စွပ်များမှာ ရှေးနှစ်ပေါင်းများစွာကတည်းက ရှိခဲ့ကြပြီး ယခုကာလတိုင်အောင် အသုံးပြုနေဆဲဖြစ်သော ဂမ္ဘီရအစီအရင်ပစ္စည်းများ ဖြစ်ကြလေသည်။

ကျွန်ုပ်က မှော်လက်စွပ်များအကြောင်းကို ပြောပြရာ အာရက်သောက်ရင်းဖြင့် နားထောင်နေသော ဒေါက်တာမင်းထင်ကျော်မှာ များစွာစိတ်ဝင်စားဟန် ရှိလေသည်။

စကားပြတ်သွားတော့မှ စီးကရက်တိုကို ပြာခွက်ထဲသို့ ချေပစ်လိုက်သည်။

"ကဲ . . ဘာကြောင့် မှော်လက်စွပ်တွေကို စိတ်ဝင်စားတာလည်းဆိုတာလည်း တဆိတ်လောက် ပြောပြပါဦး"

"လက်စွပ်ဖြစ်မလား၊ ဒါမှမဟုတ် အစီအရင် ပြုလုပ်ထားတဲ့ ကျောက်တစ်မျိုးမျိုးပဲ ဖြစ်မလားတော့ မသိသေးဘူးဗျာ၊ ဒါနဲ့ပတ်သက်ပြီး စိတ်ဝင်စားစရာတွေတော့ တွေ့နေရသည်"

"ဘယ်လိုစိတ်ဝင်စားမှုတွေလဲ"

ကျွန်ုပ်ကစာရေးဆရာပီပီ နှိုက်နှိုက်ချွတ်ချွတ် မေးလိုက်မိသည်။

ဒေါက်တာမင်းထင်ကျော်က စားပွဲပေါ်မှ လက်ဖက်



www.burmeseclassic.com

www.burmeseclassic.com



ရည်ပန်းကန်ကိုယူ၍ မော့သောက်လိုက်ရင်းမှ ပြောသည်။

"လူသတ်မှုတွေပါ"

"ဟင်. . လူသတ်မှုတွေ ဟုတ်လား"

"ဟုတ်ပါတယ်၊ အခုတလော ဆန်းဆန်းပြားပြားသေ လူသတ်မှုကလေးတွေ တွေ့နေရတယ်၊ ကျွန်တော့်အထင်ဆေ ဂမ္ဘီရဆန်ဆန် သတ်နေတယ်လို့ ယူဆမိတာနဲ့ ဆရာ့ဆီကို အ လို လာမေးတာပါ"

ဟု ပြောပြောဆိုဆိုဖြင့် နေရာမှထသဖြင့် ကျွန်ုပ်လည်း ထလိုက်သည်။

"စိတ်ဝင်စားစရာကောင်းတဲ့ အကြောင်းအရာတွေ ရင်တော့ အသိပေးပါဦး"

"စိတ်ချပါ ဆရာ့အတွက် ဝတ္ထုတစ်အုပ်စာ ရလော တဲ့အထိ လေ့လာပြီးတော့မှ လာပြောပြပါ့မယ်"

"ကောင်းပါလေ့ဗျာ"

ထို့နောက် ဒေါက်တာမင်းထင်ကျော်လည်း ကျွန်ုပ် နှုတ်ဆက်ပြီးနောက် ပြန်ထွက်သွားလေတော့သည်။







# အခန်း (၅)

# သရဲသတ်သဖြင့် သေသောအမှု

ညက ညဉ့်နက်ပိုင်းအချိန်ရောက်မှ အိပ်ယာဝင်ခဲ့ရာ နက်ထင်းတော့ အိပ်နေရာမှ မထနိုင်သေးပေ။ သို့သော်လည်း ည့်သူက ရောက်လာသည်။ အခြားသူတော့ မဟုတ်ပေ။

စုံထောက်ကျော်စွာပင် ဖြစ်သည်။

စုံထောက်ကျော်စွာသည် လမ်းမတော်ဂါတ်ထဲမှာ အ ထိုက်စုံထောက်တစ်ယောက်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အသက်(၃၀)ဝန်းကျင် အရွယ်သာရှိသေးပြီး သွ
လက်ဖျတ်လပ်သော လူရွယ်တစ်ဦး ဖြစ်သည်။

စုံထောက်ကျော်စွာ ရောက်လာသောအချိန်မှာ နံနံ
(၈)နာရီအချိန်သာ ရှိသေးသော်လည်း အိပ်ယာထဲမှာပင် ရှိ
သေးသော ဒေါက်တာမင်းထင်ကျော်မှာ ကားသံကြားသဖြ
ထလာလေသည်။

မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ပြီး အပြင်ထွက်လ
တော့ ဧည့်ခန်းမှာ ထိုင်စောင့်နေသော စုံထောက်ကျော်စွာ
မြင်သောအခါ အမူအယာကြည့်ရုံနှင့် အရေးတကြီးကိစ္စတစ်
ရှိလိမ့်မည်ဖြစ်ကြောင်း သိလိုက်သည်။

ဒေါက်တာမင်းထင်ကျော် စားပွဲရောက်တော့ ကော်
ပန်းကန်က အဆင်သင့်ရောက်နေပြီ ဖြစ်သောကြောင့် ယူ
သောက်လိုက်သည်။

"စောလှချည်လား ကိုကျော်စွာ၊ ဘယ်ကလှည့်လာ
လဲ"

"ဆရာ့ဆီကိုပဲ လာခဲ့တာပါပဲ၊ ကိစ္စတစ်ခု ပေါ်နေ
ဆရာ"

"ဘယ်လိုကိစ္စမျိုးလဲ"

"အလုံဘက်မှာ ညကလူတစ်ယောက်သေလို့လာပြီး
ကြောင်းကြားတယ်၊ အဲဒါသွားကြည့်မလို့၊ ဆရာ့ကို သတိ
ဝင်ခေါ်တာပါ"

"လူသတ်မှုဖြစ်တာလား"





"သေသေချာချာတော့ မသိရသေးဘူး၊ ဟိုရောက်တော့
အခြေအနေကြည့်ပြီး မေးမြန်းရတော့မှာပဲ၊ ဆရာပါလိုက်ခဲ့
တော့ ပိုပြီးကောင်းတယ်"

"ဘယ်လိုကြောင့်လဲ"

"သေတဲ့သူက ရိုးရိုးသေတာ ဖြစ်ပုံမရဘူး၊ တိုင်ချက်ဖွင့်
သူတွေ ပြောပုံအရတော့ သရဲသဘက်တွေ လာသတ်လို့ သေ
တာလို့ ပြောတယ်"

ထိုစကားကြားတော့ ဒေါက်တာမင်းထင်ကျော်က ကော်
အရသာခံ၍ သောက်နေရင်းမှ စဉ်းစားနေသည်။

"အခုတလော ရန်ကုန်မှာ သရဲသတ်လို့သေတာ မသာ
အတော်များနေပါလား၊ တလောကလည်း ကျုံးကြီးလမ်း
မှာ တစ်ယောက်သေခဲ့ရတယ် မဟုတ်လား"

"ဟုတ်တယ်ဆရာ၊ အဲ့ဒီတစ်ယောက်က ဘိန်းရုံတန်းမှာ
လုပ်နေတဲ့ တရုတ်ကပြားတစ်ယောက်ပဲ၊ ညဘက်အိမ်
မကောင်းဆိုးဝါးတွေ ဝင်လာတာမြင်လို့ ထွက်ပြေးရင်းနဲ့
ခင်းထဲပြုတ်ကျပြီး သေခဲ့တာပဲ"

"အခုလည်း အဲဒီအတိုင်းပဲထင်ပါရဲ့"

"ပြောပုံအရတော့ အရက်သောက်နေရင်းနဲ့ ကြောက်
တကြား ထပြေးသွားလိုက်တာ၊ အပေါ်ထပ်ကနေ လိမ့်ကျ
သေရတာလို့ပြောတယ်"

"သွားကြတာပေါ့၊ စိတ်ဝင်စားစရာ ကောင်းတာလေး
တွေ့ရရင်လည်း တွေ့ရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောဆိုပြီး နေရာမှထကာ ဘွောင်းဘီ၊ ဂျာကင်၊ ဦး
ထုပ်စသည်တို့ကို လဲလှယ်ဝတ်ဆင်ပြီးနောက် စုံထောက်ကျော်
စွာ ကားနှင့်ပင် ထွက်လာကြလေသည်။

သူတို့ အလုံဘက်ရောက်တော့ (၉)နာရီကျော်နေပေပြီ
အခင်းဖြစ်များသောနေရာမှာ ကျုံးကြီးလမ်းအလွန်လောက်မှ
ရှိသော လမ်းသွယ်တစ်ခုထဲမှာရှိသည့် အိမ်တစ်အိမ်၌ဖြစ်သည်။

သူတို့ရောက်သွားတော့ အလုံဂါတ်တဲမှ ပုလိပ်အချို့
ရောက်နှင့်နေကြသည်ကို တွေ့ရသည်။

ခေါင်းဆောင်စစ်ဆေးနေသူမှာ အလုံဂါတ်တဲမှ ဆား
လင်းရွှေမိုးဖြစ်သည်။

ရွှေမိုးကား စုံထောက်ကျော်စွာကို မြင်သောအခါ အ
ထဲမှ ပြာပြာသလဲ အမူအယာမျိုးဖြင့် ထွက်လာလေသည်။

ဆားပုလင်းရွှေမိုးမှာ အသက်(၃၀)ကျော် အရွယ်ခ
ပြီး ပါးစပ်ထဲမှာ ရွှေသွားများပေါ် အောင် လေတစ်လုံး မိုးတစ်
ဖြင့် ပြောတတ်သဖြင့်၊ 'ရွှေမိုး'ဆိုသော နာမည်နှင့် များစွာလို
ဖက်သူ ဖြစ်ပေသည်။

သူ့အမူအယာကြည့်ရုံနှင့် အမှုအတွက် အလုပ်ကို
စားပမ်းစား လုပ်ကိုင်နေကြောင်း သိသာသည်။

"ဆရာတို့တောင်ရောက်လာကြပြီ"

"ခင်ဗျား ဘယ်အချိန်က ရောက်နေတာလဲ"

"သူတို့လာပြီး အကြောင်းကြားကတည်းက လိုက်
ပြီး စစ်ဆေးကြည့်နေတာပါ"



"အခြေအနေရော ဘာတွေထူးသလဲ"

"ဘာမှမထူးပါဘူး ဆရာရယ်၊ အရက်မူးပြီးတော့ လှေ
ားပေါ်က ပြုတ်ကျပြီး သေတာပါပဲ၊ အလုပ်ရှုတ်တာပဲ အဖတ်
င်တယ်"

ဆားပုလင်းရွှေမိုးက စိတ်ပျက်လက်ပျက် အသံမျိုးဖြင့်
ပြောပြလေသည်။

"အလောင်းကရော ဘယ်နေရာမှာလဲ"

"လှေခါးရင်းနားမှာပဲ"

"ခင်ဗျားတို့ ဘာတွေလုပ်ထားပြီးပြီလဲ"

"ဘာမှမလုပ်သေးပါဘူး၊ ဆရာတို့ရောက်လာရင် စစ်
ဆေးကြည့်ဖို့ ခြေရာလက်ရာမပျက် ဒီအတိုင်းပဲထားပါတယ်"

စုံထောက်ကျော်စွာက ခေါင်းညိတ်ပြလိုက်သောအခါ
ဆားပုလင်းရွှေမိုးက ပုလိပ်နှစ်ယောက်ကိုခေါ်ပြီး အပြင်သို့ ပြန်
ထွက်သွားလေသည်။

ထိုအခါမှ နှစ်ယောက်သား အိမ်အတွင်းသို့ဝင်လာကြ
သည်။ အိမ်မှာ ပျဉ်ထောင်နှစ်ထပ်အိမ် အမျိုးအစားဖြစ်သည်။

အိမ်ထဲမှာတော့ သာမန်ပရိဘောဂများသာ ရှိသည်။
အလောင်းက လှေခါးခြေရင်းနား၌ပင် ရှိသည်။

ခွေခွေကလေး လဲကျသေဆုံးနေခြင်း ဖြစ်ဟန်ရှိပြီး အ
ပေါ်မှ စောင်ကြမ်းတစ်ထည်ဖြင့် လွှမ်းထားသည်။

ဒေါက်တာ မင်းထင်ကျော်က စောင်ကိုဖယ်ကြည့်လိုက်
သည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ထင်သည့်အတိုင်းပင် လှေကားခြေရင်းမှာ ခွေခွေ
လေး လဲကျကာ သေဆုံးနေသော အသက်(၄၀)ကျော်ဝန်းကျ
အရွယ်ခန့် လူတစ်ယောက်ကို တွေ့ရသည်။

ပုံပန်းသဏ္ဌာန်ကြည့်ရသည်မှာ တရုတ်ကပြားတ
ယောက် ဖြစ်ဟန်ရှိသည်။ နောက်စေ့နေရာတစ်ဝိုက်မှာ သွေး
များထွက်နေရာ ကြမ်းပြင်ပေါ်မှာပင် အိုင်ထွန်းနေသည်။

နောက်စေ့ဒဏ်ရာကြောင့် သေရသည်ဆိုလျှင် လှေခါး
ပေါ်မှ လိမ့်ကျစဉ်ကပင် ထိုဒဏ်ရာရခဲ့ဟန်ရှိသည်။

သို့မဟုတ် အပေါ်ထပ်မှာရှိစဉ်ကပင် တစ်စုံတစ်ယော
က နောက်စေ့ကိုရိုက်ပြီး အောက်သို့တွန်းချခဲ့တာလည်း ဖြစ်နိုင်
ပေသည်။

ဒေါက်တာမင်းထင်ကျော်က အလောင်းကို အသေအ
ချာ စစ်ဆေးကြည့်နေစဉ် လည်ပင်းတစ်နေရာတွင် အညိုအ
မည်းစွဲနေသော ဒဏ်ရာအချို့ကို တွေ့ရလေသည်။

ထို့ကြောင့် စုံထောက်ကျော်စွာကို ခေါ်ပြလေသည်။

“ကြည့်ရတာတော့ ကြိုးနဲ့ပတ်တဲ့ ဒဏ်ရာမျိုးမဟုတ်ဘူး
လက်နဲ့ညှစ်ထားတဲ့ လက်ချောင်းရာတွေနဲ့ တူတယ်၊ တစ်စုံတစ်
ယောက်က လည်ပင်းညှစ်သတ်ပြီးမှ အပေါ်ထပ်က တွန်းချလိုက်
တာလည်း ဖြစ်နိုင်တယ်”

ထို့နောက် အလောင်းကို စောင်နဲ့ပြန်ဖုံးထားခဲ့ပြီးနောက်
နှစ်ယောက်သား လှေခါးမှ အပေါ်ထပ်သို့ တက်လာကြလေ
သည်။ အပေါ်ထပ်မှာတော့ လူနေဟန်မရှိပေ။





ပရိဘောဂအချို့လောက်သာရှိပြီး အခန်းကျယ်ကြီးအ
သာ ရှိသည်။

ခေါင်းရင်းဘက်မှာတော့ ဖျာ၊ ခြင်ထောင်၊ စောင်၊ ခေါင်း
တို့ ချထားသော အိပ်ယာတစ်ခုရှိသည်။

ခြေရင်းဘက်မှာတော့ စားပွဲဝိုင်းတစ်ခုချထားပြီး စား
ပေါ်မှာတော့ အရက်ပုလင်း၊ ရေတကောင်း၊ ဖန်ခွက်နှင့် အမြည်း
သည့်သော ပန်းကန်များရှိနေသည်။

ပန်းကန်တစ်ချပ်ထဲမှာပဲ ကြမ်းကြော်သုတ်များ ရှိနေ
သေးသည်။

အရက်ပုလင်းထဲမှာ သုံးပုံနှစ်ပုံခန့် ကျန်နေသေးပြီး
ခွက်ထဲမှာလည်း သောက်လက်စအရက်အချို့ ကျန်နေသေး
သည်။

ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်စွာတို့ နှစ်
ယောက်စလုံး အပေါ်ထပ်ရောက်သည်နှင့် စေ့စေ့စပ်စပ် လိုက်
ကြည့်ရှုကြသည်။

ကြမ်းပြင်ပေါ်မှာ လျှာထိုးပျဉ်ချပ်များ ခင်းထားပြီး ဖုံများ
တက်နေသည်။

ထိုကြမ်းပြင်ပေါ်မှာ လျှောက်ထားသော ခြေရာများကို
သည်း တွေ့ရသည်။

ခြေရာများက အထပ်ထပ်ဖြစ်နေသောကြောင့် ဘယ်နှ
ယောက်က ဘယ်နှကြိမ်လျှောက်ထားသည် ဆိုတာတော့ မသိ
နိုင်တော့ပါချေ။



www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်က နှစ်ပေါက်ဖွင့်ထားသည်။

အရှေ့ဘက်တစ်ပေါက်နှင့် ခေါင်းရင်းပေါက်တစ်ပေါက် ဖြစ်သည်။

အရှေ့ဘက်မှာတော့ ဖိနပ်ချွတ်အခန်း ခေါင်းမိုးရှိသည်။ ခေါင်းရင်းဘက်မှာတော့ ဘာမှမရှိပေ။

မနီးမဝေးနေရာမှာရှိသော ပိတောက်ပင်ကြီးမှ ဖြာထွက်လာသော သစ်ကိုင်းများသာရှိသည်။ ထိုနေရာမှာ အိမ်တစ်အိမ်နှင့်တစ်အိမ် ဝေးသောကြောင့် ထိုသစ်ပင်မှလွဲပြီး အခြားဘာမှမတွေ့ရပေ။

ဒေါက်တာမင်းထင်ကျော်က ပြတင်းပေါက်နှင့်တပြေးညီဖြစ်နေသော ပိတောက်ကိုင်းကို အသေအချာကြည့်ပြီး တွေးတောနေသည်။

ထိုနောက် သေဆုံးသူ၏မိန်းမကို အပေါ်ထပ်ကိုခေါ်ပြီး သိချင်တာများ မေးမြန်းစစ်ဆေးရသည်။

"ခင်ဗျား နာမည်ဘယ်လိုခေါ်သလဲ"

"မခင်ယုံလို့ ခေါ်ပါတယ်"

"သေတဲ့လူနဲ့ ဘယ်လိုတော်စပ်သလဲ"

စီးကျလာသော မျက်ရည်တို့ကို လက်ဖြင့်သုပ်ရင်း. . .

"ကျွန်မ ယောကျာ်းပါ"

ဟု ပြန်ဖြေသည်။

"သူ့နာမည်က ဘယ်သူလဲ"

"ကိုဟန်စိန်ပါ"





"ကိုဟန်စိန် ဘာကြောင့် သေရတယ်လို့ ခင်ဗျားထင်သလဲ"

"သူ့ကို မကောင်းဆိုးဝါးတွေများ လာသတ်သွားသလား မသိပါဘူးရှင်၊ ဟိုတစ်ရက်နှစ်ရက်ကတည်းက သူအိပ်တဲ့အပေါ်ထပ်က အော်သံတွေ ကြားရပါတယ်"

"ဘယ်လိုအော်သံမျိုးလဲ"

"ကယ်ကြပါ၊ ကယ်ကြပါ အော်သံတွေ ကြားရပါတယ်"

"အပေါ်ထပ်မှာ သူတစ်ယောက်တည်း အိပ်တာလား"

"ဟုတ်ပါတယ်၊ သူအလုပ်ပြန်လာပြီးတဲ့နောက်ပိုင်း အပေါ်ထပ်မှာပဲ တက်နေတော့တယ်၊ အိပ်တော့လည်း အပေါ်ထပ်မှာ၊ အရက်သောက်လည်း အပေါ်ထပ်မှာပါပဲ၊ စားချိန်ရောက်တော့မှ သားတွေသမီးတွေက တက်ပို့ပေးကြရတယ်၊ အရက်ကတော့ နေ့ရောညပါ သောက်နေတယ်ထင်ပါရဲ့"

ဟု မျက်ရည်စက်လက်ဖြင့် ပြောပြလေသည်။

ထို့နောက် ဒေါက်တာမင်းထင်ကျော်က မေးသဖြင့် ကိုဟန်စိန်အကြောင်းကို ပြောပြလေသည်။

ကိုဟန်စိန်မှာ တရုတ်ကပြားတစ်ဦးဖြစ်ပြီး အလုပ်လုပ်ရာမှာလည်း ကြိုးစားသူဖြစ်သည်။

သူသည် ယခင်က အရက်သောက်သော်လည်း ယခုအခြေအနေမျိုးကဲ့သို့ နေ့ရောညပါ မထတမ်းသောက်သည်တော့ မဟုတ်ပေ။ သူအလုပ်လုပ်သောနေရာမှာ ကမ်းနားတန်းဘက်၌ရှိသော ပွဲရုံတစ်ရုံ၌ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုပွဲရုံမှာ တရုတ်သူဌေးတစ်ဦးနှင့် ဗမာလူမျိုးသူဌေး တစ်ဦးတို့ အစုစပ်ပိုင်သော ပွဲရုံဖြစ်သည်။

တရုတ်သူဌေးက ရန်ကုန်မှာနေသည်ဆိုသော်လည်း မြိတ်ဘက်တွင်လည်း ရေလုပ်ငန်းများရှိသဖြင့် မကြာခဏဆိုသလို သွားရောက်နေရသဖြင့် ရန်ကုန်မှာ အချိန်ပြည့်မရှိပေ။

အများအားဖြင့်တော့ ပွဲရုံလုပ်ငန်းများကို ဗမာသူဌေးကပင် ကြီးကြပ်လုပ်ကိုင်ရလေသည်။

ထိုသူဌေးမှာ အခြားမဟုတ်ပေ။ ဦးဥက္ကာပင် ဖြစ်သည်။

ပွဲရုံလုပ်ငန်းမှန်သမျှတော့ ကိုဟန်စိန်က အောက်ခြေသိမ်းလုပ်ရပြီး ဦးဥက္ကာဆိုသူက ရက်ခြားဆိုသလောက်သာ လာရောက်ပြီး ကြီးကြပ်စီစဉ်မှုများ ပေးလေသည်။

ပွဲရုံလုပ်ငန်းများမှာ နံနက်စောစော သင်္ဘောများ အဝင်အထွက်များသောအချိန်မှစပြီး ညနေဘက် သင်္ဘောများ ပြန်ထွက်သွားသည့်အချိန်ထိဖြစ်ပြီး နောက်ပိုင်းတော့ ပွဲရုံပိတ်ပြီး တစ်နေ့တာ လုပ်ငန်းများ၊ ကုန်ပစ္စည်းအဝင်အထွက်များကို စာရင်းချုပ်ပြီး ပွဲရုံပိတ်လေ့ရှိသည်။

ပွဲရုံပိတ်ပြီးလျှင်တော့ ကိုဟန်စိန်တာဝန် ပြီးသွားပြီမို့ ရေမိုးချိုး အဝတ်အစားလဲပြီး တရုတ်တန်းဘက်သို့သော်လည်း ကောင်း၊ ဘိန်းရုံတန်းများရှိရာဘက်သို့သော်လည်းကောင်း သွားရောက်ကာ အပန်းဖြေလေ့ရှိသည်။

သူသည် အသောက်အစားရှိသော်လည်း အပျော်အပါးနှင့် လောင်းကစားတော့ လုပ်လေ့မရှိပေ။





တစ်နေ့တော့ ဘိန်းရုံတန်းဘက်သွားရင်းနှင့် မမျှော်လင့်သော မြင်ကွင်းတစ်ခုကို မြင်တွေ့ခဲ့ရသည်။

ပထမတော့ ဇဝေဇဝါ ဖြစ်သွားသည်။

နောက်ရက်များမှာတော့ သေချာအောင် စောင့်ကြည့်လေရာ အံ့ဩဖွယ်ကောင်းသော အဖြစ်အပျက်တစ်ခုကိုပါ သိခဲ့ရသည်။

ထိုအဖြစ်အပျက်များဖြစ်ပြီးသောအခါမှာတော့ ကိုဟန်စိန်တစ်ယောက် အလုပ်ဖြုတ်ခြင်း ခံလိုက်ရသည်။

သူသည် ဝင်ငွေကောင်းနေသော အခြေအနေမှ ရုတ်တရက်အလုပ်ဖြုတ်ခြင်း ခံလိုက်ရသောအခါ နေ့ရောညပါ အရက်သောက်နေလေတော့သည်။

တစ်ညမှာတော့. . အပေါ်ထပ်မှ ဆူးဆူးဝါးဝါးအော်သံကြားကြရသည်။

"လုပ်ကြပါဦး. . လာကြပါဦး၊ ဒီမှာ မကောင်းဆိုးဝါးတွေဝင်လာပြီး ငါ့ကိုသတ်တော့မယ် ကယ်ကြပါဦး"

ထိုကဲ့သို့သော အော်သံကြားသဖြင့် အိမ်သူအိမ်သားများ ပြေးတက်သွားပြီး ကြည့်တော့လည်း ဘာမှထူးထူးခြားခြားတော့မတွေ့ရပေ။

"ကျွန်မတို့လည်း သူ့အရက်မူးပြီးတော့ အော်မိအော်ရာ အော်နေတယ်လို့ပဲ ထင်ခဲ့မိတော့ အေးအေးပဲနေခဲ့ကြတယ်ပါ၊ ဒီညကျတော့မှပဲ အပေါ်ထပ်က အော်သံကြားရပြီး မကြာလိုက်ပါဘူး၊ လှေခါးထိပ်ကလိမ့်ကျလာတဲ့ အသံကြီးကြားလိုက်လို့ ထ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်တော့ လှေခါးခြေရင်းမှာ သေနေတာကို တွေ့ရတော့တာပဲရှင်"

မခင်ယုံက မျက်ရည်သုတ်ရင်း၊ ရှိုက်သံနှောရင်းဖြင့် သူသိသမျှ ပြောပြလေသည်။

စုံထောက်ကျော်စွာကတော့ မခင်ယုံပြောသမျှ စကားထဲမှ ထူးခြားသောအချက်များကို လိုက်လံရေးမှတ်ထားလေသည်။

"အေးဗျာ၊ ခင်ဗျားယောကျာ်းရဲ့ အကြောင်းတွေ ကြားရတာ စိတ်မကောင်းပါဘူး ဘာကြောင့်သေရတယ်ဆိုတာ သိရအောင် ကျွန်တော်တို့ကြိုးစားပေးပါ့မယ်၊ တစ်ခုတော့ မေးစရာရှိပါတယ်၊ ဘိန်းရုံတန်းမှာ သူဘယ်လိုဆန်းကြယ်မှုတွေ တွေ့ခဲ့တယ်ဆိုတာ ခင်ဗျားကို ပြောပြသလား"

"အဲဒါတော့ မပြောဘူးရှင့်"

"ထားပါတော့ အဲဒီနောက်ပိုင်း ဘယ်လိုထူးခြားမှုတွေ တွေ့ရသေးသလဲ"

"ခါတိုင်းနဲ့တော့ မတူဘူး၊ တစ်ခါတစ်ခါ ငွေများများရလာတာမျိုးတော့ တွေ့ရတယ်"

"သူငွေများများရတယ်ဆိုတာ သွေးရိုး၊သားရိုးမဟုတ်လို့များ ပွဲရုံက အလုပ်နားလိုက်တာလား"

"ဒီလိုတော့ ဟုတ်မယ်မထင်ဘူး၊ ကျွန်မနဲ့အိမ်ထောင်ကျပြီးတာ အတော်ကြာပြီ၊ အဲဒီလို ခိုးဝှက်တဲ့အလုပ်မျိုးတော့ လုပ်လေ့မရှိဘူး"





"အခုလိုပြောပြတာ ကျေးဇူးတင်ပါတယ်၊ ဒါထက် အရင်က သူတစ်ယောက်တည်း အိမ်ပေါ်တက်အိပ်တာမျိုး ရှိခဲ့ဖူးပါသလား"

"အရက်မူးလာတဲ့အခါတော့ တက်အိပ်ပါတယ်"

"အရင်ကရော အခုလို အော်ဟစ်အကူအညီတောင်းသံမျိုး ကြားဖူးခဲ့သလား"

"တစ်ခါမှတော့ မကြားမိခဲ့ဘူး၊ အခုရက်ပိုင်း ရောက်မှသာ"

"ဟုတ်ပါပြီ၊ ဒီလိုဆိုရင်တော့ နားလိုက်ပါဦး၊ ကျွန်တော်တို့လည်း လုပ်စရာရှိတာလေးတွေ ဆက်လုပ်လိုက်ပါဦးမယ်"

ဟုပြောဆိုကာ အပေါ်ထပ်တွင် စစ်ဆေးစရာရှိသောနေရာများကို တစ်ခုမကျန်စစ်ဆေးပြီးမှ အောက်ထပ်သို့ပြန်ဆင်းလာကြသည်။

ထို့နောက်မှာတော့ အလောင်းကို ဆေးရုံကြီးပို့ရန် စီစဉ်စေခိုင်းခဲ့ပြီး နှစ်ယောက်သားပြန်ထွက်လာကြလေသည်။

"ဘာထွေ ထူးခြားမှုတွေ့ခဲ့သလဲ ကိုကျော်စွာ"

"ကိုဟန်စိန် သေပုံနှင့် တလောက ကျုံးကြီးလမ်းဘက်က တရုတ်ကပြားတစ်ယောက် သေပုံနဲ့ အတော်ကလေး ဆင်တူနေသလိုပဲ"

"ဆင်ရုံတင် ဘယ်ကမလဲ၊ တထပ်တည်းကျတယ်လို့တောင် ယူဆလို့ရပါတယ်၊ နောက်တစ်ချက်. . သေတဲ့လူနှစ်ယောက်စလုံးက ဘိန်းရုံတန်းဘက်နဲ့ အဆက်အစပ်ရှိတဲ့ တရုတ်



www.burmeseclassic.com

www.burmeseclassic.com



ကပြောတွေချည်းပဲ၊ မထူးဆန်းဘူးလား"

"အင်း. . ထူးဆန်းတယ်၊ ဒါဖြင့်. ."

"သာမန်သေတာ ဘယ်ဖြစ်နိုင်တော့မလဲ၊ သာမန်သေတာ မဟုတ်ရင်တော့ တစ်စုံတစ်ယောက်ရဲ့ ပယောဂပဲ ဖြစ်မှာပေါ့"

"ဆရာပြောချင်တာက လူသတ်သမားတစ်ယောက်ရဲ့ လက်ရာတစ်ခုတည်းလို့ ဆိုချင်တာလား"

"ဒီလိုပြောဖို့တော့ နည်းနည်းစောပါသေးတယ်၊ ဘိန်းရုံ တန်းဘက်သွားပြီး လေ့လာကြည့်ရင်တော့ ကွင်းဆက်တွေရချင် ရနိုင်မယ်၊ ဒါပေမယ့် ဒီအတိုင်းသွားလို့တော့ မဖြစ်ဘူး"

"သဘောပေါက်ပါပြီ၊ ဘယ်လိုပုံသဏ္ဍာန်မျိုးနဲ့ပဲ သွားရ သွားရ ဖြစ်ပါတယ်၊ အခု ကျွန်တော်တို့ ဘယ်သွားကြမလဲ"

"ဟံသာဝတီအဝိုင်းဘက်မှာနေတဲ့၊ ဦးဥက္ကာနေတဲ့ အိမ် ကိုသွားကြမယ်"

ဟု ပြောပြီး ဟံသာဝတီဘက်သို့ ဦးတည်ပြီး မောင်းခဲ့ ကြလေသည်။







# အခန်း (၆)

# ဦးဥက္ကာနှင့် သဲလွန်စကွင်းဆက်များ

ဦးဥက္ကာနေထိုင်သောနေရာမှာ ဟံသာဝတီအဝိုင်းနား ရှိသော လမ်းသွယ်တစ်ခုထဲရှိသည့် ခြံကျယ်ကြီးအတွင်း၌ ဖြစ် သည်။ သစ်ပင်ကြီးများ အုံ့ဆိုင်းနေသော ခြံအတွင်းမှာ ရှေး ခေတ်ရာဖြင့် ဆောက်ထားသော နှစ်ထပ်တိုက်တစ်လုံးရှိရာ ထို တိုက်မှာပင် နေထိုင်လေသည်။

ဒေါက်တာမင်းထင်ကျော်တို့ ခြံရှေ့သို့ရောက်သွားသော



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ မွန်းလွဲပိုင်းအချိန်ပင် ကျော်နေပေပြီ။

ခြံပေါက်ဝရောက်ပြီး ခြံစောင့်ကို အကျိုးအကြောင်း ပြောပြလိုက်ရာ အတန်ကြာသောအခါမှ ခြံတံခါးလာဖွင့်ပေးသ ဖြင့် အတွင်းသို့ ဝင်ကြရလေသည်။

တိုက်ပေါက်ဝရောက်ပြီး ကားရပ်ပြီး ဆင်းလိုက်တော့ တိုက်ထဲမှ လူရွယ်တစ်ယောက် ထွက်လာသည်။

မောင်မောင်ကြီးပင်ဖြစ်သည်။ မောင်မောင်ကြီးက ဒေါက်တာမင်းထင်ကျော်တို့ကို မနှစ်သက်သောအကြည့်မျိုးဖြ စူးစူးစိုက်စိုက်ကြည့်ရင်းနှင့် မေးလိုက်သည်။

" ဘာကိစ္စရှိလို့လဲ "

" ဦးဥက္ကာနဲ့ တွေ့ဖို့လာတာပါ "

" ဖေဖေက သိပ်ပြီးနေမကောင်းဘူးဗျ၊ ခင်ဗျားတို့ ဘယ်သူတွေလဲ ပုလိပ်တွေလား "

ဒေါက်တာမင်းထင်ကျော်က ဘာမှပြန်မပြောဘဲ ခေါ င်း တစ်ချက် ညိတ်ပြလိုက်သည်။

မောင်မောင်ကြီးက မတတ်သာသည့်အဆုံး သူတို့နှ ယောက်ကို အိမ်ထဲသို့ခေါ်သွားကာ ဧည့်ခန်းမှာ နေရာချပေး ပြီး အိမ်ထဲသို့ဝင်သွားလေသည်။ ဧည့်ခန်းမှာတော့ ရှေးခေတ်အ သုံးအဆောင် တော်တော်များများတို့ကို တွေ့ရသည်။

ထို့ပြင် နံရံမှာ ပန်းချီကားချပ်ကြီးများလည်း ချိတ်ဆွဲ ထားလေသည်။ ပန်းချီကားချပ်ကြီးများကတော့ ပုဂံမြို့နှင့် ထ ရှားသော ဘုရားပုထိုးရှုခင်းများ၊ အနော်ရထာ၊ ကျန်စစ်သာ





သော ရှေးဘုရင်များ၏ ပုံများပင်ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က ထိုင်နေရင်းမှ ဧည့်ခန်းမှာ ချိတ်ဆွဲထားသော ပန်းချီကားများကို လှမ်းကြည့်နေစဉ် နောက် ဘက်အခန်းမှ အသက်(၅၀)ကျော် အရွယ်ခန့်ရှိသော လူကြီး တစ်ယောက် ထွက်လာပြီး ရှေ့မှာပင် ဝင်ထိုင်လေသည်။

နေထိုင်မကောင်းဖြစ်နေဟန်ဖြင့် အနွေးထည်ဝတ်ထား ပြီး ဦးခေါင်းမှာလည်း ပဝါတစ်ထည် ပတ်ထားလေသည်။

လည်ပင်းမှာ မဟာဖလာတစ်ထည် ပတ်ထားပြန်ရာ မျက်နှာက ပေါ်သည်ဆိုရုံသာ ရှိတော့သည်။ သူက ဒေါက်တာ မင်းထင်ကျော်တို့ကို တစ်ချက်ကြည့်ရင်း မေးသည်။

"ဧည့်သည်တွေထင်ပါရဲ့"

"ဟုတ်ပါတယ်၊ ဦးဥက္ကာနဲ့ တွေ့ဖို့လာတာပါ"

"ဦးဥက္ကာဆိုတာ ကျုပ်ပါပဲ၊ နေထိုင်မကောင်းဖြစ်နေ လို့ ဧည့်ဝတ်မကျေဖြစ်ရတာ ခွင့်လွှတ်ပေးပါ၊ ဒါထက် ဘယ်လို ကိစ္စများရှိလို့ပါလဲ"

"မေးစရာ နည်းနည်းရှိလို့ပါ"

"ဒါထက် မောင်ရင်တို့က ပုလိပ်အဖွဲ့ကများလား"

"မှန်ပါတယ်၊ ဒါထက် ကမ်းနားလမ်းမှာရှိတဲ့၊ အောင် မင်္ဂလာပွဲရုံက ဦးတို့ပိုင်တဲ့ ပွဲရုံဟုတ်ပါသလား "

" ဟုတ်ပါတယ်၊ မြိတ်ဘက်က တရုတ်သူဌေး ဦးရှင်စိန် နဲ့ စပ်တူထောင်ထားတာပါ "

"အဲဒီပွဲရုံမှာ စာရေးလုပ်ခဲ့တဲ့ ကိုဟန်စိန်ဆိုတဲ့ လူများ

www.burmeseclassic.com

www.burmeseclassic.com



သိပါသလား"

"သိတာပေါ့ မောင်ရာ၊ ပထမတော့ ရိုးရိုးသားသား အလုပ်လုပ်ခဲ့လို့ ခိုင်းခဲ့တာပါပဲ၊ နောက်တော့ ပွဲရုံက ငွေတွေကို အလွဲသုံးစားလုပ်တာနဲ့ အလုပ်ဖြုတ်ခဲ့တာပါ"

"ဘယ်လောက်ကြာပြီလဲ"

"အင်း . . တစ်လလောက်ပဲ ရှိဦးမယ်ထင်ပါရဲ့၊ ဒါထက် ဟန်စိန် ဘာဖြစ်လို့လဲ"

"ညက အပေါ်ထပ်က အောက်ကိုပြုတ်ကျပြီး သေသွားခဲ့ပါပြီ"

ဦးဥက္ကာဂူ စားပွဲပေါ်မှာရှိသော ဆေးပြင်းလိပ်ဗူးထဲမှ ဆေးပြင်းလိပ်တစ်လိပ် ထုတ်ယူပြီး မီးညှိကာ တစ်ဖွာနှစ်ဖွာ ဖွာလိုက်ရင်း မီးခိုးသီးသွားဟန်ဖြင့် ချောင်းတဟွတ်ဟွတ် ဆိုးနေလေသည်။

မီးခိုးငွေ့များကလည်း သူ့မျက်နှာရှေ့မှာ ဝေ့ဝဲနေသည်။

"အဟွတ်ဟွတ် . . အဟွတ် . . ကြားရတာတော့ စိတ်မကောင်းစရာပါပဲ အဟွတ်၊ ဒါပေမယ့် ကျေးဇူးရှင်ကို ပစ်မှားတဲ့သူ လောဘကြီးတဲ့သူတွေဟာ တစ်နေ့မှာ ဒီလိုပဲ အသေဆိုးနဲ့ သေကြရမှာပဲလေ"

"သူ့အသေဆိုးနဲ့ သေမယ်ဆိုတာ ဘယ်လိုမျိုးကြိုသိနေတာလဲ"

"သူက အရက်သမား၊ ဘိန်းသမားပဲ၊ အရက်မူးလွန်း





အပေါ်ထပ်က ကျသေတာပဲ ဖြစ်မှာပေါ့"

ထိုသို့ ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်လည်း ထိုအကြောင်းကို ဆက်မမေးတော့ပေ။

"ဒါထက် ပွဲရုံလုပ်ငန်းအပြင် အခြားစီးပွားရေးလုပ်ငန်းတွေများ ရှိပါသေးသလား"

"မြို့လယ်မှာတော့ အစုရှယ်ယာဝင်ထားတဲ့ အလုပ်ကလေးတွေ ရှိပါသေးတယ်၊ ဒါပေမယ့် မပြောပလောက်ပါဘူး၊ ကျုပ်တို့မိသားစုက ရှိတာနဲ့စားမယ်ဆိုရင်လည်း စားလောက်တဲ့ အခြေအနေမျိုးမှာ ရှိပါတယ်၊ ဒါပေမယ့် အလုပ်ရှိနေတော့ စိတ်ပျော်ရွှင်မှုရလို့ လုပ်နေတာပါ"

ဟုပြောပြပြီး ဆေးပြင်းလိပ်ကို ဆက်ဖွာနေပြန်သည်။

မီးခိုးငွေ့များက မျက်နှာရှေ့မှာရော ပတ်ဝန်းကျင်မှာပါ ဝေ့ဝဲပျံ့လွင့်နေသည်။

"ဒါထက် . . ဒီနေရာမရောက်ခင် အရင်ဘယ်နေရာမှာ နေခဲ့ဖူးပါသလဲ"

"ပုဂံမှာပါ"

"ပုဂံဘယ်အရပ်မှာပါလဲ"

"မြင်းကပါဘက်ကပါ"

"ဟိုမှာနေတုန်းက ဘယ်လိုအလုပ်မျိုးတွေ လုပ်ခဲ့ဖူးပါသလဲ"

"ထန်းတောတွေ၊ လယ်ယာမြေ အတော်များများရှိပါတယ်၊ အဲဒီက လယ်ငှားခတွေ သီးစားခတွေ ရပါတယ်၊ ကျော

www.burmeseclassic.com



ကြာလုပ်ငန်းလည်း လုပ်ခဲ့ဖူးပါတယ် ”

“ဒီလိုပြောပြပေးတာ ကျေးဇူးတင်ပါတယ်၊ ဒါထက် ‘မောင်စိန်’ဆိုတဲ့ လူတစ်ယောက်များ သိခဲ့ဖူးပါသလား”

မောင်စိန်ဆိုသူမှာ အခြားမဟုတ်ပေ။

ကိုဟန်စိန် မသေခင် (၁၅)ရက်ခန့်က ‘သရဲများလာ သတ်နေပြီ’ ဟု အော်ဟစ်ထွက်ပြေးရင်း ရေမြောင်းထဲ ပြုတ်ကျ ပြီး သေခဲ့ရသောသူ ဖြစ်သည်။

“ကျူပ်ပွဲရုံမှာတော့ အလုပ်လုပ်နေတဲ့ အလုပ်သမား တွေ အတော်များများရှိပါတယ်၊ ‘မောင်စိန်’ဆိုတဲ့ နာမည်မျိုး တော့ မပါဘူးထင်တယ်”

ဟု ပြန်ပြောလေသည်။

ထို့နောက်မှာတော့ အခြားသိချင်တာများ မေးမြန်းပြီး ထိုတိုက်မှ ပြန်ထွက်လာခဲ့ကြသည်။

“ဘယ်လိုအကဲခတ်မိသလဲ ကိုကျော်စွာ”

“ကိုဟန်စိန် သေတာကို သူသိနေပြီးသား ဖြစ်ပုံရတယ် ကျွန်တော်တို့ကို တမင်ဖုံးကွယ် ပြောလိုက်တာပဲ ဖြစ်ရမယ်”

ဒေါက်တာမင်းထင်ကျော်က ခေါင်းတစ်ချက်ညိတ်ပြ လိုက်ရင်းနှင့် . . .

“အခုထိ ဘာမှမစားရသေးဘူးဆိုတော့ မြေနီကုန်း ဘက်မှာ တစ်ခုခုဝင်စားရင် မကောင်းဘူးလား”

ဟုမေးလိုက်သဖြင့် စုံထောက်ကျော်စွာက ကားကို မြေနီကုန်းဘက်မှာ ဖွင့်ထားသော ချစ်တီးထမင်းဆိုင်ရှိရာသို့





ဘက်လျှောက်မောင်းသွားလေတော့သည်။

ဆိုင်ရောက်တော့ ငှက်ပျောဖက်ခင်းပြီး စားရသော စားအသောက်များကိုမှာကာ မြိန်ယှက်စွာ စားသောက်ကြ သည်။

ထမင်းစားပြီး သံပုရာရေတစ်ခွက်စီ မှာသောက်ရင်းနှင့် ဒေါက်တာမင်းထင်ကျော်က ပြောလိုက်သည်။

“ဒီအမှုက ကွင်းဆက်တွေရှိလိမ့်ဦးမယ်၊ မောင်စိန်သေ အမှုတွဲက ဘယ်သူကိုင်သလဲ”

“အလုံဂါတ်က ဆားပုလင်းရွှေမိုး လက်ထဲမှာ ရှိနိုင် တယ်”

“ပြီးရင်တော့ သူနဲ့တွေ့ပြီး၊ မေးစရာလေးတွေ ထပ်မေး ရဦးမှကြသေးတာပေါ့”

ဟု ပြောဆိုပြီးနောက် စားသောက်ပြီးသောအခါ ဆိုင် မှထွက်ကာ ကားဖြင့်အလုံဘက်သို့ သွားကြလေသည်။

အလုံဂါတ်တဲမှာ ထိုအချိန်က သစ်တောလမ်းနှင့် မနီး မဝေးသို့ပင် ရှိလေသည်။

သူတို့ရောက်သွားတော့ ညနေပိုင်းအချိန် ရှိနေပြီဖြစ် သောကြောင့် ဂါတ်ထဲတွင် လူအဝင်အထွက် ရှင်းနေလေပြီ။

ဂါတ်ထဲရောက်တော့ ဆားပုလင်းရွှေမိုးနှင့် အဆင်သင့် ပင် တွေ့ရပြန်သည်။

“ဆရာတို့ပါလား၊ ဘာကိစ္စရှိလို့ လာကြတာလဲ၊ ကျွန် တော်ဘာအကူအညီပေးရမလဲ”

www.burmeseclassic.com



ဆားပုလင်းရွှေမိုးက အထက်အရာရှိများနှင့် ဆက်
ရာတွင် များစွာအလိုက်သိပြီး ပြေပြစ်မှုလည်းရှိပေသည်။

သို့ကြောင့် အမှုအခင်းနှင့်ပတ်သက်ပြီး ထူးထူးခြား
ဆောင်ရွက်နိုင်ခြင်းမျိုး မရှိသော်ငြားလည်း နေရာမြဲနေခြင်း
သည်။

အလုပ်တော်ဖို့ သိပ်မလိုဘဲ အလိုက်သင့်နှင့် လူကြိုး
သောကျနေတတ်၊ ပြောတတ်လျှင် နေရာမြဲပြီး ရာထူးတက်တ
ခြင်းကတော့ ရှေးနှစ်ပေါင်းများစွာကတည်းက အစဉ်အဆ
ရှိနေခဲ့ခြင်းဖြစ်ပေသည်။

"ခင်ဗျားဆီက သိချင်စရာလေးတွေရှိလို့ လာခဲ့တာ

"ဘယ်ကိစ္စလည်း ဆရာ"

"ဘိန်းရုံတန်းဘက်မှာ အလုပ်လုပ်နေတဲ့ မောင်စိန်
လူတစ်ယောက် ရေမြောင်းထဲပြုတ်ကျသေတဲ့အမှုကို ခင်
ကိုင်တာ မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဖြင့် အဲဒီအမှုတွဲကို ကြည့်ပါရစေ"

ထိုစကားကြောင့် ဆားပုလင်းရွှေမိုးမှာ မျက်နှာ
ချက် ပျက်သွားလေသည်။

စုံထောက်ကျော်စွာက သူ့ထက်ရာထူးအဆင့်အ
မြင့်သူဖြစ်သဖြင့် အကယ်၍ သူလုပ်ထားတာတွေ အမှာ
အယွင်းယွင်း ဖြစ်နေပါက တွေ့သွားမည်စိုးသောကြောင့်
သည်။ သို့သော်လည်း မတတ်နိုင်တော့ဘဲ သူ့ရုံးခန်းသို့



သွားပြီး အမှုတွဲဖိုင်ကို ချပေးရလေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်စွာတို့က
အမှုအခင်းဖြစ်စဉ်များ၊ စစ်ချက်ယူထားသော အချက်အလက်
များနှင့် သက်သေခံပစ္စည်းများ၊ ထွက်ဆိုချက်များ၊ မျက်မြင်သက်
သေများနှင့် မှုခင်းဆရာဝန်၏မှတ်ချက် စသည်တို့ကို လေ့လာ
ကြည့်ကြလေသည်။

မောင်စိန်မှာ အသက်(၃၀)ကျော်အရွယ်ခန့်သာ ရှိသေး
ပြီး တရုတ်ကပြားတစ်ဦးဖြစ်သည်။

အိမ်ထောင်နှင့်မိသားစုများမရှိဘဲ ကျုံးကြီးလမ်းဘက်
မှာ တစ်ယောက်တည်းနေထိုင်သူဖြစ်ပြီး ဘိန်းနှင့်အရက်ကို စွဲစွဲ
မြဲမြဲသုံးစွဲသူဖြစ်ကြောင်း၊ ယခင်က မော်တင်၊ ကီလီကမ်းနားလမ်း
ဘက်ရှိ ပွဲရုံများမှာ ပျံကျအလုပ်သမားအဖြစ် လုပ်ကိုင်ခဲ့ပြီး. .
နောက်ပိုင်းတွင် ဘိန်းရုံတန်းမှ ဘိန်းခန်းပိုင်ရှင်တစ်ဦးက ခေါ်
သဖြင့် ထိုနေရာသို့ ရွှေပြောင်းလုပ်ကိုင်ခဲ့ကြောင်း၊ အခင်းဖြစ်
သည့် ညမတိုင်ခင်ကတည်း သူနေသောအခန်းဘက်မှ ညအ
ချိန်ရောက်လာလျှင်. . .

"သရဲကြီးတွေ လာနေပြီ၊ သရဲကြီးတွေ လာသတ်နေ
ပြီ ကယ်ကြပါဦး"

ဟူသော အော်ဟစ်သံများကို ပတ်ဝန်းကျင်မှာ နေထိုင်
သူများက ကြားခဲ့ရသော်လည်း ယခင်ရက်များကလည်း အရက်
မူးလာလျှင် အော်ဟစ်ဆူညံခြင်းများ ကြားရသဖြင့် ဂရုမစိုက်ဘဲ
နေခဲ့ကြကြောင်း၊

www.burmeseclassic.com

www.burmeseclassic.com



ထိုညကတော့ အိမ်ခန်းထဲမှပင် မဟုတ်တော့ဘဲ လမ်းမပေါ် ပြေးထွက်လာပြီး အော်ဟစ်ကာ လျှောက်ပြေးနေသည်ကို တွေ့ခဲ့ရကြောင်း။

"သရဲကြီးတွေ လာနေပြီ၊ သရဲကြီးတွေ လာသတ်နေပြီ ကယ်ကြပါဦး"

ဟု အော်ဟစ်ကာ ရေမြောင်းကြီးဘက်သို့ ပြေးသွားသည်ကို မြင်လိုက်ရကြောင်း ပတ်ဝန်းကျင်မှလူများ၏ ပြောကြားချက်များကို တွေ့ကြရသည်။

"နောက်တော့ ဘယ်လိုထူးခြားမှုတွေ ထပ်တွေ့ရသေးသလဲ ခင်ဗျားတွေ့တာလည်း ပြောပြပါဦး"

"အမှုက သိပ်တော့မထူးလှပါဘူး၊ မောင်စိန်က အရက်ရော ဘိန်းပါ သုံးစွဲတဲ့သူဆိုတော့ ဆေးကြောင်နေတာပဲ ဖြစ်မှာပေါ့၊ ဒါကြောင့် အော်မိအော်ရာ အော်နေတာပဲ၊ ကျွန်တော်တို့ ရောက်သွားတော့ ရေမြောင်းထဲပြုတ်ကျပြီး သေနေပြီ"

"ရေမြောင်းက အတော်လေးနက်တယ်၊ အလောင်းကို အပေါ် ဘယ်သူတင်တာလဲ"

ဒေါက်တာမင်းထင်ကျော်က ဝင်မေးလိုက်သည်။

"သူ ရေမြောင်းထဲပြုတ်ကျသွားပြီး အောက်ကို အရင်ဆုံး ရောက်နေသူက သူတောင်းစားတစ်ယောက်ပဲ"

"အဲဒီ သူတောင်းစားကို ခင်ဗျားသိသလား"

"မသိပဲ ရှိပါမလား ဆရာရယ်၊ သူ့နာမည်က မာဒင်တဲ့ သူက သူတောင်းစားလောကမှာတော့ တကယ့်ဆရာကြီးပဲ"





"ဆက်ပြောပါဦး"

"သူတောင်းစား မာဒင်က အရင်ရောက်နေပြီး သူက အော်ဟစ် အကူအညီတောင်းလို့ ပတ်ဝန်းကျင်ကလူတွေ သိကြတာလို့ ပြောတယ်၊ နောက်တော့ ကျွန်တော်တို့ ရောက်သွားပြီး စစ်ဆေးမှတ်တမ်းတွေ ယူပြီးမှ အလောင်းကို တင်လိုက်ကြတာ"

"စစ်ဆေးကြည့်တော့ ဘယ်လိုဒဏ်ရာမျိုးတွေ တွေ့ရသလဲ"

"ကိုယ်နဲ့ဦးခေါင်းမှာတော့ ဆောင့်မိထားတဲ့ဒဏ်ရာတွေရှိတယ်၊ သိပ်တော့မများလှဘူး၊ ဆရာဝန်ကတော့ ရေမွန်းပြီးသေတာလို့ ဆေးစာရေးပေးတယ်၊ ကျွန်တော့်အထင်ပြောရရင်တော့ ရေမြောင်းထဲကျသွားလို့ ရေမွန်းပြီးသေတာပဲ ဖြစ်မှာပါပဲ"


ဟု ဆားပုလင်းရွှေမိုးက သူ့ထင်မြင်ချက်ကို ပြောပြလေသည်။ ထို့နောက်မှာတော့ ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်စွာတို့နှစ်ယောက်မှာ အခြားသိချင်သောအကြောင်းများကို မေးမြန်းပြောဆိုပြီးနောက် ဆားပုလင်းရွှေမိုးကို နှုတ်ဆက်ကာ အလုံဂါတ်တဲစခန်းမှ ပြန်ထွက်ခဲ့ကြလေသည်။

ဒေါက်တာမင်းထင်ကျော်ထံမှာတော့ အတွေးစပေါင်းများစွာတို့ ပါလာကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com







အခန်း (၇)

# မာဒဂ်နှင့် သူတောင်းစားပညာ

တစ်နေ့သ၌ ဒါလဟိုဇီလမ်း(ယခု မဟာဗန္ဓုလလမ်း)နှင့် သတ္တာလမ်း(ယခုလသာလမ်း)ထောင့် လူသွားလူလာများသော လက်ဖောင်းပေါ်တွင် သူတောင်းစားတစ်ယောက် လမ်းဘေးတွင်ထိုင်ကာ တောင်းရမ်းနေလေသည်။

သူ့ရှေ့မှာ ဟောင်းနွမ်းနေသော ဒန်ခွက်ဟောင်းတစ်လုံးချထားပြီး နံဘေးမှာတော့ ဝါးဝေါင်ဝှေ့တစ်ချောင်း ချထား



www.burmeseclassic.com

www.burmeseclassic.com



သည်။

ထို့ပြင် အဝတ်အစားဟောင်းများ ထည့်ထားဟန်ရှိ သော လွယ်အိတ်ဟောင်းကြီးတစ်လုံးလည်း သူနံဘေးမှာ ရှိနေ သည်။

ထုံးစံအတိုင်း သက္ကလပ်ဦးထုပ်ပြားကြီးတစ်လုံးကို ဆောင်းထားသဖြင့် ၎င်းမျက်နှာမှာ တစ်ဝက်ခန့် ဖုံးကွယ်နေ သည်။

အတွင်းမှ စွပ်ကျယ်ဟောင်းတစ်ထည် ဝတ်ထားပြီး အပေါ်မှ ဘောင်းဘီဟောင်းနှင့် ကုတ်အင်္ကျီဟောင်းတို့ကို ဝတ် ဆင်ထားသည်။ ၎င်းဝတ်ဆင်ထားသည့် အဝတ်အစားတို့မှာ နှ ပရိစ္ဆေဒ ကြာမြင့်လှစွာဖြင့် ဟောင်းနွမ်းနေသဖြင့် အရောင်အ ဆင်းပင် မပေါ်တော့ပေ။

သူ၏တစ်ကိုယ်လုံးမှာလည်း ချေးညှော်များကပ်နေပြီး မှဲ့ခြောက်များ၊ အမာရွတ်များနှင့် လက်တစ်ဖက်မှာ ပတ်တီးစည်း ထားသေးသည်။

ခြေထောက်နှစ်ဖက်ကတော့ ဖိနပ်ဟောင်းကြီး ဝတ် ထားသောကြောင့် ပျောက်နေလေသည်။

သူတောင်းစားက သူ၏ကိုယ်ကို လမ်းပေါ်သို့ ဝပ်ချ ထားရင်းနှင့် သနားစဖွယ်ကောင်းသော အသံမျိုးဖြင့် လမ်းသွား လမ်းလာများကို တောင်းရမ်းနေလေသည်။

"သနားကြပါခင်ဗျာ၊ သနားကြပါ။ အစ်ကိုကြီးတို့ အစ်မ ကြီးတို့ ပေးမှကမ်းမှ စားသောက်ရမယ့် ဘဝမျိုးပါ။ ဘဝကံ အ





ကြီးပေး ဆင်းရဲနုံချာလို့ တောင်းရမ်းစားသောက်နေရတဲ့ ဘဝပါ။ ငါးပြား၊ ဆယ်ပြား စွန့်ကြပေးသနားတော်မူပါ"

ဟု သနားစရာကောင်းသောအသံမျိုးဖြင့် တောင်းရမ်း နေရာ လမ်းသွားလမ်းလာများက သွားရင်းလာရင်းမှ ငါးပြား ဆယ်ပြား၊ တစ်မူး၊ တစ်ပဲ စသည်ဖြင့် အကြွေစေ့များကို ရှေ့မှာ ချထားသော ဒန်ခွက်အဟောင်းကြီးထဲသို့ ပစ်ချပေးသွားကြ သည်။

အချို့ကလည်းရပ်ပြီး သေသေချာချာထည့်သည်။

အချို့ကျတော့လည်း သွားရင်းလာရင်းနှင့် ပစ်ထည့် သွားကြလေသည်။

မည်သို့ပင်ရှိစေ။ အချိန်အတော်ကြာသောအခါ သူ့ခွက် ထဲမှာ အကြွေစေ့အတော်များများ ရောက်လာရာ အချို့တစ်ဝက် ကိုယူ၍ လွယ်အိတ်ကြီးထဲသို့ ထည့်လိုက်သည်။

ပြီးမှ ဆက်တောင်းပြန်သည်။

ခဏကြာတော့ ထိုနေရာသို့ ဒေါက်တာမင်းထင်ကျော် ရောက်လာသည်။

ထိုရှေ့ရောက်တော့ ပတ်ဝန်းကျင်ကို အကဲခတ်သလို တစ်ချက်ကြည့်လိုက်ပြီး အိတ်ထဲမှ တစ်ကျပ်တန်ငွေစက္ကူတစ် ရွက်ကိုထုတ်ပြီး ဒန်ခွက်ထဲသို့ ထည့်ပေးလိုက်သည်။

ပြီးမှ ထွက်သွားလေသည်။

သူထွက်သွားပြီးတော့မှ သူတောင်းစားက ဝမ်းသာအား ရအမူအယာဖြင့် တစ်ကျပ်တန်ကို ကောက်ယူ၍ ဖြန့်ကြည့်လေ



www.burmeseclassic.com

www.burmeseclassic.com

သည်။

ပြီးမှ အိတ်ထဲထည့်ထားလိုက်သည်။

ခဏကြာတော့ ထိုနေရာသို့ နောက်ထပ် သူတောင်းစား တစ်ယောက်ရောက် လာလေသည်။

ထိုနေရာတွင် အမြဲတစေ တောင်းရမ်းစားသောက်နေ သော သူတောင်းစားကြီး မာဒင်ပင် ဖြစ်ပေသည်။

မာဒင်က သူတောင်းနေကျနေရာမှာ နောက်ထပ်သူ တောင်းစားတစ်ယောက် တောင်းရမ်းနေသည်ကို မြင်သောအခါ တအံ့တဩ အမူအယာဖြင့် ကြည့်နေလေသည်။

လမ်းဘေးမှာတောင်းနေသော သူတောင်းစားကတော့ မာဒင်ရောက်နေသည်ကိုလည်းမသိဘဲ တောင်းမြဲတောင်းနေ လေသည်။

ခဏကြာတော့မှ မာဒင်က အနားလာထိုင်ပြီး မေး သည်။

"အတော်ရရဲ့လား"

ထိုသို့မေးသဖြင့် တောင်းနေသော သူတောင်းစားက ရပ်ပြီး မော့ကြည့်သည်။

သူကဲ့သို့ ဘဝတူသူတောင်းစားတစ်ယောက် အနား ရောက်သည်ကို မြင်တော့ အံ့ဩသွားဟန်ရှိသည်။

သူတောင်းစားမာဒင်မှာ သူ့ထက်စာတော့ အသက်အရွယ် ကြီးဟန်ရှိပေသည်။

"သင့်သလောက်ပဲ ရပါတယ် ခင်ဗျာ"





"မင်း ဘယ်ကရောက်လာတာလဲ၊ ဒီနေရာတစ်ဝိုက်က ငါအမြဲတောင်းရမ်းနေတဲ့ နေရာကွ"

"မသိလို့ပါဗျာ၊ ကျွန်တော်က နယ်ဘက်က ရောက်လာ တာ မကြာသေးပါဘူး၊ နယ်ဘက်မှာ တောင်းရမ်းစားသောက် ရတာ မကောင်းလို့ ရန်ကုန်ပြောင်းလာပြီး တောင်းရမ်းကြည့် တာပါ"

"ထားပါတော့ကွာ၊ ဒါထက် မင်း ဒီနေရာမှာ တောင်း နေတာ ဘယ်လောက်ကြာပြီလဲ"

"ဒီကနေ့မှ စတောင်းတာပါ"

"ဒါထက် ပုလိပ်တွေ လာမဖမ်းဘူးလား"

"အခုထိတော့ မတွေ့သေးပါဘူး"

"ဒီနေရာတစ်ဝိုက်မှာတောင်းရင် ပုလိပ်ဖမ်းတာ ခံရ တတ်တယ်"

"မသိပါဘူးဗျာ၊ ဒါထက် ခင်ဗျားက အခု ဒီနေရာမှာ တောင်းတော့မလို့လား"

"ဟုတ်တယ်"

"ဒီလိုဆိုရင်တော့ နေရာဖယ်ပေးပါ့မယ်၊ တခြားနေရာ သွားတောင်းပါ့မယ်"

"ဆက်သာတောင်းပါကွာ၊ အချိန်တန်တော့ မင်းဆက် တောင်းရင်လည်း မရပါဘူး၊ ဟော. . ပြောရင်းဆိုရင်း ဟိုမှာ ပုလိပ်တို့လာနေပြီ"

ဟု မာဒင်က ပြောသဖြင့် မော့ကြည့်လိုက်ရာ သူ့ရှေ့သို့


www.burmeseclassic.com

www.burmeseclassic.com



ပုလိပ်နှစ်ယောက် ရောက်လာလေသည်။

"ကဲကဲ. . တစ်ခါတည်းသာ အချုပ်ထဲလိုက်ခဲ့ပေတော့"

"ဘာဖြစ်လို့လဲဗျာ၊ မရှိလို့ တောင်းရမ်းစားသောက်နေရတဲ့ ဘဝပါ"

"အခုမှတော့ ချွဲပြမနေပါနဲ့တော့ကွာ၊ ဒီနေရာတွေမှာ သူတောင်းစားတွေ မတောင်းရဘူး၊ တောင်းရင်ပုလိပ်ဖမ်းတယ်"

ထိုသို့ပြောဆိုပြီး သူတောင်းစားလက်သစ်ကလေးကို ခေါ်သွားရန် ပြင်လေသည်။

မာဒင်ကတော့ သဘောကျသော အမူအယာဖြင့် ကြည့်နေလေသည်။

"မင်းအချုပ်ထဲက ပြန်ထွက်လာရင် ငါ့ဆီတစ်ခေါက်လာပြီး ပညာလေးဘာလေးသင်ဦး ကောင်လေးရ"

ဟုလည်း လှမ်းပြောလိုက်သေးသည်။

ထို့နောက်တော့ ပုလိပ်နှစ်ယောက်က သူတောင်းစားလေးကို ဖမ်းခေါ်သွားလေတော့သည်။

အတော်ဝေးဝေး ရောက်သွားတော့မှ မာဒင်လည်း ဝတ်ဟောင်းတစ်ထည်ခင်း၊ ခွက်ဟောင်းတစ်လုံး ရှေ့မှာချ၍ တောင်းရမ်းခြင်းအလုပ်ကို စတင် လေတော့သည်။

နောက်တစ်ရက်မှာတော့ ထိုနေရာမှာပင် တောင်းစားနေစဉ် ပုလိပ်ဖမ်းသွားသော သူတောင်းစားလေး ပြန်ရောက်လာသည်။

သူက မာဒင်နှင့် မနီးမဝေးတွင် လွယ်အိတ်ကြီးချ၍





ထိုင်လေသည်။

သူကြည့်ရသည်မှာ အချုပ်ထဲမှာ တစ်ညအိပ်ခဲ့ရဟန်ဖြင့် အတော်ပင်စိတ်ပျက်လက်ပျက် ဖြစ်လာဟန်ရှိလေသည်။

"မင်း ပြန်လွတ်လာပြီလား"

"အခုမနက်ပဲ ပြန်လွတ်ပေးလိုက်ကြတယ်. . ၊ မရှိလို့ တောင်းစားပါတယ်ဆိုမှ ပုလိပ်ဖမ်းတာခံရသေးတယ်၊ နောက်ပြီး တောင်းရမ်းလို့ရတဲ့ ပိုက်ဆံတွေလည်း အားလုံးယူထားလိုက်ကြသေးတယ်"

ဟု မကျေမနပ်ပြောဆိုရေရွတ်နေရာ မာဒင်ကသဘောကျစွာဖြင့် တစ်ချက်ပြုံးလိုက်သည်။

"အဲဒါမျိုးပေါ့ကွာ သူခိုးလက်က သူဝှက်လုတယ်၊ သူတောင်းစားဆီက ကယ်ပါလုတယ် ဆိုတာမျိုးပေါ့၊ ပုလိပ်တွေကိုက သူတို့ရဖို့ဆိုရင် သူတောင်းစားဆီကလည်း ယူတယ်၊ မိန်းမပျိုဆီကလည်း ရသမျှယူကြတယ်"

"ကျွန်တော့်မှာဗျာ နယ်မှာလုပ်ကိုင်စားသောက်လို့ မကောင်းတာနဲ့ ရန်ကုန်တက်လာပြီး တောင်းရမ်းစားသောက်ပါတယ်၊ သူတောင်းစားခွက်ပျောက်ရမယ့် အခြေအနေမျိုးရောက်နေပေတော့တယ်"

"ဒီလောက်လည်း စိတ်ဓာတ်မကျပါနဲ့ကွာ ဘယ်နေရာမဆို ထွက်ပေါက်တော့ရှိတာပဲ၊ အခွင့်အရေးကောင်းတွေ ချင်ရင် မျက်နှာဖြူတွေနဲ့ ဝင်ဆံ့အောင် လုပ်ရတယ်၊ အဆိုင်ချင်ရင် တရားသူကြီးနဲ့ သင့်မြတ်အောင်လုပ်ရတယ်၊ ပုလိပ်အ



www.burmeseclassic.com

www.burmeseclassic.com



ဖမ်းမခံချင်ရင် ပုလိပ်နဲ့အဆင်ပြေအောင် လုပ်ထားပေါ့ကွာ"

"အဆင်ပြေအောင် လုပ်တာတော့ ဟုတ်ပါပြီ၊ အခု တော့ ရှိတဲ့ပိုက်ဆံလေးတွေ အားလုံးယူထားလိုက်လို့ စားမို့ တောင် မကျန်တော့ဘူး"

"စိတ်မပျက်ပါနဲ့ကွာ၊ အစပိုင်းတော့ဒီလိုပေါ့၊ နောက် တော့လည်း သူ့ဟာနဲ့သူ အဆင်ပြေသွားတာပါပဲ"

"အားကိုးပါရစေ ဆရာကြီးရယ်၊ ကျွန်တော်က နယ်မှာ မွေး နယ်မှာကြီးခဲ့တာဆိုတော့ ရန်ကုန်မှာ အသိအကျွမ်းလည်း မရှိပါဘူး၊ ဘယ်နေရာသွားပြီး ဘယ်နေရာတောင်းရမယ် ဆို တာလည်း မသိသေးပါဘူး၊ ဒါကြောင့် ကျွန်တော့်ကို နည်းလမ်း ကလေးတွေ ပေးပါဦး"

"မင်းနဲ့ငါက ဘဝတူတွေပဲကွာ ကူညီနိုင်သလောက် တော့ ကူညီပေးရမှာပေါ့၊ အရင်လုပ်ရမှာက မင်းရုပ်ဖျက်ထား တာ နေရာသိပ်မကျလှသေးဘူး"

"ဘယ်လိုဖြစ်လို့လဲဗျ"

"အသားကို ဆေးရေတွေနဲ့ ညစ်ပေနေအောင် ဖျက် ထားပေမယ့် အတွင်းသားတွေက ဒီအတိုင်းပဲကျန်နေတယ် ဘောင်းဘီအပြဲကနေ ပေါ်နေတဲ့ မင်းရဲ့ မူလအသားအရေမြင် သွားရင် ရုပ်ဖျက်ထားမှန်း ချက်ချင်းသိနိုင်တာပေါ့"

သူတောင်းစားလေးက ဘောင်းဘီပြဲနေသော နေရာမှ ပေါ်နေသော သူ၏ပေါင်ကို မြင်ရသောအခါ 'ဟုတ်ပေသည်'ဟု ဝန်ခံလိုက်ရလေသည်။





"နောက်ပြီး မင်းအသံကမမှန်သေးဘူး၊ စကားပြောရင်း တောင်းနေရင်းနဲ့ မူလအသံ ပေါ်ပေါ်နေတယ်"

"ဘယ်လိုအသံမျိုးနဲ့ တောင်းရမှာလဲ"

"လျှာသံ၊ အာသံ၊ နှာသံ သုံးမျိုးရှိတဲ့နေရာမှာ ချစ်သူနဲ့ တွေ့တော့ လျှာသံနဲ့ပြောပေါ့ကွာ၊ လူကြီးလူကောင်းကို ပြော တော့ အာသံနဲ့ပြောပေါ့၊ တောင်းတဲ့နေရာမှာတော့ နှာသံလေး နဲ့တောင်းတာ ပိုပြီးအဆင်ပြေသကွယ့်၊ နှာသံက လူတစ်ဖက် သားရဲ့ သနားစိတ်ကို နှိုးထလာစေတယ်၊ ဒါကြောင့် ဇာတ်မင်း သား မင်းသမီးတွေ ဇာတ်ထုပ်ခင်းတဲ့အခါ နှာသံနဲ့ ပြောဆိုငိုတဲ့ အခါကျတော့ ပွဲကြည့်ပရိသတ်တွေပါ မျက်ရည်ကျပြီး လိုက်ငိုကြ ရတာပေါ့"

"မှတ်ထားပါ့မယ် ဆရာကြီး"

သူတို့နှစ်ယောက် စကားပြောနေစဉ်မှာပင် ဒန်ခွက်ကို ချထားသောကြောင့် လမ်းသွားလမ်းလာတို့က ငွေအကြွေစေ့များ မကြာခဏဆိုသလို ထည့်ပေးသွားကြလေသည်။

"တောင်းရမ်းစားသောက်တာပဲဖြစ်ဖြစ်၊ အလုပ်လုပ် စားတာပဲဖြစ်ဖြစ်၊ တခြားအလုပ်တစ်ခုပဲဖြစ်ဖြစ်ပေါ့ကွာ တစ်ခုခု တော့ ရင်းရတာပါပဲ"

"ဟုတ်ကဲ့"

"ပညာနဲ့ လုပ်စားတဲ့သူတွေကျတော့ ပညာကိုရင်းရ တယ်၊ လုပ်အားနဲ့လုပ်စားတဲ့ သူတွေကျပြန်တော့ လုပ်အားကို ရင်းကြရတယ်၊ ငါတို့လို တောင်းရမ်းစားသောက်ကြတဲ့ လူတွေ



www.burmeseclassic.com

www.burmeseclassic.com



ကျတော့ ပညာနဲ့လည်း ရင်းစရာမရှိ. . လုပ်ကိုင်စားသောက်ဖို့ လုပ်အားနဲ့လည်း ရင်းစရာမရှိကြတော့ မရှိမဲ့ရှိမယ့်သိက္ခာတွေကို လမ်းဘေးချပြီး ရင်းနှီးကြရတယ်"

"အမှန်ပါပဲဗျာ၊ လူတွေမျက်နှာကို မော့မကြည့်ဝံ့ လောက်အောင်ပါပဲ"

"ဒါပေမယ့် ဘာနဲ့ပဲ ရင်းရင်းပေါ့ကွာ၊ ဘဝတစ်ခု ရှင်သန်ခွင့်ရအောင်တော့ နည်းအမျိုးမျိုးနဲ့ ကြိုးစားရတာပါပဲ၊ ဒါထက် မင်းနာမည်က ဘယ်သူလဲ"

"တာတေပါ ခင်ဗျာ"

"လူမွဲကလေးကိုတာတေ ပေါ့ကွာ"

"ဒါလည်း ကောင်းတာပါပဲ၊ ဒါထက် ဆရာကြီးနာမည်ကရော ဘယ်သူပါလဲ"

"မာဒဂ်တဲ့ဟေ့"

"ဇာတ်ထဲက သူတောင်းစားကြီးရဲ့ နာမည်မျိုးပါလား"

"ဟုတ်တယ် သဘောကျလို့ အဲဒီနာမည် ယူထားတာ"

"ဒါထက် ဆရာကြီးအခုလို တောင်းရမ်းစားသောက်နေတာ အတော်ကြာပြီလား"

"အင်း. . ကြာပြီဆိုပါတော့"

"ပုလိပ်တွေဖမ်းတာ မခံရဘူးလား"

"အရင်ကတော့ ခဏခဏ အဖမ်းခံရလို့ အချုပ်ထဲသွားအိပ်ရတာပေါ့၊ အခုတော့ မခံရတော့ဘူး"

"ဘယ်လိုကြောင့်လဲ"



"စောစောက ပြောသလိုပေါ့၊ သူ့နေရာနဲ့သူ အဆင်ပြေအောင် လုပ်ထားရတာပေါ့၊ ပုလိပ်တွေကို ပေးကမ်းထားတော့ ဒါကိုမမြင်ကြတော့ဘူး"

တာတေဆိုသော လူရွယ်က သဘောကျစွာရယ်လိုက်သည်။

"နည်းတယ်များတယ်လို့တော့ မဟုတ်ဘူး၊ ပိုက်ဆံနဲ့တွယ်ထားရင် မြင်သင့်တာပဲ မြင်တော့တယ်၊ မမြင်သင့်တာ မမြင်တော့ဘူး၊ ပိုက်ဆံနဲ့ မကွယ်ထားရင် အပ်ကျတာတောင် မြင်ချင်မြင်ကြတယ်"

"တယ်လည်းဟုတ်ပါလား၊ ဒါကြောင့် ငွေရှိတဲ့သူတွေ လုပ်ချင်တိုင်းလုပ်နေကြတာတောင် ဘာမှမဖြစ်ကြတာပဲ"

"မင်းလည်း ငွေများများရအောင် ကြိုးစားရှာပေါ့ တာတေရ၊ ဒါပေမယ့် လူတစ်ယောက်ဆီက ပိုက်ဆံရဖို့ဆိုတာ အတော်ခက်ခဲတဲ့ ကိစ္စမျိုးပဲဟေ့၊ ဒါကြောင့် ဒီထက်ပိုပြီး ဂရုဏာသက်ချင်စရာကောင်းလောက်အောင် ကြိုးစားဦးပေါ့"

"ကောင်းပါပြီ ကြိုးစားပါ့မယ်၊ ဆရာကြီးကိုလည်း မြင်မြင်ချင်း ဆရာတစ်ယောက်လိုပဲ သတ်မှတ်ပါတယ်၊ ကျွန်တော့်ကိုလည်း တပည့်တစ်ယောက်လို လက်ခံပေးပါ"

မာဒဂ်က ခေါင်းတစ်ချက်ညိတ်ပြလေသည်။

"ဒါထက် ဒီနေရာမှာ ဆရာကြီးကရှိနေတော့ ကျွန်တော်က ဘယ်နေရာမှာ တောင်းရမ်းရမလဲ"

ဟု မေးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါက နေ့တိုင်းမလာနိုင်ဘူး၊ ငါမလာတဲ့အခါတော့ မင်း ဒီနေရာမှာပဲတောင်းပေါ့၊ ငါလာတော့လည်း တခြားနေရာ သွား တောင်းပေါ့ကွာ"

"ကောင်းပါပြီ ဆရာကြီး"

ထိုနေ့မှစပြီး သူတောင်းစားကြီး မာဒင်ထံတွင် တာဝေ ဆိုသော တပည့်တစ်ယောက် တိုးလာလေတော့သည်။





## အခန်း (၈)

# ဒေါက်တာမင်းထင်ကျော်နှင့် သီရိဝေ

နေ့လည်ဘက်အချိန်ဖြစ်သော်လည်း တက္ကသိုလ်ဝန်းထဲ တွင်ရှိသော လက်ဖက်ရည်ဆိုင်မှာတော့ ကျောင်းသားကျောင်း သူအချို့ ရှိနေကြသည်။

အချို့လည်း မိတ်ဆွေသူငယ်ချင်းများနှင့် ဝိုင်းဖွဲ့စကား ပြောနေကြပြီး အချို့စားပွဲဝိုင်းမှာတော့ နှစ်ယောက်ချင်း ခေါင်း ချင်းဆိုင်ပြီး စကားပြောနေသူများလည်း ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်အပြင်ဘက် သစ်ပင်ရိပ်အောက်မှာ ချထားသော စားပွဲမှာတော့ မောင်မောင်ကြီးနှင့် သီရိဝေတို့နှစ်ယောက် ရှိနေကြသည်။

သူတို့သည် လက်ဖက်ရည်သောက်ရင်းဖြင့် စကားပြော နေကြလေသည်။

"ဟိုရက်ပိုင်းက သတင်းစာနဲ့ဂျာနယ်တွေမှာ ကိုမောင့် အဖေ အစုစပ်လုပ်နေတဲ့ အောင်ချမ်းသာပွဲရုံအကြောင်း သတင်း တွေပါလာလို့ ဖတ်ကြည့်လိုက်သေးတယ်"

သီရိဝေက စကားစလိုက်သောအခါ မောင်မောင်ကြီး မျက်နှာပေါ်မှာ အလိုမကျသော အရိပ်အယောင်များပေါ်လာပြီး သောက်လက်စ လက်ဖက်ရည်ပန်းကန်ကို စားပွဲပေါ်ပြန်ချထား လိုက်လေသည်။

"အလကားပါ ဝေရယ်၊ ပုလိပ်တွေ စုံထောက်တွေ သ တင်းစာသမားတွေက တစ်စိတ်ကို တစ်အိတ်လုပ်ပြီး ပုံကြီးချဲ့ပြီး လုပ်နေကြ ရေးနေကြတာပါ"

သီရိဝေကတော့ မောင်မောင်ကြီးကိုကြည့်ရင်း လက် ဖက်ရည်ကို အရသာခံ ဖြေးဖြေးချင်းသောက်နေလေသည်။

"ပွဲရုံကနေ အကျင့်ပျက်လို့ အလုပ်ထုတ်ထားခဲ့တဲ့ အ လုပ်သမားတစ်ယောက် သူ့ဘာသာ အရက်မူးပြီး အိမ်ပေါ်က နေ လိမ့်ကျသေတာကိုများ ပုံကြီးချဲ့ပြီး ရေးနေကြတာပါ၊ တ ကယ်တန်းပြောရရင် သူ့ဘာသူသေတာ ကိုယ်တို့ပွဲရုံနဲ့တော့ ဘာ မှမသက်ဆိုင်ပါဘူး၊ အခုတော့. . ."



မောင်မောင်ကြီးက မကျေမနပ်ဖြစ်နေသော အမူအ ယာဖြင့် စားပွဲပေါ်မှာချထားသော ရေနွေးကြမ်းပန်းကန်ကို ယူ၍ အနည်းငယ်သောက်ကာ အတော်များများကို သွန်ချပစ်လိုက် လေသည်။

"ဘာဖြစ်လို့လဲဟင်"

"ဘာဖြစ်ရမလဲ ဝေရဲ့၊ သူ့ဘာသာအရက်မူးပြီး သေတဲ့ အမှုများ ရေးကြီးခွင့်ကျယ်လုပ်ပြီးတော့ ပုလိပ်တွေ စုံထောက် တွေက အိမ်အထိရောက်လာပြီး အဖေ့ကို မေးလားမြန်းလား လုပ်နေကြသေးတယ်၊ ကိုယ်တော့ မတတ်သာလို့သာ သည်းခံ နေရပေမယ့် ဒီလူတွေကို သိပ်ပြီးမနှစ်မြို့လှဘူး"

ဟု ပြောလေသည်။

သူကသာ ရှုံ့ရှုံ့ရှားရှား ဖြစ်နေသော်လည်း သီရိဝေက တော့ အေးအေးဆေးဆေး အမူအယာမျိုးဖြင့်သာ နားထောင် နေလေသည်။

"သူတို့အလုပ် သူတို့လုပ်နေကြတာပဲ၊ ဘာများမနှစ်မြို့ စရာရှိနေလို့လဲ၊ ကိုယ် မဟုတ်ရင် အေးအေးနေလိုက်ရုံပေါ့"

"ဘာပဲဖြစ်ဖြစ်ပေါ့၊ အကြောင်းမရှိအကြောင်းရှာပြီး ဒီ လိုလူမျိုးတွေ အိမ်လာပြီး ခြေရှုပ်နေတာကို သဘောမကျပါဘူး၊ ပုလိပ်တွေဆိုရင် ကိုယ်က မသထာရေစာ စားနေတဲ့ သူတောင်း စားတွေလို့ပဲ ထင်တာ"

"ကျွန်မကတော့ ဒီလိုမထင်ပါဘူး၊ သူတောင်းစား ဖြစ် နေရင် သူတောင်းစားအလုပ် လုပ်ရမှာပဲ၊ ပုလိပ်ဖြစ်ရင် ပုလိပ်



www.burmeseclassic.com

www.burmeseclassic.com



အလုပ် လုပ်ကြရမှာပဲ၊ ပုလိပ်တာဝန်ယူထားပြီး လမ်းဘေးမှာ ထိုင်တောင်းနေလို့မှ မရတာ၊ ဒီလိုပဲ သူတောင်းစားကလည်း ပုလိပ်လာလုပ်လို့မှ မရတာ၊ နောက်ပြီး သတင်းစာမှာရေးထား တဲ့ အကြောင်းတွေထဲမှာ ကျွန်မစိတ်ဝင်စားတဲ့အကြောင်း တစ်ခု ပါလာသေးတယ်"

"ဘာများလဲ"

"သေတဲ့လူက မသေခင် သရဲသဘက်တွေ တွေ့တယ်လို့ ရေးထားတယ်၊ နောက်ပြီး သူ့ကိုလည်း သရဲသဘက်တွေက အိမ်ပေါ်က တွန်းချသတ်လိုက်သလိုမျိုး ရေးထားသေးတယ်"

"အဲဒါတွေက အလကားပါ ဝေရယ်၊ တကယ်လည်းမဖြစ် ပါဘူး၊ သူတို့ရေးသလိုမျိုးလည်း ဖြစ်လည်းမဖြစ်နိုင်ပါဘူး၊ သ တင်းစာတွေမှာ ဂျယ်နယ်တွေမှာ ရေးတဲ့သူတွေကတော့ လူ တွေစိတ်ဝင်စားအောင် ပုံကြီးချဲ့ရေးတာမျိုး ဖြစ်မှာပေါ့"

ထိုသို့ပြောသဖြင့် သီရိဝေလည်း ဆက်မပြောတော့ဘဲ သောက်လက်စ လက်ဖက်ရည်ကို အပြီးသပ်မော့သောက်လိုက် သည်။

ထိုအကြောင်းကို ဆက်မပြောတော့မှ မောင်မောင်ကြီး လည်း မကျေမနပ်ဖြစ်နေသည့် အမူအယာများ တဖြည်းဖြည်း လျော့ပါးသွားပြီး သူပြောလိုသော စကားလမ်းကြောင်းကို ပြန် သည်။

"ကိုယ်တို့နှစ်ယောက်က တစ်ယောက်နဲ့တစ်ယောက် နားလည်မှုတွေ ရထားခဲ့တာ အတော်လေးကြာခဲ့ပြီ၊ လူကြီးတွေ



တောင် သိသင့်သလောက် သိနေကြပြီ၊ ဒီတော့. . ."

မောင်မောင်ကြီး စကားလမ်းကြောင်း ပြောင်းလိုက် သောအခါ သီရိဝေ၏ မျက်နှာလေးမှာ စောစောကနှင့်မတူ တော့ပဲ လေးလေးနက်နက် အသွင်မျိုးဖြင့် တည်ငြိမ်သွားသည်။

"ကိုယ်တော့ ဝေကို ဒီလိုဘဝမျိုးနဲ့ မနေစေချင်တော့ ဘူး၊ လူကြီးတွေအသိပေးပြီး တစ်ခုခုလုပ်ထားကြရင် မကောင်း ဘူးလား"

"ဘယ်လိုလုပ်မှာလဲ"

"ကိုယ်ကတော့ စေ့စပ်ကြောင်းလမ်း ထားတာမျိုး လုပ် ထားချင်တယ်"

ထိုစကားကြားသောအခါ သီရိဝေက မသိမသာသက် ပြင်းတစ်ချက် ချလိုက်သည်။

"ကျွန်မကတော့ အဲဒီလို မလုပ်ချင်သေးဘူး၊ ကိုမောင် ကိုပြောထားတယ် မဟုတ်လား၊ ကျွန်မတို့နှစ်ယောက်စလုံး ဘွဲ့ရ ပြီးတော့မှ ဒီကိစ္စကို စဉ်းစားကြမယ်လို့၊ အခုတော့ ဒီလိုပဲ နေ သွားကြတာ ပိုကောင်းပါတယ်"

"ဘာဖြစ်လို့လဲ ဝေရဲ့"

"အခြေအနေဆိုတာ အမျိုးမျိုးပြောင်းလဲနေတတ်တယ် လေ၊ နောင်တစ်ချိန်မှာ ဖြစ်လာမယ့် အခြေအနေမျိုးကိုလည်း ဘယ်သူမှ ကြိုတင်မသိနိုင်ဘူး၊ ဒါကြောင့် ဘဝရဲ့ရည်မှန်းချက် တွေကို ဘာတစ်ခုမှ ပုံသေကားချပ်ထည့်ထားလို့ မရနိုင်ဘူး လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဝေက ကိုမောင်ကို မယုံကြည်တဲ့ သဘောမျိုးလား"

"ကိုမောင့်ကို ယုံကြည်ပါတယ်၊ ဒါကြောင့်လည်း ကိုမောင့်မေတ္တာကို လက်ခံပေးထားတာပေါ့။ ဒါပေမယ့် ကိုယ်မပိုင်တဲ့ အခြေအနေတွေကိုတော့ ကျွန်မစိတ်မချနိုင်သေးဘူး"

ထိုသို့ လေးလေးနက်နက် ပြန်ပြောသောအခါ မောင်မောင်ကြီးလည်း ဘာမှထပ်မပြောတော့ဘဲ ငိုင်ကျသွားလေသည်။ ထိုအခိုက်မှာပင် လက်ဖက်ရည်ဆိုင်အတွင်းသို့ လူတစ်ယောက် ဝင်လာလေသည်။

ဒေါက်တာမင်းထင်ကျော်ပင် ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က လည်ရိုးအဖြူနှင့် ဆိပ်ခွန်လုံချည်နက်ပြာရောင်ကို သေသေသပ်သပ် ဝတ်ဆင်ထားပြီး လက်ထဲမှာလည်း စာအုပ်အချို့ ကိုင်ထားလေသည်။

သူဝင်လာသောအချိန်မှာ လက်ဖက်ရည်ဆိုင်အတွင်း အပြင်မှာ ချထားသော ထိုင်ခုံအားလုံးပြည့်နေပြီး ထိုင်စရာနေရာ မရှိတော့ပေ။

ဒေါက်တာမင်းထင်ကျော် ဝင်လာတာမြင်တော့ မောင်မောင်ကြီးမှာ မျက်နှာတစ်ချက် ပျက်သွားလေသည်။

"ဟင်"

"ဘာဖြစ်လို့လည်း ကိုမောင်"

"ဟိုမှာဆိုင်ထဲဝင်လာတဲ့သူက ကျောင်းသားပုံဖမ်းထားပေမယ့် ကျောင်းသားမဟုတ်ဘူး၊ ပုလိပ်တစ်ယောက်ပဲ"

"ဘယ်လိုသိတာလဲ"





"ဟိုတစ်လောက အိမ်လာသွားသေးတယ်၊ သူ့မျက်နှာကို ကိုယ်ကောင်းကောင်းမှတ်မိတယ်၊ ဒီလိုနေရာမျိုးတောင် ဘာလာရှုပ်နေပြန်ပြီလည်း မသိဘူး"

ဟု ပြောပြောဆိုဆိုနှင့် နေရာမှထရပ်လိုက်သည်။

"သွားတော့မလို့လား"

"သွားတော့မယ်၊ ဒီလိုလူမျိုးတွေနဲ့ မတွေ့ချင်ဘူး၊ ဝေသွားသေးဘူးလား"

"မသွားသေးဘူး၊ ကေသီတို့နဲ့ ဒီဆိုင်မှာချိန်းထားလို့ စောင့်ပေးလိုက်ဦးမယ်"

ဟုပြောလိုက်သောအခါ မောင်မောင်ကြီးလည်း အခြားတစ်ဖက်မှ ထွက်သွားလေတော့သည်။

သီရိဝေက ထိုနေရာမှာပင် ဆက်ထိုင်နေလေရာ. . ဒေါက်တာမင်းထင်ကျော်က ထိုနေရာသို့ ရောက်လာပြီး ခွင့်တောင်းသည်။

"ဒီနေရာမှာ တခြားသူတွေလာဖို့ ရှိပါသလား၊ မလာသေးရင်တော့ ခဏထိုင်ပါရစေ"

"ဟုတ်ကဲ့ ထိုင်ပါ"

ဟု ခွင့်ပေးသဖြင့် မောင်မောင်ကြီး ထသွားသော ထိုင်ခုံမှာပင် ဝင်ထိုင်ကာ စာအုပ်များကို စားပွဲပေါ်တင်ထားလိုက်သည်။ သီရိဝေက တစ်ချက်လှမ်းကြည့်လိုက်တော့ အင်္ဂလိပ်ဘာသာဖြင့်ရေးထားသော သမိုင်းစာအုပ်များဖြစ်သည်ကို သိရသဖြင့် စိတ်ထဲမှနည်းနည်းတော့ အံ့ဩသွားမိသည်။ ဒေါက်တာ



www.burmeseclassic.com

www.burmeseclassic.com



မင်းထင်ကျော်က စားပွဲထိုးကိုခေါ်ပြီး ကော်ဖီတစ်ခွက် မှာလိုက်သည်။

"ရှင်ကတက္ကသိုလ်တက်နေတာလား၊ အရင်က မမြင်ဖူးလို့"

"ကျွန်တော်က ဒေါက်တာဘွဲ့ယူပြီးသားပါ။ ကျွန်တော့်နာမည် ဒေါက်တာမင်းထင်ကျော်လို့ ခေါ်ပါတယ်"

ထိုစကားကြားတော့ ပိုပြီးအံ့သြသွားလေသည်။

"ဒါထက် ဒီက"

"ကျွန်မနာမည် သီရိဝေပါ၊ စိတ်ပညာအဓိကနဲ့ တက်နေတာပါ"

"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ တက္ကသိုလ်လည်း မရောက်ဖြစ်တော့တာ အတော်ကြာပါပြီ၊ အခုတောင် စာကြည့်တိုက်မှာ သိချင်တာလေးတွေရှိလို့ လာရှာရင်းနဲ့ ရောက်လာတာပါ၊ စာကြည့်တိုက်မှူးက ကျွန်တော်နဲ့ အတန်းတက်ဖော်ဆိုတော့ လိုချင်တာတွေ သူ့ဆီမှာ အပူကပ်ရင် ရနိုင်တယ်"

ဟုပြောရာ သီရိဝေက မေးလိုက်သည်။

"ဒါထက် ဒေါက်တာက ပုလိပ်ဌာနမှာ လုပ်တာလား"

ထိုသို့မေးသောအခါ ဒေါက်တာမင်းထင်ကျော်က သဘောကျစွာဖြင့် ပြုံးလိုက်သည်။

ထိုအချိန်မှာပင် မှာထားသော ကော်ဖီပန်းကန် လာချပေးသဖြင့် ယူ၍တစ်ငုံသောက်သည်။ ပြီးမှ ပြန်ချကာ ပြောပြသည်။





"ကျွန်တော်က ပုလိပ်တော့ မဟုတ်ပါဘူး၊ သုတေသနလုပ်ငန်းတွေပဲ လုပ်ပါတယ်၊ ဒါပေမယ့် စုံထောက်ပညာကိုလည်း ဝါသနာပါတော့ တစ်ခါတစ်လေ စေတနာနဲ့ ဝင်လုပ်ပေးတာတွေတော့ ရှိပါတယ်၊ ဒါထက် ကျွန်တော်နဲ့ အခုမှတွေ့ဖူးကြတာ ပုလိပ်ဌာနမှာလုပ်တယ်လို့ ဘယ်လိုများ သိနေတာပါလဲ"

ဟု ပြန်မေးလိုက်သောအခါ အပြောရခက်သွားလေသည်။

"စောစောက ဒီစားပွဲကထသွားတာ ကိုမောင်မောင်ထင်ပါရဲ့၊ သူပြောသွားတာများလား"

"ဒေါက်တာက သူ့ကိုသိလို့လား"

"ကျွန်တော့်ကို ကိုမင်းထင်ကျော်လို့ပဲ ခေါ်နိုင်ပါတယ်၊ ကျွန်တော် ဟံသာဝတီက သူတို့အိမ်ကိုရောက်ဖူးလို့ သိနေတာပါ"

"ဟုတ်ပါတယ်၊ သူပြောပြလို့ သိတာပါ၊ သူက ကိုမင်းထင်ကျော်ကို ပုလိပ်အဖွဲ့ကလို့ ထင်နေတာ"

ထိုသို့ပြောသောအခါ ဒေါက်တာမင်းထင်ကျော်က ခေါင်းတစ်ချက် ညိတ်ပြပြီး လက်ဖက်ရည်ကို ဆက်သောက်နေသည်။

"ကိုမင်းထင်ကျော်နဲ့တွေ့ရတုန်း မေးရဦးမယ်၊ အောင်သာပွဲရုံက အလုပ်သမားတစ်ယောက်သေတဲ့အမှုကို ကိုမင်းထင်ကျော် ကိုင်နေတာလား"

"မဟုတ်ပါဘူး၊ ကျွန်တော်မိတ်ဆွေ စုံထောက်ကိုကျော်



www.burmeseclassic.com

www.burmeseclassic.com



စွာကိုင်တာပါ၊ ကျွန်တော်က အကူအညီဝင်ပေးတာပါ”

“ကျွန်မက အဲဒီအမှုအကြောင်းကို စိတ်ဝင်စားလို့ပါ”

“မသီရိဝေက ဒီလိုအကြောင်းမျိုးတွေ စိတ်ဝင်စား[illegible] လား”

“ဟုတ်တယ်၊ အဲဒီအကြောင်းကို သတင်းစာတွေ[illegible] ရေးထားတာ ဖတ်ရတော့ သရဲသဘက်တွေကြောင့် သေရသ[illegible] ရေးထားတယ်၊ အဲဒါကို စိတ်ဝင်စားတာပါ”

ဒီတစ်ကြိမ်တော့ ဒေါက်တာမင်းထင်ကျော်၏ မျက်[illegible] ပေါ်မှာ အံ့ဩမှုအရိပ်အယောင်များ သမ်းသွားလေသည်။

သီရိဝေမှာ ချောမောလှပသည့်အပြင် ကျက်သ[illegible] သော အမျိုးသမီးတစ်ဦးဖြစ်ကြောင်း မြင်စကပင် အကဲခတ်[illegible] လေသည်။

ထိုကဲ့သို့ နုနယ်လှပသော အမျိုးသမီးတစ်ယောက်[illegible] မမျှော်လင့်သော စကားမျိုးကြားရသဖြင့်လည်း အံ့ဩသွားမိ[illegible] ဖြစ်၏။

“ဒီအကြောင်းကတော့ အခုမှ စုံစမ်းနေဆဲပဲ ရှိသေး[illegible] တော့ ဖြစ်နိုင်စရာလည်းရှိတယ်၊ တိတိကျကျတော့ ပြောလို့[illegible] သေးပါဘူး၊ မသီရိဝေက ပရလောကသားတွေအကြောင်း[illegible] စိတ်ဝင်စားလို့လား”

“ဟုတ်တယ်၊ ကျွန်မက အဲဒီအကြောင်းတွေကို [illegible] ဝင်စားတယ်၊ ဥပမာ ဝိညာဉ်တွေနဲ့ သက်ဆိုင်တဲ့အကြောင်း[illegible] တွေပေါ့၊ ဝိညာဉ်လောကသားတွေဆိုတာ တကယ်ရှိကြတာ[illegible]





[illegible]သားဟင်”

“ရှိပါတယ်၊ ဝိညာဉ်လောကရှိသလို ဝိညာဉ်လောက[illegible]သားတွေလည်း ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ အများကြီး ရှိနေ[illegible]ကြပါတယ်၊ မမြင်သင့်ရင် မမြင်ရဘူး၊ မြင်သင့်တဲ့အခါမှာတော့ [illegible]င်တွေ့နိုင်ပါတယ်”

“ကိုမင်းထင်ကျော် ဒီကိစ္စမျိုးတွေကို အယုံအကြည်ရှိ[illegible]သလား”

“ယုံကြည်မှုရှိတယ်ဆိုတာထက် စိတ်ဝင်စားမှုရှိတယ် [illegible]ရင် ပိုပြီးမှန်ပါလိမ့်မယ်”

“တွေ့ဖူးမြင်ဖူး သလားဟင်”

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သည်။

“မြင်ဖူးတွေ့ဖူးပါတယ် သနားစရာကောင်းတဲ့ ဘဝမျိုး[illegible]တွေပါပဲ”

“ဟင်. . ကြောက်စရာကောင်းတာမျိုး မဟုတ်ဘူးလား”

“ရုပ်တရက်မြင်ရင်တော့ ပြိတ္တာလောကသားတွေက [illegible]ဆင်းအင်္ဂါ မတင့်တယ်တော့ ကြောက်စရာကောင်းပါတယ်၊ [illegible]တို့ရဲ့ဘဝအကြောင်းတွေ သိရင်တော့ သနားစရာကောင်းကြ[illegible]တယ်”

“ဒီကနေ့တော့ မမျှော်လင့်ဘဲ ကိုမင်းထင်ကျော်နဲ့ တွေ့[illegible]တာ အတော်အဆင်ပြေတာပဲ ကျွန်မသိချင်တာတွေ သိရ[illegible]ယ်၊ ဒါထက် အခုစာကြည့်တိုက်မှာလာပြီး လေ့လာနေတာက [illegible]ရာ ဒီအကြောင်းတွေပဲလား”



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး၊ စာကြည့်တိုက်မှာ လေ့လာနေတဲ့ အ
ကြောင်းက ဗိဇ္ဇာဥ်နဲ့သက်ဆိုင်တဲ့ အကြောင်းတွေမဟုတ်ပါဘူး
ပုဂံခေတ်က ရှိခဲ့တဲ့ဘုရားကျွန်တွေ အကြောင်းပါ"

"အခု ရှိနေသေးလို့လား"

"သူတို့ရဲ့ အမျိုးအနွယ်တွေ အများကြီးရှိနေကြပါသေး
တယ်၊ ယောကျ်ားလေးတစ်ယောက်ပဲဖြစ်ဖြစ်၊ အမျိုးသမီးတ
ယောက်ပဲဖြစ်ဖြစ် လက်ထပ်ဖို့ ရွေးချယ်တော့မယ်ဆိုရင် မျိုးနွ
ကိုသိဖို့ အရေးကြီးပါတယ်"

"စောင့်လေမျိုးနွယ် ဆိုတဲ့အတိုင်း မျိုးနွယ်ချင်းမတူ
အရွေးမှားရင် ဘဝတစ်ခုလုံး ဆုံးရှုံးတတ်ပါတယ်"

ထိုသို့ပြောပြီး ဒေါက်တာမင်းထင်ကျော်က ကော်ဖီ
အပြီးသပ် သောက်လိုက်ပြီး စားပွဲထိုးခေါ်ကာ ပိုက်ဆံရှင်းသည်

"မသီရိဝေနဲ့ အသိမိတ်ဆွေဖြစ်ရတာ ဝမ်းသာပါတယ်
ကျွန်တော်ကိုလည်း မိတ်ဆွေတစ်ယောက်လိုပဲ သတ်မှတ်ပေး

ဟု ပြောဆိုနှုတ်ဆက်ပြီး ချထားသော စာအုပ်များ
ပြန်ကောက်ယူပြီး ထွက်သွားလေတော့သည်။ သူထွက်သွား
သော်လည်း တွေးတောစရာအကြောင်းများကတော့ ကျန်ခဲ့
သည်။ သီရိဝေခေါင်မှာမှာတော့ တွေးစရာများနှင့် အတူနေရ
ပင် ကျန်နေခဲ့ပေသည်။







# အခန်း (၉)

# ကျိန်စာသင့်နေသည့် ဘုရားကျွန်များ

BURMESE CLASSIC

နောက်တစ်ပတ်ခန့်ကြာတော့ ဒေါက်တာမင်းထင်
ကျော်တစ်ယောက် စာကြည့်တိုက်သို့ တစ်ခေါက်ထပ်လာပြန်
သည်။ ဒီတစ်ကြိမ်မှာတော့ စာကြည့်တိုက်ထဲမှာပင် သီရိဝေနှင့်
တွေ့ရလေသည်။ သီရိဝေကိုမြင်တော့ မအံ့ဩမိတော့ပေ။

"မသီရိဝေ၊ စာအုပ်လာရှာနေတာ ထင်ပါရဲ့"

"ဩော်.. ကိုမင်းထင်ကျော်ပါလား၊ ဟုတ်တယ်.. ဟို
နေ့က ကိုမင်းထင်ကျော် ပြောသွားတဲ့အကြောင်းတွေကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားလို့လာပြီး လေ့လာကြည့်နေတာ"

"ဘယ်အကြောင်းတွေပါလိမ့်"

"ပုဂံခေတ်က ဘုရားကျွန်တွေ အကြောင်းတွေပါ"

"ကျွန်တော်ဆီမှာတော့ အချို့မှတ်တမ်းတွေရှိပါတ

နောက်ပြီး ဒီအကြောင်းတွေကို လေ့လာနေတာဆိုတော့ သိ

တဲ့အကြောင်းတွေကိုလည်း ပြောပြပေးနိုင်ပါတယ်"

"အဆင်ပြေတာပေါ့၊ အခုတလော. . ကျွန်မ အဲဒီ

ကြောင်းတွေကို အတော်လေးစိတ်ဝင်စားနေတယ်"

"ကျွန်တော်သိသလောက်တော့ ပြောပြပေးပါမယ်၊

တန်းဝင်စရာ မရှိသေးရင် ဟိုဘက်က လက်ဖက်ရည်ဆိုင်သွ

ပြီး အေးအေးဆေးဆေး ပြောကြတာပေါ့၊ မကောင်းဘူးလာ

သီရိဝေကလည်း သဘောတူသဖြင့် နှစ်ယောက်သ

လက်ဖက်ရည်ဆိုင် ရှိရာဘက်သို့ ထွက်လာကြလေသည်။

သူတို့နှစ်ယောက် အတူထွက်လာတော့ အချို့က

တိုးပြောသွားကြသည်။ အချို့ကလည်း မကြားတကြားပြောသွ

ကြသည်။

"တယ်လိုက်တဲ့ စုံတွဲပါလား"

"အမျိုးသမီးကတော့ စိတ်ပညာက သီရိဝေပဲ၊ အ

သားတော့ အခုမှမြင်ဖူးတယ်"

"သီရိဝေက အရင် မောင်မောင်ကြီးနဲ့တွဲနေတာ မဟု

လား၊ အခုလူချိန်းလိုက်ပြီ ထင်တယ်"

"မောင်မောင်ကြီးနဲ့စာရင် ဒီလူက သူနဲ့ပိုပြီးလိုက်



ယ်"

ဟု တီးတိုးပြောသွားကြသည်။

အချို့ပြောသွားသော စကားသံများကို တစွန်းတစကြား

တ်ရသော်လည်း မသိကျိုးကျွန် ပြုသွားကြလေသည်။

လက်ဖက်ရည်ဆိုင်ရောက်တော့ အရိပ်ကောင်းပြီး လူ

င်းသော စားပွဲမှာထိုင်ကာ ကော်ဖီတစ်ခွက်စီမှာလိုက်ကြသည်။

မှစကားစသည်။

"မသီရိဝေက ဘယ်လိုကြောင့်. . ဘုရားကျွန်တွေအ

ကြောင်း စိတ်ဝင်စားသွားတာလဲ"

"ပထမတော့ အဲဒီအကြောင်းတွေကို သတိမထားမိပါ

ဘူး ကိုမင်းထင်ကျော်နဲ့ တွေ့ပြီးတဲ့နောက်မှသိရတော့ ကျွန်မ

တွေးမိတာ တစ်ခုရှိလာတယ်"

"ဘယ်လိုတွေးမိတာမျိုးလဲ"

"လူတွေမှာ မျိုးရိုးစဉ်ဆက်ဆိုတာ သိပ်ပြီးအရေးကြီး

တယ်ဆိုတဲ့ အချက်ပဲ၊ ကျွန်မတို့ ငယ်ငယ်က မိဘတွေက ပုဂံ

ဘက်မှာ နေခဲ့ကြဖူးပါတယ်၊ ဒီတော့ ကိုမင်းထင်ကျော် ပြောပြ

တဲ့ ဘုရားကျွန်ကျောင်းကျွန်တွေနဲ့ ပတ်သက်တဲ့အကြောင်း

တွေကို ကြားဖူးခဲ့ပါတယ်"

ဒေါက်တာမင်းထင်ကျော်က ကော်ဖီသောက်ရင်း ခေါင်း

ညိတ်ပြလိုက်သည်။

"နောက်တစ်ချက်က စောင့်လေမျိုးနွယ်ဆိုတဲ့အတိုင်း

သူတစ်ယောက် ဒါမှမဟုတ် မိသားစုတစ်စုမှာ မျိုးရိုးစဉ်ဆက်



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ဆိုတာလည်း စိတ်ဝင်စားမိတယ်၊ ဒီအချက်ကိုတော့ လက်ခံရ
ပဲ"

"ဘယ်လိုကြောင့်လဲ"

"ပွင့်ပွင့်လင်းလင်းပြောရရင်တော့ ကျွန်မမှာ အစ်ကိုတ
ယောက်ရှိပါတယ်၊ သူက အိမ်ထောင်သည်ပါ၊ သူနဲ့လက်ထ
ထားတဲ့ အမျိုးသမီးက သူနဲ့ဘာသာမတူသလို စရိုက်ချင်းလည်
မတူကြတော့ သူအမြဲစိတ်ဆင်းရဲ နေရတယ်"

ဒေါက်တာမင်းထင်ကျော်က ဘာမှထွေထွေထူးထူ
မပြောဘဲ ခေါင်းညိတ်ပြသည်။

မိသားစုအကြောင်းထဲတွင် သူ့အနေဖြင့် ဝင်ရောက်
မှတ်ချက်ပေးရန် မလိုသောကြောင့် နားထောင်ပေးရုံသာ 
ပေးလိုက်သည်။ သီရိဝေက စားပွဲပေါ်မှာလာချပေးသော ကော်
ပန်းကန်ကိုယူပြီး တစ်ငုံသောက်လိုက်ပြီးမှ ပြောသည်။

"ကိုမင်းထင်ကျော် လေ့လာနေတဲ့ ဘုရားကျွန်တွေအ
ကြောင်းလည်း ပြောပြပေးပါဦး"

"ဘုရားကျွန်တွေရဲ့ သမိုင်းကြောင်းက အတော်ရှည်
လျားပါတယ်၊ ရှေးခေတ်ဘုရင်တွေ အဆက်ဆက်ကတည်းက
ရှိခဲ့ကြတာပါပဲ၊ ဘုရားကျွန်ဆိုတာ ရှင်ဘုရင်တွေ တည်ခဲ့တ
ဘုရားတွေကို ဆွေစဉ်မျိုးဆက် စောင့်ရှောက်ပေးဖို့ လှူဒါန်းခံ
တဲ့သူတွေပါပဲ၊ ဘုရားနဲ့ပတ်သက်တဲ့ ဝေယျာဝစ္စတွေကို ဆောင်
ရွက်ပေးကြရလို့ ဘုရားကျွန်လို့ ခေါ်တာပါ"

"ဟုတ်ကဲ့"





"ဘုရားကျွန်တွေက ရှေးနှစ်ပေါင်းများစွာကတည်းက ရှိခဲ့ကြတယ်ဆိုပေမယ့် ဒီလောက်မများခဲ့ဘူး၊ ပုဂံခေတ်ရောက်မှ များခဲ့တာလို့ ဆိုရမယ်"

"ဘယ်လိုကြောင့်လဲဟင်"

"ပုဂံခေတ်မှာ ဘုရား၊ ပုထိုး၊ စေတီပေါင်း မြောက်များစွာ ပေါ်ပေါက်ခဲ့တော့ ဘုရားကျွန်၊ ကျောင်းကျွန်တွေလည်း အများကြီး ပေါ်ပေါက်ခဲ့ရတာ၊ လှည်းဝင်ရိုးသံတည်ည် ပုဂံဘုရားပေါင်းဆိုတဲ့ လင်္ကာအတိုင်း ဘုရားပုထိုးစေတီပေါင်း လေးသန်းကျော်အထိ ရှိခဲ့တယ်"

"အများကြီးပဲနော်"

"ဟုတ်တယ်. . ပုဂံပြည်ကို ခရစ်နှစ်(၁၀၇)ခုကစပြီး၊ (၁၃၆၉)ခုနှစ်တိုင်အောင် နှစ်ပေါင်း(၁၂၆၀)ကျော်တဲ့အထိ မင်းနေပြည်တော်ဖြစ်ခဲ့တယ်၊ မင်းပေါင်း (၅၅)ဆက် အုပ်ချုပ်ခဲ့ကြတယ်၊ ဒီမင်းတွေလက်ထက်မှာ သာသနာ့နိက အဆောက်အဦးပေါင်းများစွာနဲ့ လှည်းဝင်ရိုးသံ တည်ည်ဆိုတဲ့ လင်္ကာအတိုင်း၊ ဘုရား၊ ပုထိုး၊ စေတီပေါင်း (၄၄၄၆၇၃၃)လေးသန်းကျော် တည်ထားကိုးကွယ်ခဲ့ကြတယ်၊ ဒါကြောင့် ဘုရားတွေ များခဲ့သလို ဘုရားကျွန်တွေလည်း အများကြီးပေါ်ပေါက်လာခဲ့ရတယ်၊

ပြောရရင်တော့ ရှေးခေတ်ပုဂံပြည်ကြီးဆိုတာ ဘုရားကျွန်တွေရဲ့ မြို့တော်ကြီးဆိုရင်တောင် မမှားပါဘူး၊ ရှေးက သုတေသနစာတမ်းရေးခဲ့ ပုဂ္ဂိုလ်တွေက ဒီလိုပဲ မှတ်ချက်ချခဲ့ကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုမင်းထင်ကျော်က အတော်ကလေး နှံ့နှံ့စပ်စပ် လေ့လာထားတာပဲ စိတ်ဝင်စားစရာပဲနော်"

"ဒီကနေ့အထိ ဘုရားကျွန်တွေ မရှိတော့ဘူးဆိုပေမယ့် သူတို့ရဲ့ ဆွေစဉ်မျိုးဆက်တွေကတော့ နေရာအနှံ့မှာ ပြန့်နှံ့နေကြတယ်၊ တချို့ဆိုရင် သူဌေးသူကြွယ် ကုန်သည်ပွဲစား၊ အစိုးရဝန်ထမ်း အမှုထမ်းတွေထဲမှာရှိနေ ရောက်နေကြတယ်၊ ဒါကလည်း သူတို့ရဲ့ဇစ်မြစ်ကို မသိသေးခင်မှာပဲ နေလို့ရကြတယ်၊ ပတ်ဝန်းကျင်က သိသွားရင်တော့ နေလို့မရတော့ဘူး"

"ဘာဖြစ်လို့လဲဟင်"

"မြန်မာတွေဟာ တခြားကိစ္စတွေမှာသာ သဘောမနော ကောင်းပေမယ့် ဘုရားကျွန်နဲ့ပတ်သက်လာရင် အယူသီးမှုတွေရှိတယ်၊ အစိုးရအရာရှိဖြစ်စေ၊ သူဌေးသူကြွယ်ပဲဖြစ်စေ ဘုရားကျွန်မှန်းသိရင် အဲဒီလူနဲ့ ဘယ်တော့မှ ထမင်းတစ်ဝိုင်းတည်း အတူတူမစားတော့ဘူး"

သီရိဝေက ခေါင်းညိတ်ပြသည်။

"အဲဒီအိမ်က ရေတစ်ခွက်တောင် မသောက်ကြဘူး မကြာသေးခင်က မျက်နှာဖြူအရာရှိတစ်ဦးက ဘုရားကျွန်မျိုးနွယ် မိန်းမတစ်ယောက်ကို လက်ထပ်ယူတယ်၊ ကလေးရပြီးကြီးလာတော့ ကျောင်းသွားအပ်တယ်၊ တခြားကျောင်းသားတွေကသိတော့ သူနဲ့အတူတူ မထိုင်ကြဘူး၊ နောက်မိဘတွေကပါ သိကြတော့ ဝိုင်းပြီးကန့်ကွက်ကြတာနဲ့ ကျောင်းထုတ်လိုက်ရတယ်"





"ကြောက်စရာ ကောင်းလိုက်တာ"

ဒေါက်တာမင်းထင်ကျော်က V.C Scotto Connr ရေးသားသော "The Past in Burma" စာအုပ်မှ အချက်အလက်အချို့ကို ပြောပြလေသည်။

ရှေးခေတ်က ဘုရားကျွန်များနှင့် ပတ်သက်သည့် အကြောင်းအရာများကို ပုဂံခေတ်မှစ၍ ဖော်ပြပါမည်။

တစ်ခါက မင်းနေပြည်တော်ကြီးဖြစ်ခဲ့သည့် ပုဂံသည် ဘုရားကျွန်များရှိသည့် မြို့တော်ကြီးဖြစ်သည်ဟု ဆိုရပေမည်။

ပုဂံအနီးတစ်ဝိုက်တွင် နေသူအများစုမှာ ဘုရားကျွန်များ ဖြစ်ကြသည်။

သို့မဟုတ်ပါက ရေတွက်ခြင်းငှာ မစွမ်းသော ပုဂံဘုရားပုထိုးများ၏ ဝေယျာဝစ္စများအတွက် ထာဝရ ဆောင်ရွက်ရန် လှူဒါန်းသတ်မှတ်ထားခြင်းခံရသော ဘုရားကျွန်တို့၏ အဆက်အနွယ်များ ဖြစ်ကြသည်။

ဘုရားကျွန်များ၏ အထက်တွင် မင်းသားရှိသည်။

မင်းသားမှာ သထုံဘုရင် မနူဟာ၏ အဆက်အနွယ်ဖြစ်သည်။ အနော်ရထာမင်းကြီး၏ အမျိုးအနွယ်နှင့်ပတ်သက်၍မူ ယနေ့အချိန်တွင် အစဉ်အဆက် ကိုယ်စားပြုနိုင်သူများ မရှိတော့ပါ။ မင်းမျိုးနှင့်မင်းသွေးသည် ကာလကြာမြင့်စွာကပင် ပျောက်ကွယ်ခဲ့လေပြီ။

သို့ရာတွင် အနော်ရထာမင်းလက်ထက်က အကျဉ်းသား၏ ဆွေစဉ်မျိုးဆက်မှာမူ ယနေ့တိုင် ၎င်းများက အသိအ

www.burmeseclassic.com

www.burmeseclassic.com



မှတ်ပြုရသော ကိုယ်စားပြုသူ ကျန်ရှိနေသေးသည်။

သူသည် မင်းသားတစ်ပါးဖြစ်ခဲ့ပြီး ရာစုနှစ်ကိုးရာ ကြာခဲ့သော်လည်း ယခုတိုင် ကျွန်တစ်ယောက်ဖြစ်နေသေးသည်။

အခြားကိစ္စများ၌ မြန်မာလူမျိုးသည် ခန္တီတရားနှင့် မေတ္တာတရားတည်းဟူသော ဗုဒ္ဓ၏ အဆုံးအမကို သွေးထဲသို့ ရောက်အောင် စုပ်ယူနိုင်ပါသည်။

မြန်မာတို့တွင် ဇာတ်ခွဲခြားခြင်း မရှိပါ။ သို့ရာတွင် ဘုရားကျွန်ဟူသည့်ကိစ္စတွင် မြန်မာသည် အစွဲအလန်းကြီးလွန်းသည်။

မြန်မာလူမျိုးသည် ဖြတ်သန်းသွားလာသည့် အဆင်းရဲဆုံး လူစိမ်းတစ်ယောက်ကို ဖော်ရွေပျူငှာခြင်းရှိသော်လည်း ဘုရားကျွန်နှင့်အတူ ထမင်းတစ်ဝိုင်းတည်း စာရေးကိုမူ လက်ခံဆောင်ရွက်မည် မဟုတ်ပေ။

ခွင့်လွှတ်သည်းခံခြင်း၊ စာနာထောက်ထားခြင်းနှင့် ပြည့်စုံသည်ဆိုသော မြန်မာအမျိုးသမီးတစ်ယောက်အနေဖြင့် လက်မထပ်နိုင်သူတစ်ဦးတော့ ရှိပါသည်။

ယင်းမှာ ဘုရားကျွန် ဖြစ်ပါသည်။ ပုဂံရှိ ဘုရားကျွန်တို့၏ အကြီးအမှူးမင်းသားသည် အရေးပါသည့်ပုဂ္ဂိုလ် ဖြစ်ပါသည်။ သူသည် အစိုးရ၏ အခွန်မှူး ဖြစ်ပါသည်။ အိမ်ခြေ မြေယာတို့ကို ပိုင်သူဖြစ်ပါသည်။

သထုံဘုရင် မနူဟာ၏ အဆက်အနွယ်ဟု အသိအမှတ်ပြုခံရသူ ဖြစ်ပါသည်။

သို့ရာတွင် အလွန်ဆင်းရဲသော မြန်မာတစ်ဦးသည် ထို





သူနှင့်အတူ ရေခွက်တစ်ခွက်တည်း သောက်မည်မဟုတ်ပါ။

သူ့အိမ်ရိပ်တွင် သူနှင့်အတူ ထမင်းတစ်ဝိုင်းတည်း စားမည်မဟုတ်ပါ။ ထိုမင်းသားသည် အိုမင်းခန့်ညားသည့် လူတစ်ယောက်ဖြစ်ပြီး အတာန်ငယ်မာနကြီးဟန် ရှိပါသည်။

သူ့နောက်မှ အစေအပါးတစ်ယောက်က ထီးမိုးပေးထားပါသည်။ သူ့ခေါင်းကို ပိုးပုဝါစည်းထားကာ ပိုးပုဆိုးသည် နေရောင်တွင် ပြောင်နေပါသည်။

သူ၏ အသွင်အပြင်မှာ ဂုဏ်သရေရှိ လူကြီးလူကောင်း ဆန်နေပါသည်။ သူ့တွင် ပုရပိုက်ပေါ်၌ ရေးမှတ်ထားသည့် ဆွေစဉ်မျိုးဆက်ဇယားတစ်ခု ရှိခဲ့ဖူးသည်။

ပုရပိုက်မူရင်းမှာ ခိုးယူသူနောက်သို့ ပါသွားခဲ့သည်။

ထိုပုရပိုက်မိတ္တူတစ်စောင်ကို မန္တလေးနန်းတွင်းရှိ ဘုရင့်မော်ကွန်းတိုက်တွင် သိမ်းဆည်းထားသည်ဟုဆိုသည်။

သူ၏အခွင့်အရေးများကို ခံစားပိုင်ခွင့်ပေးထားသည့် မင်းတုန်းမင်း၏ အမိန့်စာချွန်တော်လည်း ရှိပေသည်။

သူ့အိမ်ပြတင်းကို ရွှေချခွင့်ရှိပြီး သူသေလျှင် ရုပ်ကလာပ်ပေါ်တွင် မင်းမျိုးမင်းနွယ်ကဲ့သို့ ထီးဖြူမိုးခွင့်ရှိသည်။

မန္တလေးတွင် မြန်မာမင်းတို့ စိုးစံစဉ်က သူသည်ရွှေနန်းတော်သို့ နှစ်စဉ်သွား၍ ခံစားခွင့်ရကြောင်း ဂုဏ်ယူစွာ ပြောပြတတ်သည်။ သူသည် မင်းညီမင်းသား ဆွေမျိုးသားချင်းတစ်ယောက်ကိုမျှ မသတ်ခဲ့ပေ။ အကြောင်းမှာ သူသည် ဘုရားတစ်ပါး၏ အသက်သတ်ခြင်းကို မနှစ်သက်သောကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်စဉ်က သူတစ်ပါး၏အသက်ကို မည်သည့်အခါမျှ မသတ်ဟု ဘုန်းကြီးရှေ့တွင် သစ္စာဆိုထားခဲ့သည်။

ကုန်းဘောင်ခေတ်တွင် ပဥ္စမသံဃာယနာ တင်ခဲ့သည့် မင်းတုန်းမင်းကြီးသည် အလားတူ စိတ်မှတ်ရှိသူဖြစ်ကြောင်း သူကပြောပြသည်။

ပုဂံတွင်ရှိသည့် မနူဟာဘုရင်၏နန်းတော်ကို သူ၏ဘိုးဘေးစဉ်ဆက်တို့ တည်ဆောက်ခဲ့ခြင်းဖြစ်သည်ဟု သူက *ပြောသည်။*

အနော်ရထာမင်းကြီးသည် သထုံဘုရင် မနူဟာ၏ နမူနာကိုလိုက်၍ အိန္ဒိယဗိသုကာများကို သုံးခဲ့ခြင်းဖြစ်သည်ဟုလည်းဆိုသည်။

လွန်ခဲ့သော အနှစ်(၈၀၀)ခန့်က ဘုရားကျွန်စနစ်သည် ပုဂံတွင်ရှိခဲ့သည်ဆိုသည့် အချက်အတွက် အထောက်အထားတို့ကို ပုဂံခေတ်တွင် ရေးထိုးခဲ့သည့် ကျောက်စာများမှ ရွေးထုတ်ခဲ့ရပါသည်။

ပုဂံခေတ်က အထွတ်အမြတ်ထားသည့် အဆောက်အအုံများ (ဘုရား၊ ပုထိုး၊ စေတီများ )တွင် ဝေယျာဝစ္စ ကိစ္စများကို ထာဝစဉ်ဆောက်ရွက်ရန် လူတစ်ဦးတစ်ယောက်အား ဘုရားကျွန်အဖြစ် လှူဒါန်းသည့်အလေ့မှာ မကြာခဏတွေ့ရသည့် အထောက်အထားများ ဖြစ်ပေသည်။

ထို့ပြင် ကျေးရွာတစ်ရွာလုံးကို ကျွန်အဖြစ် လှူသည့်အဖြစ်မျိုးကိုလည်း မကြာခဏ တွေ့ရပါသေးသည်။





(၁၁၉၀)အေဒီတွင် ရေးထိုးသည့် ကျောက်စာတစ်ခု၌ "ပုံတော်ရွာ တစ်ရွာလုံးကို ဘုရားကျွန်အဖြစ်" လှူဒါန်းထားသည်ကို တွေ့နိုင်ပါသည်။

(၁၂၂၃)ခုနှစ် ထိုကျောက်စာတစ်ချပ်တွင်လည်း ကျန်ဆောင်၏ သမီးက " ငါ၏လယ်မြေတို့ကို ဆက်ခံသူမရှိသည့်အလျောက် ဥမင်အရှေ့ဘက်ရှိ ကျောင်းတော်မှ ရုပ်ပွားတော်ကြီးနှင့် ဘုန်းတော်ကြီးများတည်ခဲ့သည့် စေတီကို ထိန်းသိမ်းရန်အလို့ငှာ သက္ကရာဇ်(၅၈၅)ခုနှစ် ပြာသိုလဆုတ် (၁၁)ရက်၊ တနင်္လာနေ့တွင် မြေင်တောင် ရွာသားအားလုံးကို လှူဒါန်းထားသည်" ဟု ရေးထိုးထားသည်။

ထိုခေတ် ထိုအခါက ဘုရားကျွန်မဖြစ်သေးသည့် ကျွန်တို့ကို ဝယ်ယူ၍ ဘုရားသို့ လှူဒါန်းနိုင်ပုံကိုလည်း ကျောက်စာများစွာတွင် အထင်အရှားတွေ့ရ၏။

(၁၂၂၁)အေဒီတွင် ထိုးသည့် ကျောက်စာတစ်ချပ်၌ ကျိစင်သူကြီးနှင့် မယားတို့က အိမ်သီ၏သမီး တောက်နွယ်သီအား ကျွန်အဖြစ်ဝယ်ယူကာ ဝိနည်းမိုရ် ဘုန်းတော်ကြီး ကျောင်းသို့ လှူဒါန်းသည်ကို မှတ်တမ်းတင်ထားသည်။

(၁၁၇၀)အေဒီတွင် ရေးထိုးသည့် အခြားကျောက်စာတစ်ချပ်တွင်လည်း ရန္တာပစ္စည်း မယားတို့က မိဘလက်ထက်ပစ္စည်းဖြင့် မဟုတ်ဘဲ မိမိတို့၏ လုပ်အားဖြင့်ရရှိသော သီးနှံတို့ဖြင့် ကျွန်(၁၈)ယောက်တို့ကို လှူဒါန်းသဖြင့် အနုမောဒနာပြုပုံကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



(၁၂၇၁)အေဒီတွင် ရေးထိုးသည့် ကျောက်စာတစ်ချပ်၌ ဤသို့ လှူဒါန်း၍ရရှိသော ကုသိုလ်အဖို့ကိုလည်း လှူဒါန်းခံရသော ကျွန်များအား မျှဝေပေးကြောင်းကို ရေးထိုးထားသည်။

သက္ကရာဇ် (၆၃၃)ခု သီတင်းကျွတ် လဆုတ် (၁၅)ရက်၊ ကြာသပတေးနေ့၌ ပေညာသင်က မိမိ၏ ကျွန်များဖြစ်သော ငရခိုင်နှင့် ငသောင်ဂါတို့အားလုံး အဝီစိငရဲမှ ကျွတ်စေခြင်းငှာ ဘုရားကျွန်အဖြစ် လှူဒါန်းသည်။

တစ်ပါးမည်သောအရပ်တွင် ပေညာ၏ တင်ပါးကို ခေါင်းခုပြု၍ နားနေသော ကျွန်ုပ်တို့ကလည်း ထိုလှူဒါန်းမှုကို ဝမ်းမြောက်ဝမ်းသာ ခံယူသည်ဟု ရေးထိုးထားသည်။

ကျွန်များကို လှူဒါန်းရာတွင် အထင်ရှားဆုံးအဖြစ်အပျက်မှာ နရပတိစည်သူမင်းလက်ထက် အဘိနန္ဒသူ အမတ်၏ အလှူဖြစ်သည်။

အဘိနန္ဒသူအမတ်သည် တိုင်ချွတ်ဘုရားကို ရွှေချပြီးနောက် မိမိနှင့်တကွ မယား၊ သားနှစ်ယောက်နှင့် ကျွန်များအားလုံးကို ဘုရားသို့ လှူခဲ့လေသည်။

ဘုရားကျွန်တို့ကို လူမှုအသိုင်းအဝိုင်းတွင် တစ်မျိုးတစ်ဖုံ မြင်နေကြခြင်းမှာ " ဘုရားကျွန်ဟူသည် မူလအစက စစ်ပွဲတွင် ဖမ်းဆီးရမိသူ (သို့မဟုတ်) သေဒဏ်အစား ကျွန်ပြုခံရသည့် ရာဇဝတ်ကောင်များဖြစ်သည်" ဟု ယူဆသောကြောင့်ဖြစ်သည်။

သို့ရာတွင် ထိုဖွင့်ဆိုချက်သည် မပြည့်စုံပါ။ ရိုးရိုးကျွန်သည် ယာယီမျှသာ ကျွန်ခံရခြင်းဖြစ်ပြီး ငွေကြေးဖြင့် ပြန်ရွေးနှုတ်





ချင် ကျွန်အဖြစ်မှ လွတ်မြောက်နိုင်သည်။

ဘုရားကျွန်မှာမူ သူ့တစ်သက်တွင်သာမက သားစဉ်မြေးဆက် ဘုရားကျွန်ဖြစ်သွားရပေတော့သည်။ ထို့ပြင် ဘုရားကျွန်မှာ ဘုရားမှစွန့်သော ဆွမ်းတော်တို့ကို လာ၍ကောက်ကြသည့် ကိုယ်ရေရောဂါသည်များ၊ အခြားရောဂါသည်များနှင့် အမြဲလို ဆက်ဆံနေရသဖြင့် တစ်ပန်းရှုံးနေသည်။

ဤသို့သော အခြေအနေကြောင့် ဘုရားကျွန်နှင့် ကိုယ်ရေရောဂါတို့ကိုတွဲလျက် စဉ်းစားထင်မြင်သည့် မှားယွင်းသော အတွေးအခေါ် ပေါ်လာတော့သည်။

ရှေးအခါက အောက်မြန်မာပြည်တွင် ဘုရားကျွန်မှ ဆင်းသက်လာသည့် သူတစ်ဦးသည် အရည်အချင်းရှိပြီး ထင်ရှားသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။

သူသည် ကိုယ်ရေရောဂါသည် တစ်ဦးဖြစ်မည်စိုးသဖြင့် တစ်နှစ်လျှင် တစ်ကြိမ်ဘုရားသို့ တိတ်တဆိတ်သွားကာ ဆွမ်းတော်စွန့်ကို စားရသည်ဟု တိုးတိုးတိတ်တိတ် ပြောဆိုသည့် စကားများ ရှိခဲ့ဖူးသည်။

ဘုရားကျွန်မျိုးရိုးမှ ဆင်းသက်လာသော ထိုသူသည် ချမ်းသာကြွယ်ဝသည့် ပညာတတ်တစ်ဦး ဖြစ်သော်လည်း မည်သည့် မြန်မာလူမျိုးကမှ သူ့ကိုဆက်ဆံခြင်း မပြုကြပေ။

ကိုလိုနီခေတ်က ဖြစ်ရပ်တစ်ခုရှိခဲ့သည်။

ဘုရားကျွန်မှ ဆင်းသက်လာသည့် မြန်မာမိန်းကလေးတစ်ယောက်ကို လက်ထပ်ခဲ့သည့် အင်္ဂလိပ်တစ်ယောက်သည်



www.burmeseclassic.com

www.burmeseclassic.com



သူ၏သားငယ်ကို ကျောင်းအပ်သည်။

ကျောင်းတက်ရက်ကြာသော် ထိုကလေး၏ မျိုးရိုးဇာတ် ကို သိသွားကြသဖြင့် ကျောင်းသားသူငယ်ချင်းများက သူနှင့် တူ မထိုင်ကြတော့ပေ။ ကျောင်းသားမိဘများက ကန့်ကွက်ကြ ဖြင့် ထိုကျောင်းသားငယ်သည် ကျောင်းထွက်ခဲ့ရသည်။

မြန်မာပြည်တွင် ကိုလိုနီခေတ်က ဘုရားကျွန်သွေး သော လူတစ်ယောက်ကို အစိုးရအရာရှိ ခန့်မိသည့်အတွက် ပြဿနာဖြစ်ရသည်မှာလည်း အကြိမ်ကြိမ် ရှိခဲ့သည်။

မြန်မာလူမျိုးသည် အခြားကိစ္စများတွင် စိတ်ရှည်သည် ခံလေ့ ရှိသော်လည်း ယခုကိစ္စတွင်ကား သဘောထား မပြေ ပျောင်းပေ။ ဘုရားကျွန်တွင် မြန်မာပြည်တွင် နိမ့်ကျသည့်နေရာ မှလွဲ၍ အခြားမည်သည့်နေရာမျှ မရှိဟုပင် ဆိုရပေမည်။

ထိုသို့ ဂုဏ်နိမ့်ကျခြင်းသည် ပစ္စည်းဥစ္စာရှိခြင်း မရှိခြ နှင့် မည်သို့မျှမသက်ဆိုင်ပါ။

ပုဂံဘုရားများအား လှူဒါန်းသော မြေများသည် ဘုရား ကျွန်များအတွက် ရည်စူးလှူဒါန်းသော မြေများဖြစ်သည်။

(၁၇၈၅)အေဒီတွင် ရေးထိုးသည့် ဘိုးတော်ဘုရား ကျောက်စာတစ်ချပ်ကို လေ့လာဖတ်ရှုရခြင်းဖြင့် ဘုရားကျွ များတွင် မြေပိုင်ဆိုင်ခွင့်ရှိသည်ကို တွေ့ရသည်။

မြေပိုင်ခွင့်နှင့် ပတ်သက်၍ အငြင်းပွားမှုများ ရှိခဲ့သည်

ထိုနည်းတူစွာ မြေမှထွက်သည့် ပစ္စည်းများကို အသုံး ရေးနှင့်ပတ်သက်၍ အငြင်းပွားမှုများပေါ်ပေါက်ခဲ့သည်။





စစ်ကိုင်းမင်းလက်ထက်၌ ပုဂံမြို့ဝန်က ဇေယျနံဘုရား ည် ရွှေစည်းခုံဘုရား မဟုတ်သောကြောင့် မြေယာများကို န်ရရန် ဘုရားကျွန်များကို တရားစွဲဆိုခဲ့သည်။

သက္ကရာဇ် (၁၁၂၄)ခုနှစ် တော်သလင်း လဆုတ် (၁၄) က်နေ့တွင် တရားစီရင်ရာ မြို့ဝန်ရှုံးသွားသည်။

ထို့ပြင် ဆင်ဖြူရှင်မင်းလက်ထက်တွင်လည်း ပုဂံမြို့ဝန် င့် ညောင်ဦးသူကြီးတို့က တစ်ဖက်၊ ဘုရားကျွန်များက တစ် က် အချင်းဖြစ်ပွားကြသည်။

ဘုရင်က ဘိုးစံအလွတ်ဆရာတော်အား ဆုံးဖြတ်ပေး န် လျှောက်ထားသည်။

သာသနာပိုင်က မြေယာနှင့်ပတ်သက်သည့် အထောက် အထား မှတ်တမ်းများကို စစ်ဆေးပြီး သက္ကရာဇ် (၁၁၃၄)ခု၊ ဆုန်လဆုတ် (၁၃)ရက်နေ့တွင် ဘုရားကျွန်များကို အနိုင်ပေး ဖြတ်သည်။

အလားတူပင် အမရပူရမြို့တည် မင်းတရားကြီးက ည်း အထက်ပါစီရင်ဆုံးဖြတ်ချက်များကို လက်ခံကာ တောင် (၄၉၀၀)ရှိသော မြေယာတို့ကို ရွှေကရားဖြင့် ရေစက်သွန်း လှူဒါန်းတော်မူသည်။

"ဘုရားအား နေ့စဉ် ဆွမ်း၊ ဆီမီး ကပ်လှူပူဇော်ခြင်း၊ ပြင်ထိန်းသိမ်းခြင်းတို့ကြောင့် ဘုရားကျွန်တို့အား ထိုလယ်မြေ ထွက်သမျှ သီးနှံတို့ကို ခံစားရန် ဆုံးဖြတ်သည်" ဟု ကျောက် တွင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားကျွန်များနှင့်ပတ်သက်၍ အယူသီးပုံကို ပုဂံခေ
ကျောက်စာများတွင် ရေထိုးသည့် ကြောက်စဖွယ် ကျိန်စာများ
ဖတ်ကြည့်ကာ သိနိုင်သည်။

ဘုရားကျွန်နှင့် မြေတို့ကို ထာဝရ လှူဒါန်းခြင်းကို ဖျက်ဆီးရဲသူတို့အား ကျိန်စာတိုက်ထားသည်။

စိတ်ထားနူးညံ့၍ ဘာသာတရား ကိုင်းရှိုင်းသူ၊ ပုဂံမှူး
တစ်ဦး၏ မယားဖြစ်သူ ကင်္ဂသူ မယား၏ ကျိန်စာကို လေ့လာ
ကြည့်နိုင်ရန် ဖော်ပြပါမည်။

"ဤဘုရားကျွန်တို့ကို ဖျက်ဆီးနှောင့်ယှက်သူ ဘုရင်
တိုင်းသူပြည်သား ဘုန်းကြီးနှင့်ဒကာ၊ မိန်းမနှင့်ယောကျာ်း
သူမဆို လူဖြစ်လျှင် လူညွန့်တုံး၍ အသက်တိုစေသတည်း။

ရေ၊ မီး၊ မိုးကြိုး၊ ပုဆိန်၊ ဆင်၊ မြင်း၊ မြွေ၊ ကျား
မျောက်ဝံတို့၏ရန်ကြောင့် အစိမ်းသေ သေစေသတည်း။

သို့မဟုတ် သွေးစိမ်းပွက်ပွက်အန်၍ ကုမရသော
ဖြင့် သေစေသတည်း။ သေသည်၏ အခြားမဲ့၌လည်း
အဝီစိငရဲ၌ လောင်စေသတည်း။ နောင်ပွင့်သည့် ဘုရား
ဖူးတွေ့နိုင်သောအခွင့် ဆုံးရှုံးစေသတည်း။ ကံကောင်း၍
အဖြစ် ပြန်လည်မွေး ဖွားလာလျှင် နူနာစွဲစေ၊ ခြေကျိုး
ပြတ်ဖြစ်စေ၊ မျက်စိကန်းစေ၊ နားထိုင်းစေ၊ ဆွံ့အစေ။

သူတို့ပြုသော အကုသိုလ်ကြောင့် အစဉ်အဆက်
ကျန်းဖြစ်စေ၊ ဤမြေကြီးအောက်တွင် ပြိတ္တာ အသူရကာယ်
စေသတည်း။"





နန်းတောင်းများမင်း၏ ကျိန်စာကိုလည်း လေ့လာနိုင်ပါသေးသည်။

"ငါ၏အလှူကို ဖျက်ဆီးသူ၊ နှောင့်ယှက်သူသည် ရက်ပေါင်းခြောက်ဆယ်ခရီးအကြာ သွားရသော အကျယ်ရှိသည့် ကျောက်ဆောင်၌ ခါးလည်ထိနစ်၍ နေသူကဲ့သို့ ခံစားရစေသတည်း။ ဗုဒ္ဓဘုရားသုံးဆူ ဆက်တိုက်ကယ်တင်သော်လည်း မလွတ်သူ ဖြစ်စေသတည်း။"

"ဘုရားကျွန်. . .

အို ခရစ်တော်. . ငရဲတွင်သာလျှင် ထာဝရ ဆူပွက်၊ သူ့ကိုလှောင်ပြောင်ရယ်ကာရန် ကျွန်လည်း ငရဲတွင် အမြဲရှိစေ"

ဟူသော စာပိုဒ်များလည်း ရေးသားထားခဲ့ကြသည်။ ဒေါက်တာမင်းထင်ကျော်က ကော်ဖီကို အပြီးသပ်မော့သောက်ပြီး လက်ဖက်ရည်ကြမ်းတစ်ခွက်ကို အေးအေးဆေးဆေး သောက်နေလေသည်။

"ကိုမင်းထင်ကျော် ပြောတဲ့မှတ်တမ်းထဲမှာ ဘုရားကျွန်မျိုးနွယ်တွေဟာ ဆွမ်းတော်စွန့်တာတွေကို စားသောက်ကြရတယ်၊ မရရင် တောင်းရမ်းစားသောက်ကြရမှာပေါ့နော်"

"ဒီနည်းပဲရှိမှာပေါ့ မသီရိဝေရယ်၊ သူတို့က အလုပ်လုပ်ခိုင်းပေမယ့် ခိုင်းမယ့်သူမရှိ၊ ခေါ် ပြောဆက်ဆံမယ့်သူ မရှိသော်လည်း ဝမ်းဝဖို့အတွက်တော့ တောင်းရမ်းစားသောက်ကြရမှာပေါ့၊ နောက်ပိုင်းကျတော့ အယူစွဲတစ်ခု ဖြစ်လာပုံရပါတယ်"

"ဘယ်လိုအယူအစွဲမျိုးလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ဟာ စားနိုင်သောက်နိုင်ဘဝမျိုး ရှိနိုင်ပေမယ့် လည်း ဓလေ့ထုံးစံမပျက် ထွက်တောင်းနေရတာမျိုးတွေရှိတယ် အဲဒီလိုမှမတောင်းရင် ကျိန်စာသင့်ပြီး နူတာတို့၊ ဘေးအန္တရာယ် ဆိုးတွေနဲ့ တွေ့ရတယ်လို့ ယုံကြည်စွဲလမ်းမှုမျိုးပေါ့"

"တကယ်ကို ကြောက်စရာကောင်းတဲ့ ဘဝမျိုးတွေပါပဲ အရင်တစ်ခေါက် ကိုမင်းထင်ကျော်ပြောသွားသလိုပါပဲ ယောကျ် လေးပဲဖြစ်ဖြစ်၊ မိန်းကလေးတွေပဲဖြစ်ဖြစ် ဘဝတစ်သက်လုံ လက်တွဲဖော်ရွေးတော့မယ်ဆိုရင်တော့ ဒီအချက်တွေကိုလည် သေသေချာချာ လေ့လာပြီးမှ ဆုံးဖြတ်သင့်တာပေါ့နော်"

"မှန်ပါတယ်၊ ဆုံးဖြတ်ချက်မှားသွားပြီးရင် တစ်သ လုံး ရေတိမ်နစ်တဲ့ဘဝမျိုးရောက်မှာ အသေအချာပါပဲ"

"ကျွန်မကို အခုလိုပြောပြပေးတာ ကျေးဇူးတင်ပါတ ကိုမင်းထင်ကျော်ရယ်"

ထိုသို့ စကားပြောနေကြစဉ် သူတို့ရှိရာသို့ မောင်မော ကြီး ရောက်လာလေသည်။

သူ့မျက်နှာပေါ်မှာ မကျေနပ်မှုများ ပေါ်နေလေသည်

"ကိုယ်ဖြင့်လိုက်ရှာလိုက်ရတာ ကျောင်းဝင်းတစ်ခုလုံ နှံ့နေပြီ၊ သီရိက ဒီမှာရောက်နေတာကိုး"

"ဒီမှာ စကားပြောနေတာပါ၊ သူ့နာမည်က ကိုမင်းထ ကျော်လို့ ခေါ်ပါတယ်၊ ကိုမင်းထင်ကျော် သူက ကျွန်မမိတ်ဆွေ ကိုမောင်မောင်ကြီးပါ"

မောင်မောင်ကြီးက မဲ့ပြုံးပြုံးလိုက်ရင်း . . .





"သူ့ကိုသိပါတယ်၊ အိမ်ကိုတောင် တစ်ခေါက်လာသွား သးတာပဲ၊ ပုလိပ်အဖွဲ့က မဟုတ်လား" ဟု မေးလိုက်သည်။

"ကျွန်တော်က ပုလိပ်မဟုတ်ပါဘူး၊ ဒေါက်တာဘွဲ့ယူ ားပြီး သုတေသနကိစ္စတွေ လုပ်နေတာပါ"

ထိုသို့ပြောလိုက်သဖြင့် မောင်မောင်ကြီးမှာ ပါးစပ်အ ောင်းသား ဖြစ်သွားလေသည်။

"ဟုတ်ရဲ့လားဗျ"

"ဟုတ်ပါတယ်၊ အခုတောင် ဘုရားကျွန်တွေနဲ့ ပတ် တ်ပြီး သုတေသနလုပ်နေတာပါ၊ ကိုမောင်မောင်ကြီးက ပုဂံ တ်မှာ နေခဲ့ဖူးတာဆိုတော့ ဘုရားကျွန်တွေအကြောင်းတော့ မှာပေါ့"

"အို . . မသိပါဘူး၊ ဒီအကြောင်းတွေကို စိတ်လည်းမဝင် ပါဘူး၊ ကဲ . . ဝေ သွားကြရအောင်"


ဟုပြောရာ သီရိဝေလည်း ဒေါက်တာမင်းထင်ကျော်ကို ်ဆက်ပြီးနောက် မောင်မောင်ကြီးနှင့်အတူ ထွက်သွားလေ ာ့သည်။

ဒေါက်တာမင်းထင်ကျော်ကတော့ သူတို့နှစ်ယောက်ကို ်းကြည့်ရင်းနှင့် သဘောကျစွာဖြင့် တစ်ချက်ပြုံးလိုက်လေ ာ့သည်။



www.burmeseclassic.com

www.burmeseclassic.com







# အခန်း (၁၀)

# မေရိကျော်နှင့် သေမင်းတမန်တော်

သီရိဝေတို့ မိသားစုများက ငွေကြေးပြည့်စုံသော်လည်း ရိုးရိုးအေးအေး နေကြသူများဖြစ်ကြသည်။ မိဘများဖြစ်သော ဦးပြည့်စုံနှင့် ဒေါ်ခင်ဝေတို့ကလည်း စိတ်သဘောဖြူစင်အေး ချမ်းကြသည်။

သီရိဝေနှင့်အစ်ကိုဖြစ်သူ ခင်မောင်ဝေတို့ကလည်း စိတ်သဘောကောင်းကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ခင်မောင်ဝေလက်ထပ်ယူလိုက်သော "မေရီကျော်" ဆိုသော အမျိုးသမီးကတော့ သူတို့မိသားစုနှင့် စရိုက်မတူလှပေ။

အင်္ဂလိပ်သွေးပါသူ တစ်ဦးဖြစ်ပြီး•ဘာသာချင်းလည်း မတူပေ။ ခင်မောင်ဝေ၏ မိဘများကတော့ မေရီကျော်နှင့်လက်ထပ်ခြင်းကို သဘောမကျကြပေ။

သို့သော် သားဖြစ်သူ စိတ်ဆင်းရဲမှာစိုးသောကြောင့် ခွင့်လွှတ်ပေးခဲ့ကြသည်။ ခင်မောင်ဝေကတော့ ဖခင်ဖြစ်သူ ဖွင့်ထားသော ပွဲရုံမှာ လုပ်ကိုင်နေသော်လည်း မေရီကျော်ကတော့ ထိုသို့မဟုတ်ပေ။

ပါတီပွဲတက်လိုက်၊ ဘုရားရှိခိုးကျောင်းသွားလိုက် အပြင်မိတ်ဆွေများနှင့်ချိန်းပြီး ဖဲကစားသည့်အခါ ကစားသည်။

သူမသည် ဖဲကစားခြင်းကို များစွာဝါသနာပါသူဖြစ်သည်။ နိုင်လာသည့်အခါ ရသောငွေများကို အပေါင်းအသင်းများနှင့် ဖောဖောသီသီ သုံးလေ့ရှိပြီး၊ ဖဲရှုံးလာလျှင်တော့ ခင်မောင်ဝေထံမှ အပူကပ်ပြီး တောင်းယူလေသည်။

ခင်မောင်ဝေမှာ ရိုးရိုးအေးအေး နေတတ်ပြီး အလုပ်မှလွဲပြီး ကျန်တာများကို စိတ်မဝင်စားလှပေ။

ထို့ပြင် မေရီကျော်ကိုလည်း များစွာချစ်သဖြင့် ပြောဆိုသမျှ လိုက်လျောပေးလေ့ရှိသည်။

တစ်ခါတစ်ရံမှသာ ပြောလေ့ရှိသည်။

"မေရီ မင်း. . အဲသည်လို ဖဲဝိုင်းတွေသွားပြီး ကစားနေ





တာ မကောင်းပါဘူး၊ ဖေဖေနဲ့မေမေတို့ကလည်း မနှစ်သက်ကြဘူး၊ ဒီတော့ တခြားအလုပ် မလုပ်ချင်သေးရင်လည်း အိမ်မှာပဲ အေးအေးနေပါလား"

ဟုပြောသည်။

"အို. . မောင်ကလည်း အိမ်မှာနေတော့လည်း မောင့်ရဲ့ မိဘတွေက ကျွန်မကို အရေးလုပ်ကြတာမှ မဟုတ်တာ၊ ဒီတော့ မောင်မရှိတဲ့အချိန်တွေမှာ အပြင်ထွက်နေတာပဲ ပိုကောင်းပါတယ်"

ဟု မကျေနပ်သောအသံမျိုးဖြင့် ပြန်ပြောလေသည်။

"အိမ်မှာမနေချင်လည်း မောင်အလုပ်လုပ်တဲ့ ပွဲရုံမှာ လာနေပါလား"

"အို မလာချင်ပါဘူး၊ တစ်နေကုန် ဘာအလုပ်မှ မရှိဘဲနဲ့ ပျင်းစရာကြီး"

ဟု ပြောသဖြင့် ခင်မောင်ဝေလည်း ဘာမှထပ်မပြောတော့ပေ။

တစ်နေ့တော့ မေရီကျော်က ခင်မောင်ဝေနှင့်တွေ့သောအခါ ပြောပြလေသည်။

"မောင့်ကို အံ့သြစရာကောင်းတာ တစ်ခုပြောပြရဦးမယ်"

"ဘာလဲ"

"ကျွန်မဒီနေ့ ဘိန်းရုံတန်းဘက်က အခန်းတစ်ခန်းမှာ မိတ်ဆွေတွေနဲ့ဖဲချပြီး ပြန်ထွက်လာတော့ လူတစ်ယောက် တွေ့



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တယ်”

“ဘယ်သူများလဲ”

“မောင်တို့မိသားစုနဲ့ အတော်ကလေး ရင်းနှီးခင်မင်တဲ့ ဦးဥက္ကာဆိုတဲ့လူကြီးကို အမှတ်မထင်တွေ့ခဲ့တယ်”

“ဟုတ်ရဲ့လား၊ လူများမှားနေလို့လား၊ ဒါမှမဟုတ် လူတူတာများလား”

“မမှားပါဘူး မောင်ရဲ့၊ သူက အိမ်လည်းလာဖူးတာပဲ ကျွန်မသူ့ကို သေသေချာချာ မှတ်မိပါတယ်၊ ဘိန်းရုံတန်းမှာရှိတဲ့ အပေါ်ထပ်အခန်းထဲက ထွက်လာတာကို တွေ့လိုက်ရတယ်”

“အဲဒီနေရာမှာ ဘာလုပ်တဲ့အခန်းတွေ ရှိတာလဲ”

“ဘိန်းစားတွေ ဘိန်းရှူတဲ့အခန်းတွေနဲ့ ဖဲချတဲ့အခန်းတွေ ရှိကြတယ်၊ တချို့ကလည်း အခန်းငှားပြီး နေကြတာတွေ ရှိကြတယ်”

ခင်မောင်ဝေမှာ ယုံရအခက်၊ မယုံရအခက်နှင့် ဇဝေဇဝါ ဖြစ်သွားလေသည်။

“ဦးဥက္ကာဆိုတာ ဖေဖေတို့နဲ့ခင်မင်ပါတယ်၊ သူတို့က ဟံသာဝတီဘက်မှာ နေကြတယ်၊ ငွေကြေးဥစ္စာလည်း ပြည့်စုံကြပါတယ်၊ ဦးဥက္ကာက ကမ်းနားလမ်းဘက်မှာ အောင်ချမ်းသာ တဲ့ ပွဲရုံတစ်ရုံကို မြိတ်ဘက်က သူဌေးတစ်ဦးနဲ့ စုစပ်လုပ်နေတယ် အဲဒီလိုနေရာမျိုးကို သွားစရာအကြောင်းမရှိပါဘူး၊ သူက လူကြီး လူကောင်းတစ်ယောက်ပဲ”

ထိုစကားကြောင့် မေရီကျော်က သဘောကျစွာရယ်





လိုက်လေသည်။

“မောင်တို့မိသားစုတွေက အတော့်ကို ရိုးသားကြတာပဲ၊ နောက်ပြီး လူတွေကိုလည်း အတော်ကလေး ယုံကြည်ပြီး အထင်ကြီးကြတယ်”

ထိုစကားကြောင့် ခင်မောင်ဝေက မျက်လုံးပြူးကြီးဖြင့် ကြည့်နေသည်။

“လောကကြီးမှာ လူတွေကိုအထင်ကြီးလွန်းရင်၊ ဒါမှမဟုတ် ယုံကြည်လွန်းရင်ပဲဖြစ်ဖြစ် အလိမ်ခံရတတ်တယ်၊ တစ်နည်းအားဖြင့်တော့ လူတွေဟာ တစ်နည်းနည်းနဲ့ ဟန်ဆောင်ဖုံးကွယ်နေကြတာ များပါတယ်”

“ဘာပဲဖြစ်ဖြစ်ပေါ့ မေရီအနေနဲ့ အဲဒီလိုနေရာမျိုးတွေ သွားလာနေတာတော့ မကောင်းပါဘူး”

“ကျွန်မက ဝါသနာပါလို့ အခုလိုသွားလာနေပေမယ့် ကျွန်မရဲ့ ကိုယ်ကျင့်တရား ပျက်ပြားစေမယ့် အလုပ်မျိုးတော့ ဘယ်တော့မှ မလုပ်ပါဘူး၊ နောက်ပြီး မောင့်အပေါ်မှာလည်း ဘယ်တော့မှ သစ္စာမပျက်ပါဘူး”

ဟု ပြောလိုက်ရာ ခင်မောင်ဝေမှာ အကျေနပ်ကြီး ကျေနပ်သွားလေတော့သည်။

နောက်တစ်ပတ်ခန့်ကြာတော့ မေရီကျော်တစ်ယောက် ဘိန်းရုံတန်းဘက်သို့တစ်ခေါက် ရောက်သွားပြန်လေသည်။

သူမ ရောက်သွားသောအချိန်မှာ နံနက်(၁၀)နာရီကျော်ကျော်ခန့်ပင် ရှိသေးသောကြောင့် လူမရှုတ်လှသေးပေ။



www.burmeseclassic.com

www.burmeseclassic.com



ဖဲချမည့်အခန်းသို့ ချိန်းထားသောသူများ စုံလင်စွာမရောက်သေးသောကြောင့် စောင့်နေရစဉ် မေရီကျော်က အခန်းပေါက်ဝမှာရပ်ကာ စီးကရက်တစ်လိပ်သောက်နေစဉ် မနီးမဝေးအခန်းထဲမှ သူတောင်းစားတစ်ယောက် ထွက်လာပြီး အောက်ထပ်သို့ ဆင်းသွားလေသည်။

ဝတ်စားဆင်ယင်ပုံတို့အပြင် လွယ်အိတ်ဟောင်းကြီးနှင့် တောင်ဝှေးစသည်တို့ပါသဖြင့် မြင်ရုံနှင့်ပင် သူတောင်းစားမှန်း သိသာလှပေသည်။

ထိုအချိန်မှာပင် ထိုအဆောက်အဦးမှာ အမြဲနေသော ဖဲချဖော်တစ်ဦး ရောက်လာသဖြင့် မေးကြည့်လိုက်သည်။

"စောစောက အောက်ထပ်ကိုဆင်းသွားတာ သူတောင်းစားတစ်ယောက်မဟုတ်လား"

"ဟုတ်တယ်လေ အဲဒါ သူငှားနေတဲ့အခန်းပဲ၊ သူတောင်းစားဆိုပြီး အထင်မသေးလိုက်နဲ့နော်၊ ဝင်ငွေကောင်းပုံ ရတယ်၊ မြို့လယ်မှာ အခန်းငှားနေနိုင်တာသာ ကြည့်ပေတော့"

မေရီကျော်က အနည်းငယ် အံ့ဩသွားလေသည်။

"နောက်ပြီး အဲဒီသူတောင်းစားက နယ်နယ်ရရ မဟုတ်ဘူး၊ မြို့လယ်ခေါင်နေရာတွေမှာ သူတောင်းချင်တဲ့နေရာမှာ တောင်းပေမယ့် ပုလိပ်အဖမ်းမခံရဘူး၊ သူ့နာမည်က မာဒင်ဆိုလားပဲ"

"မာဒင် ဟုတ်လား"

ထိုအမျိုးသမီးက ခေါင်းညိတ်ပြပြီး အနားမှထွက်သွား





လေသည်။

ထို့နောက်မှာ ချိန်းထားသူများ တစ်ယောက်ပြီးတစ်ယောက်ရောက်လာပြီး လူစုံပြီဖြစ်သောကြောင့် ဖဲဝိုင်းစတင်ကြရာ မေရီကျော်လည်း ထိုအကြောင်းများ မေ့သွားလေတော့သည်။

ဖဲဝိုင်းမှာ ပိုကာဆွဲသော ဝိုင်းဖြစ်ပြီး ကြေးကြီးသဖြင့် ဂေါက်လုံးထားကြလေသည်။

တစ်နေကုန်ဆွဲလျှင် အနိုင်အရှုံးက ရာဂဏန်းအထိရှိရာ တော်ရုံလူတို့ အနားမကပ်ဝံ့သော ဝိုင်းမျိုးဖြစ်သည်။

ညနေ ပိုင်း(၅)နာရီခန့်ရောက်တော့မှ ဖဲဝိုင်းသိမ်းပြီး လူစုခွဲကြလေသည်။

မေရီကျော်လည်း အများနှင့်ရောနှောပြီး စင်္ကြန်လမ်းမှ လျှောက်လာရာ သူတောင်းစားမာဒင်နေသော အခန်းရှေ့ရောက်တော့ သတိရသဖြင့် တစ်ချက်လှည့်ကြည့်လိုက်သည်။

ထိုအခိုက်မှာပင် အခန်းထဲမှ လူတစ်ယောက်အပြင်သို့ ထွက်လာလေသည်။ အခြားသူမဟုတ်ပေ၊ ဦးဥက္ကာပင်ဖြစ်သည်။

ဦးဥက္ကာကိုမြင်တော့ မေရီကျော်က မသိဟန်ဆောင်ပြီး မျက်နှာလွှဲသွားလေသည်။

ပြီးမှ အောက်ထပ်သို့ ခတ်သုတ်သုတ် ဆင်းလာခဲ့လေသည်။ ဒီတစ်ခါတော့ သူမအနေနှင့် မျက်စိမမှားနိုင်တော့ပေ။

အနီးကပ်တွေ့ရခြင်းပင် ဖြစ်သည်။ သူမက မျက်နှာလွှဲသွားသော်လည်း ဦးဥက္ကာကလည်း သူမကို မြင်လိုက်ဟန်



www.burmeseclassic.com

www.burmeseclassic.com



တူပေါ်သည်။ ထိုအကြောင်းကိုတော့ မေရီကျော်က ခင်မောင်ဆေ အား ပြောပြထားလေသည်။

နောက်ဆုံးရက်လောက်ကြာတော့ အောင်ချမ်းသာပွဲရုံ သို့ ဧည့်သည်တစ်ယောက် ရောက်လာလေသည်။

ထိုအချိန်တွင် ဦးဥက္ကာလည်း ပွဲရုံအတွင်းမှာရှိနေခိုက် ဖြစ်လေသည်။ ရောက်လာသူမှာ အမျိုးသမီးတစ်ယောက်ဖြစ်ပြီး ခေတ်ဆန်လှစွာ ဝတ်စားဆင်ယင်ထားလေသည်။

သူမက ဦးဥက္ကာနှင့်တွေ့လိုကြောင်း ပြောသောအခါ ဦးဥက္ကာက ဧည့်ခန်းတွင်းသို့ ခေါ်တွေ့လေသည်။

"ကျွန်မကို မှတ်မိတယ် မဟုတ်လား"

အခန်းတွင်းရောက်တော့ ထိုအမျိုးသမီးက မေးလိုက် သည်။

"မင်း ဦးပြည့်စုံရဲ့ ချွေးမ မဟုတ်လား"

"ဟုတ်ပါတယ်ရှင်၊ ကျွန်မနာမည် မေရီကျော်လို့ ခေါ် တယ်"

ဦးဥက္ကာက ရှေ့သို့ ကိုယ်ကိုကိုင်းပြီး. . .

"မင်း ဘာလာလုပ်တာလဲ"

ဟု မေးလိုက်သည်။

ထိုအခါ မေရီကျော်က တစ်ချက် ပြုံးလိုက်ပြီး. . .

"ကျွန်မဖဲဝိုင်းမှာ အထိများနေလို့ အဲဒါ ဦးဥက္ကာဆီက ငွေလိုချင်လို့လာတာပါ။ ဦးဥက္ကာနဲ့ ကျွန်မယောက္ခမကြီးတွေနဲ့ အသိအကျွမ်းတွေ ဖြစ်နေကြတော့၊ နောက်ပြီး တစ်နေ့ကျ





သားရေးသမီးရေး ကိစ္စလေးတွေကလည်း ရှိလာနိုင်တာဆို တော့. . ."

ဟု ပြောကာ စကားကိုရပ်ထားလိုက်သည်။

ဦးဥက္ကာက ချက်ချင်းသဘောပေါက်သွားသော အမူအ ရာဖြင့် တိုးတိုးပြန်မေးလိုက်သည်။

"ငွေက ဘယ်လောက်လိုနေလို့လဲ"

မေရီကျော်က လက်ငါးချောင်း ထောင်ပြလိုက်သည်။

"ငါးရာလောက်ပါပဲ"

ဦးဥက္ကာ့ခမျာ မျက်လုံးပြူးသွားလေသည်။

"ငါးရာတောင် များလှချည်လား"

"မများပါဘူးရှင်၊ ဂုဏ်သရေရှိတဲ့ ပွဲရုံပိုင်ရှင်သူဌေး တစ်ယောက်က ဘိန်းရုံတန်းမှာ အခန်းငှားနေတဲ့ သူတောင်းစား တစ်ယောက်နဲ့ ပတ်သက်နေတဲ့အကြောင်းကိုတော့ ဘယ်သူမှ သိခံချင်မှာ မဟုတ်ပါဘူး၊

အထူးသဖြင့်တော့ ကျွန်မယောက္ခမတွေ မသိရင် ပို ကောင်းတာပေါ့၊ မဟုတ်ရင် မကြာခင်အဆင်ပြေတော့မယ့် သား ရေးသမီးရေးကိစ္စတွေပါ ထိခိုက်သွားလိမ့်မယ်"

ထိုစကားကြောင့် ဦးဥက္ကာမျက်နှာမှာ နီရဲတက်လာလေ သည်။

"မင်းက ငါ့ကိုလာပြီး အကျပ်ကိုင်နေတာလား၊ ဒါမှမ ဟုတ် ငွေညှစ်နေတာလား"

ဟု ဒေါသသံဖြင့် မေးလိုက်သည်။ မေရီကျော်က တစ်



www.burmeseclassic.com

www.burmeseclassic.com



ချက်ပြုံးလိုက်သည်။

"ကျွန်မက ငွေညှစ်နေတာ မဟုတ်ပါဘူး၊ မိတ်ဆွေ
တစ်ယောက်ဆီမှာ အကူအညီလာတောင်းတာပါ"

ထိုသို့ပြောလိုက်သောအခါ စိတ်ကိုလျှော့ချလိုက်ဟ
ဖြင့် သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကောင်းပြီလေ မင်းလိုနေတဲ့ငွေကို ငါပေးလိုက်ပါမယ်
ဒါပေမယ့် ဒီကိစ္စအတွက်တော့ တစ်နေ့ကျရင် မင်းနောင်
ရသွားပါလိမ့်မယ်"

ဦးဥက္ကာက အေးဆေးသောအမူအယာဖြင့် ပြန်ပြေ
လိုက်ပြီး အံဆွဲထဲမှာရှိသော ငွေများထဲမှ ငွေငါးရာကို ရေတွ
ပြီး မေရီကျော်ကို လှမ်းပေးလိုက်သည်။

"ကျွန်မအဆင်ပြေလာရင် ဦးဥက္ကာရဲ့ငွေကို ပြန်လာ
ပါ့မယ်"

ဟု ပြောကာ ငွေကိုယူပြီးနောက် အခန်းထဲမှပြန်ထွ
သွားလေတော့သည်။

မေရီကျော်ကတော့ ဖဲဝိုင်းမှာတင်နေသည့် အကြွေးမျ
ကို ပေးနိုင်တော့မည်ဖြစ်သည်ကတစ်ကြောင်း၊ သူမ အတွ
တော့ မမျှော်လင့်ဘဲ ငွေရပေါက်တစ်ခု ပေါ်လာသဖြင့် အ
နပ်ကြီး ကျေနပ်နေမိတော့သည်။

သို့သော်လည်း တစ်ပတ်ခန့်ကြာသောအခါမှာ
သူမအတွက် ကြောက်စရာကောင်းသော အန္တရာယ်များက
ခုပြီးတစ်ခု ဝင်လာလေတော့သည်။





တစ်နေ့သ၌ ညနေပိုင်းအချိန်တွင် ဖဲဝိုင်းမှပြန်လာရာ
ဟံသာဝတီအဝိုင်းနားမှာရှိသော ကားမှတ်တိုင်မှ ထွက်လာစဉ်
ကြံတောသချိုင်းနားသို့ ရောက်သောအခါ သူတောင်းစားကြီး
တစ်ယောက်ကို တွေ့ရလေသည်။

ထိုသူတောင်းစားကြီးက ထိုင်တောင်းနေခြင်းမဟုတ်ပဲ
တော်တပ်ရပ်လျက်နှင့် သူမကိုစူးစူးစိုက်စိုက် ကြည့်နေခြင်းဖြစ်
သည်။

သူတောင်းစားကြီးကို တွေ့စကတော့ အမှုမဲ့အမှတ်မဲ့
နှင့်သာ ဆက်လျှောက်လာခဲ့သည်။

သို့သော်လည်း မနီးမဝေးရောက်သောအခါမှ သူမကို
စူးစူးစိုက်စိုက်လှမ်းကြည့်နေမှန်း သိသောအခါ ရင်ထဲမှာထိတ်
ခနဲ ဖြစ်သွားသည်။

သို့ကြောင့် ဟံသာဝတီအဝိုင်းကိုကျော်ပြီး နေအိမ်ရှိရာ
သို့ ခပ်သုတ်သုတ် လျှောက်လာခဲ့လေသည်။ သို့တိုင်အောင်
စိတ်ထဲမှာ မလုံသလိုဖြစ်နေသောကြောင့် မကြာခဏလှည့်ကြည့်
ရသေးသည်။

သို့သော် သူတောင်းစားကြီးကိုတော့ မတွေ့ရပေ။

"သူ့ဘာသာ ရပ်နေတာဖြစ်မှာပါ"

ဟုလည်း စိတ်ပြေသာအောင် တွေးလိုက်မိသေးသည်။
အိမ်ပြန်ရောက်တော့လည်း ထိုအကြောင်းများက မေ့မေ့ပျောက်
ပျောက် ဖြစ်သွားပြန်လေသည်။

နောက်သုံးရက်ခန့်ကြာတော့ ဟံသာဝတီကားမှတ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



မှာ အိမ်ဘက်သို့ပြန်လျှောက်လာစဉ် လူပြတ်သောနေရာ အ
ရောက်တွင် လမ်းဘေးမှာရပ်နေသည့် သူတောင်းစားကြီးနှ
ထပ်တွေ့ရပြန်လေသည်။

ထိုသို့မြင်ရသဖြင့် မေရီကျော်မှာ ခြေလှမ်းအနည်းငယ
တုံ့သွားလေသည်။ ဆက်လျှောက်ရကောင်းမလား၊ ဒါမှမဟုတ
နောက်ပြန်လှည့်ရကောင်းမလားဟု စိတ်ထဲမှာ ချီတုံချတုံ ဖြ
သွားလေသည်။

"အို . . သူတောင်းစားက သူ့ဘာသာပိုက်ဆံတောင်းနေ
တာဖြစ်မှာပါ၊ ငါက ဘာကြောက်စရာရှိလို့လဲ"

ဟု စိတ်တင်းကာ ဆက်လျှောက်လာသည်။

သူတောင်းစားကြီး ရပ်နေသည့် နေရာရောက်သောအ
ခါ စိတ်ထဲမှာ နည်းနည်းတော့ လှုပ်ရှားသွားမိလေသည်။

သူတောင်းစားကြီးက ပိုက်ဆံတောင်းနေခြင်း မဟုတ
ပေ။ လမ်းဘေးမှာရပ်ကာ သူမကို စူးစူးစိုက်စိုက်ကြည့်နေခြင်း
ဖြစ်သည်။ သူမအနားရောက်တော့ သူတောင်းစားကြီးထံမှ
စကားသံလိုလို ကြားလိုက်ရသည်။

"ဒီကနေ့ညတော့ သေမင်းနဲ့တွေ့ရတော့မယ်"

ထိုအသံကြားသဖြင့် လှည့်ကြည့်လိုက်သောအခါ သူ
တောင်းစားကြီးက ထိုနေရာမှ တရွေ့ရွေ့ထွက်သွားလေပြီ။

ထို့ကြောင့် ရှေ့ဆက်လျှောက်လာသည်။

စိတ်ထဲမှာတော့ စောစောက ကြားလိုက်ရသော စကား
သံကြီး ပဲ့တင်ထပ်နေလေသည်။





"သေမင်းနဲ့ တွေ့ရတော့မယ်"

"သေမင်းနဲ့ တွေ့ရတော့မယ်"

"ဒီစကားက ငါ့ကို တမင်ပြောတာလား၊ သူ့ဘာသာ
ပြောချင်ရာ ပြောနေတာများလား"

ဟုလည်း တွေးနေမိသည်။

ထိုနေ့ညအချိန်ရောက်တော့ မေရီကျော်မှာ စိတ်ဂဏှာ
ငြိမ် ဖြစ်နေလေသည်။

တစ်ခုခုကို ကြောက်လန့်နေသကဲ့သို့ ဖြစ်နေမိသည်။
ထို့ကြောင့် ညစာပင်မစားတော့ဘဲ အပေါ်ထပ်သို့ တက်သွား
လေသည်။

ညဦးပိုင်းအချိန်ရောက်သည်အထိ ခင်မောင်ဝေက ပွဲရုံ
မှ ပြန်ရောက်မလာသေးပေ။ ထို့ကြောင့် အပေါ်ထပ်အခန်းထဲ
မှာ သူမတစ်ယောက်တည်းသာ ရှိနေသည်။

ကျန်သည့် မိသားစုများဖြစ်သော ဦးပြည့်စုံ၊ ဒေါ်ခင်ဝေ
နှင့် သီရိဝေတို့က သူမနှင့်အရင်းတနီးမရှိဘဲ သီးခြားနေကြသူ
များဖြစ်သဖြင့် အောက်ထပ်အခန်းများတွင် ကိုယ့်အခန်းကိုယ်
ပင်ကာ တံခါးပိတ်နေကြသည်။

အောက်ထပ် မီးဖိုဆောင်ဘက်မှာတော့ အစေခံလင်
မယားနှစ်ယောက် ရှိသည်။

မေရီကျော်လည်း စိတ်ထဲက ကြောက်ရွံ့ထိတ်လန့်နေ
သော်ငြားလည်း ပြောဆိုတိုင်ပင်ရမည့်သူ မရှိသောကြောင့် အ
ခန်းထဲဝင်ပြီး တံခါးပိတ်နေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာတော့ ခင်မောင်ဝေတစ်ယောက် အမြန်ပြန် ရောက်လာပါစေဟုသာ ဆုတောင်းနေရလေသည်။

အပြင်ဘက်မှာတော့ အမှောင်ထုများက ဖုံးအုပ်နေသည်။

သစ်ပင်ရိပ်များ ရှိသောကြောင့် ပို၍မှောင်မည်းနေသ သည်။ လေတိုက်လိုက်တိုင်း သစ်ပင်ကြီးများ လှုပ်ယမ်းနေသည် ကို မှန်တံခါးပေါက်မှ ဝိုးတဝါးမြင်နေရသည်။

ထိုအခိုက်မှာပင် မှန်တံခါးချပ်ကို တစ်စုံတစ်ယောက်က လက်ဖြင့်လာပုတ်သောအသံမျိုး ကြားလိုက်ရသည်။

"ဘုတ်. . ဘုတ်. . ဘုတ်. ."

"ဟင်. ."

လှည့်ကြည့်လိုက်သောအခါ မှန်တံခါးချပ်တွင် ကြောက် စရာကောင်းသော မျက်နှာကြီးကပ်နေသည်ကို တွေ့ရလေသည်။

"အမယ်လေး"

မေရီကျော်က အော်လိုက်သော်လည်း အခန်းတံခါး ပိတ်ထားသောကြောင့် ဘယ်သူမှမကြားရပေ။

သူအော်လိုက်တော့ မှန်တံခါးတွင် ကပ်ကြည့်နေသော မျက်နှာက ပျောက်သွားသည်။

ထိုအချိန်မှာပင် သူမအခန်းထဲမှာ ထွန်းထားသောမီး ဖျပ်ခနဲ မှိန်ကျသွားသဖြင့် မှောင်သွားလေသည်။

"ဟင်"

မေရီကျော်က ကြောက်လန့်တကြားနှင့် ကုတင်ပေါ်မှ ထရပ်လိုက်လေသည်။



ထိုအခါ ကုတင်ခြေရင်း အမှောင်ရိပ်ထဲမှာ ရပ်နေသော မည်းမည်းသဏ္ဌာန်ကြီးကို တွေ့ရလေတော့သည်။

ထိုအခါမှ ကြောက်လန့်တကြားဖြင့် ကုတင်ပေါ်မှဆင်း ကာ တံခါးပေါက်ရှိရာသို့ ပြေးသည်။

ထိုအချိန်မှာပင် အမှောင်ထဲမှာရပ်နေသော မည်းမည်း သဏ္ဌာန်ကြီးက အပြင်သို့ထွက်လာသည်။

မျက်နှာကသရဲ သဘက်တစ်ကောင်ကဲ့သို့ ကြောက်စ ရာကောင်းလောက်အောင် ပုံပျက်ပန်းပျက် ဖြစ်နေသည်။

လက်ကားရား၊ ခြေကားရားနှင့် ဒယိမ်းဒယိုင်လျှောက် လာနေသော သရဲသဘက်ကြီး မြင်ရသောအခါ မေရီကျော် လည်း ကြောက်ရွံ့ထိတ်လန့်စွာဖြင့် အော်ဟစ်ကာ တံခါးပေါက် ရှိရာသို့ ပြေးလေသည်။

"ကယ်ကြပါ. . ကယ်ကြပါဦးရှင်"

ထိုသို့အော်နေသော်လည်း အောက်ထပ်မှ မကြားကြ ပေ။ တံခါးပေါက်ရောက်တော့ဖွင့်ပြီး လှေခါးရှိရာသို့ ပြေးလေ သည်။ လှေခါးနားရောက်ပြန်တော့ အမှောင်ရိပ်ထဲမှ ထွက်လာ သော နောက်ထပ်သရဲတစ်ကောင်ကို တွေ့ရပြန်သဖြင့် လှေခါးမှ ပြေးဆင်းရာ ခြေချော်ပြီး အောက်သို့ဒလိမ့်ခေါက်ကွေး ပြုတ်ကျ သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com







# အခန်း (၁၁)

# မျက်နှာဖုံးစွပ် လူသတ်သမား

မေရီကျော်မှာ အသက်မသေသေးပေ။

သို့သော် လှေကားပေါ်မှ ပြုတ်ကျစဉ်က ရထားသော ဒဏ်ရာဒဏ်ချက်များ တစ်ကိုယ်လုံးမှာ ရှိနေသဖြင့် ပတ်တီးများ စည်းထားရပေသည်။ သူမသည် သတိကောင်းစွာမရသေး။

မျက်နှာတစ်ဝိုက်မှာ ပတ်တီးများစည်းထားသောကြောင့် စကားလည်း မပြောနိုင်သေးပေ။



www.burmeseclassic.com

www.burmeseclassic.com



အချိန်က ညဦးပိုင်းအချိန် ရောက်လာချေပြီ။ ဆေးရုံကြီး အတွင်းမှာလည်း ဧည့်သည်များ ရှင်းလင်းသွားပေပြီ။

သူနာပြုအချို့နှင့် ဆရာဝန်တစ်ဦးတစ်လေလောက်သာ စင်္ကြံလမ်းတစ်လျှောက်တွင် သွားလာနေကြသည်။

ထိုအချိန်တွင် ဆရာဝန်များ အဝတ်လဲသော အခန်းထဲမှ ဆရာဝန်တစ်ဦး ထွက်လာလေသည်။

သူအခန်းတွင်းမှ ထွက်လာသောအချိန်တွင် စင်္ကြံလမ်းတစ်လျှောက်တွင် လူသွားလူလာ မရှိသလောက် ရှင်းနေသည်။

ခွဲစိတ်ခန်း ဝတ်စုံအပြာရောင်၊ ကြိုးတပ်ဦးထုပ်၊ ခွဲစိတ်ခန်းတွင်အသုံးပြုသော အဖြူရောင်ဖိနပ်၊ နှာခေါင်းအထိဖုံးထားသော မျက်နှာဖုံးစွပ်၊ ရာဘာလက်အိတ်တစ်စုံတို့ကို ဝတ်ဆင်ထားသော ဆရာဝန်တစ်ယောက်ပင် ဖြစ်သည်။

ဝတ်စုံပြည့်ဝတ်ထားသော ဆရာဝန်က လက်မှနာရီကို တစ်ချက်ကြည့်လိုက်ပြီး စင်္ကြံလမ်းတစ်လျှောက် အေးဆေးရရှင်ပင် လျှောက်လာလေသည်။

ထိုအချိန်က အခန်းတိုင်းမှာ လူနာစောင့်နှင့် ဧည့်သည်များရှင်းနေသော အချိန်လည်းဖြစ်သည်။

သူသည် သီးသန့်အခန်းရှိရာသို့ ရောက်သောအခါ စေ့ထားသောတံခါးချပ်ကို အသာတွန်းပြီး အတွင်းမှအခြေအနေကို အကဲခတ်ကြည့်လိုက်သည်။

အခန်းထဲရှိ ကုတင်ပေါ်မှာတော့ တစ်ကိုယ်လုံးပတ်တီး





အဖွေးသားနှင့် အမျိုးသမီးလူနာတစ်ယောက် ရှိနေသည်။

သတိမရသေးသဖြင့် ငြိမ်သက်နေသည်။ ခေါင်းရင်းဘက်မှာတော့ တွဲလောင်းဆွဲထားသော ဂလူးကို့စ်ပုလင်းက ရှိနေသည်။

သူနာပြုသင်တန်း ဆင်းပြီးစ၊ ညကြေးဖြင့် လာရောက်စောင့်ရှောက်ပေးသော သူနာပြုဆရာမလေးက လူနာအမျိုးသမီးအနီးမှာ ထိုင်ခုံဖြင့်ထိုင်ကာ အခြေအနေကြည့်နေသည်။

သူမသည် ဆေးရုံမှ ဝန်ထမ်းသူနာပြုမဟုတ်ဘဲ ပြင်ပမှ ငှားရမ်းထားသော သူနာပြုတစ်ယောက် ဖြစ်ပေသည်။

သူနာပြုက သတိလစ်နေသော လူနာအမျိုးသမီး၏ လက်ကောက်ဝတ်ကိုကိုင်ကာ သွေးစမ်းကြည့်နေသည်။

ထို့နောက် လူနာမှတ်တမ်းစာရွက်ပေါ်မှာ ရေးမှတ်နေလေသည်။ ထိုအခန်း၏ ရှေ့ဘက်တွင် ဆေးပစ္စည်းများထားသော အခန်းရှိသည်။

ဆရာဝန်က ထိုအခန်းထဲဝင်ပြီး ၎င်းမှာ ပါလာသောဆေးပုလင်းနှင့် ဆေးထိုးအပ်ပြွန်တို့ကိုထုတ်ပြီး စုပ်ယူပြီး ထည့်လိုက်သည်။

ပြီးမှအခန်းအပြင်ဘက်သို့ ပြန်ထွက်ပြီး လူနာအမျိုးသမီးရှိနေသော အခန်းထဲသို့ ဝင်လိုက်သည်။

သူနာပြုကလေးက ဆရာဝန်ဝင်လာတော့ နေရာမှထပြီး အရိုအသေပေးသည်။

"လူနာအခြေအနေ ကောင်းရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ် ဒေါက်တာ၊ သတိမရသေးပေမယ့် အခြေအနေက ပုံမှန်ပါပဲ"

ဆရာဝန်က ခေါင်းတစ်ချက်ညိတ်ပြပြီး လူနာအမျိုးသမီးအနီးသို့ ကပ်ကာငုံ့ကြည့်သည်။

ခေါင်းရင်းဘက်မှာ ချိတ်ထားသော ဂလူးကို့စ်ပုလင်းကို ကြည့်သည်။ လက်ကောက်ဝတ်ကို စမ်းကြည့်သည်။ ပြီးမှ . . .

"သူ့ကို ဆေးတစ်လုံး ထိုးပေးထားခဲ့မယ်"

ဟုပြောပြီး ဆေးထည့်ယူလာသော အပ်ကိုယူပြီး လူနာ၏ လက်မောင်းတစ်နေရာသို့ ထိုးသွင်းလိုက်သည်။

အပ်ထိုးသွင်းသဖြင့် နာကျင်မှုကြောင့် လူနာအမျိုးသမီးက သတိပြန်ရလာပြီး မျက်လုံးဖွင့်ကြည့်လိုက်သည်။

ထိုအခါ အနားမှာရှိနေသေးသော ဆရာဝန်၏မျက်လုံးနှင့်ဆုံမိသွားသည်။ ထိုမျက်လုံးကိုမြင်တော့ စိတ်ထဲမှာ ထိတ်လန့်သွားသည်။ ထိုအချိန်မှာပင် ဆေးထိုးသောကိစ္စ ပြီးသွားပေပြီ။

"ဘာမှမကြောက်ပါနဲ့ မကြာခင်သက်သာသွားမှာပါ"

ဟုပြောပြီး ထိုနေရာမှ ပြန်လှည့်ထွက်လိုက်သည်။

ကုတင်ပေါ်မှ ပက်လက်ကလေး ဖြစ်နေသော လူနာအမျိုးသမီး မျက်နှာပေါ်မှာတော့ တစ်စုံတစ်ခုကို သတိရလိုက်သဖြင့် သွေးမရှိတော့သကဲ့သို့ ဖြူဖပ်ဖြူလျော် ဖြစ်သွားလေသည်။

ထိုအမျိုးသမီးမှာ အခြားသူမဟုတ်ပေ။

မေရီကျော်ပင်ဖြစ်သည်။ လှေခါးပေါ်မှလိမ့်ကျသော ဒဏ်ရာဒဏ်ချက်များကြောင့် ဆေးရုံကြီး၏ သီးသန့်အခန်း တစ်





ခန်းထဲ ရောက်နေခြင်းပင်ဖြစ်သည်။

သူမသတိမေ့နေသည်မှ တစ်ညနှင့်တစ်နေ့ ရှိနေပေပြီ။

ယခုကဲ့သို့ ဆေးထိုးလိုက်တော့မှ သတိပြန်ရလာခြင်း ဖြစ်၏။

သတိပြန်ရလာသောအခါတွင် ပထမဆုံးမြင်လိုက်ရသော မျက်လုံးမှာ ကြောက်စရာကောင်းလှသည်။

ပထမတော့ ခေါင်းမှာရထားသော ဒဏ်ရာကြောင့် ချက်ချင်းသတိမရသော်လည်း ခဏကြာတော့ သတိရလာသည်။

ထိုမျက်လုံးကို သူမ ကောင်းစွာမှတ်မိနေသည်။

ကြံ့တောသချိုင်းနားမှာ တစ်ကြိမ်၊ ဟံသာဝတီအဝိုင်းနားမှာတစ်ကြိမ် မြင်ခဲ့ရသော သူတောင်းစားကြီး၏ မျက်လုံးကြည့်ပုံနှင့် အတော်ပင်တူလှသည်။

သူတောင်းစားကြီးကို သတိရတော့ သူပြောသောအသံကိုလည်း နားထဲမှာ ပဲ့တင်ထပ်လာလေသည်။

"သေမင်းနဲ့ တွေ့ရတော့မယ်"

"သေမင်းနဲ့ တွေ့ရတော့မယ်"

ထိုအသံများကြားတော့ နှလုံးသွေးရပ်လုမတတ် ထိတ်သန့်ကြောက်ရွံ့လာမိလေသည်။

ဒီမျက်လုံးပိုင်ရှင်က ဘယ်သူလဲ၊ သူဘယ်သူလဲ ဟူသော အသံများကလည်း ရင်ထဲမှာ ပဲ့တင်ထပ်နေသည်။

ဆေးထိုးပြီးသွားသောအခါ ဆရာဝန်က အခန်းအပြင်သို့ ပြန်ထွက်ရန် လှည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သူနာပြုကလေးက လှမ်းခေါ်လိုက်သည်။

"ဒေါက်တာ ခဏလောက်"

ထိုအသံကြောင့် ခြေလှမ်းတုံ့သွားလေသည်။

"ဘာအတွက်လဲ"

သူနာပြုက အနားလျှောက်လာပြီး ဆေးမှတ်တမ်းစာရွက်ကို လှမ်းပေးလေသည်။

"ဒေါက်တာ သွင်းပေးခဲ့တဲ့ ဆေးအမျိုးအစား ရေးရဦးမယ်"

ထိုအခြေအနေကြောင့် မျက်နှာဖုံးတပ်ထားသော ဆရာဝန်မှာ အနည်းငယ် အခက်တွေ့သွားဟန်ရှိလေသည်။

တုံရင်နေသောလက်ဖြင့် ဆေးမှတ်တမ်းကို လှမ်းယူလိုက်သော် လည်း သူ့ဆီမှာ ရေးမှတ်ဆရာ ဖောင်တိန်အဆင်သင့် မပါပေ။

ထိုအခြေအနေကို သတိပြုမိသော သူနာပြုက သူ့ရင်ဘတ်မှာ ချိတ်ထားသော ဖောင်တိန်ကို ဖြုတ်ပေးလိုက်သည်။

ဆေးမှတ်တမ်းကို ကြည့်လိုက်တော့ အင်္ဂလိပ်ဘာသာဖြင့် ရေးသားသော စာများကိုတွေ့ရသည်။

ဆေးအမည်နှင့် ဆရာဝန်တို့၏ မှတ်ချက်များ၊ လက်မှတ်တိုများပင် ဖြစ်လေသည်။

သူသည် ဆရာဝန်တစ်ယောက် ဖြစ်သော်လည်း ထိုစာများကို မဖတ်တတ်ပေ။ ဘယ်နေရာမှာ ဘာရေးရမှန်းလည်းမသိပေ။ ထို့ထက် အင်္ဂလိပ်ဘာသာဖြင့် ဘာတစ်ခုမှ မရေးတတ်ခြင်း





ဖြစ်နေသည်။

ထို့ကြောင့် လွတ်နေသောနေရာတွင် ကြောင်ခြစ်သကဲ့သို့ စာလုံးများရေးပြီး လက်မှတ်နှင့်တူသော စာလုံးအချို့ကို ရေးပေးခဲ့ပြီး အခန်းထဲမှ ထွက်သွားလေသည်။

သူနာပြုဆရာမအနေဖြင့် ဆရာတို့၏ ဆေးမှတ်တမ်းများ လက်ရေးများကို ဖတ်ဖူးမြင်ဖူးသည်။

ရှုပ်ထွေးသည် ဆိုသော်လည်း ယခုလိုဘာရေးထားမှန်းမသိလောက်အောင် ရှုပ်ထွေးသော လက်ရေးမျိုးတော့ မမြင်ဖူးသေးပေ။

ထို့ပြင် သူရေးပေးခဲ့သောနေရာမှာ ဆေးမှတ်တမ်းစာရေးရမည့် နေရာမဟုတ်ပေ။

စာလုံးများကလည်း အင်္ဂလိပ်အက္ခရာ တစ်လုံးမှမပါဘဲနှင့် တုတ်ချောင်းများကဲ့သို့ ခြစ်ထားလေသည်။

ထို့ကြောင့် သံသယစိတ်ဝင်လာသဖြင့် လူနာအမျိုးသမီးကို တစ်ချက်လှည့်ကြည့်လိုက်သည်။

တစ်ချက်ကလေးမှ မလှုပ်တော့ပဲ ငြိမ်သက်နေသည်။ ခေါင်းရင်းဘက်တွင် ချိတ်ဆွဲထားသော ဂလူးကို့စ် ပုလင်းကလည်း ဆက်လက်ကျဆင်းခြင်း မရှိတော့ပေ။ လုံးဝရပ်တံ့နေချေပြီ။

ထို့ကြောင့် အနားသို့သွားပြီး အခြေအနေကို ကြည့်လိုက်သည်။ မျက်နှာတစ်ခုလုံး ပြာနှမ်းနေပြီး မျက်ဖြူလန်နေသည်။ ပါးစပ်မှ အမြှုပ်များထွက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခြေအနေကို မြင်ရုံနှင့် အခြေအနေမကောင်းတော့မှန်း ချက်ချင်းသိလိုက်သဖြင့် ဆရာဝန်များရှိနေသော အခန်းသို့ ချက်ခြင်းအကြောင်းကြားလိုက်သည်။

ခဏကြာတော့ တာဝန်ကျဆရာဝန်တစ်ယောက်နှင့် အလုပ်သင်ဆရာဝန်မတစ်ယောက် ရောက်လာကြသည်။

သူတို့ရောက်လာသောအချိန်မှာ မေရီကျော်မှာ အသက်ပျောက်နေချေပြီ။

သို့သော်လည်း ကယ်တင်၍ရလိုရငြား အောက်ဆီဂျင်ပေးသော ကရိယာများ၊ နှလုံးခုန်ရာတွင် အထောက်အကူပြုသော ကိရိယာများ ယူဆောင်လာပြီး ဝိုင်းဝန်းကြိုးပမ်းကြသော်လည်း မရတော့ပေ။

တာဝန်ကျနေသော ဆရာဝန်မင်းဟန်မှာ များစွာခေါင်းရှုပ်သွားလေသည်။

သူက လေပြွန်ပိတ်သဖြင့် သေသွားသည် ထင်သော်လည်း သူထင်သလိုမဟုတ်ပေ။

လူနာမှ ရုတ်တရက် အဆိပ်မိပြီး ချက်ခြင်းသေရခြင်းဖြစ်ပေသည်။ ထိုအချိန်မှာ အခြားသူနာပြုများလည်း ရောက်လာသည်။

အပြင်သို့ ခေတ္တသွားနေသော ခင်မောင်ဝေလည်း ပြန်ရောက်လာသည်။

သူကြည့်ရသည်မှာ တစ်နေရာမှ မောကြီးပန်းကြီး ပြန်ရောက်လာဟန်ရှိလေသည်။





"ဘာဖြစ်တာလဲ ဘယ်လိုဖြစ်တာလဲ၊ ကျွန်တော့်မိန်းမ ဘယ်လိုဖြစ်တာလဲ"

"ပြောရမှာတော့ စိတ်မကောင်းစရာပါပဲ၊ ခင်ဗျားဇနီးကတော့ ဆုံးသွားရှာလေပြီ"

"ဗျာ. . စောစောကတောင် သူ့အခြေအနေအများကြီး ကောင်းနေတာပဲ၊ သူနာပြုဆရာမလေး ရောက်လာလို့ အောက် ဆင်းပြီး ထမင်းစားနေတာ အခုတော့. ."

ဟုပြောကာ ဆရာဝန်များ တားနေသည့်ကြားမှ အ ဆင်းတိုးပြီး မေရီကျော်ကို သွားကြည့်လေသည်။

ယခင်က အပြင်ထွက်ကာနီးလျှင် သူ့ကို နှုတ်ဆက်ပြီးမှ သွားလေ့ရှိသော်လည်း ဒီတစ်ခါတော့ နှုတ်မဆက်ဘဲ ထွက်ခွာသွားပေပြီ။

ခင်မောင်ဝေမှ အသက်ဝိညာဉ်ကင်းမဲ့နေပြီဖြစ်သော မေရီကျော်၏အလောင်းကိုကြည့်ကာ များစွာစိတ်ထိခိုက်နေဟန်ရှိနေပေသည်။ သို့သော် မတတ်နိုင်တော့ပါချေ။

ဆရာဝန်မင်းဟန်ကတော့ တာဝန်ကျ သူနာပြုဆရာမလေးကို စစ်ဆေးမေးမြန်းနေသည်။

"ဆရာမ သူ့အနားမှာ စောင့်ကြည့်နေတာ မဟုတ်သလား"

"ဟုတ်ပါတယ်"

"သူ့အသက်ရှုရပ်သွားတာကို ဘယ်လိုကြောင့် သတိထားမိလိုက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ထိုင်ကြည့်နေတုန်းကတော့ လူနာရဲ့အခြေအ
က အားလုံးကောင်းပြီး ပုံမှန်အခြေအနေရှိပါတယ်၊ ည(၈)နာ
ရောက်တော့ ခွဲစိတ်ခန်းဝတ်စုံ ဝတ်ဆင်ထားတဲ့ ဆရာဝန်တ
ယောက် ရောက်လာပြီးတော့ ဆေးတစ်လုံးထိုးပေးသွားပါတ
သူပြန်ထွက်သွားပြီးတဲ့နောက်မှ လူနာအခြေအနေက အခု
ပြောင်းလဲသွားတာပါ"

ဆရာဝန်မင်းဟန်မှာ မျက်လုံးပြူးသွားလေသည်။

သူ ဂျူတီဝင်ပြီးနောက်ပိုင်း ဆေးရုံကြီးတွင် အော်ပရေ
ရှင်း(Operation )လုပ်သော လူနာမရှိပေ။

ခွဲစိပ်ခန်းဝတ်စုံနှင့် ဆရာဝန်က ဘယ်နေရာက ရော
လာတာလဲ။

သူဘယ်သူလဲ။

"သူရေးသွားတဲ့ ဆေးမှတ်တမ်းပါ"

သူနာပြုဆရာမလေးက အသင့်ကိုင်ထားသော ဆေး
မှတ်တမ်းအား ဆရာဝန်မင်းဟန်လက်သို့ ပေးလိုက်သည်။

ဆရာဝန်မင်းဟန်က ဆေးမှတ်တမ်းပေါ်မှ ရေး
ထားသော စာလုံးများကိုကြည့်ပြီး မျက်လုံးပြူးသွားလေသည်။

"ဒါ . . ဒါ . . ဆေးစာရေးတာမှမဟုတ်တာ ကြုံသ
ရေးခြစ်သွားတာပဲ၊ အခြေအနေကတော့ မကောင်းတော့ဘ
မင်းအတွက် ကံကောင်းပါစေလို့ပဲ ဆုတောင်းပေးရုံရှိတော့တ

ထိုစကားကြောင့် သူနာပြုဆရာမလေးမျက်နှာမှာ ငို
ဖြစ်သွားလေတော့သည်။





ထိုအခြေအနေကို နံဘေးမှနားထောင်နေသော ခင်
င်ဝေကြားသောအခါ များစွာတုန်လှုပ်သွားဟန် ရှိလေသည်။

"ဒါ . . ဒါဖြင့် ကျွန်တော့်မိန်းမကို တစ်ယောက်ယောက်
ဝင်သတ်သွားတာလားဗျာ"


"အသေအချာတော့ မပြောနိုင်သေးပါဘူး၊ ဒီကိစ္စက
ရေးကြီးတော့ ရဲကိုလည်း အကြောင်းကြားရပါမယ်၊ သူတို့
စစ်ဆေးပြီးတဲ့အခါမှာတော့ အဖြေတစ်ခုခု သိရမှာပါ"

ဟု ပြောဆိုကာ ဆရာဝန်မင်းဟန်က သူမိတ်ဆွေဖြစ်
သော ဒေါက်တာမင်းထင်ကျော်ထံသို့ တယ်လီဖုန်းဆက်ကာ
အကြောင်းကြားလိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၂)

# ဆေးရုံပေါ်မှ သဲလွန်စများ

ဒေါက်တာမင်းထင်ကျော်ရှိသော နေအိမ်သို့ စုံထောက်
ျော်စွာ ရောက်လာသောအချိန်မှာ ည(၁၂)နာရီကျော်နေပေ
ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်ကာ အမှောင်
များက ဖုံးလွှမ်းထားလေသည်။

စုံထောက်ကျော်စွာရောက်လာတော့ ဒေါက်တာမင်း
င်ကျော်က အဝတ်အစားလဲပြီး အဆင်သင့်ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် စုံထောက်ကျော်စွာကားနှင့်ပင် ဆေးရုံကြီး ရာဘက်သို့ မောင်းထွက်ခဲ့ကြသည်။

"ဘာထူးခြားသလဲ ဆရာ"

"ဆေးရုံကြီးက ဒေါက်တာမင်းဟန် ဖုန်းဆက်ခေါ်တ ဆေးရုံမှာ အရေးပေါ်ကိစ္စတစ်ခု ရှိနေတယ်လို့ပြောတယ်၊ ကျော်စွာဆီလည်း သူဆက်တယ်မဟုတ်လား"

"ဆက်တယ် ဆရာ"

"ဒါထက် ကိုကျော်စွာ သူတောင်းစားလုပ်ရတာ အ ပြေသွားပြီလား"

ထိုစကားကြားတော့ ကျော်စွာက ရယ်လိုက်သည်။

"ကျွန်တော်တို့ စုံထောက်ပညာသင်တော့ ဘယ်လို တန်းစားမဆို အံဝင်ခွင်ကျဖြစ်အောင် လုပ်နိုင်ဖို့ လေ့ကျင့် သားပါ။ ဒါပေမယ့် သူတောင်းစားနဲ့ တူအောင်လုပ်ရတာ မလွယ်လှဘူး"

"ဘာဖြစ်လို့လဲ"

"လုပ်စမှာတော့ အတော်ကလေး အခက်အခဲရှိတ ဒီကြားထဲ ပုလိပ်ဖမ်းတာခံရပြီး ဂါတ်ထဲရောက်သွားရ တယ်"

"စုံထောက်ကို ပုလိပ်ဖမ်းတာတော့ နာတာပေါ့"

ကျော်စွာက သဘောကျစွာရယ်လိုက်သည်။

"နောက်တော့ စုံထောက်မှန်းသိပြီး ပြန်လွှတ်ပေး တာလား"





"သူတို့ကို အသိမခံပါဘူး၊ ရှိတဲ့ပိုက်ဆံလေးတွေအား း ပေးလိုက်တော့မှ ပြန်လွှတ်ပေးလိုက်ကြတာ"

ဒီတစ်ခါတော့ ဒေါက်တာမင်းထင်ကျော်က သဘောကျ ဖြင့် ရယ်မောလိုက်သည်။

"ဒါမျိုးတွေလည်း ရှိသေးတယ်နော်"

"အများကြီးရှိတာပေါ့ ဆရာရယ်၊ ဒီလိုလူမျိုးတွေရှိနေ လို့လည်း ပုလိပ်လောကကြီးတစ်ခုလုံး နာမည်ပျက်နေတာပေါ့"

"သူတောင်းစားလုပ်ကြည့်တော့ ဘယ်လိုထူးခြားသလဲ"

"မဆိုးဘူးဆရာ ဝင်ငွေအတော်ဖြောင့်တာပဲ၊ စုံထောက် ဝင်ငွေထက်တောင် ပိုကောင်းတယ်၊ လူအထင်သေးတာ ခံရ မယ့် အတော်လက်သာတဲ့ အလုပ်မျိုးပဲ"

"ဒါထက် သူတောင်းစား မာဒင်နဲ့ပတ်သက်ပြီး အနီး ပ် လေ့လာကြည့်တော့ ဘယ်လိုထူးခြားမှုတွေ တွေ့ရသလဲ"

"အတော်များများကတော့ စုဆောင်းထားပြီးပါပြီ၊ ပြည့် ရင်တော့ ဆရာကို ပြောပြပါ့မယ်"

စကားတပြောပြောနှင့်မောင်းလာရာ ဆေးရုံကြီးသို့ ရောက်လာလေသည်။

သူတို့နှစ်ယောက်စလုံး သာမန်အကျႌ ဘောင်းဘီများ ာ ဝတ်ဆင်ထားကြသည်။

ဆရာဝန်မင်းဟန်နှင့်တွေ့တော့ သူတို့နှစ်ယောက်ကို ခင်းဖြစ်သောအခန်းသို့ ခေါ်သွားလေသည်။

ထိုအခန်းထဲမှာတော့ ခင်မောင်ဝေနှင့် သူနာပြုဆရာမ



www.burmeseclassic.com

www.burmeseclassic.com



လေးတို့ နှစ်ယောက်သာရှိနေသည်။

အခြားမသက်ဆိုင်သူများကိုတော့ အခန်းတွင်းမှ ရှင်းလင်းထားဟန်ရှိပေသည်။

အခန်းတွင်းရောက်သည်နှင့် ဘုံခါးချုပ်ကို ပြန်စေ့ထားလိုက်သည်။ စုံထောက်ကျော်စွာက အလောင်းနှင့် ပတ်ဝန်းကျင်တစ်ဝိုက်ကို စနစ်တကျလိုက်လံ စစ်ဆေးကြည့်နေသည်။

ခဏကြာတော့ လှမ်းပြောသည်။

"လူနာက အဆိပ်မိပြီးသေရတာပဲ၊ တစ်ယောက်ယောက်က သူ့ကို အဆိပ်ရည်တွေ ထိုးသွင်းသွားပုံပဲ၊ လက်မောင်းမှာ ညိုမည်းနေတဲ့ အပ်ပေါက်ရာတွေ့တယ်"

ထိုစကားကြားတော့ ခင်မောင်ဝေမှာ မျက်နှာတစ်ချက်ပျက်သွားလေသည်။

"ဒါဖြင့် ကျွန်တော့်မိန်းမကို တစ်ယောက်ယောက်က ဝင်သတ်သွားတာပေါ့၊ ဒီလိုဖြစ်မယ်လို့ ကျွန်တော်အစောကြီးကတည်းက ထင်နေတယ်"

ထိုစကားကြောင့် အနားမှာရှိနေသော ဒေါက်တာမင်းထင်ကျော်က မေးလိုက်သည်။

"ဒါဖြင့် ခင်ဗျားမိန်းမသေရတော့မယ်ဆိုတာ ခင်ဗျားကြိုတင်ပြီး သိနေတယ်ဆိုတာလား"

"ဒီလိုတော့ မဟုတ်ပါဘူး၊ အခုတလော သူ့အမူအယာတွေပျက်နေတာကို သတိထားမိလို့ပါ"

"ဘယ်လိုမျိုးတွေလည်း ခင်ဗျားသိသလောက် ပြည့်





ပြည့်စုံစုံ ပြောပါဦး"

"ကျွန်တော့်မိန်းမနာမည်က မေရီကျော်ပါ၊ သူက ကျွန်တော်နဲ့လက်ထပ်ခဲ့ပေမယ့် စရိုက်ချင်းက သိပ်မတူဘူး၊ ကျွန်တော်တို့မိသားစုက ကိုယ့်အလုပ်ကိုယ်လုပ်ပြီး အေးအေးဆေးဆေးနေချင်ကြတယ်၊ သူက ဒီလိုမဟုတ်ဘူး ခေတ်ဆန်ဆန်နေချင်တယ်"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သည်။

"အပေါင်းအသင်းတွေနဲ့ အပြင်ထွက်၊ ပါတီပွဲတက်တာမျိုးတွေလည်း လုပ်တယ်"

"ဒါထက် ခင်ဗျားမိန်းမက ဖဲကစားတာရော ဝါသနာမပါဘူးလား "

"ပါပါတယ်၊ တစ်နေ့တစ်နေ့ ဖဲကစားဖို့ မိတ်ဆွေတွေနဲ့ချိန်းနေတာတော့ တွေ့တာပဲ"

"သူနဲ့ပတ်သက်ပြီး ထူးခြားမှုတွေ တွေ့တယ်ဆိုတာဘယ်လိုမျိုးလဲ"

"ဟိုတလောက ဖဲဝိုင်းသွားရင်းနဲ့ ဘိန်းရုံတန်းက အိမ်တစ်အိမ်မှာ မမျှော်လင့်တဲ့ လူတစ်ယောက်နဲ့တွေ့ခဲ့တယ်လို့ ကျွန်တော့်ကို ပြောပြတယ်"

"ဘယ်သူတဲ့လဲ"

"မေမေတို့နဲ့ ခင်မင်တဲ့ ဦးဥက္ကာလို့ ပြောပါတယ်"

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော်က မျက်မှောင်ကျုံ့ပြီး လေးလေးနက်နက် စဉ်းစားနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆက်ပြောပါဦး"

"အခုလိုမဖြစ်ခင် တစ်ရက်နှစ်ရက်လောက်က သူပြန်လာရင် လမ်းမှာ သူတောင်းစားကြီးတစ်ယောက်နဲ့ အမြဲတွေ့ရတယ်လို့ ပြောပါတယ်"

"သူက ဘယ်အချိန်ပြန်တာလဲ ဘယ်နေရာမှာ တွေ့တာတဲ့လဲ"

"သူ ဘယ်အချိန်ပြန်လာသလဲတော့ တိတိကျကျ မသိပါဘူး၊ ကျွန်တော်က ပွဲရုံကပြန်တာ နောက်ကျပါတယ်၊ သူပြန်တဲ့အချိန်က အများအားဖြင့်တော့ ညနေပိုင်း အချိန်ဖြစ်ဖို့ များပါတယ်၊ သူပြောပုံအရဆိုရင်တော့ အဲဒီသူတောင်းစားကြီးက သူ့ကို တမင်စောင့်ကြည့်နေတဲ့ ပုံမျိုးပါပဲ"

"ဘယ်နေရာမှာ တွေ့တာတဲ့လဲ"

"ကြံတောသင်္ချိုင်းနားမှာတစ်ကြိမ်၊ ဟံသာဝတီအဝိုင်းနားမှာတစ်ကြိမ် တွေ့တယ်လို့ ပြောပါတယ်"

"ဆက်ပြောပါဦး"

"အခုလိုမဖြစ်ခင် တစ်ညက မကောင်းဆိုးဝါးတွေ အိမ်နားရောက်နေတယ်ထင်ကြောင်း၊ ကျွန်တော့်ကို စောစောပြန်ခဲ့ဖို့ မှာပါတယ်၊ ဒါပေမယ့် အဲဒီနေ့ကျမှ ကျွန်တော်ကလည်း အလုပ်တွေများနေတာနဲ့ အတော်နောက်ကျပြီးမှ အိမ်ပြန်ရောက်ပါတယ်၊ ကျွန်တော်ပြန်ရောက်တော့ သူကဆေးရုံရောက်နေပါပြီ"

"သူဖြစ်တဲ့အချိန်မှာ အိမ်ကလူတွေက ခင်ဗျားရှိတဲ့ပွဲရုံကို





အကြောင်းမကြားဘူးလား"

"အကြောင်းကြားပါတယ်၊ သူတို့အကြောင်းကြားတဲ့အချိန်မှာ ကျွန်တော်က ပြန်လာနေပြီဆိုတော့ မသိရတော့ပါဘူး"

ဒေါက်တာမင်းထင်ကျော်က ခင်မောင်ဝေပြောပြသောအချက်များထဲမှ အရေးကြီးသောအချက်များကို ရေးမှတ်ထားလေသည်။

"ဒီည ဆေးရုံမှာစောင့်တာ ခင်ဗျားတစ်ယောက်ထဲလား"

"ဟုတ်ပါတယ်"

"အခင်းဖြစ်ပွားတဲ့ ည(၈)နာရီအချိန်လောက်က ခင်ဗျားဘယ်နေရာမှာ ရောက်နေတာလဲ"

"လေဟာပြင်ဘက်မှာ ထမင်းစားဖို့ ရောက်နေပါတယ်"

"ဒါထက် ခင်ဗျားတို့ မိသားစုတွေ ဘယ်နှယောက်ရှိကြသလဲ"

"အဖေနဲ့ အမေရယ်၊ ကျွန်တော်နဲ့ ညီမတစ်ယောက်ပဲရှိပါတယ်၊ ညီမလေးက တက္ကသိုလ်တက်နေပါတယ်"

"သီရိဝေ မဟုတ်လား"

"ဟုတ် . . ဟုတ်ပါတယ်"

"ဒါထက် . . ခင်ဗျားမိန်းမ မေရီကျော်က စရိုက်သဘောမျိုးနဲ့ဆိုတော့ အိမ်ကမိသားစုတွေနဲ့ရော အဆင်ပြေရဲ့လား"

"အဖေနဲ့အမေကတော့ သဘောမကျကြဘူး၊ ညီမလေး



www.burmeseclassic.com

www.burmeseclassic.com



ကတော့ သူ့ဘာသာ အေးအေးပဲနေပါတယ်"

"သူ့အခုလိုဖြစ်ရတာ ဘယ်သူ့လက်ချက်လို့ ခင်ဗျား ထင်မိသလဲ"

"ဖဲကစားရင်းနဲ့ ရန်ငြိုးရန်စ ရှိတဲ့လူတွေ လက်ချက်ပဲ ထင်ပါရဲ့ဗျာ"

ဟု ပြောပြလေသည်။

ဒေါက်တာမင်းထင်ကျော်က ခင်မောင်ဝေကို အနား ပေးလိုက်ပြီး မနီးမဝေးမှာ ထိုင်နေသော သူနာပြုမလေးကို စစ် မေးပြန်သည်။

"နာမည် ဘယ်လိုခေါ်သလဲ"

"မူလာ လို့ခေါ်ပါတယ်"

"ခင်ဗျားက ဒီဆေးရုံက နာပ်စ်တစ်ယောက်လား"

"မဟုတ်ပါဘူးရှင် ကျွန်မအပြင်ကပါ၊ ဒီမှာလူမရှိတာ နဲ့ သူတို့ခေါ်လို့ လာစောင့်ပေးတာပါ"

"ခင်ဗျားသိသမျှ အဖြစ်အပျက်အားလုံး ပြောပြပါဦး"

"ကျွန်မ ဂျူတီဝင်တဲ့အချိန်က ညနေ(၆)နာရီအချိန်ပါ၊ အဲဒီနောက်ပိုင်း တစ်ချိန်လုံး ကျွန်မဒီအခန်းထဲမှာ ရှိပါတယ်"

"ဆက်ပြောပါ"

"ည(၈)နာရီလောက်အထိ ကျွန်မသူ့အနားမှာပဲ ရှိနေပါ တယ်၊ အဲဒီအချိန်အထိတော့ အခြေအနေကောင်းနေပါတယ်၊ (၈)နာရီကျော်ကျော်လောက်မှာ ခွဲစိတ်ခန်းဝတ်စုံဝတ်ထားတဲ့ ဆရာဝန်တစ်ယောက် ရောက်လာပြီး လူနာကို ဆေးတစ်လုံးထိုး





ပေးတာ တွေ့ရပါတယ်"

"သူ့ရဲ့ ပုံပန်းသဏ္ဌာန်ကို ခင်ဗျားမှတ်မိသလောက် ပြောပြပါဦး"

"အရပ်ပုပု ကိုယ်လုံးနည်းနည်းထွားပုံရတယ်၊ ကျွန်မ အထင်တော့ အသက်အရွယ်ငယ်တဲ့ ဆရာဝန်တစ်ယောက်တော့ ဟုတ်ပုံမရဘူး"

"မျက်နှာအနေအထားကရော"

"ခေါင်းစွပ်စွပ်ထားပြီး မျက်နှာမည်းတပ်ထားသော သူ့ မျက်နှာတော့ သေသေချာချာ မမြင်လိုက်ရပါဘူး"

"တခြားထူးခြားမှုတွေကိုရော သတိထားမိတာ ရှိသေး သလား"

ထိုစကားကြားတော့ သူနာပြုဆရာမက အတော်ကြာ အောင် စဉ်းစားနေသည်။ ပြီးမှ တစ်လုံးချင်းပြောသည်။

"သူ စီးလာတဲ့ဖိနပ်အဖြူက အသစ်အတိုင်းပဲ၊ ကျွန်မ သိသလောက်တော့ ခွဲစိတ်ခန်းမှာ အသုံးပြုတဲ့ဖိနပ်တွေက သွေး စက်တွေ စွန်းပေနေတတ်တယ်"

"ဆက်ပြောပါဦး"

"နောက်တစ်ချက်က လက်အိတ်စွပ်ထားပေမယ့်၊ သူ့ လက်မှာ လက်စွပ်တစ်ကွင်း ဝတ်ထားပုံရတယ်"

ထိုစကားကြားတော့ ဆရာဝန်မင်းဟန်က ဝင်ပြော သည်။

"ခွဲစိတ်ခန်းဝင်တဲ့ ဆရာဝန်တွေက လက်စွပ်မဝတ်ကြ



www.burmeseclassic.com

www.burmeseclassic.com



ဘူး”

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သည်။ သူနာပြုဆရာမက ဆက်ပြောသည်။

“သူဟာ ဆရာဝန်တစ်ယောက်ဆိုရင်တောင် အတွေ့အကြုံ သိပ်မရှိသေးတဲ့သူ ဖြစ်ပုံရတယ်”

“ဘယ်လိုကြောင့်လဲ”

“လူနာကို မစစ်ဆေးဘဲ ဆေးထိုးပေးရုံမကဘူး၊ ဆေးထိုးပြီးတော့လည်း ဆေးမှတ်တမ်း ရေးသွင်းရမယ်ဆိုတာ မသိဘူး၊ ကျွန်မအသိပေးတော့မှ ကျွန်မဆီကဖောင်တိန်ယူပြီး ရေးတယ်၊ ဒါပေမယ့် သူရေးပေးခဲ့တာတွေက ဆေးစာမဟုတ်ဘူး”

ဟု ပြောကာ လူနာမှတ်တမ်းကို ယူလာပြသည်။

ကြည့်လိုက်တော့ သူနာပြုဆရာမလေး ပြောသကဲ့သို့ ဆေးစာမဟုတ်ပေ။ စာရွက်ပေါ်မှာ ခြစ်ချင်သလို ခြစ်သွားခြင်းပင် ဖြစ်လေသည်။

ထိုစာကြောင်းများကိုကြည့်ပြီး ဒေါက်တာမင်းထင်ကျော်က မှတ်ချက်ချသည်။

“သူ အင်္ဂလိပ်စာလုံးဝမတတ်တဲ့ သူတစ်ယောက်ပဲ”

“ဘယ်လိုကြောင့်လဲ”

အနားမှာရှိနေသော ဆရာဝန်မင်းဟန်က မေးလိုက်သည်။

“အင်္ဂလိပ်စာကို နည်းနည်းပါးပါး ရေးတတ်လျှင် ယုတ္တိရှိအောင် တစ်လုံးနှစ်လုံးတော့ ထည့်ရေးသွားမှာပေါ့၊ အခုတော့





စာမရေးတတ်တဲ့ လူတစ်ယောက်လို တုတ်ချောင်းတွေချည်း ခြစ်သွားတယ်”

“တမင် ဖျက်ရေးခဲ့တာရော မဖြစ်နိုင်ဘူးလား”

“မဖြစ်နိုင်ပါဘူး၊ သူရေးခဲ့တာတွေကြည့်ရင် သူစိတ်လှုပ်ရှားနေတယ်ဆိုတာ သိသာပါတယ်၊ ဒီလောက်သဲလွန်စရရင်တော့ အဖြေပေါ်ဖို့ အချိန်သိပ်မလိုတော့ပါဘူး”

ထို့သို့ပြောပြီး ဒေါက်တာမင်းထင်ကျော်က စုံထောက်ကျော်စွာက မှာကြားစရာရှိသည်တို့ကို မှာကြားခဲ့ပြီး ခင်မောင်ဝေတို့ အကျိုးအကြောင်းပြောပြီး အပြင်သို့ခေါ်လာလေသည်။

ထို့နောက် စုံထောက်ကျော်စွာ၏ လင်ရိုဟာကားနှင့်ပင် ဘုံသာဝတီအဝိုင်းနားမှာနေသော ခင်မောင်ဝေတို့ နေအိမ်သို့ သွားကြလေသည်။

အချိန်က ညဉ့်နက်ပိုင်းအချိန် ကျော်နေပြီဖြစ်သော်လည်း ခင်မောင်ဝေတို့ အိမ်သူအိမ်သားများမှာ မအိပ်နိုင်ကြသေးပေ။

သူတို့လည်း မေရီကျော်၏ သတင်းကိုကြားကြပြီး ဖြစ်သဖြင့် စိတ်ပူပန်သောက ရောက်နေကြဟန်ရှိလေသည်။

ခင်မောင်ဝေနှင့်အတူ ဒေါက်တာမင်းထင်ကျော်ပါ အသူပါလာသည်ကို မြင်သောအခါ သီရိဝေမှာ များစွာအံ့သြနေသသည်။

ဒေါက်တာမင်းထင်ကျော်က အခြေအနေကို အတိုချုပ်ပြောပြလိုက်ပြီး ခင်မောင်ဝေကိုပါခေါ်ပြီး အပေါ်ထပ်သို့တက်



www.burmeseclassic.com

www.burmeseclassic.com



သွားကြလေသည်။

ထို့နောက် မေရီကျော်နေသော အခန်းသို့ဝင်ကာ သဲလွန်စ တွေ့လိုတွေ့ငြား ဝင်ရောက်ရှာဖွေကြည့်ကြသည်။

ဒေါက်တာမင်းထင်ကျော်က စာရေးစားပွဲရှိရာသို့သွားကာ အံ့ဆွဲများကိုဆွဲထုတ်ပြီး မွှေနှောက်ရှာဖွေရာ တစ်နေရာမှာတော့ မေရီကျော်နာမည်ရေးထားသော မှတ်တမ်းစာအုပ်ကို တွေ့ရသဖြင့် ယူကြည့်လေသည်။

စာအုပ်ထဲမှာတော့ အသိမိတ်ဆွေတို့၏ နာမည်၊ လိပ်စာ၊ တယ်လီဖုန်းနံပါတ်များ ရေးမှတ်ထားသည်။

ထို့ပြင် ပေးရန်ကျန်သော ငွေများ၊ ရရန်ရှိသောငွေစာရင်းများလည်း တွေ့ရသည်။ ထိုစာရင်းများထဲတွင် ဦးဥက္ကာ၏ နာမည်ကို တွေ့ရသည်။

ဦးဥက္ကာထံမှ ဘယ့်နှယ်ဘယ်ရက်က ငွေ(၅၀၀)ချေးယူလာခဲ့ကြောင်း တွေ့ရလေသည်။

ထိုငွေယူလာသောရက်နှင့် ယခု မေရီကျော်သေသောရက်မှာ တစ်ပတ်လောက်သာ ကွာခြားလေသည်။

ဒေါက်တာမင်းထင်ကျော်က ထိုမှတ်တမ်းစာအုပ်ကလေးကို ဂျာကင်အင်္ကျီထဲသို့ ထည့်ယူကာ အောက်ထပ်သို့ပြန်ဆင်းလာသည်။ အောက်ထပ်ရောက်တော့ အသင့်စောင့်နေဟန်ရှိသော သီရိဝေနှင့်တွေ့ရသည်။

"အခုလိုဖြစ်ပျက်တာ ကျွန်တော်စိတ်မကောင်းပါဘူး"

"သူက ကျွန်မတို့ မိသားစုတွေနဲ့ သီးခြားလိုနေတာဆိုပေမယ့် အခုလိုဖြစ်သွားတော့လည်း မိသားစုတစ်ယောက်လို စိတ်မကောင်းဖြစ်ရပါတယ်၊ ဒါထက် ဘယ်လိုဖြစ်ပြီး သေတာလဲဟင်၊ အစ်ကိုပြောပုံအရဆိုရင် လျှော်ခါးကလိမ့်ကျတဲ့ ဒဏ်ရာလောက်နဲ့ မသေနိုင်ဘူး မဟုတ်လားဟင်"





"ကျွန်တော်တို့လည်း စုံစမ်းစစ်ဆေးနေကြပါတယ်၊ မကြာခင်တော့ အဖြေတစ်ခုခု ဖော်ထုတ်ပေးနိုင်မှာပါ"

"ဒီကိစ္စမှာ ကိုမင်းထင်ကျော်ပါလာတာ ကျွန်မသိပ်ပြီး အားရှိတာပဲ၊ ကျွန်မတို့ မိသားစုတွေမှာရော နောက်ထပ်အန္တရာယ်တွေ ရှိနိုင်သေးသလားဟင်"

သီရိဝေက စိုးရိမ်သောအသံဖြင့် မေးလိုက်လေသည်။

"လောလောဆယ်တော့ သတိဝီရိယနဲ့နေတာ ကောင်းပါတယ်၊ ကျွန်တော်တို့လည်း တတ်နိုင်သမျှ ကူညီစောင့်ရှောက်ပေးပါ့မယ်၊ နောက်ပြီး အခုရက်အတွင်းမှာပဲ ပုဂံဘက်ကို တစ်ပတ်လောက် ခရီးသွားစရာ ရှိပါတယ်"

"အလုပ်ကိစ္စအတွက် သွားမှာလား"

"ကိစ္စလေးတွေလည်းရှိ၊ မရောက်တာလည်း ကြာနေပြီပါ၊ သီရိဝေတို့က အရင်က ပုဂံမှာနေခဲ့ကြတာ မဟုတ်လား"

"ဟုတ်ပါတယ်၊ ကျွန်မတို့ ငယ်ငယ်ကပါ"

"ဘာမျှားမှာဦးမလဲ"

"မှာစရာတော့ မရှိပါဘူး၊ ကျွန်မတို့ မိသားစုအတွက် အခုလို အကူအညီပေးတာ ကျေးဇူးတင်ပါတယ်"

"ပုဂံကပြန်ရောက်ရင်တော့ တစ်ခေါက်လာခဲ့ပါဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



သီရိဝေက ခေါင်းညိတ်ပြလေသည်။

ထိုနောက်မှာတော့ သီရိဝေအား နှုတ်ဆက်ပြီးနောက် ခင်မောင်ဝေကိုပါ ပြန်ခေါ်ခဲ့ကာ ဆေးရုံကြီးရှိရာဘက်သို့ ပြန် လာခဲ့ကြလေသည်။







## အခန်း(၁၃)

# ဦးဥက္ကာ ပျောက်ဆုံးသောအမှု

ရှေးအခါက လမ်းမတော်ဂါတ်တဲ ရှိသောနေရာမှာ လမ်းမတော်လမ်းနှင့် ဒါလဟိုဇီလမ်းတို့ဆုံရာ အရှေ့ဘက်အ ခြမ်း၌ရှိသည်။ တိုက်ခံနှစ်ထပ်တိုက်အမျိုးအစားဖြစ်သည်။

အောက်ထပ်တွင် ရုံးခန်းဖွင့်လှစ်ထားပြီး အပေါ်ထပ် မှာတော့ ယာယီအချုပ်ခန်းရှိသည်။

နံဘေးဘက်မှာတော့ အရေးကြီးသော တရားခံများ



www.burmeseclassic.com

www.burmeseclassic.com



ဖမ်းဆီးချုပ်နှောင်ထားရာ အလုံခန်းများရှိသည်။

ဝင်ပေါက်တစ်ပေါက်သာရှိပြီး နံဘေးပတ်လည်တွင် အုတ်နံရံများ ကာရံထားသည်။

လူတစ်ရပ်ကျော်ကျော်လောက်မှာတော့ လေဝင်လေ အတွက် သံတိုင်များစိုက်ထားသော ပြတင်းပေါက်ရှိသည်။

ထိုအချိန်က လမ်းမတော်ဂါတ်တဲကို အုပ်ချုပ်နေသူမှာ ရဲအင်စပိတ္တော်(အင်စပက်တော်) ဦးမြကြီးဆိုသူဖြစ်သည်။

ဦးမြကြီးမှာ သဘောမနောကောင်းသော်လည်း လူဆိုး လူမိုက်များနှင့် ဆက်ဆံရာမှတော့ များစွာလက်သံပြောင်သူဖြစ် သည်။ ထိုအချိန်က "ထီးပြန် ဖိနပ်ပြန် မြကြီး" ဟူသော နာမည် တစ်လုံးရခဲ့သူဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် လူဆိုးလူမိုက်တို့မှာ ဦးမြကြီး နှင့်တွေ့ပါက အပြင်သို့ ထီးနှင့်ဖိနပ်သာပြန်ထွက်လာပြီး လူက တော့ အချုပ်ကျ၊ ထောင်ကျ ကျလေ့ရှိသောကြောင့် ဖြစ်သည်။

ထိုအချိန်က လမ်းမတော်နယ်မြေတစ်ဝိုက်တွင် လူဆိုး လူမိုက်တို့ကို ခေါင်းဆောင်နေသော လမ်းမတော် ဖိုးတုတ်နှင့် ပုဏ္ဏားဘထွန်းတို့ ကြီးစိုးနေသောအချိန်အခါလည်း ဖြစ်သည်။

ထိုလူဆိုးလူမိုက်ကြီးများမှာ အင်စပက်တော် ဦးမြကြီး နှင့် အပေးအယူရှိကြသည်ဆိုသော်လည်း လေးစားမှုရှိကြသည်။

အဘယ်ကြောင့်ဆိုသော် ဦးမြကြီးက စိတ်မထင်လျှင် မထင်သလို လုပ်တတ်သောကြောင့် ဖြစ်သည်။

ထိုဂါတ်တဲမှာ စုံထောက်ကျော်စွာက တာဝန်ထမ်း





ဆောင်နေသည်။

အင်စပက်တော် ဦးမြကြီးက စုံထောက်ကျော်စွာအား၊ အားကိုးယုံကြည်မှုရှိသလို ၎င်းနှင့်ပတ်သက်နေသော ဒေါက်တာ မင်းထင်ကျော်အပေါ် မှာလည်း ခင်မင်လေးစားမှု ရှိလေသည်။

ယခုလည်း လမ်းမတော်ဂါတ်တဲမှာရှိသော စုံထောက် ကျော်စွာ၏ သီးသန့်ရုံးခန်းထဲမှာ ဒေါက်တာမင်းထင်ကျော် ရောက်နေပြီး အမှုနှင့်ပတ်သက်သော အကြောင်းများကို ဆွေး နွေးနေကြလေသည်။

"စုံစမ်းရသလောက် အချက်အလက်တွေကို အားလုံး ခေါင်းစပ်ကြည့်ရင်း ရေမြောင်းထဲကျသေတဲ့ မောင်စိန်အမှု၊ လှေ ခါးပေါ်က လိမ့်ကျသေတဲ့ ဟန်စိန် သေရတဲ့အမှုနဲ့ မေရီကျော် သေရတဲ့အမှုတွေက တစ်ခုနဲ့တစ်ခု ကွင်းဆက်တွေဖြစ်နေတယ်"

"ဟုတ်တယ်ဆရာ၊ အဲဒီအမှုမှာ ပါဝင်ပတ်သက်တဲ့ သူ တွေကို ကောက်နုတ်ပြီးကြည့်ရင် သူတောင်းစားမာဒဂ်နဲ့ အောင် ချမ်းသာပွဲရုံမှာ ဖက်စပ်လုပ်နေတဲ့ ဦးဥက္ကာတို့ နှစ်ယောက်ကို တွေ့ရတယ်"

"သူတို့နှစ်ယောက်က အမှုသုံးခုစလုံးမှာ ဦးဥက္ကာနဲ့ ပတ် သက်နေတာလည်း ရှိတယ်"

"မှန်ပါတယ်"

"နောက်တစ်ချက်က ဦးဥက္ကာနဲ့ သူတောင်းစား မာဒဂ် ဟာ ပတ်သက်မှုရှိပုံရတယ်၊ ဘာကြောင့်လည်းဆိုတော့ ဦးဥက္ကာ ဟာ သူတောင်းစားမာဒဂ် ငှားနေတဲ့အခန်းကို မကြာခဏ သွား



www.burmeseclassic.com

www.burmeseclassic.com



တဲ့ပုံ ပေါ်တယ်"

ထိုအခါ စုံထောက်ကျော်စွာက ပြောသည်။

"ကျွန်တော် သူတောင်းစားဟန်ဆောင်ပြီးတော့ မာဒင်ကို အနီးကပ်လေ့လာကြည့်တော့ ဟန်ဆောင်ဖုံးကွယ်ထားတာတွေ အတော်များများ တွေ့ရတယ်"

"ဘယ်လိုမျိုးလဲ"

"သူက စားသောက်ဖို့အတွက် သက်သက်တောင်းရမ်းနေတာ မဟုတ်တာတော့ သေချာတယ်"

"ဒီလိုဆိုရင်တော့ သူတို့နှစ်ယောက်ဟာ ချိတ်ဆက်ရှိနေကြပြီး ဒုစရိုက်လုပ်ငန်းလုပ်နေကြသူများ ဖြစ်လေမလား"

"ဖြစ်နိုင်စရာရှိပါတယ် ဆရာ၊ ကျွန်တော့် သဘောကတော့ နှစ်ယောက်စလုံးကိုဖမ်းပြီး တစ်နေရာစီ ခွဲစစ်ကြည့်ရင် အဖြေပေါ်နိုင်တယ်"

ထိုစကားကြားတော့ ဒေါက်တာမင်းထင်ကျော်က ခေါင်းကို ဖြည်းလေးစွာ ခါရမ်းလိုက်သည်။ပြီးမှ စီးကရက်တစ်လိပ် မီးညှိဖွာပြီး ပြန်ပြောလိုက်သည်။

"ဒီလောက်လည်း စိတ်မလောပါနဲ့၊ ရာဇဝတ်ဘေးတာ ပြေးလို့မလွတ်ပါဘူး၊ လူဆိုးလူမိုက်တွေ ဘယ်လောက်တော်တော် တစ်နေ့ကျရင် ဥပဒေဘောင်အတွင်း ဆင်းရတာချည်းပါပဲ၊ စိတ်ရှည်ရှည်နဲ့သာ စောင့်ကြည့်နေပါ"

"စိတ်ချပါဆရာ၊ သူတို့နှစ်ယောက်စလုံးကို မျက်ခြေမပြတ်ရအောင် ကျွန်တော်တပည့်တွေကို စောင့်ကြည့်ခိုင်းထားပါတယ်"



"ကောင်းပါတယ်၊ ကျွန်တော်တောင် ဒီတစ်ရက် နှစ်ရက်လောက်မှာ ပုဂံဘက် ခဏသွားရလိမ့်ဦးမယ်"

"အမှုကိစ္စလား ဆရာ"

"ဟုတ်တယ်၊ ကြားထဲမှာ ကွင်းဆက်ပြတ်နေတဲ့ သဲလွန်တစ်ခု သွားရှာကြည့်ဦးမယ်၊ အဲဒီပြတ်တောက်နေတဲ့ ကွင်းဆက်ကလေး ရှာတွေ့ရင်တော့ အမှုကွင်းဆက်တွေ အားလုံး ဆက်မိသွားပါလိမ့်မယ်"

စုံထောက်ကျော်စွာကတော့ စီးကရက်တစ်လိပ်ကို စိမ်ပြေနပြေ ဖွာနေသော ဒေါက်တာမင်းထင်ကျော်အား အထင်ကြီးလေးစားသော အကြည့်မျိုးဖြင့် ကြည့်နေလေသည်။

ထိုအခိုက်မှာပင် ပုလိပ်တစ်ယောက်ဝင်လာပြီး သတင်းပို့လေသည်။

"အပြင်ဘက်မှာ လူတစ်ယောက်ရောက်နေတယ်ဆရာ သူ့နာမည်က မောင်မောင်ကြီးလို့ပြောတယ်၊ ဆရာတို့နဲ့ တွေ့ချင်တယ်လို့ ပြောနေတယ်"

မောင်မောင်ကြီးဆိုသော နာမည်ကို စုံထောက်ကျော်စွာက ဇဝေဇဝါဖြစ်နေသော်လည်း ဒေါက်တာမင်းထင်ကျော်ကတော့ ချက်ခြင်းမှတ်မိလေသည်။

"သူ့ကို ဒီအခန်းထဲသာ ခေါ်လာခဲ့ပေးပါ"

ဟုပြောလိုက်ရာ ခဏကြာတော့ အခန်းတွင်းသို့ မောင်မောင်ကြီး ရောက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူအမူအယာမှာ ယခင်တွေ့ရသည်နှင့်မတူဘဲ စိုးရိမ်ထိတ်လန့်နေသော အမူအယာများ ပေါ်နေလေသည်။

ဒေါက်တာမင်းထင်ကျော်က သူ့အတွက်နေရာထိုင်ခင်းပေးပြီး မေးလိုက်သည်။

"ကျွန်တော်တို့ ဘာများအကူအညီပေးရမလဲ"

"ကျွန်တော့်ကို အကူအညီပေးကြပါဦးဗျာ၊ ကျွန်တော့်အဖေတော့ အန္တရာယ်တစ်ခုတော့ တွေ့နေရပြီ ထင်ပါရဲ့"

ဟု ကတုံကယင်ဖြစ်နေသော အသံမျိုးဖြင့် ပြောလိုက်သည်။

"စိတ်အေးအေးထားပါ ကိုမောင်မောင်ကြီး၊ ဘယ်လိုကနေ ဘယ်လိုဖြစ်တယ်ဆိုတာ သေသေချာချာ ပြောပြပေးစေချင်ပါတယ်"

ထိုအခါ မောင်မောင်ကြီးက ပြောပြလေသည်။

"ဒီကနေ့ ကျွန်တော်နဲ့ မိတ်ဆွေတစ်ယောက်မြို့ထဲကိုကိစ္စတစ်ခုရှိလို့သွားရင်းက (၂၃)လမ်းကိုရောက်သွားကြပါတယ်"

"ဘိန်းရုံတန်းကို ပြောတာထင်ပါရဲ့"

"ကျွန်တော်လည်း သေသေချာချာတော့ မသိပါဘူး လမ်းထိပ်မှာ (၂၃)လမ်းလို့ ရေးကပ်ထားတာမြင်လို့ ပြောတာပါ"

"ဆက်ပြောပါဦး"

"အဲဒီလမ်းထဲရောက်တော့ အိမ်တစ်အိမ်ရဲ့အခန်းထဲမှာ အဖေ့ကိုမြင်လိုက်ရတယ်"

"လူချင်းတူတာများ ဖြစ်နေသလား"





"မမှားနိုင်ပါဘူး၊ အဖေဝတ်သွားတဲ့ အဝတ်အစားတွေကို ကောင်းကောင်းမှတ်မိတာပဲ"

"ခင်ဗျား မြင်တော့ သူဘာလုပ်နေသလဲ"

"တစ်ယောက်ယောက်နဲ့ စကားပြောနေသလား၊ တစ်ခုခု လုပ်နေသလားဆိုတာတော့ မမြင်ရဘူး၊ နောက်တော့ ကျွန်တော်ဘက်ကို တစ်ချက်လှည့်ကြည့်ပြီး ဖျပ်ခနဲ ပျောက်သွားတယ်"

"ဆက်ပြောပါဦး"

"ဒါနဲ့ ကျွန်တော်တို့နှစ်ယောက်လည်း အတက်အဆင်းလှေခါးနားက သွားစောင့်နေတော့လည်း ဆင်းမလာဘူးဗျ၊ ဒါနဲ့အပေါ်တက်ကြည့်ဖို့လုပ်တော့ အစောင့်တွေက တက်ခွင့်မပေးဘူး၊ ဒါကြောင့် တစ်ယောက်ကို ဟိုမှာထားခဲ့ပြီး ကျွန်တော်ကဒီလိုလာပြီး အကူအညီတောင်းတာပါ၊ တဆိတ်လောက်လိုက်ပြီးအကူအညီပေးကြပါဦး၊ အဖေတော့ တစ်ခုခုဖြစ်နေပြီ ထင်တာပဲ"

ဟု ပြောပြလေသည်။

"ကောင်းပြီလေ. . အခုပဲ လိုက်ခဲ့ပါ့မယ်"

ဟုပြောပြီး နှစ်ယောက်သား နေရာမှထကြလေသည်။

သူတို့အတွက်ကတော့ ရေငတ်တုန်း ရေတွင်းထဲကျသောအဖြစ်မျိုးနှင့် ကြုံကြရခြင်းပင် ဖြစ်ပေသည်။

လမ်းမတော်နှင့် (၂၃)လမ်းမှာ ဝေးလှသည်တော့ မဟုတ်ပေ။ သူတို့ရောက်သွားတော့ မောင်မောင်ကြီး စောင့်ခိုင်း



www.burmeseclassic.com

www.burmeseclassic.com



ထားသူက ထိုနေရာမှာပင် ရှိနေသေးသည်။

"ငါ့အဖေဆင်းလာတာ တွေ့သလား"

"မတွေ့သေးဘူး"

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက်က အတွင်းသို့ဝင်ရန် ပြင်လေသည်။

အိမ်ပိုင်ရှင်တရုတ်က မောင်မောင်ကြီးတို့နှစ်ယောက်တက်စဉ်က ခွင့်မပြုသော်လည်း စုံထောက်ကျော်စွာကို မြင်သောအခါ ပြာပြာသလဲ ဆီးကြိုလေသည်။

"ဆရာ ဘာလိုသလဲ၊ အေးအေးဆေးဆေးနားချင်ရင် ကျွန်တော် စီစဉ်ပေးပွါမယ်"

"မလိုပါဘူး၊ အပေါ်ထပ်မှာ လူတစ်ယောက် တက်ရှာချင်တယ်၊ ခင်ဗျားလိုက်ခဲ့ပါ"

ဟုပြောသဖြင့် မျက်စိပျက်မျက်နှာပျက်နှင့် လိုက်လာလေသည်။ အပေါ်ထပ်ရောက်တော့ မောင်မောင်ကြီးက အခန်းတစ်ခန်းကို ညွှန်ပြသည်။

"အဖေ့ကို ဒီအခန်းထဲမှာ မြင်လိုက်တာ"

ကြည့်လိုက်တော့ အခန်းတံခါးကပိတ်ပြီး သော့ခတ်ထားသည်။

"ဒါ ဘယ်သူနေတဲ့အခန်းလဲ"

"သူတောင်းစားတစ်ယောက် ငှားထားတဲ့အခန်းပါ"

"မာဒက်ဆိုတဲ့ သူတောင်းစား မဟုတ်လား"

ပိုင်ရှင်က ခေါင်းညိတ်ပြသည်။





"သူတောင်းစားက အခန်းငှားနေနိုင်သလား"

"သူက အမြဲမနေပါဘူး၊ ခဏတဖြုတ်ပဲ လာတာပဲ၊ ဒါကြောင့် ငှားထားတာပါ"

"ခင်ဗျားဆီမှာ သော့ပိုရှိတယ် မဟုတ်လား၊ ဖွင့်ပေးပါ"

ပိုင်ရှင်က သူ့ခါးမှာချိန်ဆွဲထားသော သော့တွဲကြီးမှ သော့တစ်ချောင်းကိုယူပြီး သော့ဖွင့်ပေးသည်။ တံခါးပွင့်သွားတော့ ကျန်လူများကို အပြင်မှာနေစေပြီး နှစ်ယောက်တည်း အခန်းထဲ ဝင်သွားသည်။

အခန်းထဲမှာတော့ ထွေထွေထူးထူး ဘာမှမရှိပေ။

ခေါက်ကုတင်တစ်လုံး ချထားသော်လည်း အသုံးပြုဟန်မတူပေ။ အခန်းမှာ အစွန်ဘက်၌ရှိသောကြောင့် (၂၃)လမ်းဘက်၌ ပြတင်းပေါက်ရှိသလို လမ်းကြားရှိသော ဘက်မှာလည်း ပြတင်းပေါက်ရှိသည်။ သံတိုင်များတပ်ထားသော ပြတင်းပေါက်မှ ငုံ့ကြည့်လျှင် အောက်သို့မြင်ရသည်။

ဒေါက်တာမင်းထင်ကျော်က ပြတင်းပေါက်တစ်ဝိုက် လိုက်ကြည့်နေစဉ် အောက်ဘက်တွင်ကျနေသော အရာအချို့ကို လှမ်းမြင်ရလေသည်။

ထို့ကြောင့် အပြင်ပြန်ထွက်ပြီး မေးလိုက်သည်။

"ဒီအိမ်မှာ နောက်ဘက်ကဆင်းပြီး အပြင်ထွက်လို့ ရသလား"

"မရပါဘူး"

"ဘေးဘက်က လမ်းကြားထဲကို ဘယ်လိုဝင်ရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှေ့ဘက်မှာ သံတံခါးရှိပါတယ်၊ သော့ဖွင့်ပြီး ဝင်ရင်ရပါတယ်"

ဟုပြောပြီး သော့တစ်ချောင်းမေးသဖြင့် ထိုသော့ကိုယူကာ အောက်ဘက်သို့ ဆင်းလာခဲ့သည်။

တိုက်နှစ်တိုက်ကြားမှာရှိသော လမ်းကြားကို သံတံခါးဖြင့် ပိတ်ထားသဖြင့် ဖွင့်ပြီးဝင်လာခဲ့သည်။

မြတင်းပေါက်အောက် ရောက်သောအခါ လမ်းကြားထဲသို့ ပစ်ချထားသော အမှိုက်သရိုက်များပေါ်မှာ တင်နေသော အကျီလုံချည်တို့ကို တွေ့ရသဖြင့် ကောက်ယူပြီး အပေါ်သို့ ပြန်တက်လာသည်။

အပေါ်ရောက်တော့ ထိုအဝတ်အထည်ဟို့ကို မောင်မောင်ကြီးကို ခေါ်ပြလိုက်သည်။

"ခင်ဗျား ဒီအဝတ်အစားတွေကို မှတ်မိတယ် မဟုတ်လား"

မောင်မောင်ကြီးက ဒေါက်တာမင်းထင်ကျော် လက်ထဲမှာ ကိုင်ထားသော အဝတ်အစားများကိုကြည့်ပြီး မျက်စိမျက်နှာ ပျက်သွားလေသည်။

"မှတ်မိတယ်၊ ဒါ ကျွန်တော်အဖေဝတ်တဲ့ အဝတ်အစားတွေပဲ၊ အဖေတော့ ဒုက္ခရောက်ပြီထင်ပါရဲ့"

ဟု ငိုသံပါသောအသံဖြင့် ပြောလေသည်။

အဝတ်များမှာ လည်ကတုံးရှပ်အကျီတစ်ထည်၊ ပုဆိုးတစ်ထည်နှင့် အပေါ်ဖုံးအကျီတစ်ထည်တို့ ဖြစ်သည်။ အကျီနှစ်





ထည်စလုံး သွေးစများ စွန်းပေနေလေသည်။

ဒေါက်တာမင်းထင်ကျော်က အကျီနှစ်ထည်စလုံးမှာရှိသော အတွင်းအိတ်၊ အပြင်အိတ်များကို နှိုက်ရှာကြည့်တော့လည်း ဘာမှမတွေ့ရပေ။ သွေးစက်များမှာ ရှပ်အကျီ၌ စွန်းပေနေခြင်းဖြစ်သည်။

"ဦးဥက္ကာတော့ အန္တရာယ်တစ်ခုခုနဲ့ တွေ့နေရပြီထင်တယ်"

"ဘယ်လိုလုပ်မလဲ ဆရာ"

"သူတောင်းစား မာဒင်ကို လိုက်ရှာရမှာပေါ့၊ တွေ့တာနဲ့ ဖမ်းခေါ်လာခဲ့ရမယ်"

ဟုပြောဆိုကာ အောက်ထပ်သို့ ပြန်ဆင်းလာကြလေသည်။ ထို့နောက် မောင်မောင်ကြီးအား စိတ်မပူရန်မှာကြားခဲ့ပြီး နှစ်ယောက်သား မြို့လည်တစ်ဝိုက်သို့ လိုက်လံရှာဖွေကြရာ တစ်နေရာရောက်တော့ လမ်းဘေးတစ်နေရာမှာ အေးအေးဆေးဆေးထိုင်၍တောင်းနေသော မာဒင်ကိုတွေ့ရသဖြင့် ပုလိပ်နှစ်ယောက်အား ဖမ်းခေါ်လာရန် စေခိုင်းပြီး စခန်းသို့ ပြန်သွားကြလေသည်။

ပုလိပ်နှစ်ယောက်က သူတောင်းစား မာဒင်ကို ဖမ်းခေါ်ရန်ပြင်တော့ သူကမေးသည်။

"ငါ့ကို ဘာဖြစ်လို့ဖမ်းတာလဲ၊ မင်းတို့ကို ပေးထားပြီးသား မဟုတ်လား"

"အခုဖမ်းတာက တောင်းလို့ဖမ်းတာ မဟုတ်ဘူး၊ ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



ရှိလို့ဖမ်းတာ လိုက်ခဲ့ပေတော့”

“မင်းတို့ပုလိပ်တွေကလည်း ခုတစ်မျိုး၊ တော်ကြာတစ်မျိုးနဲ့ကွာ အမျိုးမျိုးပါပဲ”

ဟု ရေချွတ်ပြောဆိုကာ ရင်းပစ္စည်းများကို သိမ်းဆည်းပြီးနောက် ပုလိပ်နှစ်ယောက်ခေါ် ရာနောက်သို့ ပါသွားလေတော့သည်။

ဂါတ်အတွင်းသို့ ရင်းဝင်လာသောအခါ ရင်းကိုယ်ပေါ်မှာ ဝတ်ထားသော အဝတ်ဟောင်းများ အနံ့အသက်များက မကောင်းလှပေ။

ညစ်ပတ်စုတ်ပြတ်နေသော ကုတ်အင်္ကျီအဟောင်း၊ ဘောင်းဘီအဟောင်း၊ ဦးထုပ်အဟောင်းများမှ အနံ့အသက်များက မခံနိုင်အောင် နံစော်နေသည်။

ထို့ပြင် မျက်နှာတစ်ဖက်လောက် အထိဖုံးနေသော နီကြောင်ကြောင်ဆံပင်များကြောင့်လည်း အနံ့က ပိုဆိုးနေသည်။

ပုလိပ်နှစ်ယောက်က မာဒင်ကိုခေါ် လာပြီး စုံထောက်ကျော်စွာ အခန်းထဲသို့ပို့ပေးပြီး ပြန်ထွက်သွားကြသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ ရှေ့ဘက်အခန်းမှာ မရှိဘဲ နောက်ဘက်အခန်းထဲမှာ ဝင်ထိုင်ရင်းနှင့် နားစွင့်နေသည်။

မာဒင်က ရှေ့မှာချထားသော ကုလားထိုင်ပေါ်မှာ ဝင်ထိုင်ရင်း စုံထောက်ကျော်စွာမျက်နှာကို တစ်ချက်ကြည့်ကာ ပြုံးလိုက်သည်။





“မိတ်ဟောင်းဆွေဟောင်းတွေတော့ ပြန်တွေ့ကြပြန်ပြီကိုး”

“ဘယ်သူ့ကိုပြောတာလဲ”

“မင်းကို ပြောတာပေါ့ကွာ၊ တကယ်တော့ ဒီကာလကြီးမှာ ပုလိပ်ကသူတောင်းစားဖြစ်၊ သူတောင်းစားက ပုလိပ်ပြန်ဖြစ်တာလည်း ဆန်းတော့မဆန်းပါဘူး”

စုံထောက်ကျော်စွာက စိတ်ထဲမှကျိတ်ပြီး မာဒင်၏ အတင်းပါးပုံကို ချီးကျူးမိလေသည်။

“ဘယ်လိုကြောင့် ပြောနိုင်တာလဲ”

“မင်း ငါ့ဆီစလာကတည်းက အယောင်ဆောင် သူတောင်းစားတစ်ယောက်ဆိုတာ ငါသိပါတယ်၊ ဒါက ငါ့အတွက်ဘာမှအရေးမကြီးတဲ့ကိစ္စမို့ မင်းကိုလက်ခံခဲ့တာပဲ၊ မင်းရုပ်ဖျက်တာ ကောင်းပေမယ့် မျက်လုံးနဲ့ ပင်ကိုယ်အသံကိုတော့ ပြောင်းလို့မှမရတာ”

“ထားပါတော့လေ ကျွန်တော်မေးတာသာဖြေပါ၊ ဦးဥက္ကာနဲ့ခင်ဗျားနဲ့ ဘယ်လိုပတ်သက်နေတာလဲ”

“ဘယ်လိုမှ ပတ်သက်စရာမရှိဘူး၊ ဦးဥက္ကာဆိုတာလည်း ငါမသိဘူး”

“ခင်ဗျား ငြင်းနေလို့လည်း အပိုပဲ၊ ဦးဥက္ကာနဲ့ အဆက်အသွယ်ရှိတယ်၊ ခင်ဗျားဆီကို ဝင်ထွက်သွားလာနေတယ်ဆိုတာလည်း စုံစမ်းလို့ သိထားပြီးပြီ”

“သူ့အကြောင်းရှိလို့ လာတာဖြစ်မှာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"ဒါထက်၊ ခင်ဗျား ဒီပစ္စည်းတွေကို သိသလား"

စုံထောက်ကျော်စွာက စားပွဲနံဘေးမှာ ချထားသော ဦးဥက္ကာ၏ အဝတ်အစားများကို ပြလိုက်သည်။

"*မသိဘူး*"

"ဒီအဝတ်တွေက ခင်ဗျားနေတဲ့ အခန်းပြတင်းပေါက် တည့်တည့်ကနေ ရလာခဲ့တာ"

"တခြားအခန်းတွေက ပစ်ချတာလည်း ဖြစ်ချင်ဖြစ်မှာ ပေါ့ ဒီအဝတ်တွေ ငါမသိဘူး၊ ငါ့မှာရှိတာကတော့ အခုဝတ်ထား တာတွေပဲ ရှိတယ်"

နောက်ထပ်မေးခွန်းအချို့ကို မေးကြည့်သော်လည်း မာဒဂ်ထံမှ ထူးထူးခြားခြား ဘာမှမသိရတော့သဖြင့် မာဒဂ်ကို သီးခြားထားသော အခန်းထဲမှာ ချုပ်ထားစေလိုက်သည်။

ခဏကြာတော့ နောက်ဘက်အခန်းတွင်းမှ ဒေါက်တာ မင်းထင်ကျော် ထွက်လာသည်။

"သိပ်တော့ မထူးခြားသေးဘူး ဆရာ"

"မကြာခင်တော့ ထူးခြားလာမှာပါ၊ ဒီရက်အတွင်းမှာ တော့ သူ့ကို သီးခြားချုပ်ထားပေးပါ။ ကျွန်တော် ပုဂံကို ခဏသွား လိုက်ဦးမယ်"

"ဘာအတွက်သွားမှာလဲ ဆရာ"

"အမှုအတွက် ကွင်းဆက်ပြတ်နေတာလေးအတွက် သဲလွန်စတစ်ခု သွားရှာကြည့်ချင်လို့ပါ"

"ဘယ်လောက်ကြာမယ် ထင်သလဲ"





"အလွန်ဆုံး တစ်ပတ်ပေါ့"

"ဆရာသွားနေတဲ့ ရက်အတွင်းမှာတော့ လုပ်စရာရှိတာ တွေ ဆက်လုပ်ရမယ်၊ အစိကက ဦးဥက္ကာ ဘယ်လိုအခြေအနေ မျိုး ရောက်နေတယ်ဆိုတာ ဆက်ပြီးစုံစမ်းရမယ်"

"ဘိန်းရုံတန်းက မာဒဂ်နေတဲ့ အခန်းကိုလည်း မျက်ခြည် မပြတ် စောင့်ကြည့်ခိုင်းထားပါ"

"စိတ်ချ. . ဆရာ၊ ဟံသာဝတီက ဦးဥက္ကာနေတဲ့အိမ်နဲ့ သူထောင်ထားတဲ့ အောင်ချမ်းသာပွဲရုံတစ်ဝိုက်မှာလည်း ဆားပု သင်းတွေကို စောင့်ကြည့်ခိုင်းထားတယ်"

"အောင်ချမ်းသာ ပွဲရုံကရော ဖွင့်ထားသလား"

"ဖွင့်ထားတယ်၊ သူနဲ့အစုစပ်လုပ်တဲ့ ဦးရင်စိန် ရောက် ပြီး ပွဲရုံလုပ်ငန်းတွေ လုပ်နေတယ်"

ဒေါက်တာမင်းထင်ကျော်က လူငယ်ပီပီ အလုပ်လုပ် ရာတွင် စေ့စပ်သေခြာမှုရှိတော့ စုံထောက်ကျော်စွာကို စိတ်ထဲ မှ ချီးကျူးမိကာ လမ်းမတော်ဂါတ်တဲအတွင်းမှ ပြန်ထွက်လာခဲ့ လေသည်။

သူ့အတွေးထဲမှာတော့ ဦးဥက္ကာနှင့် ပတ်သက်သော အကြောင်းများ၊ သူတောင်းစားမာဒဂ်နှင့် ပတ်သက်သော အ တွေးများက တသီတတန်းကြီး ပါလာလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com







# အခန်း (၁၄)

# ကျေးဇူးသိတတ်သည့် နာနာဘာဝများ

သူတောင်းစား မာဒင်ကို ဖမ်းထားပြီး တစ်ရက်နှစ်ရက်ကြာတော့ လမ်းမတော်အချုပ်ထဲမှာ ထူးခြားမှုများ ဖြစ်ပေါ်လာလေသည်။ အခြားမဟုတ်ပေ။

ညအချိန် လူခြေတိတ်ဆိတ်သော အချိန်ရောက်လာလျှင် သရဲသဘက်နှင့်တူသော မည်းမည်းသဏ္ဍာန်ကြီးများ တစ်ခန်းဝင်တစ်ခန်းထွက်ဖြင့် ဝင်ထွက်သွားလာနေသည်ကို ညတာ



www.burmeseclassic.com

www.burmeseclassic.com



ဝန်ကျသော ပုလိပ်များက မြင်တွေ့ကြရလေသည်။

ပထမတော့ လူများသွားလာနေသည်အထင်နှင့် နောက်မှလိုက်ကြည့်ကြသည်။

ထိုသဏ္ဍာန်များမှာ တစ်နေရာတွင် ရိပ်ခနဲ မြင်လိုက်ရပြီး တစ်နေရာရောက်လျှင် ရိပ်ခနဲ ပျောက်သွားတတ်သည်။

ထိုသို့ မြင်ရသော်လည်း ပုလိပ်များကိုတော့ အန္တရာယ်မပေးကြသေးပေ။

အချို့ပုလိပ်များမှာလည်း လူဆိုးဓားပြများကို ဖမ်းဆီးဝံ့သော်လည်း သရဲတစ္ဆေ ကြောက်တတ်ကြသဖြင့် ဂိတ်တဲအတွင်းမှာ ထူးထူးခြားခြား ထိုကဲ့သို့တွေ့သောအခါ ကြောက်ရွံ့ထိတ်လန့်နေကြလေသည်။

ထူးခြားသောအချက်မှာ မည်းမည်းသဏ္ဍာန်များမှာ အချုပ်သားများထားသော အချုပ်ခန်းများဘက်သို့ မသွားဘဲ ပုလိပ်များနေသောနေရာသို့သာ ရောက်လာလေ့ရှိကြသည်။

အထူးသဖြင့် ပုလိပ်အရာရှိများနေသော အခန်းများထဲသို့ ဝင်ထွက်သွားလာကြသည်။

ပုလိပ်တစ်ယောက်ကတော့. . အတော်အတန်သတ္တိကောင်းသူဖြစ်သောကြောင့် မည်းမည်းသဏ္ဍာန်ကြီးနောက်မှလိုက်သွားပြီးကြည့်ရာ စုံထောက်ကျော်စွာထိုင်သော အခန်းထဲသို့ ဝင်သွားသည်ကို မြင်တွေ့လိုက်ရသည်။

သူသည် နံပါတ်တုတ်ကိုကိုင်ကာ နောက်မှဝင်လိုက်သွားလေရာ ထိုအခန်းထဲရောက်တော့ ဘာမှမတွေ့ရတော့ပေ။





အခန်းထဲမှာ ဗီရို စားပွဲကုလားထိုင်များရှိသဖြင့် စေ့စေ့စပ်စပ် လိုက်လံရှာဖွေနေစဉ် သူ့နောက်ဘက်မှ ခြေသံလိုလို ကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်ရာ လှုပ်ယမ်းသွားသော တံခါးရွက်နှစ်ချပ်ကိုသာ တွေ့လိုက်ရသည်။

ကဗျာကယာ နောက်မှလိုက်ကြည့်တော့လည်း စင်္ကြံလမ်းတစ်လျှောက်မှာ ဘာမှမတွေ့ရပြန်ပေ။

"သရဲခြောက်နေတာထင်တယ်"

ဟုသာတွေးလိုက်မိသည်။

ရုံး၊ ဂိတ်၊ ဆေးရုံ၊ ထောင်၊ စသောနေရာများမှာ အချုပ်သား ထောင်သားများနှင့် ဆေးရုံတက်နေသော လူနာများ မကြာခဏ သေဆုံးသွားလေ့ရှိရာ ထိုနေရာများတွင် သရဲတစ္ဆေများ တွေ့မြင်ရသည်မျိုးကတော့ အဆန်းတကြယ် မဟုတ်တော့ပေ။

ထို့ကြောင့် ထိုပုလိပ်လည်း အပြင်သို့ ပြန်ထွက်လာလေသည်။ ညဥ့်နက်ပိုင်းအချိန် ရောက်တော့လည်း ကြောက်စရာကောင်းလောက်အောင် ပုံပန်းသဏ္ဍာန်ပျက်နေသော မည်းမည်းသဏ္ဍာန်ကြီးများက နေရာအနှံ့ လျှောက်သွားနေသည်ကို ပုလိပ်များက မြင်ကြရသည်။

မကြာခဏဆိုသလို စုံထောက်ကျော်စွာ ရုံးထိုင်သော အခန်းထဲသို့ ဝင်ထွက်သွားလာနေကြသည်။

တစ်ခါတစ်ရံ ပုလိပ်များရှိသော နေရာအထိ ရောက်လာကြသော်လည်း သူတို့ကိုတော့ အန္တရာယ်မပေးပေ။

"ဒီည ဂိတ်တဲမှာ သရဲခြောက်တာတွေ များလှချည်

www.burmeseclassic.com

www.burmeseclassic.com



လား”

“ဟုတ်ပါရဲ့၊ တခြားရက်တွေတုန်းကတွေ့လည်း ခဏပါပဲ၊ ဒီညမှာတော့ အတော်ကလေး များတယ်၊ ဆရာကျော်စွာ အခန်းထဲကိုလည်း မကြာခဏ ဝင်သွားတာတွေ့တယ်၊ သူ့တို့များ လိုက်ရှာနေရော့သလားမသိဘူး”

ဟု အချင်းချင်း ပြောပြလေသည်။ နောက်တစ်နေ့ ဂျူတီချိန်းပြီး စုံထောက်ကျော်စွာရောက်လာသောအခါ ထိုအကြောင်းကို ပြန်ပြောပြကြလေသည်။

“မင်းတို့တွေ့တာ ဘယ်လိုပုံသဏ္ဌာန်တွေလဲ”

“သရဲသဘက်တွေလို့တော့ ထင်တာပဲ၊ သေသေချာချာ အကောင်အထည်မျိုးတော့ တွေ့ရတာမဟုတ်ဘူးဆရာ၊ ရိုးတိုးရိတ်တိတ် သွားလာနေတာကိုတော့ မြင်ရတယ်၊ အထူးသဖြင့် ဆရာရဲ့ အခန်းထဲကို ဝင်ထွက်နေတာကိုတော့ သေသေချာချာ မြင်ရတယ်”

ထိုသို့ပြောကြသောအခါ စုံထောက်ကျော်စွာက ထိုအကြောင်းများကို လေးလေးနက်နက် စဉ်းစားနေလေသည်။

သူကိုင်တွယ်သော အမှုများထဲတွင် သရဲသဘက်နှင့် ပတ်သက်နေသည့် အမှုအချို့ ပါဝင်နေလေသည်။

မောင်စိန်သေသော အမှုမှာလည်း ထိုကဲ့သို့ သရဲသဘက်များနှင့် ပတ်သက်နေဟန်ရှိသည်။

ဟန်စိန်သေရသော အမှုမှာလည်း ၎င်း၏မိသားစုများ ပြောပြချက်အရ သရဲသဘက်များနှင့် ပတ်သက်နေသော အ



ကြောင်းဖြစ်မှန်း သိခဲ့ရသည်။

မေရီကျော် သေရသော အမှုမှာလည်း သရဲသဘက်များ ခြောက်လှန့်သဖြင့် လှေခါးပေါ်မှ ပြုတ်ကျခဲ့ရသည်။

ယခု သူရှိသောဂါတ်တဲမှာပင် သရဲတစ္ဆေများ တွေ့နေရသည်ဟု ပြောလာကြသည်။

စုံထောက်ကျော်စွာအနေဖြင့် ခေတ်ပညာတတ် လူရွယ်တစ်ယောက်ဖြစ်သော်လည်း သရဲတစ္ဆေများနှင့် ပတ်သက်သောအခါ အတွေ့အကြုံ ရှိတန်သလောက် ရှိပေသည်။

သူ့ အစွမ်းအစချည်းဖြင့်တော့ မဟုတ်ပေ။

သူနှင့်ခင်မင်ရင်းနှီးကြသော ဒေါက်တာမင်းထင်ကျော်၊ ဆရာကြီးသူရဋ္ဌ ဦးဗန်ကောင်း အစရှိသော ပုဂ္ဂိုလ်တို့ကြောင့် တွေ့ကြုံခဲ့ဖူးခြင်း ဖြစ်ပေသည်။

ယခုတော့ သူကိုယ်တိုင် ကြုံတွေ့နေရပေပြီ။

“ညက ဂါတ်တဲမှာ သရဲသဘက်တွေတွေ့တာ အမှန်ပဲလား”

“အမှန်ပဲဆရာ၊ ဆရာ့အခန်းထဲ ဝင်လိုက်ထွက်လိုက် လုပ်နေလို့ ကျွန်တော်တောင် ဝင်ကြည့်သေးတယ်”

“မင်း ဝင်ကြည့်တော့ ဘာတွေ့ရသလဲ”

“ဝင်သွားတာတော့ သေသေချာချာ မြင်လိုက်ရတယ်၊ နောက်ကလိုက်သွားပြီး ဝင်ကြည့်တော့ ဘာမှမတွေ့ရတော့ဘူး”

“ကောင်းပြီ၊ ဒီကနေ့ညတော့ ငါကိုယ်တိုင် ဒီမှာအိပ်ပြီး စောင့်ကြည့်မယ်”



www.burmeseclassic.com

www.burmeseclassic.com



"သတိတော့ထားနော်ဆရာ၊ သရဲတွေက ဆရာနဲ့ တွေ့ချင်နေကြပုံပဲ၊ ဒီအခန်းထဲကိုပဲ ခဏခဏဝင်လာတာ တွေ့ရတယ်"

ဟု ပြောသဖြင့် စုံထောက်ကျော်စွာက ပုခုံးနှစ်ဖက်ကို တွန့်ပြလိုက်လေသည်။

ထိုနေ့က အခြားအလုပ်များ ရှုပ်နေသော်လည်း ထိုအကြောင်းများကိုသာ မကြာခဏ သတိရနေလေသည်။

ယခုလို အခြေအနေမျိုးတွင် ဒေါက်တာမင်းထင်ကျော် ရှိနေလျှင် ပိုကောင်းမည်ဟုလည်း တွေးမိလေသည်။

ညနေပိုင်း အချိန်ရောက်တော့ အိမ်သို့မပြန်တော့ဘဲ ရုံးခန်းမှာပင်အိပ်ရန် ပြင်လေသည်။

ထိုညဘက်ဂျူတီကျသော ပုလိပ်လေးယောက်မှာ မနေ့ညက ဂျူတီကျသောအဖွဲ့ပင် ဖြစ်သည်။

ထိုလေးယောက်ထဲတွင် ကရင်လူမျိုးဖြစ်သော မောင်ရွှေဆိုသော ပုလိပ်ကတော့ ဘာမှသိပ်မကြောက်ဘဲ အတော်ကလေး သတ္တိကောင်းသူ ဖြစ်သည်။

စုံထောက်ကျော်စွာက အခြားပုလိပ်သုံးယောက်ကို အခြားနေရာများမှာ တာဝန်ချထားပေးပြီး မောင်ရွှေကိုတော့ သူနှင့်အတူ ခေါ်ထားလေသည်။

အကြောင်းရှိပါက အသုံးပြုရန် ခြောက်လုံးပြူး သေနတ်တစ်လက်ကိုလည်း ကိုယ်နှင့်မကွာ ဆောင်ထားလေသည်။

ည(၈)နာရီ ထိုးပြီးနောက် အချုပ်သားများ၏အသံများ





တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

ထို့ကြောင့် ဂါတ်တဲတစ်လခုလုံး မီးကို ရေဖြင့်ငြိမ်းလိုက်သကဲ့သို့ တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

နှစ်ယောက်သား စုံထောက်ကျော်စွာ ရုံးခန်းထဲမှာပင် ရှိနေကြသည်။

(၈)နာရီကျော်သည်အထိတော့ ထူးထူးခြားခြား ဘာမှ မတွေ့ရသေးပေ။

မောင်ရွှေတို့ပြောတာ ဟုတ်မှဟုတ်ပါ့မလားဟု စိတ်ထဲမှာ ထင်မိသော်လည်း ယခုညအဖို့တော့ မိုးလင်းချိန်ရောက်သည်အထိ စောင့်ကြည့်ရန် စိတ်ထဲမှ ဆုံးဖြတ်ထားလေသည်။

အချိန်အတော်ကြာတော့ ကင်းတဲရှိရာဘက်မှ (၉)နာရီ သံချောင်းခေါက်သံ ကြားရသည်။

သံချောင်းခေါက်သောအသံ တိတ်သွားတော့ အပြင်ဘက်မှ တရှပ်ရှပ်နှင့် လျှောက်လာသောခြေသံ ကြားလာရသည်။

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ငြိမ်သက်နေကြသည်။

သူတို့ရှိနေသော အခန်းထဲမှာ မီးထွန်းမထားသော်လည်း စင်္ကြံလမ်းမှာထွန်းထားသော မီးရောင်ကြောင့် အတန်အသင့် မြင်နေရသည်။

"ရှပ်. . ရှပ်. . ရှပ်. . ရှပ်"

တရှပ်ရှပ်နှင့် လျှောက်လာသောခြေသံက အခန်းရှေ့ရောက်တော့ ရပ်တံ့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် တစ်နေရာမှ အူလိုက်သော ခွေးအူသံက တိတ်ဆိတ်နေသောအချိန် ဖောက်ထွက်လာသည်။

စုံထောက်ကျော်စွာနှင့် မောင်ရွှေတို့နှစ်ယောက်မှာ အသက်ရှူရန်ပင် သတိမရလောက်အောင် အခြေအနေကို စောင့်ကြည့်နေကြသည်။

အပြင်ဘက်မှခြေသံက အတန်ကြာအောင် ရပ်တန့်နေပြီးမှ စင်္ကြံလမ်းအတိုင်း အရှေ့ဘက်သို့ ဆက်လျှောက်သွားလေသည်။

သို့ကြောင့် နှစ်ယောက်စလုံး နေရာမှထပြီး တံခါးရွက်ကိုဟကာ အပြင်ဘက်သို့ ချောင်းကြည့်လိုက်သည်။

တစ်ကိုယ်လုံး အဝတ်မည်းကြီးခြုံထားသော မည်းမည်းသဏ္ဌာန်ကြီးက အပေါ်ထပ်သို့တက်သော လှေခါးရှိရာသို့ လျှောက်သွားသည်ကို လှမ်းမြင်ကြရသည်။

သူတို့ကြည့်နေစဉ်မှာပင် အပေါ်ထပ်သို့ တက်သွားလေသည်။

"အပေါ်ထပ် တက်သွားပြီဆရာ နောက်ကလိုက်ကြည့်ရမလား"

"အပေါ်ထပ်က အချုပ်ခန်းမှာ နှစ်ယောက်ရှိတယ် မဟုတ်လား၊ တကယ်လို့ ထူးခြားရင် သူတို့ဆီက အသံကြားရမှာပေါ့၊ ဒီနေရာကပဲ စောင့်ကြတာပေါ့"

ဟုပြောပြီး အခန်းတွင်းသို့ ပြန်ဝင်ကာ ထိုင်စောင့်နေကြသည်။





အပေါ်ထပ်မှ ဘာအသံများ ကြားရလေမလဲဟု နားစွင့်နေကြသော်လည်း ထူးထူးခြားခြား ဘာမှမကြားရပေ။

(၁၀)နာရီထိုးတော့ ကင်းသံချောင်းခေါက်သံ ပေါ်ထွက်လာသည်။

ထိုအချိန်တွင် အပြင်ဘက်မှ တရှပ်ရှပ်နှင့် လျှောက်လာနေသောခြေသံကို ကြားရပြန်သည်။

နှစ်ယောက်သား စိတ်ဝင်စားစွာဖြင့် စောင့်ဆိုင်းနေကြစဉ် ခြေသံက အခန်းပေါက်ဝရောက်တော့ ရပ်တန့်သွားသည်။

ကြည့်နေရင်းမှာပင် စေ့ထားသော တံခါးနှစ်ချပ်က တဖြည်းဖြည်းနှင့် ပွင့်လာသည်။

"ကျွီ. . ကျွီ. ."

စုံထောက်ကျော်စွာ စိတ်ထဲမှာ 'လေမတိုက်ဘဲနှင့် ပွင့်လာသောတံခါး တွေ့ဖူးပြီ'ဟု တွေးလိုက်မိသည်။

တံခါးချပ်ပွင့်သွားတော့ အပေါက်ဝမှာ မည်းမည်းသဏ္ဌာန်ကြီး ရပ်နေသည်။

အဝတ်မည်းကြီး ခြုံထားပြီး အရပ်အမောင်း မြင့်လှပေရာ တံခါးဘောင်နှင့်ပင် ခေါင်းကမလွတ်ချင်ပေ။

အပေါက်ဝမှာ ပိတ်ရပ်နေသောကြောင့် နောက်ဘက်မှ မီးရောင်ဖြင့် ရှည်လျားသော အရိပ်မည်းကြီးက ချက်ချင်းအခန်းထဲသို့ ရောက်နေလေပြီ။

"ဆရာလာနေပြီ ဘယ်လိုလုပ်မလဲ"

"သရဲခြောက်နေတာ ဘာမှလည်း လုပ်ရှောမလိုဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ကြောက်လန့်ပြီး ထွက်တော့မပြေးနဲ့၊ ပြေးရင် အန္တရာယ်ဖြစ်လိမ့်မယ်"

"သူဝင်လာရင် ဘယ်လိုလုပ်ရမလဲ"

"သရဲဆိုတာ အကောင်အထည် မရှိဘူး၊ ဝင်လာရင်လည်း မျက်လုံးမှိတ်ထားလိုက်"

ဟု တိုးတိုးတိတ်တိတ် မှာထားရသည်။

မီးရောင်ကို ကျောပေးရပ်နေသည်ကတစ်ကြောင်း၊ အဝတ်မည်းကြီး ခေါင်းပေါ်မှာ ခြုံထားသည်ကတစ်ကြောင်းကြောင့် မျက်နှာကို သဲသဲကွဲကွဲ မမြင်ရသော်လည်း နီရဲပြီး အရောင်ထွက်နေသော မျက်လုံးနှစ်လုံးကိုတော့ မြင်နေရသည်။

သာမန်သတ္တိကောင်းသူမျိုးဆိုလျှင်တော့ ထိုအခြေအနေမျိုးအထိ ရောက်မည်မဟုတ်ပေ။

ခြေသံကြားပြီး အရိပ်အယောင် မြင်ကတည်းက အော်ဟစ်ပြီးထွက်ပြေးမှာ အသေအချာပင် ဖြစ်သည်။

စုံထောက်ကျော်စွာကတော့ သတ္တိလည်းကောင်း၊ ယခင်ကလည်း ထိုအတွေ့အကြုံမျိုး တွေ့ကြုံဖူးသောကြောင့် တစ်စက်ကလေးမှမလှုပ်ဘဲ ကုလားထိုင်ပေါ်မှထိုင်ကာ ကြည့်နေလေသည်။

ခဏကြာတော့ အခန်းပေါက်ဝ၌ ရပ်နေသည့် မည်းမည်းသဏ္ဍာန်ကြီးက အခန်းထဲသို့ တိုးဝင်လာသည်။

စုံထောက်ကျော်စွာက အံဆွဲထဲမှာ အသင့်ထည့်ထားသော ငါးတောင့်ထိုး လက်နှိပ်ဓါတ်မီးနှင့် သေနတ်ကို ထုတ်ယူလိုက်သည်။

ထို့နောက် အားကောင်းလှသော လက်နှိပ်မီးရောင်ဖြင့် မျက်နှာကို ထိုးကြည့်လိုက်သည်။

အားကောင်းလှသော မီးရောင်ထွက်သွားသည်နှင့် အခန်းတွင်းရောက်နေသည့် မည်းမည်းသဏ္ဍာန်ကြီးလည်း ဖျပ်ခနဲ ပြန်ပျောက်သွားလေသည်။

တံခါးရွက်နှစ်ချပ်ကတော့ လှုပ်ယမ်းလျက် ကျန်ခဲ့လေသည်။

စုံထောက်ကျော်စွာက နေရာမှ ကပျာကယာထပြီး အပြင်သို့ ကြည့်လိုက်တော့ သီးသန့်အချုပ်သားများထားသော အခန်းများရှိရာဘက်သို့ ထွက်သွားသော မည်းမည်းသဏ္ဍာန်ကြီး၏ နောက်ဘက်ကိုသာ ဝိုးတဝါး လှမ်းမြင်လိုက်ရပေတော့သည်။

"ဘယ်ရောက်သွားပြီလဲ ဆရာ"

"ပြန်ပြေးသွားပြီ"

"ဆရာ ဘယ်လိုလုပ်လိုက်တာလဲ"

"ဘာမှ မလုပ်ရသေးပါဘူး၊ လက်နှိပ်မီးရောင်နဲ့ပဲ ထိုးကြည့်ရသေးတယ် ပြေးတော့တာပဲ၊ မကောင်းဆိုးဝါးတွေက အလင်းရောင် ကြောက်ကြတယ်"

"တယ်ဟန်ကျပါလား၊ နောက်ဆိုရင်တော့ သရဲနဲ့တွေ့ရင် လက်နှိပ်မီးနဲ့ ထိုးကြည့်ရမယ်"

ဟု မောင်ရွှေက ပြောလေသည်။

"မင်း မီးနဲ့ထိုးကြည့်တော့မှ သရဲက သူ့ကိုလမ်းပြပေး





www.burmeseclassic.com

www.burmeseclassic.com



သလိုဖြစ်ပြီး အနားရောက်လာမှ ခက်မယ်"

ဟု ပြောရာ မောင်ရွှေက သဘောကျစွာ ရယ်နေ

သည်။

ထိုညမှာတော့ မအိပ်ဘဲ ထိုင်စောင့်ကြသော်လည်း နောက်ထပ် အနှောင့်အယှက် တစ်စုံတစ်ရာ မတွေ့ကြရ

နောက်တစ်နေ့မှာ ဂျူတီထွက်ပြီးသည်နှင့် စုံထောက် ကျော်စွာတစ်ယောက် ဂုဏ်၏ကားနှင့် ကြားတောရလမ်းသို့ သွား လေသည်။

ကြားတောရလမ်းမှ ဘုန်းကြီးကျောင်းတစ်ကျောင်း ဦးဗန်ကောင်း ရှိလေသည်။

ဦးဗန်ကောင်းမှာ သူတို့နှင့် ရင်းနှီးသူဖြစ်ပြီး ပရလော သားများနှင့် ပတ်သက်ပါက နံ့စပ်ကျွမ်းကျင်သူ ဖြစ်ပေသည်

စုံထောက်ကျော်စွာ ရောက်သွားတော့ ဦးဗန်ကောင်း အိပ်ယာထပြီး ဘုရားရှိခိုးပြီးစအချိန်ပင် ရှိသေးသည်။

"စောလှချည်လား မောင်ကျော်စွာ"

"ဟုတ်တယ်အဘ အခုမှ အိပ်ယာထတာလား"

"ညက ဖိုထိုးနေတာနဲ့ မိုးလင်းကာနီးမှ အိပ်ရတယ်"

"ကျွန်တော်ဖြင့် အခုထိ တရေးမှ မအိပ်ရသေးပါ အဘရယ်"

"အလုပ်တွေ များနေလို့လား"

"မဟုတ်ပါဘူး၊ သရဲနဲ့တွေ့ဖို့ ထိုင်စောင့်နေရလို့ပါ"

ထို့နောက် ဦးဗန်ကောင်းက သူကျိုးထားသော လ





ဖက်ရည်အကြွမ်းဖြင့် ဧည့်ခံသဖြင့် လက်ဖက်ရည်သောက်ရင်း အကြောင်းစုံ ပြောပြလိုက်လေသည်။

"ဒါမျိုးတွေက မဆန်းလှပါဘူး၊ ပရလောကဆိုတာ လူ့ဘုံဘဝနဲ့ အတော်ကလေး နီးနီးစပ်စပ်ရှိကြတာပဲ၊ မြင်သင့်တဲ့အခါမြင်ရ၊ မမြင်သင့်တော့လည်း မမြင်ရ မတွေ့ရဘူးပေါ့၊ ဘယ်လိုကြောင့် သရဲတွေကို စိတ်ဝင်စားနေရတာလဲ"

"စိတ်ဝင်စားတာ မဟုတ်ဘူးအဘ၊ ကျွန်တော်ကိုင်တဲ့ အမှုတစ်ခုမှာ သရဲနဲ့ပတ်သက်တာတွေပါနေလို့ အဘဆီလာခဲ့တာ"

စုံထောက်ကျော်စွာက အမှုနှင့်ပတ်သက်သည့် အကြောင်းအရာအချို့ကို ပြောပြလိုက်သည်။

"ကျွန်တော် သိချင်တာက ဒီကိစ္စတွေမှာ တစ်စုံတစ်ယောက်ရဲ့ပယောဂ ပါနေတယ်လို့ ထင်မိတယ်၊ တစ္ဆေသရဲတွေကို စေခိုင်းလို့ ရနိုင်မလားဆိုတာပဲ"

"ရတာပေါ့ မောင်ကျော်စွာရဲ့၊ လူတွေနဲ့ သဟဇာတဖြစ်ရင် ရိုင်းစိုင်းတဲ့ တိရိစ္ဆာန်တွေတောင် ခိုင်းစေလို့ ရတာပဲ၊ လူ့ဘဝကသွားတဲ့ ပရလောကသားတွေဆိုရင်တော့ ပိုပြီးစေခိုင်းလို့ ရတာပေါ့၊ တစ်ခုတော့ရှိတယ် ဒီအတိုင်းတော့မရဘူး၊ အပေးအယူ ရှိရင်ရှိ ဒါမှမဟုတ် ထိန်းချုပ်ထားတဲ့ အစီအရင် တစ်ခုခုတော့ ရှိဖို့လိုတယ်"

"စိတ်ဝင်စားစရာပဲ"

"ရှေးအခါက သေပြီး ဝိညာဉ်ဘဝရောက်မှ ဘုရင့်အမှု



www.burmeseclassic.com

www.burmeseclassic.com



တော်ကို ဆက်လက်ဆောင်ရွက်တဲ့ ဝိညာဉ်လောကသားတွေ ရွာမှာ သူကြီးလုပ်ပြီး ရန်သူတွေကို ကာကွယ်ပေးခဲ့တဲ့ ဝိညာဉ်လောကသားတွေ၊ သေပြီးတဲ့နောက် သုံးနှစ်သုံးမိုး မိန်းမနဲ့က လေးတွေကို လုပ်ကျွေးခဲ့တဲ့ ပရလောကသားတွေ အများကြီးမို့ တာပဲ"

"သူတို့က လူယောင်ဆောင်ပြီး လုပ်ကြတာလား"

"တချို့ကလည်း ဖုတ်ဝင်ပြီးတော့ ဟန်မပျက်နေကြ တယ်၊ တချို့ကျတော့လည်း သရဲဘဝနဲ့ ဆောင်ရွက်ပေးကြ တယ်၊ သေပြီး သရဲဘဝရောက်မှ သူငယ်ချင်း မိတ်ဆွေတွေကို စောင့်ရှောက်ကူညီပေးခဲ့တဲ့ သူရဲဘိုးတေအကြောင်းကို ပြောပြ ပါမယ်"

ဟု အောက်ပါ အကြောင်းအရာအချို့ကို ပြန်ပြောပြ လေသည်။

လွန်ခဲ့သော အနှစ်လေးဆယ်ကျော်ခန့်က အထက်မြို့ ကျေးရွာဖြစ်သော မြင်းခြံနယ်အပိုင် ရွာတစ်ရွာတွင် နွားကျောင်း သား လူပျိုလူရွယ် တစ်စုတို့သည် ရွာအပြင်ဘက်ရှိ လယ်ကွင်း တွင် နွားကျောင်းလျက် ရှိကြသည်။

လူငယ်တို့၏ သဘာဝအလျောက် ထိုနွားကျောင်းသား များသည် သစ်ပင်ရိပ်အောက်တွင် ကစားသူကကစား၊ သီချင်း ဆိုသူကဆို၊ ပလွေမှုတ်သူကမှုတ်၊ စကားစုရုံးပြီး ပြောသူကပြော နှင့် တောရွာရှိ လူငယ်တို့၏ ဓလေ့အတိုင်း ပျော်ရွှင်နေကြသည်။

ထိုလူငယ်များအနက် ဘိုးထူးဆိုသော လူငယ်သည် သီ





ချင်းသီဆိုနေစဉ် တသမ်းသမ်းတဝေဝေနှင့်ဖြစ်လာပြီး ထိုနေ ရာမှ ငိုက်ခနဲ မြေသို့ခေါင်းစိုက်ကာ လဲကျသွားလေသည်။

အဖြစ်ဆန်းကို တွေ့မြင်ကြရသည့် လူငယ်များသည် ဘာလုပ်ရမှန်းမသိဘဲ မိမိတို့ကြားဖူးသမျှ ပရိတ်တော်၊ ဂါထာ တော်တို့ကို ရွတ်ဆိုမန်းမှုတ်ကြသည်။

သို့သော် လဲကျနေသော ဘိုးထူးသည် ခေါင်းမထောင် နိုင်သေးပေ။

ထိုလူငယ်များထဲတွင် ပျော်ရွှင်တတ်သော ဘိုးဝဆိုသူ က ထ၍. . .

"အရှင်ကြီး အရှင်ကောင်းတို့ ခင်ဗျား၊ မှားမိရင်လဲ ခွင့် လွှတ်ပါ၊ အိမ်ရောက်ရင် အမဲခြောက်နဲ့ တင်မြှောက်ပသပါ့မယ်"

ထိုသို့ ပြောင်ရွှတ်ရွှတ်နှင့် ပြောလေလျှင် ဘိုးထူးသည် လဲကျနေရာမှ ကိုယ်ကို ဒယိမ်းဒယိုင်ဖြင့်ထလျက် မျက်လုံးကို မဖွင့်ဘဲ. . ။

"မကြောက်ပါနဲ့ သူငယ်ချင်းတို့ရယ်၊ ငါ အရှေ့ဘက်ရွာ က ဘိုးတေပါ၊ စာစာရှိတာနဲ့ အစာရှာနေတုန်းမှာ မင်းတို့ကို အဆင်သင့်တွေ့တာနဲ့ ဝင်ပြီးလာခဲ့တာ၊ စားစရာရှိရင် ငါ့ကိုကျွေး ကြပါကွာ"

ဟုပြောသည်။

ထိုအခါမှ လွန်ခဲ့သော(၂)လခန့်ကသေဆုံးသော မိမိတို့ သူငယ်ချင်း ဘိုးတေကို သတိရကြလေသည်။

"မင်းကဘိုးတေလား၊ ဒါဆို မင်းဆာနေရင် ငါတို့ ထမင်း



www.burmeseclassic.com

www.burmeseclassic.com



ထုပ်ကို မျှကျွေးမယ်၊ စားပါကွာ"

နွားကျောင်းသားများသည် မိမိတို့ သူငယ်ချင်း ဘိုးတေ ဖြစ်မှန်းသိသဖြင့် မိမိတို့၌ပါလာသော နေ့လည်စာ ထမင်းထု များကိုဖြေ၍ အနည်းငယ်စီ မျှဝေကျွေးကြလေသည်။

ဘိုးတေ၏ဝိညာဉ် ပူးကပ်နေသော ဘိုးထူးသည် ငယ်ချင်းများကျွေးသော ထမင်းဟင်းများကို အားရပါးရ စား သည်။

ထမင်းစားပြီးသော် မျက်စေ့မှိတ်ထားသော ဘိုး သည် "ဝါး"ခနဲသမ်းကာ လူကောင်းပကတိ ဖြစ်သွားလေသည်။

ဘိုးဝက သတိရလာသော ဘိုးထူးကို. . .

"မွန်းရွှေထူး၊ ဘယ့်နှယ်နေသေးသလဲ" ဟုမေး ဘိုးထူးမှာ ဘယ့်နှယ်မှမနေကြောင်း ခေါင်းခါ၍ ပြလိုက်သည်။

ထိုစဉ် မိမိတို့ နောက်ဘက်ဆီမှ. . .

"သူ ဘာမှမဖြစ်ပါဘူးကွာ၊ ငါ ထမင်းဆာလို့ ငါမှန်း အောင် မင်းတို့ကို ပြချင်လို့ သူ့ဆီဝင်လာတာပါ"

ဟု စကားပြောသံ ကြားရသည်။

နွားကျောင်းသား လူငယ်များသည် လူကိုမမြင်ရ စကားသံသာ ကြားရသည်ကို အံ့ဩမိကြသော်လည်း သူ ချင်းဖြစ်သဖြင့် ကွယ်လွန်သူ ဘိုးတေ၏ ဝိညာဉ်ကို ကြောက် စိတ် မရှိကြချေ။

စကားသွက်သောဘိုးဝက ချက်ချင်းပြန်မေးလိုက်သည်။

"သူငယ်ချင်း မွန်းတေ၊ မင်းအခု ဘာဖြစ်နေသလဲ"





"ငါ သရဲဖြစ်နေတယ်ကွ၊ (၂)လရှိပြီ၊ ဟောဟိုက မန် ကျည်းပင်မှာ နေတယ်၊ အခုတော့ မင်းတို့နဲ့တွေ့လို့ ဟောဒီ ပေါက်ပင်ကြီးမှာပဲ နေတော့မယ်၊ ငါ့ဘဝက ဆိုးတယ်၊ သရဲဖြစ် တည်းက ခုထက်ထိ အစာဝအောင် တစ်ခါမှ မစားခဲ့ရဘူး၊ ကြောင့် မင်းတို့နေ့တိုင်း နွားကျောင်းလာရင် ငါစားဖို့ ထမင်း င်း ပိုယူလာခဲ့ကြပါကွာ၊ မင်းတို့နွားကို မပျောက်ရအောင် ါ စောင့်ပြီးကျောင်းပေးပါ့မယ်"

"အေးကွာ မနက်ဖြန်ကစပြီး မင်းအတွက် ထမင်းနဲ့ င်း ပိုယူလာကြမယ်၊ စိတ်မပူနဲ့ သူငယ်ချင်း"

ဘိုးဝက အားလုံးကိုယ်စား ကတိပြုလိုက်သည်။

ထိုနေ့ကစ၍ နွားကျောင်းသား သူငယ်ချင်းများမှာ သရဲ ိုးတေနှင့် ရင်းနှီးကျွမ်းဝင်လျက် သရဲဘိုးတေအတွက် ထမင်း င်းများ ပို၍ယူခဲ့ကြပြီး နေ့စဉ်မပျက် ကျွေးမွေးကြလေသည်။

မြက်စားရန် ကျောင်းထားသော နွားများကိုလည်း ထို နေ့မှစ၍ ဝေးဝေးလံလံသို့ လိုက်ရှာရန် မလိုတော့ပေ။

ညနေစောင်း၍ အိမ်ပြန်ချိန်တန်လျှင် လယ်ကွင်းထဲ င် နွားများကို တစ်စုတစ်ဝေး တွေ့ရှိရတတ်သည်။

သို့ဖြစ်၍ အချိန်ပိုရကာ နေ့လည်နေ့ခင်းများတွင် သူ ယ်ချင်းများစုကာ သရဲဘိုးတေနှင့် ရယ်မောစရာ စကားများကို ပြောဆိုလျက် တစ်နေကုန် ပျော်ရွှင်စွာနေကြလေသည်။

တစ်နေ့သ၌ နွားကျောင်းသား သူငယ်ချင်းတို့သည် ရဲဘိုးတေနှင့် ရယ်မောဖွယ်စကားများ ပြောဆိုကြသည်။

www.burmeseclassic.com

www.burmeseclassic.com



စပ်စုတတ်သော ဘိုးဝက စကားတစ်ခွန်းပြောသည်

"မွန်းတေရယ် မင်းနဲ့စကားပြောရတာ၊ လူပဲမမြင်ရ ဘာလဲမမြင်ရနဲ့ကွာ၊ မင်းရဲ့ရုပ်ကို ငါတို့ကို တစ်ခါလောက်ပြ စမ်းပါ"

ထိုအခါ သရဲဘိုးတေက

"ဟာ ငါ့ရုပ်ကို မာကြည့်ချင်ပါနဲ့ သူငယ်ချင်းတို့ရယ်"

ဟု ပြင်းပြင်းထန်ထန် ငြင်းပယ်သည်။

နွားကျောင်းသား သူငယ်ချင်းများက နေ့စဉ်နေ့တိုင်း စကားဝိုင်း ဖွဲ့မိလျှင် သရဲဘိုးတေ၏ရုပ်ကို ကြည့်ချင်ကြကြောင်း ပြောကြသည်။

ထိုသို့ ပြောဖန်များလာသော် သရဲဘိုးတေက စိတ်ဖြစ်လိုက်ဟန်ဖြင့် စကားတစ်ခွန်းဆို၏။

"ကဲ. . မင်းတို့ ငါ့ရုပ်ကို သိပ်ကြည့်ချင်ကြရင် ငါ့ကိုယ်လုံးကိုတော့ မပြချင်ဘူး၊ ငါ့လက်တစ်ဖက်ကိုပဲ ကြည့် ပေတော့၊ အခု မင်းတို့အားလုံး မျက်စိမှိတ်ထားကြ၊ ငါက ကြည့် ကြဟေ့လို့ဆိုရင် ဟောဟိုက မန်ကျည်းပင်ကြီးဘေးကို ကြည့် လိုက်ကြ"

ထိုသို့ပြောကာ သရဲဘိုးတေ၏အသံ ပျောက်သွား သည်။ မကြာမီ စကားသံ ထွက်လာသည်။

"ကဲ. . ကြည့်ကြဟေ့"

ပြောသံကြား၍ ကြည့်ကြလေရာ မန်ကျည်းပင်လုံး မှာ ဆန့်တန်းနေသည့် အမွေးရှည်ရှည်ကြီးများဖုံးလျက် ထ



သုံးခန့်မျှရှိသော လက်ကြီးတစ်ဖက်ကို မြင်တွေ့လိုက်ကြသည်။

သူငယ်ချင်းဖြစ်သော သူရဲဘိုးတေ၏ လက်ကြီးက ဒီ လောက်ကြီးပါလားဟု သာမန်မျှတွေးကာ မြင်မြင်ချင်းမှာ ကြောက် စိတ်မရှိကြပေ။

သို့သော် ထူးထူးကဲကဲ ကြီးမားလှပြီး ရွံရှာဖွယ် လက်ကြီး ကို တွေ့မြင်ရလေရာ တဖြည်းဖြည်း ကြောက်စိတ်ဝင်လာကြ သော နွားကျောင်းသား လူငယ်များက သံကုန်အော်ကြတော့ သည်။

"မွန်းတေရေ မင်းရဲ့လက်ကြီးကို မပြနဲ့တော့ဟေ့၊ တော် ပါတော့. . တော်ပါတော့ဟေ့"

ဤသို့ အော်ပြောကြမှ ပြထားသောလက်ကြီး ပျောက် ကွယ်သွားလေသည်။

နွားကျောင်းသားလူငယ်များသည် သရဲဖိုးတေကို အသံ ကြင့်သာ စကားပြော၍ ဆက်သွယ်ကြတော့သည်။ ရုပ်ကိုပြပါဟု ပြောရဲကြတော့ပေ။

ဤသို့ဖြင့် နေ့စဉ် စုစုဝေးဝေးနေလာခဲ့ကြရာ အချိန် ကာလ (၃)လခန့် ကြာခဲ့ပေပြီ။

တစ်နေ့သော နေ့လည်တွင် ထမင်းစားချိန်ရောက်၍ သရဲဘိုးတေအား အစာခေါ်၍ကျွေးသော်လည်း မလာခဲ့ချေ။

အချိန်အတော်လွန်မှ နွားကျောင်းသားလူငယ်များ ထိုင် နေသည့်အနီးတွင် စကားသံ ကြားရသည်။

"မွန်းဝတို့ မွန်းထူးတို့ ရွှေတိုးကြီးတို့ရေ ငါ သတင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခု ရခဲ့တယ်ဟေ့၊ ဟိုဘက်ကရွာတွေမှာ ဝမ်းရောဂါဖြစ်နေ
တာ မင်းတို့ကြားကြရဲ့လား"

ထိုအခါမှ သရဲဘိုးတေ ရောက်လာမှန်း သိကြသည်။
ဘိုးဝက သွက်လက်စွာ ပြန်ပြောသည်။

"အေး. . . ကြားတယ် အဲဒါ ဘာဖြစ်သလဲ"

သရဲဘိုးတေ၏ အသံက စိုးရိမ်သံ ပါနေသည်။

"ဒီရောဂါဆိုးကြီးဟာ မကြာခင် မင်းတို့ရွာကို ကူးစက်
လာလိမ့်မယ်၊ တစ္ဆေ၊ သရဲ၊ သဘက် နာနာဘာဝတွေက သည
ရွာလာပြီး ကပ်ရောဂါဆိုးကြီးနဲ့ တိုက်ကြမလို့ တိုင်ပင်နေကြ
ငါ့မှာတော့ မင်းတို့ ကျွေးမွေးထားတဲ့ ကျေးဇူးရှိတယ်၊ ဒါကြော
ဒီရွာကို ဝမ်းရောဂါမကူးစက်အောင် ငါ အစွမ်းကုန်စောင့်ရှော
မယ်၊ ငါ့ကို တုတ်ကောင်းကောင်း တစ်ချောင်း ရှာပေးကြ
ဒီအကောင်တွေကို ငါတစ်ယောက်တည်းနဲ့ တိုက်ထုတ်ပစ်မယ်"

"နေပါဦး မွန်းတေရဲ့၊ အဲဒီ သရဲသဘက်တွေက ဒီရွာ
ဘယ်တော့လာကြမှာလဲ"

"ဒီနေ့ကစပြီး (၇)ရက်စေ့တဲ့နေ့ နေဝင်ဖျိုးဖြမှာ ရော
လာကြလိမ့်မယ်၊ အဲဒီအခါ ငါ ထွက်တိုက်မယ်၊ မင်းတို့ရွာဘ
ကို ဖုတ်တထောင်းထောင်းထပြီး လာတာတွေ့ရင် ငါရှုံးပြီလို့မှ
ကြ၊ ငါရှုံးရင် မင်းတို့ ဒီရွာမှာ မနေကြနဲ့၊ တစ်ရွာလုံး ပြောင်း
ပေတော့၊ ဟိုရွာဘက်ကို ဖုတ်တထောင်းထောင်းထသွား
မြင်ကြရင် ငါ နိုင်ပြီကွ၊ ငါနိုင်ရင် မင်းတို့ရွာက ပြောင်းဖို့မလို
ဒါကြောင့် နောက်(၇)ရက်စေ့ရင် ဖုတ်ထတာကို ဂရုစိုက်ပြီးကြ





ကြကွာ"

"အေးပါကွာ၊ မင်းလာတာ နောက်ကျနေတော့ ထမင်း
ဆာနေရောပေါ့၊ ကဲဒီမှာ ထမင်းနဲ့ဟင်းတွေကို စားလိုက်ပါဦး"

"ကျေးဇူးပါကွာ၊ ငါပြောတဲ့ တုတ်ကောင်းကောင်းတစ်
ချောင်း မနက်ဖြန်ယူလာဖို့ မမေ့ကြနဲ့ဟေ့"

"မွန်းတေရဲ့ မင်းလိုချင်တဲ့ တုတ်ဆိုတာ ဘယ်အရွယ်
လဲ"

ထမင်းစားပြီးသည့် သရဲဘိုးတေက စကားပြန်ပြော
သည်။

"တုတ်အရှည် (၆)တောင်လောက်ပေါ့၊ လုံးပတ်က
တက်မောင်းလောက်ရှိရင် တော်ပါပြီ"

"စိတ်ချပါ မွန်းတေ၊ မနက်ဖြန် ငါတို့ ယူလာပေးမယ်"

နွားကျောင်းသား သူငယ်ချင်းတို့သည် သရဲဘိုးတေ
ပြောသည့်အတိုင်း ရှားသားနှစ်ကောင်းကောင်း (၆)တောင်ခန့်
တုတ်တစ်ချောင်းကိုလုပ်၍ ပေးကြလေသည်။

သရဲဘိုးတေပြောသည့်အတိုင်း (၇)ရက်စေ့သောနေ့
နေဝင်ရီတရော အချိန်၌ကား လူကိုမမြင်ရ၊ လေလည်းမတိုက်
ဘဲနှင့် လှည်းလမ်းတစ်လျှောက်၌ ဖုတ်တထောင်းထောင်း ထ
နေသည်ကို မြင်ရလေသည်။

ဖုန်လုံးများအကြားမှ ဟိုယမ်းဒီယမ်းနှင့် ရှားသားဒုတ်
ကြီးသည်လည်း ဖုတ်ထဲတွင် ယမ်းလျက်နေသည်ကိုသာ မြင်ရ
သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ခါ ဖုတ်တန်းကြီးသည် မိမိတို့၏ ရွာဘက်သို့ တထောင်းထောင်းထလျက် လာလေသည်။

တစ်ခါတစ်ခါလည်း ဟိုဘက်ရွာဆီသို့ တန်းလျက်ပြေး သွားသည်ကို မြင်ရလေ၏။

နေလုံးပျောက်ပြီး မကြာမီ အချိန်ကလေးတွင်ကား ဖုတ် ထောင်းထောင်းထလျက် ဟိုဘက်ရွာဆီသို့ အဆုံးစွန် ဖုတ်ခြ သွားသည်ကို ရွာသားများ မြင်လိုက်ရလေသည်။

ထိုအခြေအနေဆိုပါက သရဲဘိုးတေ နိုင်လေပြီ။

ရွာမှပြောင်းရန် မလိုတော့ပေ။

များမကြာမီ့ သရဲဘိုးတေသည် ရွာဝ၌ ရပ်နေကြောင်း ကို ရွာသားတုတ်ကြီးကို မြင်ရသဖြင့် ရွာသားအားလုံး သိရ သည်။

ထိုအခါမှ ရွာသားများနှင့် နွားကျောင်းသားတို့သည် ဝမ်းသာအားရ ဖြစ်သွားကြသည်။

"မွန်းတေရေ ခဏလေး စောင့်ပါကွာ၊ မင်း တဝစား အောင် ငါတို့ မြန်မြန်ချက်ကျွေးပါ့မယ်"

နွားကျောင်းသား လူငယ်များနှင့် ရွာသားများက ဆ ကွဲနှင့် ငါးခြောက်များကို ရောနှောကျိုချက်လျက် ဇလုံကြီးတွ ထည့်ကာ သရဲဘိုးတေကို အစာဝအောင်ကျွေးမွေးကြလေသည်။

ထိုနေ့မှစ၍ ထိုရွာကလေး၌ ကူးစက်ရောဂါ တစ် တစ်ရာမျှ မဖြစ်ချေ။

ထို့နောက် တစ်လခန့်ကြာသောအခါ သရဲဘိုးတေသည်





နွားကျောင်းသား သူငယ်ချင်းများရှိရာသို့ လာပြီးလျှင် ဝမ်းနည်း စကား ပြောလေသည်။

"သူငယ်ချင်းတို့ရေ ငါတော့ ဒီရွာမှာ မနေရတော့ဘူး၊ ရွာစောင့်နတ်ကြီးက နှင်နေပြီ၊ ဒါကြောင့် ငါ အဝေးကို မသွား ခင် သုံးရက်လောက် ဝအောင်ကျွေးကြစမ်းပါကွာ"

ငိုသံပါသည့်စကားသံကို ကြားရသော နွားကျောင်း သားတို့လည်း စိတ်မကောင်း ဖြစ်ကြလေသည်။

"စိတ်မကောင်းလိုက်တာ မွန်းတေရယ်၊ ဒီသုံးရက်မှာ မင်းစိတ်ကြိုက် ဝအောင်စားစမ်းပါကွာ၊ ငါတို့ ကျွေးပါ့မယ်"

"ကျေးဇူးမမေ့ပါဘူး၊ သူငယ်ချင်းတို့ရယ်"

အဆိုပါ သုံးရက်အတွင်း နွားကျောင်းသားများကျွေး သော အစားအစာများကို ဝအောင်စားရသော သရဲဘိုးတေ သည် သုံးရက်မြောက်ပြီးသော နေ့တွင်မူ သူငယ်ချင်းများထံ ရောက်မလာတော့ပေ။

ဤသို့ဖြင့် နှစ်လရှည်ကြာသောအခါ နွားကျောင်းသား တို့သည် အိမ်ထောင်ပြုကြလျက် အချို့မှာ တစ်ရပ်တစ်ရွာသို့ စီးပွားရှာထွက်သူက ထွက်ကြသည်။

ဘိုးထူးသည် လှေတက်နှင့် အထက်ကုန်အောက်ကုန် စုန်ဆန်သွားလာ၍ ရောင်းချကာ အသက်မွေးလေ၏။

တစ်နေ့သောအခါ ဘိုးထူးသည် မိမိ၏လှေဖြင့် အောက်အရပ်သို့ စုန်ဆင်းခဲ့ရာ တရုတ်မှော်ဆိပ်ကမ်း၏အောက် နားရောက်သော် စကားသံတစ်သံကို ကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့လှေ ခဏဆိုက်ပါဦးဟေ့၊ လှေပေါ်မှာပါတဲ့ သူက ဘိုးထူးမဟုတ်လား"

ထိုသို့ သူ့အမည်ကိုခေါ်၍ မေးသည့်စကားသံ ကြားရသဖြင့် ဘိုးထူး အံ့ဩသွားသည်။

သို့ဖြင့် လှေကို ကမ်းတွင်ခဏဆိုက်ပြီး စကားပြောသူကို ရှာဖွေသော်လည်း မည်သူ့ကိုမျှ မတွေ့ရပေ။

ထို့နောက်မှ စကားသံ ထွက်ပေါ်လာသည်။

"ဟေ့. . မွန်ထူးရဲ့၊ လှေပေါ်က ဆင်းပါဦးကွ၊ ငါ ဘိုးတေလေ၊ မင်းတို့ဆီက ထွက်လာပြီး ဒီမှာရောက်နေတယ်"

"အော်. . ဘိုးတေ၊ မင်း ဒီရောက်နေတာကိုး၊ ပျောက်ချက်သား ကောင်းလိုက်တာကွာ"

"သူငယ်ချင်းရယ်၊ ငါ မင်းတို့ဆီက ထွက်လာကတည်းက ထမင်းဝအောင် တစ်ခါမှမစားရဘူး၊ ဒါကြောင့် ငါ့ကို ကျွေးခဲ့ပါဦးကွာ"

ဘိုးထူးမှာ စိတ်မကောင်း ဖြစ်သွားကာ လှေပေါ်တွင် ပါလာသည့် အစားအသောက်များကို ချကျွေးသည်။

စားသောက်ပြီးသောအခါ သရဲဘိုးတေက စကားဆက်ပြန်သည်။

"ဟေ့. . မွန်ထူးရဲ့၊ ဘိုးဝကြီးတို့ ရွှေတိုးတို့ ကျော်ဒင်တို့ မာကြရဲ့လား၊ ငါတော့ မင်းတို့ဆီ လာချင်ပေမယ့် နယ်ပိုင်ရှင်က မသွားရဘူးဆိုလို့ မရောက်တာ၊ မင်း ဒီမှာ သုံးလေးရက်လောက် နေပါဦးကွာ၊ မင်းရဲ့လှေ ဘာတစ်ခုမဖြစ်စေရပါဘူး၊ အဆုံးပြော





မယ်၊ ကျီးတစ်ကောင်တောင်မှ လှေပေါ်မှာ မနားစေရပါဘူး"

"အေးပါ မွန်းတေရာ၊ ငါ သုံးရက်နေပြီး မင်းကို အစားအစာ ဝအောင်ကျွေးပါမယ်၊ မင်းက သူတပါးရဲ့ ကျေးဇူးကိုသိတတ်ပြီး အရေးကြုံရင် ကူညီတတ်သူဆိုတော့ ငါနေပေးမှာပါ"

ဘိုးထူးသည် ပြောစကားနှင့်အညီ သရဲဘိုးတေကို အစာဝအောင် ကျွေးမွေးသည်။

ကုန်ရောင်းဝယ်ပြီး၍ အဆန်တွင်လည်း သုံးလေးရက်ခန့် ထိုနေရာတွင် နားနေပြီး သရဲဘိုးတေကို အစာဝအောင် ကျွေးမွေးပြန်သည်။

အထက်သို့ လှေပြန်ဆန်ကာနီးတွင် အားငယ်သံဖြင့်မှာကြားသော သရဲဘိုးတေ၏ အမှာစကားကြောင့် ဘိုးတူး စိတ်မကောင်း ဖြစ်ရပြန်သည်။

"မွန်ထူးရယ်၊ ရွာရောက်ရင် ကျန်တဲ့တို့သူငယ်ချင်းတွေကို ပြောလိုက်စမ်းပါကွာ၊ ငါ့အတွက် ရည်မှန်းပြီးဆွမ်းသွပ်ပေးပါ၊ ပြီးရင် ငါ့အမည်ကိုခေါ်ပြီး အမျှအတန်း ဝေပေးပါလို့ ဆက်လက်ပြောပေးပါကွာ"

"အေးကွာ. . စိတ်ချ မွန်းတေ၊ ငါတို့ သူငယ်ချင်းတွေစုပြီး မင်းအတွက် ဆွမ်းသွပ်ပေးမယ်၊ မင်းရဲ့အမည်ကိုခေါ်ပြီး အမျှဝေပေးမယ်၊ မင်း သာခုခေါ်နိုင်အောင် ကြိုးစားကွာ၊ မင်း ဒီကုသိုလ်ရလိုက်ရင် ခုဘဝက အပါယ်ဘုံက မြန်မြန်ကျွတ်တော့မှာပါ"

"ကျေးဇူးတင်ပါတယ်ကွာ"



www.burmeseclassic.com

ဘိုးထူးသည် ရွာသို့ပြန်ရောက်သောအခါ သူငယ်ချင်းများနှင့်တိုင်ပင်၍ သရဲဘိုးတောကို ရည်စူး၍ဆွမ်းသွပ်ကာ ဘိုးတော၏ အမည်ကိုခေါ်၍ အမျှအတန်း ပေးဝေခဲ့ကြလေသည်။

ဘိုးထူးသည် ဆွမ်းသွပ် အမျှဝေပြီးနောက် ရက်များမကြာမီ ထိုအရပ်သို့ လှေနှင့်ရောက်သောအခါ သရဲဘိုးတောကို မတွေ့ရတော့ပေ။

"ဒီကောင် မွန်းတော၊ သရဲဘဝက ကျွတ်လွတ်သွားပြီထင်တယ်"

ထိုအတွေးဖြင့် ဘိုးထူးသည် သူတပါး၏ ကျေးဇူးကိုသိတတ်ပြီး ကုသိုလ်အကျိုးကို လိုလားသော ဘိုးတော၏ကျွတ်လွတ်မှုအတွက် ဝမ်းမြောက်နေမိတော့သည်။

အထက်ပါအကြောင်းများမှာ ဦးဗန်ကောင်းပြောပြသည့် ကျေးဇူးသိတတ်သော သရဲဘိုးတောအကြောင်းပင် ဖြစ်ပေတော့သည်။

စုံထောက်ကျော်စွာကတော့ ထိုအကြောင်းများကို ယခုမှပင် ကြားဖူးသဖြင့် များစွာစိတ်ဝင်စားမှု ရှိလေသည်။

"အဘပြောပုံအရဆိုရင် အခုကိစ္စတွေမှာလည်း သရဲတစ္ဆေတွေကို တစ်စုံတစ်ယောက်က သူလိုသလို စေခိုင်းနေတာမျိုး ဖြစ်မယ်ထင်တယ်"

"ဒါမျိုးဆိုရင်တော့ သတိထားပေတော့ မောင်ကျော်စွာရေ၊ အဆင်မသင့်ရင် ကိုယ့်ကို အန္တရာယ်ပေးတတ်တယ်၊ ဖြစ်နိုင်ရင်တော့ အကာအကွယ်ပစ္စည်းမျိုးတွေ ဆောင်ထားသင့်





တယ်"

ဟု ပြောလေသည်။


"ကျွန်တော်အခု အဘဆီလာတာ ဒီကိစ္စ အကူအညီတောင်းဖို့ပါပဲ၊ အခုလောလောဆယ် သရဲသဘက်တွေနဲ့ တွေ့နေရတယ်ဆိုတော့ အကာအကွယ်ပစ္စည်းလေးရှိရင် ပေးထားပါဦး"

"ရှိပါတယ်၊ မိစ္ဆာတွေကို နိုင်စေတဲ့ အင်းချပ်ကို လက်ဖွဲ့ထိုးထားတာရှိတယ်၊ အဲဒီလက်ဖွဲ့ကို မောင်ကျော်စွာကို ပေးလိုက်ပါ့မယ်၊ ဒီလက်ဖွဲ့ကိုသာ ဆောင်ထားပါ၊ ဘယ်လိုအမှောင့်ပယောဂတွေမှ အနားမကပ်နိုင်စေရဘူး"

"ကျေးဇူးပါပဲ အဘရယ်"

ထို့နောက် ဦးဗန်ကောင်းက သူ စီရင်ထားသော အင်းချပ်လက်ဖွဲ့ကို ပေးသဖြင့် ယူပြီး ထိုနေရာမှ ပြန်လာခဲ့ပေတော့သည်။

www.burmeseclassic.com







## အခန်း(၁၅)

# မာအင်မော်နှင့် မိစ္ဆာဝိဉာဉ်လက်စွပ်

တစ်ပတ်ခန့်ကြာသောအခါ ဒေါက်တာမင်းထင်ကျော် တစ်ယောက် ပုဂံမှပြန်ရောက်လာလေသည်။

သူသည် ရန်ကုန်သို့ပြန်ရောက်သည်နှင့် စုံထောက်ကျော်စွာရှိသော လမ်းမတော်ဂါတ်တဲသို့ သွားလေသည်။

ဒေါက်တာမင်းထင်ကျော် ပြန်ရောက်လာတော့ စုံထောက်ကျော်စွာလည်း များစွာ ဝမ်းသာသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ပြန်ရောက်လာပြီလား"

"ပြန်ရောက်လာပြီ၊ ဒီမှာ အခြေအနေ ဘာတွေထူးသလဲ ကိုကျော်စွာ"

"ထူးထူးခြားခြားပဲ၊ တစ်ည ဂါတ်တဲကို သရဲတွေရောက်လာပြီး ခြောက်လှန့်သေးတယ်"

ထိုစကားကြားတော့ အနည်းငယ်စဉ်းစားပြီး ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။

"ကောင်းတာပေါ့"

"သရဲခြောက်တာ ကောင်းပါ့မလား ဆရာရဲ့၊ ကျွန်တော်တောင် ဦးဗန်ကောင်းဆီသွားပြီး အကူအညီတောင်းရသေးတယ်၊ သူက လက်ဖွဲ့တစ်ခု စီရင်ပေးလိုက်တော့မှပဲ အနှောင့်အယှက်တွေ ကင်းသွားတော့တယ်"

ဒေါက်တာမင်းထင်ကျော်က အေးအေးဆေးဆေး အမူအယာဖြင့် ခေါင်းညိတ်ပြလေသည်။

"ဒါထက် ဆရာရော ပုဂံသွားတာ အဆင်ပြေခဲ့ရဲ့လား"

"ပြေပါတယ်၊ လိုအပ်တဲ့ အချက်အလက်တွေနဲ့ ကွင်းဆက်ကလေးတွေတော့ ရခဲ့ပါပြီ၊ မေရီကျော်နဲ့ ဦးဥက္ကာကိုသတ်တဲ့ တရားခံကို ဖော်ထုတ်ဖို့ပဲ ကျန်ပါတော့တယ်"

ထိုစကားကြောင့် စုံထောက်ဦးကျော်စွာ ဝမ်းသာသွားလေသည်။

သူ့စိတ်ထဲမှာတော့ တရားခံကို တွေ့တွေ့ထူးထူး ရှာစရာမလိုတော့ဘဲ အချုပ်ခန်းထဲ ရောက်နေပြီဟု တွေးမိလေသည်။





"ကိုကျော်စွာ ဂါတ်စာရေးကြီးနဲ့ ပုလိပ်တစ်ယောက်ပါ တစ်ပါတည်း ခေါ်ခဲ့ပါ၊ သူတောင်းစား မာဒင်ဆီက စစ်ချက်ယူရမယ်"

ဟု ပြောသဖြင့်စုံထောက်ကျော်စွာ လိုအပ်သော ပြင်ဆင်မှုများကို ပြုလုပ်ပေးလေသည်။

ပုလိပ်မှာ မောင်ရွှေဖြစ်သည်။ ဒေါက်တာမင်းထင်ကျော်က မောင်ရွှေရောက်လာတော့ တိုးတိုးကပ်ပြီး ပစ္စည်းအချို့ကို တစ်ပါတည်း ယူဆောင်လာခဲ့ရန် မှာကြားလိုက်သဖြင့် မောင်ရွှေက ခပ်သုတ်သုတ် ပြန်ထွက်သွားလေသည်။

ထို့နောက် မာဒင်ကို ချုပ်နှောင်ထားသော သီးခြားအခန်းရှိရာသို့ သွားကြလေသည်။

အချုပ်ခန်းမှာ အတွင်းဘက် ရောက်နေသဖြင့် မှောင်နေလေသည်။

စင်္ကြံလမ်းမှာ ထွန်းထားသောမီးရောင်ကြောင့် အနည်းငယ်တော့ မြင်ရသည်။

သူတို့ ရောက်သွားတော့ အခန်းထဲမှာ မာဒင်က ခွေခွေလေး အိပ်ပျော်နေဟန်ရှိသည်။

တံခါးဖွင့်ပြီး သူတို့ အထဲဝင်လာသည်ကိုပင် သိဟန်မတူပေ။ မာဒင်သည် ညစ်ပတ်နေသော ကုတ်အင်္ကျီဟောင်းကြီးကို ဝတ်ဆင်ထားရာ အနံ့အသက်များက မကောင်းလှပေ။

"တစ်ခန်းလုံးလည်း နံစော်နေတာပဲ၊ သူ့ကို ဒီအတိုင်းခေါ်စစ်လို့တော့ မဟန်ဘူး၊ ဒီတော့ နည်းနည်းပါးပါး သန့်ရှင်း

www.burmeseclassic.com

www.burmeseclassic.com



ရေး လုပ်ပေးကြရအောင်"

ဟုပြောပြီး မောင်ရွှေကို စေခိုင်းလိုက်ရာ မောင်ရွှေက အသင့်ယူလာသော ရေပုံးထဲမှ ရေတစ်ခွက် ခပ်ယူပြီး မျက်နှာပေါ်သို့ လောင်းချလိုက်သည်။

ထိုအခါမှ မှာဒဂ်မှာ ဝူးဝူးဝါးဝါးနှင့် နိုးလာလေတော့သည်။

အနားမှာ ရပ်နေကြသော ဒေါက်တာမင်းထင်ကျော်တို့ကို မြင်သောအခါ တအံ့တသြဖြစ်သွားဟန်ဖြင့် ပြူးကြောင်ကြောင်နှင့် မော့ကြည့်နေသည်။

ရေလောင်းချလိုက်သဖြင့် မျက်နှာပေါ်မှာ ရေးထားသောဆေးများ၊ အမာရွတ်အတု၊ မှဲ့ခြောက်အတုများလည်း ကွာကျသွားလေသည်။

ဒေါက်တာမင်းထင်ကျော်က အနားလျှောက်သွားပြီး ဦးခေါင်းပေါ်တွင် စွပ်ထားသော ဆံပင်အတုများကိုပါ ဆွဲဖယ်ပစ်လိုက်သောအခါ မူလမျက်နှာ ပြန်ပေါ်လာလေတော့သည်။

"ဟာ. ."

"ဟင်. ."

"ဘယ်လိုဖြစ်တာလဲ"

အားလုံး တအံ့တသြ ဖြစ်သွားကြလေတော့သည်။

"သူက တခြားသူမဟုတ်ပါဘူး၊ ဘိန်းရုံတန်းမှာ အလုပ်လုပ်နေတဲ့ မောင်စိန်ကို သတ်တဲ့တရားခံ၊ အောင်ချမ်းသာပွဲရုံမှာ အလုပ်လုပ်ခဲ့တဲ့ ဟန်စိန်ကို သတ်တဲ့တရားခံ၊ မေရီကျော်ဆိုတဲ့





အမျိုးသမီးကို သတ်သွားတဲ့ တရားခံပါပဲ"

"ကျွန်တော်တို့က ဦးဥက္ကာပျောက်လို့ သူတောင်းစားမာဒဂ်ကို ဖမ်းထားတယ်၊ အခုပျောက်နေတဲ့ ဦးဥက္ကာက အချုပ်ထဲ ပြန်ရောက်နေပါရောလား"

ဟု စုံထောက်ကျော်စွာက ရေရွတ်ပြောဆိုလိုက်သည်။

သူတောင်းစား မာဒဂ်တဖြစ်လဲ ဦးဥက္ကာကတော့ ထွေထွေထူးထူး ဘာမှမပြောဘဲ ဦးခေါင်းကိုသာ ငုံ့ထားလေသည်။

ထိုအခါ ဒေါက်တာမင်းထင်ကျော်က ပြောပြသည်။

"ဦးဥက္ကာဆိုတာလည်းသူ သူတောင်းစား မာဒဂ်ဆိုတာလည်း သူပါပဲ၊ သူ့နာမည်က ပေတလူလို့ခေါ်တယ်၊ အရင်က မြင်းကပါဘက်မှာ နေကြတယ်၊ တကယ်တော့. . ဦးဥက္ကာက ဘုရားကျွန်မျိုးနွယ် တစ်ယောက်ပါပဲ"

"ဒါထက် လူတွေ တစ်ယောက်ပြီးတစ်ယောက်သတ်တာ ဘယ်လိုအကြောင်းကြောင့်လဲ"

"ဒါကတော့ သူ ပြောပြပါလိမ့်မယ်၊ ကဲ. . ဦးဥက္ကာ ခင်ဗျားကိုယ်တိုင်ပဲ ပြောပြပေးတာ ပိုကောင်းပါလိမ့်မယ်"

ထိုအခါမှ ဦးခေါင်းပြန်မော့လာသည်။

"အခုအခြေအနေရောက်မှတော့ မငြင်းတော့ပါဘူး၊ ငြင်းနေလို့လည်း မထူးတော့ပါဘူး၊ ခင်ဗျားတို့ ပြောသလို လူသုံးယောက်စလုံးကို သတ်ခဲ့တာ ကျုပ်ပါပဲ၊ ဒါကလည်း ကျုပ်မိသားစုအတွက်ကြောင့် သတ်ရတာပါ"

ဂါတ်စာရေးကြီးက ၎င်းပြောပြသော အချက်များကို



www.burmeseclassic.com

www.burmeseclassic.com



လိုက်လံရေးမှတ်ထားလေသည်။

"ကျုပ်ဘဝရဲ့ အကြောင်းတွေကို ဖြစ်ကြောင်းကုန်စင် ပြောပြပါ့မယ်၊ ခင်ဗျားတို့ဘက်က တစ်ခုတော့ အကူအညီ ပြန် ပေးကြစေချင်ပါတယ်"

"ဘယ်လိုအကူအညီမျိုးလဲ၊ တတ်နိုင်တဲ့ အကူအညီမျိုး ဆိုရင် ပေးပါ့မယ်"

"ကျုပ်ကျူးလွန်ခဲ့တဲ့ အပြစ်တွေကြောင့် ကျုပ်အတွက် တော့ လွတ်စရာ မရှိတော့ပါဘူး၊ ကြိုးဒဏ်ခံရရင်ခံ၊ ဒါမှမဟုတ် တစ်သက်လုံး ပြန်လာခွင့်မရှိတဲ့ တစ်သက်တစ်ကျွန်း ကျရင်ကျ မှာပါပဲ၊ ကျုပ် လိုချင်တဲ့အကူအညီက တခြားမဟုတ်ပါဘူး၊ ရုံး တင်တဲ့အခါ ကျုပ်ကို သူတောင်းစား မာဒဂ်အနေနဲ့ပဲ ရုံးတင် ပေးပါ၊ ဦးဥက္ကာဆိုတာ ကျုပ်သတ်ခဲ့လို့ ဒီလောကမှာ မရှိတော့ ဘူးလို့ သတ်မှတ်ပေးပါ"

"ဘာကြောင့်လဲ"

"ကျုပ်က သေလူဖြစ်နေပါပြီ၊ ကျုပ်အတွက်ကြောင့် ကျန်ခဲ့တဲ့ မိသားစုတွေ တစ်သက်လုံး လူတောမတိုးဝံ့တဲ့ အ ဖြစ်မျိုးတွေ မဖြစ်စေချင်လို့ပါ၊ ဒီကနေ့အထိ ကျုပ်ကို ဘုရားကျွန် မျိုးနွယ်တစ်ယောက်ဆိုတာ သူတို့မသိကြပါဘူး၊ ဒီတော့ ဘုရား ကျွန်ဖြစ်တဲ့ ဦးဥက္ကာဆိုတာ သူတောင်းစား မာဒဂ်သတ်လို့ သေ သွားပြီလို့သာ သဘောထားပေးကြပါဗျာ"

ဒီတော့မှ သဘောပေါက်သွားကြလေသည်။

"ကောင်းပြီလေ၊ ခင်ဗျားဆန္ဒအတိုင်း လုပ်ပေးပါ့မယ်





ရုံးတော်တင်ရင် သူတောင်းစား မာဒဂ်အနေနဲ့ပဲ တင်ပေးပါ့မယ်၊ ဒီကိစ္စတွေကိုလည်း အားလုံးလျှို့ဝှက်ပေးထားပါ့မယ်"

"ကျေးဇူးတင်လိုက်တာဗျာ၊ ကျုပ် သေရမယ်ဆိုရင် လည်း သေပျော်ပါပြီ"

"ဒါထက် ဟိုလူသုံးယောက်ကို ဘာကြောင့် သတ်တာ လဲဆိုတာ ပြောပြပါဦး"

ထိုအခါ ဦးဥက္ကာက ပြောပြသည်။

"ဘိန်းရုံတန်းမှာ အလုပ်လုပ်တဲ့ မောင်စိန်က ကျုပ် အ ခြေအနေကိုသိပြီး ငွေညှစ်တယ်၊ ဒါကြောင့် သရဲနဲ့တိုက်ပြီး ရေမြောင်းထဲ ပြုတ်ကျသွားတုန်း ဆင်းဆယ်သလိုနဲ့ ရေထဲနှစ် သတ်ခဲ့တာပါ၊ ဟန်စိန်ကလည်း ဒီလိုပဲ ပွဲရုံမှာ လုပ်ကတည်းက သစ္စာမရှိဘူး၊ နောက်တော့. . သူ့ကို အလုပ်ထုတ်ပစ်ခဲ့တယ်၊ နောက်ပိုင်း သူက ကျုပ်လုပ်နေတာတွေကို သိအောင်စုံစမ်းပြီး ငွေတောင်းတာနဲ့ သရဲနဲ့တိုက်ပြီး သတ်ခဲ့တာပါပဲ"

"မေရီကျော်ကို ဘာကြောင့်သတ်တာလဲ"

"သူ့ယောက်ျားမတွေနဲ့ ကျုပ်တို့ မိသားစုက ခင်မင်ကြ တယ်၊ တစ်နေ့ ဘိန်းရုံတန်းကို သူရောက်လာပြီး ကျုပ်ကိုတွေ့ သွားတယ်၊ နောက်တော့ ပွဲရုံရောက်လာပြီး ငွေတောင်းတယ်၊ ကျုပ်ကိုလည်း ခြိမ်းခြောက်လာတယ်၊ ဒါကြောင့် အရင်လူတွေ လိုပဲ သရဲနဲ့ တိုက်သတ်ပေမယ့် သူကမသေဘူး၊ ဒါကြောင့်ဆေး ရုံပေါ်အထိ လိုက်သတ်တာပဲ၊ မေရီကျော်ကို သတ်ခဲ့တာကို ဘယ်လိုသဲလွန်စ ခံမိခဲ့ကြသလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဦးဥက္ကာက ပြန်မေးသဖြင့် ဒေါက်တာမင်းထင်ကျော်က ပြောပြလိုက်သည်။

"မေရီကျော် မသေခင်က ခင်ဗျားနဲ့ ပတ်သက်တဲ့ အကြောင်းတွေကို သူ့ယောက်ျားကို ပြောခဲ့တယ်၊ နောက် သူ့ရဲ့ မှတ်တမ်းထဲမှာ ခင်ဗျားဆီက ငွေငါးရာ ယူခဲ့တာကို ရေးထားတယ်"

ဦးဥက္ကာက ခေါင်းညိတ်ပြသည်။

"ဆေးရုံပေါ်မှာ ခင်ဗျားက ရုပ်ဖျက်လာပေမယ့် ခင်ဗျား စီးလာတဲ့ဖိနပ်က အသစ်စက်စက်ဖြစ်နေတာရယ်၊ လက်အိတ် စွပ်ထားပေမယ့် အထဲကလက်စွပ် မချွတ်မိတော့ သူနာပြု ဆရာမလေးက သတိပြုမိခဲ့တယ်၊ နောက်တစ်ချက်က ဆေးမှတ်တမ်း မရေးတတ်တော့ ရေးတတ်သလို ရေးထားခဲ့တာပဲ၊ ခင်ဗျားလက် မှာ လက်စွပ်တစ်ကွင်း အမြဲဝတ်ထားတာကို ခင်ဗျားအိမ်ရှေ့ ကတည်းက သတိပြုမိခဲ့ပါတယ်"

"တော်ပါပေတယ်"

ထိုအခါ စုံထောက်ကျော်စွာကပါ ဝင်ပြောပြသည်။

"ကျွန်တော် သူတောင်းစား တာတေဟန်ဆောင်ပြီး ခင်ဗျားနားမှာ အနီးကပ် လှေလာကြည့်တော့ ဆေးအညီရောင် တွေ သုတ်ထားပေမယ့် လက်ချောင်းမှာ လက်စွပ်အမြဲဝတ်ထား ချိုင့်နေတာကို မြင်ခဲ့ပြီးသားပါ"

"လက်စသတ်တော့ ခင်ဗျားတို့က ကျုပ်ဝတ်တဲ့လက် စွပ်ကြောင့် ကျုပ်ကို ခြေရာခံမိခဲ့ကြတာကိုး၊ တကယ်ပြောရရင်



တော့ ဒီလက်စွပ်က ကျုပ်အတွက် အထောက်အကူရသလို ဒုက္ခ လည်း ပေးခဲ့တာပဲ၊ ဒါထက် ကျုပ် ဘုရားကျွန်တစ်ယောက်မှန်း ဘယ်လိုသိတာလဲ"

ထိုအခါ ဒေါက်တာမင်းထင်ကျော်က သူ ပုဂံသွား၍ စုံစမ်းခဲ့ရာမှ သိတန်သလောက် သိခဲ့ရကြောင်း ပြောပြလိုက်လေ သည်။

"အလုပ်လုပ်တဲ့နေရာမှာတော့ တယ်လည်းစေ့စပ်ကြ တဲ့ သူတွေပဲကိုး၊ ကျုပ်ကတော့ ကိုယ့်ကိုယ်ကိုယ်အတော်ကလေး ဉာဏ်သွားတယ်လို့ ထင်ခဲ့တာပါပဲ၊ ကိုယ့်ထက်ဉာဏ်သာတဲ့ လူတွေနဲ့ တွေ့တော့လည်း ခံရတာပါပဲ"

"ဦးဥက္ကာတို့က အတော်ကလေး ပစ္စည်းဥစ္စာ ပြည့်စုံ ကြတာပဲ၊ ဘာကြောင့် ဒီလိုလမ်းဘေးမှာ တောင်းရမ်းတဲ့အလုပ် လုပ်ရသလဲဆိုတာတော့ ပြောပြပေးပါဦး"

"ပြောပြပါ့မယ်၊ ခင်ဗျားတို့ ဘက်ကသာ ကျုပ်တောင်း တဲ့ကတိကိုပေးပြီး ကျုပ်ဆန္ဒရှိတဲ့အတိုင်း လုပ်ပေးကြပါ"

"လုပ်ပေးပါ့မယ်၊ ခင်ဗျားကို မေရီကျော် အပါအဝင် လူသုံးယောက်ကို သတ်တဲ့အမှု၊ ဦးဥက္ကာကိုသတ်ခဲ့တဲ့ သူတောင်း စား မာဒင်အဖြစ်နဲ့ပဲ ရုံးတင်ပါ့မယ်"

"ကျေးဇူးတင်ပါတယ်ဗျာ၊ ဒီလိုဖြစ်တော့ စိတ်သက်သာ ရာ ရသွားပါပြီ၊ ကျုပ် အသက်အရွယ်နဲ့ သေရလည်း အနေမ ကြီးတော့ပါဘူး၊ ကျန်ခဲ့တဲ့ မိသားစုတွေ အေးအေးချမ်းချမ်း နေ ကြရရင်သာ တော်ပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောကာ သူ့ဘဝဇာတ်ကြောင်းများကို ပြောပြလေတော့သည်။

ဦးဥက္ကာ၏ ယခင်နာမည်မှာ “ပေတလူ”ဖြစ်သည်။

သူတို့မိသားစုမှာ ဘုရားကျွန်မျိုးနွယ်များ ဖြစ်ကြပြီး မြင်းကပါဘက်မှ ရွာလေးတစ်ရွာ၌ နေထိုင်ခဲ့ကြလေသည်။

ပေတလူ အသက်အရွယ်ရလာတော့ အလုပ်လုပ်ရန် လိုက်လံရှာဖွေသော်လည်း ဘုရားကျွန်ဖြစ်သောကြောင့် မည်သူကမှ အလုပ်အကိုင် မပေးကြပေ။

အချို့ဆိုလျှင် ပြောဆိုဆက်ဆံခြင်းပင် မပြုလုပ်ကြပေ။

တစ်နေ့တော့ ပုဂံဘက်မှ ပြန်လာပြီး တာဝသုဘာန်ဘက်သွားသော လမ်းဝရောက်တော့ မောသဖြင့် မန်ကျည်းပင်ကြီး တစ်ပင်အောက်ရှိ ကွပ်ပျစ်ပေါ်မှာ ခဏဝင်ထိုင်ရလေသည်။

တစ်နေ့လုံး ဘာမှမစားခဲ့ရသေးသောကြောင့် ဝမ်းဗိုက်ကဟာနေရာ မနီးမဝေးမှာရှိသော သောက်ရေအိုးစင်မှ ရေနှစ်ခွက်လောက် သောက်လိုက်မှ အတော်အသင့် နေသာထိုင်သာဖြစ်သွားသည်။

ပေတလူမှာ မောမောပန်းပန်းနှင့် ဝါးကြမ်းခင်းထားသော ကွပ်ပျစ်ပေါ်မှာ လှဲလိုက်ရာ ခဏကြာတော့ အိပ်ပျော်သွားလေတော့သည်။

အချိန်မှာ မည်မျှကြာအောင် အိပ်ပျော်သွားသည် မသိပေ၊ တစ်စုံတစ်ယောက်က ပုတ်နှိုးတော့မှ ပြန်နိုးလာလေသည်။

“ထ. . .ထ ကောင်လေး၊ အိပ်နေလို့ ဘာမှဖြစ်လာမှာ





မဟုတ်ဘူး၊ တစ်ခုခုလုပ်မှ တစ်ခုခုရမှာ”

ထိုအသံကြားသဖြင့် ထကြည့်လိုက်တော့ အဝတ်အစားစုတ်စုတ်ပြတ်ပြတ်နှင့် သူ့ဘေးမှာထိုင်နေသော အဘိုးအိုတစ်ယောက်ကို တွေ့ရလေသည်။

အသက်အရွယ်ကြီးလှပြီး ဆံပင်မွေး၊ မုတ်ဆိတ်မွေးများပင် ဖွေးဖွေးဖြူနေပေပြီ။

မျက်နှာပေါ်မှာလည်း ပေကျံနေသောကြောင့် မူလအသားအရောင်ပင် မမြင်ရပေ။

အဘိုးကြီးက ကျိုးတို့ကျဲတဲ သွားများပေါ်အောင် ပြုံးရင်း သူ့ကကို ကြည့်နေသည်။

“အဘက ဘယ်သူလဲ”

“ငါက တောင်းရမ်းစားသောက်နေတဲ့ သူပါပဲ၊ မင်းကော ဘာလုပ်သလဲ”

“ဘာမှ အလုပ်မရှိသေးပါဘူးဗျာ”

“တန်တော့ ဘုရားကျွန်တစ်ယောက်မို့ မင်းကို မခိုင်းချင်ကြတာ ဖြစ်ရမယ်”

ပေတလူက ဘာမှပြန်မပြောပဲ အဝေးသို့ လှမ်းကြည့်နေသည်။

အချိန်က ညနေစောင်းအချိန် ရောက်နေပြီ ဖြစ်သော်လည်း နေရောင်ခြည်က စူးစူးရဲရဲ ရှိနေဆဲပင်။

ထနောင်းပင်များကြားမှ ဖြတ်မောင်းသွားသော လှည်းတစ်စင်းကြောင့် ဖုံများက အလိမ့်လိုက် ထနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားကျွန်ဖြစ်ရတာ စိတ်ပျက်စရာ မဟုတ်ပါဘူးကွာ ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ မင်း ဘာမှမလုပ်ဘဲ ဒီအတိုင်း နေလို့တော့ မရဘူး၊ လူကနေပေမယ့် ဗိုက်က သည်းခံနေမှာ မဟုတ်ဘူး၊ ဒီတော့ တစ်ခုခုတော့ လုပ်ရမယ်၊ သူများက မခိုင်း တော့လည်း ကိုယ့်ဘာသာ လုပ်ပေါ့ကွာ"

"ဘာလုပ်ရမလဲ"

"ထမင်းစားရဖို့အတွက် ဘာပဲဖြစ်ဖြစ် လုပ်ရမှာပဲ၊ ဒါ ပေမယ့် မကောင်းတဲ့အလုပ်တော့ မလုပ်နဲ့ပေါ့၊ မင်း. . ငါ့လို တောင်းစားမလား"

"မဖြစ်ပါဘူး၊ လူတွေမြင်ရင် ရှက်စရာ ဖြစ်မှာပေါ့"

"မမှတ်မိအောင် ရုပ်ဖျက်တောင်းပေါ့ကွ၊ သူများရှက် နေတာနဲ့ ထမင်းငတ်ပြီး အသေခံမလား၊ ကိုယ့်အလုပ်ကိုယ်လုပ် စားမလား"

ထိုစကားကြားတော့ ပေတလူ နည်းနည်းတော့ စိတ် ဝင်စားလာမိသည်။

အဘိုးကြီးက သူ့လွယ်အိတ်ထဲမှာပါလာသော အစား အသောက်အချို့ကို ထုတ်ပြီး ပေတလူကို ကျွေးသည်။

ပေတလူမှာလည်း ဘာမှမစားရသေးသဖြင့် ဝမ်းဟာ နေသောကြောင့် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ အားရ ပါးရ စားလေသည်။

"ငါ့နာမည်က မာဒက်လို့ခေါ်တယ်၊ ဟိုးတာဝသုသာန် နားက ဇရပ်မှာနေတယ်၊ မင်းလုပ်မယ်ဆိုရင် ငါ့ဆီလာခဲ့ပေါ့"



ဟုပြောကာ အဘိုးကြီးက သုသာန်ဘက်သွားသော လမ်းအတိုင်း တရွေ့ရွေ့ ထွက်သွားလေတော့သည်။

ပေတလူလည်း သူပေးခဲ့သော အစားအစာများကို စား သောက်ရင်း စဉ်းစားနေလေသည်။

နောက်တစ်နေ့မှာတော့ သူတစ်ယောက်တည်း တာဝ သုသာန်သို့ သွားလေသည်။

သုသာန်ရောက်တော့ ဇရပ်ပေါ်မှာ အိပ်နေသော အ ဘိုးကြီးကို တွေ့ရလေသည်။

နောက်ပိုင်းမှာတော့ ပေတလူမှာ သူတောင်းစားကြီးထံ မှာ တပည့်ခံကာ တောင်းရမ်းသောအလုပ်ကို လုပ်လေသည်။ ရုပ်ဖျက်ထားသည်ဆိုသော်လည်း စိတ်ထဲ၌မရဲသေးသောကြောင့် လူသွားသောလမ်းဘေးမှာ ခွက်ကိုရှေ့ချပြီး ထိုင်နေသောကြောင့် ငွေသိပ်မရပေ။

နောက်ရက်ကြာလာတော့မှ အသံထွက်ပြီး တောင်းဝံ့ လာသည်။

သို့သော်လည်း ဆရာဖြစ်သော မာဒက်ကိုတော့ မမီပေ။

မာဒက်ထွက်တောင်းလျှင် ငွေနှင့် အစားအသောက်များ အလျှံအပယ်ရလာလေ့ရှိပြီး သူကတော့ ပုံမှန်လောက်သာ ရ လေသည်။

သို့ကြောင့် တစ်ညမှာတော့ မေးကြည့်ရသည်။

"အဘ ထွက်တောင်းရင် သိပ်ရတာပဲ၊ ဘာကြောင့်လဲ ဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ရမှာပေါ့၊ ငါက မာဒဂ်မှော် အောင်ထားတာကိုး"

"မာဒဂ်မှော်ဆိုတာ ဘယ်လိုမျိုးလဲဟင်"

"သူတောင်းစား ပညာပေါ့ကွာ၊ ကိုယ်တောင်းရင် ဘယ်သူမဆို ပေးချင်တဲ့ ဆေးအစီအရင်မျိုးပေါ့"

"ဟန်ကျလိုက်တာ၊ အဲဒီဆေးကို ကျွန်တော်လည်းပေးပါ"

"ဒီဆေးက ဒီအတိုင်းပေးလို့မရဘူး၊ သစ္စာပြုပြီးမှ ပေးလို့ရတယ်"

"ဘယ်လိုသစ္စာမျိုးလဲဟင်"

"ဆေးထိုးပေးပြီးရင် တစ်သက်လုံး တောင်းရတယ်၊ မတောင်းရင် အနာကြီးရောဂါရပြီး နူတတ်တယ်"

ထိုစကားကြားတော့ ပေတလူမှာ အနည်းငယ် စဉ်းစားသွားလေသည်။

"အခု တောင်းစားရပေမယ့် နောင်တစ်ချိန် စီးပွားရေးပြည့်စုံလာတဲ့အခါမှာရော မတောင်းတော့လို့ မရဘူးလား"

"မရဘူး၊ သူက သရဲတစ္ဆေတွေနဲ့ပတ်သက်တဲ့ ပညာဆိုတော့ မထိုးခင်ကတည်းက သေသေချာချာ စဉ်းစားရတယ်၊ ထိုးပြီးရင်တော့ မရတော့ဘူး"

ပေတလူက သက်ပြင်းတစ်ချက် ချလိုက်သည်။

"မင်းအသက်အရွယ်က ငယ်ပါသေးတယ်၊ အခုတောင်းနေရပေမယ့် တစ်ချိန်မှာ ကံကောင်းထောက်မပြီး ကြီးပွားချမ်းသာရင် ချမ်းသာလာနိုင်သေးတယ်"





"ဒီတော့ ဘယ်လိုလုပ်ရမလဲဟင်"

"စားဖို့သောက်ဖို့အတွက် မလိုတော့ပေမယ့် ဆေးထိုးထားပြီးရင်တော့ တစ်ပတ်တစ်ရက်လောက်ဖြစ်ဖြစ်တော့ ထွက်တောင်းရလိမ့်မယ်၊ မတောင်းရင် နူမှာပဲ"

ထိုစကားကြောင့် အနည်းငယ် စိတ်ညစ်သွားသော်လည်း လောဘစိတ်ကတော့ ရှိနေသေးသည်။

"တကယ်လို့ ဆေးထိုးပြီးတောင်းရင် ဘယ်လိုဖြစ်လာမလဲ"

"မင်းတောင်းတိုင်းရလိမ့်မယ်၊ နောက်ဆုံး တောင်းတာနဲ့တင် ကြီးပွားလာနိုင်တယ်"

"ဒီလိုဖြင့်လည်း မာဒဂ်မှော်ဆေးကို ကျွန်တော့်ကို ထိုးပေးပါ"

"မင်း သေသေချာချာ စဉ်းစားပြီးပြီလား"

"စဉ်းစားပြီးပါပြီ"

"အသက်ထက်ဆုံး တောင်းစားပါမယ်လို့ ဆုံးဖြတ်ပြီးပြီလား"

"တောင်းပါ့မယ်"

"မာဒဂ်ဆေးကို စောင့်ရှောက်ပေးတာက သရဲတစ္ဆေတွေပဲ၊ ဘာကြောင့်လည်းဆိုတော့ ဆေးစီရင်ထားတာ သချိုင်းဘုန်းက ပစ္စည်းတွေနဲ့ချည်း ဖြစ်လို့ပဲ၊ ဆေးထိုးပြီးတာနဲ့ သူတို့က မှင်းသွားလေရာနောက်က ပါလာကြလိမ့်မယ်"

"အဲဒီတော့ ဘယ်လိုလုပ်ရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ကို ခိုင်းစရာရှိတာလည်းစေခိုင်းလို့ရတယ်၊ ကျွေးစရာရှိတော့လည်း ကျွေးမွေးပေးရမှာပေါ့"

ဟု ပြောပြရာ ပေတလူမှာ လောဘစိတ်ရှိသူ ဖြစ်သဖြင့် အခြားဘာမှ စဉ်းစားမနေတော့ပဲ မာဒင်မှော်ဆေးကို အထိုးခံလေသည်။ ထိုဆေးကို သူ့ဆရာကပင် ထိုးပေးလေသည်။

ဆေးထိုးပြီးတော့ အဘိုးအိုက သူ့ကို အနက်ရောင်ကျောက်ဖြင့် ပြုလုပ်ထားသော လက်စွပ်တစ်ကွင်းကိုလည်း ပေးလေသည်။

"ဒီလက်စွပ်က မိစ္ဆာဝိဇ္ဇာဥ် လက်စွပ်လို့ခေါ်တယ်၊ ဒီလက်စွပ်ကို အမြဲဝတ်ထားရင် မင်းကို သရဲတစ္ဆေတွေက ရောက်လေရာအရပ်မှာ အကူအညီ ပေးကြလိမ့်မယ်"

ဟုပြောပြီး ပေးသဖြင့် ပေတလူလည်း ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ယူပြီး ဝတ်ထားလိုက်လေသည်။

ထို့နောက်မှာတော့ ပေတလူတစ်ယောက်ထွက်တောင်းသောအခါ ငွေနှင့် အစားအသောက်များ ရလေသည်။

ငွေများများရသောအခါ အချို့ကို စုဆောင်းထားပြီး အချို့ကိုသာ အိမ်ကိုပေးသည်။

မိဘများကိုတော့ အလုပ်တစ်ခု လုပ်နေသည်ဟုသာ လိမ်လည်ပြောထားလေသည်။

နှစ်အနည်းငယ်ကြာတော့ သူ့ဆရာ သူတောင်းစားကြီး သေဆုံးသွားလေသည်။

သေကာနီးတော့ သူတစ်သက်လုံး တောင်းရမ်းစုဆောင်း





ထားသော ငွေများအား ပေတလူကို ပေးထားခဲ့သည်။

သို့ကြောင့် ပေတလူမှာ နေ့ချင်းညချင်း ငွေကြေးချမ်းသာသောဘဝသို့ ရောက်ရှိခဲ့ပေသည်။

သို့သော်လည်း မတောင်းဘဲနှင့်တော့ မနေဝံ့ပေ။

နောက်ပိုင်းရောက်တော့ မြင်းကပါရွာမှ မြမြမေဆိုသော အမျိုးသမီးတစ်ယောက်နှင့် အိမ်ထောင်ပြုလိုက်လေသည်။

အိမ်ထောင်ကျပြီးသောအခါမှာတော့ နေရပ်သို့ စွန့်ခွာပြီး တစ်ရပ်တစ်ကျေးသို့ ရွှေ့ပြောင်းနေထိုင်ရာမှ ရန်ကုန်မြို့သို့ ရောက်လာခဲ့ခြင်း ဖြစ်သည်။

ရန်ကုန်ရောက်တော့ ဟံသာဝတီ အပိုင်းနားတွင် မြေနှင့်အိမ်ဝယ်ပြီး မိသားစုများကို ကောင်းမွန်စွာထားလေသည်။

သူကတော့ ရန်ကုန်ရောက်ကတည်းက 'ပေတလူ'ဆိုသော အမည်ပျောက်ကာ ဦးဥက္ကာဟူသောနာမည် ပြောင်းခဲ့လေသည်။

ပွဲရုံလုပ်ငန်းတစ်ခုကို ဟန်ပြလုပ်ပြီး ဘိန်းရုံတန်းဘက်မှာ အခန်းတစ်ခန်း ငှားရမ်းထားခဲ့သည်။

တစ်ပတ်လျှင် တစ်ရက်လောက်ထွက်ပြီး တောင်းရလေသည်။

တောင်းရမည့်နေ့ရောက်လျှင် ငှားထားသောအခန်းသို့ ခပ်စောစောရောက်အောင် လာသည်။

ပြီးမှ အခန်းထဲမှာအသင့်ရှိသော သူတောင်းစား အ



www.burmeseclassic.com

www.burmeseclassic.com



ဝတ်အစားများလဲကာ ရုပ်ဖျက်ပြီး ထွက်တောင်းလေသည်။

ရန်ကုန်မှာတောင်းသောအခါ နယ်မှာတောင်းရသည်နှင့်မတူဘဲ ငွေကြေးအမြောက်အမြား ရသဖြင့် . ထိုသို့ထွက်တောင်းသောအလုပ်ကိုပင် သဘောကျမိသောကြောင့် မာဒင်အမည်ဖြင့်ပင် ဆက်လက်လုပ်ကိုင်နေခြင်း ဖြစ်ပေတော့သည်။

ထိုနေရာရောက်တော့ ပေတလူတစ်ဖြစ်လဲ ဦးဥက္ကာက စကားကို ရပ်လိုက်သည်။

"နောက်ပိုင်း အဖြစ်အပျက်တွေတော့ ခင်ဗျားတို့ သိပြီးသားမို့ ပြောဖို့မလိုတော့ဘူး ထင်ပါရဲ့"

"မေးချင်တာတစ်ခုတော့ ရှိပါသေးတယ်"

"မေးပါ"

"ရုပ်ဖျက်ဖို့ အခန်းငှားထားတာ လူရှင်းတဲ့နေရာမှာ မသုံးဘဲ လူအရှုပ်ဆုံး ဘိန်းရုံတန်းမှာမှ ဘာကြောင့်သွားငှားထားတာလဲ"

"လူရှင်းတဲ့ရပ်ကွက်မှာ ငှားနေရင် ကျုပ်လုပ်နေတာတွေကို ချက်ချင်းရိပ်မိသွားမှာပေါ့၊ ဘိန်းရုံတန်းဆိုတာ ဘိန်းသမား၊ ဖဲသမားတွေနဲ့ ရှုပ်ထွေးနေပြီး ဘယ်သူမှ ဂရုမစိုက်ဘူး၊ ကျုပ်အခန်းငှားထားပေမယ့် လာရင်လည်း သူတို့မသိဘူး၊ ပြန်သွားရင်လည်း ဘယ်သူမှ သတိမပြုမိကြပါဘူး၊ ဒါကြောင့် နှစ်အတော်ကြာအောင် အဲသည်အခန်းမှာပဲ စတည်းချခဲ့တာပါပဲ"

ဟု ပြောပြလေသည်။

ထို့နောက်မှာတော့ နောက်ထပ်သိချင်သော အချက်အလက်အချို့ကို ထပ်မံမေးမြန်းကာ ပြန်ထွက်ခဲ့ကြလေသည်။





အပြင်ဘက်ရောက်တော့ စုံထောက်ကျော်စွာက မေးသည်။

"ဆရာ ပုဂံသွားတာ သူနဲ့ပတ်သက်တာတွေ သွားပြီး စုံစမ်းတာ မဟုတ်လား"

"ဟုတ်တယ် မြင်းကပါက သူ့မိန်းမအမျိုးတွေနေတဲ့ ရွာသွားပြီး စုံစမ်းတော့မှ သူ့နာမည်"ပေတလူ"ဆိုတာရယ်၊ သူ့အကြောင်းတွေကို သိသင့်သလောက်သိခဲ့ရတယ်၊ အဓိကတော့ ဦးဥက္ကာဟာ ဘုရားကျွန် မျိုးနွယ်တစ်ယောက် ဖြစ်ခဲ့တာရယ်၊ အရင်က အကြောင်းတွေပါ တစ်စွန်းတစ်စ သိလာခဲ့ရတယ်၊ မာဒင်မော်နဲ့ မိစ္ဆာဝိညာဉ်လက်စွပ် အကြောင်းကိုတော့ သူပြောပြတော့မှပဲ သိရတာပါ"

"သူတောင်းစား မာဒင်နဲ့ ဦးဥက္ကာ တစ်ယောက်တည်းဖြစ်ရမယ်ဆိုတာ ဘယ်လိုသဲလွန်စရတာလဲ"

"မေရီကျော်က မသေခင် ခင်မောင်ဝေကို ဦးဥက္ကာအကြောင်းတွေ ပြောပြသွားတယ်၊ သူ့မှတ်တမ်းထဲမှာကျတော့ ဦးဥက္ကာဆီက ငွေငါးရာယူလာခဲ့တယ်လို့ ရေးထားတယ်၊ မေရီကျော် သေတဲ့ညက ဆရာဝန်ယောင် ဆောင်လာပေမယ့် လက်စွပ်ပါလာတာတစ်ချက်ရယ်၊ မာဒင်ကို ဖမ်းမိတော့ သူ့လက်မှာ လက်စွပ်ချွတ်ထားပေမယ့် အရာကျန်နေတာကို သတိပြုမိလို့ တစ်ယောက်တည်းဖြစ်မှန်း ရိပ်မိခဲ့တာပါ၊ ဒါပေမယ့် ပိုပြီးသေချာအောင် 'မြင်းကပါ'ဘက်သွားပြီး စုံစမ်းကြည့်တော့မှ ကွင်း

www.burmeseclassic.com



ဆက်က ချိတ်မိသွားတော့တယ်"

"တော်ပါပေတယ် ဆရာရယ်၊ ဘယ်အရာမဆို အစစအရာရာ စေ့စပ်သေချာလှပါပေတယ်၊ ဒါဖြင့် သူ့ဆီမှာ မိဘ္ဘာဝိညာဉ်လက်စွပ် ရှိဦးမှာပေါ့နော်"

"ရှိမှာပေါ့၊ သူ ဘယ်လို စီမံမလဲတော့ မသိဘူး၊ သူနဲ့အတူ တစ်ပါတည်း ယူသွားမလားတော့ မသိဘူး"

ဟု ပြောလိုက်လေသည်။

နောက်ပိုင်းမှာတော့ စုံထောက်ကျော်စွာက ဦးဉက္ကာကို သူတောင်းစား မာဒဂ်အဖြစ်နှင့် လူသတ်မှုများဖြင့် စွဲချက်တင်လေသည်။

ဦးဉက္ကာကလည်း ဖုံးကွယ်မနေတော့ပဲ ဖြောင့်ချက်ပေးလေသည်။

ထို့ကြောင့် စက်ရှင်တရားသူကြီးက တောင်းရမ်းစားသောက်နေသူ ဖြစ်သည်ကတစ်ကြောင်း ကျူးလွန်ခဲ့သော ပြစ်မှုများကို ဖြောင့်ချက်ပေးခဲ့သည်က တစ်ကြောင်းကြောင့် ကြိုးဒဏ်မပေးဘဲ သက်ညှာသောအားဖြင့် တစ်သက်တစ်ကျွန်းကျခံစေသော အပြစ်ဒဏ်ကိုသာ ပေးလိုက်လေသည်။

သတင်းစာများကတော့ တရားခံမှာ သူတောင်းစား မာဒဂ်အနေဖြင့်သာ ရေးသားဖော်ပြကြလေသည်။

ဦးဉက္ကာတို့ မိသားစုများကတော့ ဦးဉက္ကာတစ်ယောက် သေသည်ရှင်သည် မသိကြရသောကြောင့် တမျှော်မျှော်နှင့် ရှိနေကြသေးသည်။





တစ်နေ့တော့ ဦးဉက္ကာ အမြဲဝတ်ထားသော လက်စွပ်မှာ ပါဆယ်ထုပ်ဖြင့် သူတို့ထံ ရောက်လာလေသည်။

ပါဆယ်ထုပ်ထဲမှာ စာတစ်စောင်ပါလာသဖြင့် ဖတ်ကြည့်ရာ. . .

"သူ့အဖေမှာ အေးချမ်းရာအရပ်သို့ ရောက်သွားခဲ့ပြီဖြစ်သောကြောင့် ပြန်မလာနိုင်တော့ကြောင်း၊ မိသားစုများမှာ သင့်တော်သော အရပ်ဒေသသို့ ပြောင်းရွှေ့နေထိုင်ကြစေလိုကြောင်း၊ ထိုလက်စွပ်ကိုလည်း ဘုရားမှာ လှူဒါန်းပြီး သူ့အတွက် ရည်စူးကာ ရေစက်ချ အမျှအတန်း ဝေပေးပါရန်"

မှာကြားရေးသားထားသော ဦးဉက္ကာ၏ စာပင်ဖြစ်ပေသည်။


ထိုစာရောက်လာပြီး နောက်မှာတော့. . ကျန်ခဲ့သော မိသားစုများမှာ ဦးဉက္ကာမရှိတော့ကြောင်း သဘောပေါက်သွားပြီး ဦးဉက္ကာမှာကြားသော စာအတိုင်း ပြုလုပ်ဆောင်ရွက်ပေးကြလေတော့သည်။

နောက်ပိုင်းမှာတော့ ကျန်ခဲ့သော မိသားစုများမှာ ဟံသာဝတီ အဝိုင်းအနီးမှ ခြံနှင့်အိမ်ကို ရောင်းချပြီး အခြားအရပ်သို့ရွှေ့ပြောင်းသွားကြသည်ဟု သတင်းကြားသိကြရပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၁၆)

# ဖူးစာ၏ ဆုံမှတ်များ

ထိုအဖြစ်အပျက်များ ဖြစ်ခဲ့ပြီးနောက် ရက်အနည်းငယ်ကြာသောအခါ ဒေါက်တာမင်းထင်ကျော်တစ်ယောက် တက္ကသိုလ် စာကြည့်တိုက်သို့ တစ်ခေါက်ရောက်သွားလေသည်။

ဒီတစ်ကြိမ်ကတော့ ရည်ရွယ်ချက်နှစ်ခု ဖြစ်သွားခဲ့ခြင်းဖြစ်သည်။ တစ်ခုက ငှားယူလာသော စာအုပ်များကို ပြန်အပ်ပေးခြင်းဖြစ်ပြီး နောက်တစ်ချက်ကတော့ သီရိဝေနှင့် တွေ့လိုသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သွားခြင်းဖြစ်သည်။

အသွားတုန်းကတော့ သီရိဝေကို မတွေ့ရပေ။

စာကြည့်တိုက်မှ ပြန်ထွက်လာပြီး လက်ဘက်ရည်ဆိုင်ဝင်တော့မှ အဖော်နှစ်ယောက်နှင့် လက်ဘက်ရည်သောက်ရင်း စကားပြောနေသော သီရိဝေကို တွေ့ရလေသည်။

သူမကလည်း ဒေါက်တာမင်းထင်ကျော်ကို မြင်သဖြင့် ထိုနေရာမှ ထလာလေသည်။

သို့ကြောင့် လူရှင်းသော စားပွဲမှာထိုင်ပြီး လက်ဖက်ရည်ထပ်မှာလိုက်သည်။

"ကိုမင်းထင်ကျော် ပုဂံက ပြန်လာပြီလား"

"ပြန်လာပါပြီ၊ အမှုကိစ္စတွေတောင် ပြီးသွားပါပြီ၊ ဒီရက်ထဲမှာ အလုပ်တွေများနေလို့ အခုမှရောက်ဖြစ်တာပါ"

"ကျွန်မလည်း ကိုမင်းထင်ကျော်နဲ့တွေ့ပြီး စကားပြောချင် မေးချင်စရာလေးတွေ ရှိနေတော့ အတော်ပါပဲ"

"ဘာများ သိချင်စရာ ရှိလို့လဲ"

"ကျွန်မကို သွယ်ဝိုက်ပြီး သတိပေးစကား ပြောသွားခဲ့တာ သိပ်ပြီး ကျေးဇူးတင်ပါတယ်၊ ကိုမင်းထင်ကျော်က ကိုမောင်မောင်ကြီးတို့ မိသားစုတွေအကြောင်းကို သိနေလို့ သတိပေးသွားတာလားဟင်"

ဒေါက်တာမင်းထင်ကျော်က သက်ပြင်းတစ်ချက် ချလိုက်သည်။

"မသီရိဝေ၊ သူတို့ မိသားစုအကြောင်းတွေ သိရပြီလား"





"မမေရီကျော် မသေခင်က ကျွန်မအစ်ကိုကို ပြောပြသွားလို့ သိသင့်သလောက် သိရပါတယ်၊ ကိုမင်းထင်ကျော် ပြောကာစက ကျွန်မ အတော်အံ့ဩသွားမိတယ်၊ ဘယ်လိုရည်ရွယ်ချက်နဲ့ ပြောမှန်းလည်း မသိပါဘူး၊ အခုမှ သိသင့်သလောက်သိရတော့ စိတ်ထဲက ကျေးဇူးတင်မိပါတယ်"

"ပြောသာပြောရပေမယ့် မသီရိမေတို့ နှစ်ယောက်ရဲ့အချစ်ရေးကို အနှောက်အယှက် ပေးလိုစိတ်နဲ့ ပြောခဲ့တာတော့ မဟုတ်ပါဘူး"

"ကျွန်မသိပါတယ်၊ ကိုမင်းထင်ကျော်က ဒီလိုလူစားမျိုး မဟုတ်ဘူးဆိုတာ အစကတည်းက သိပါတယ်၊ သူနဲ့ ကျွန်မနဲ့ကလည်း နားလည်မှုယူထားတဲ့ အခြေအနေမျိုးပဲ ရှိပါသေးတယ်၊ အခုတော့ သူတို့လည်း မရှိတော့ပါဘူး"

"ဒီအတွက်တော့ ကျွန်တော်တောင်းပန်ပါတယ်"

"တောင်းပန်စရာ မလိုပါဘူး၊ ကျွန်မကသာ ကျေးဇူးတင်ရမှာပါ၊ ကျွန်မသိချင်တာက အဲဒီအချိန်က ကိုမင်းထင်ကျော် ဘယ်လိုရည်ရွယ်ချက်နဲ့ ပြောခဲ့တယ်ဆိုတာတော့ သိချင်ပါတယ်"

ဟု မေးလာသည်။

ဒေါက်တာမင်းထင်ကျော်က လက်ဖက်ရည် ပန်းကန်ကိုယူပြီး တစ်ငုံသောက်ပြီး ပြန်ချထားလိုက်သည်။

"ရည်ရွယ်ချက်နဲ့ ပြောတာတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ကျွန်တော့်ဘဝ တစ်လျှောက်လုံးမှာ လွန်သွားပြီးမှ နောင်



www.burmeseclassic.com

www.burmeseclassic.com



တရနေရမယ့် ကိစ္စမျိုးတွေ ဘယ်တော့မှ မလုပ်ပါဘူး၊

မသီရိဝေနဲ့သိတာ မကြာသေးပေမယ့်. . ဘဝတစ်လျှောက်လုံး စိတ်ဆင်းရဲမှုတွေနဲ့ နေသွားရမယ့် အဖြစ်မျိုးတော့ မဖြစ်စေချင်တာ အမှန်ပါပဲ၊ နောက်တစ်ခုကတော့ တွေ့မြင်စကတည်းက မသီရိဝေကို စိတ်ဝင်စားနေမိတာလည်း ပါပါတယ်”

သီရိဝေက. . လက်ဖက်ရည်ကို တမင်ခေါင်းငုံ့ကာ သောက်နေသည်။

“ပွဲလန့်တုန်းဖျာခင်း၊ အလျှင်းသင့်လို့ အဆင်ပြေသလို ပြောနေတာတော့ မဟုတ်တန်ပါဘူးနော်”

“မဟုတ်ပါဘူး၊ စိတ်ထဲမှာ တကယ်ရှိတာကို ပြောနေတာပါ၊ မသီရိဝေအနေနဲ့ ရည်ရွယ်ထားတဲ့သူ မရှိသေးရင်တော့ ကျွန်တော့်မေတ္တာကို လက်ခံစဉ်းစားပေးပါ”

“ကိုမင်းထင်ကျော်ရဲ့စိတ်သဘောကို သိတန်သလောက် သိပါတယ်၊ ဒီလိုပြောလာမှတော့ ကျွန်မဘက်ကလည်း ဒီအကြောင်းကို စဉ်းစားပေးရတော့မှာပေါ့”

“မသီရိဝေတို့အိမ်မှာ မေရီကျော်ကိစ္စက ဖြစ်ပြီးတာ မကြာသေးတော့ အပူတွေတော့ ရှိနေကြဦးမှာပါ၊ ကျွန်တော့်အနေနဲ့ ဒီစကားမျိုးတော့ မပြောသင့်သေးပါဘူး၊ ဒါပေမယ့်”

“ကျွန်မ သဘောပေါက်ပါတယ်၊ တစ်ခုတော့ ပြောချင်ပါတယ်၊ ကျွန်မကို သီရိဝေလို့ ခေါ်မယ့်အစား တစ်ခုခုပြောင်း ခေါ်ပေးပါ”

“သီရိလို့ပဲ ခေါ်ပါ့မယ်၊ ကျွန်တော့်ကိုလည်း တစ်ခုခု





တော့ ပြောင်းခေါ်ပေးစေချင်တယ်”

သီရိဝေက အနည်းငယ် စဉ်းစားနေပြီးမှ. . .

“ကိုကျော်လို့ ခေါ်ပါ့မယ်”

ဟု ပြောလေသည်။

ဒေါက်တာမင်းထင်ကျော်က ကျေနပ်စွာဖြင့် ခေါင်းတစ်ချက်ညိတ်ရင်း သီရိဝေမျက်နှာကို ကြည့်လိုက်သည်။

သူမမျက်နှာပေါ်မှာ အပြုံးရိပ်တစ်ခု တွေ့ရသည်။

မျက်ဝန်းမှာတော့ အဖြေတစ်ခုခု ရှိနေသည်။

မျက်ဝန်းမှာရှိနေသော အဖြေကို နှုတ်ခမ်းဖျားက ထွက်လာသည်အထိတော့ စောင့်ရပေဦးမည်။

တက္ကသိုလ် ပရဝုဏ်အတွင်းမှာ ပန်းမျိုးစုံတို့ ဖူးပွင့်နေကြသည်။ ထိုပန်းများနှင့်အပြိုင် သူတို့နှစ်ယောက် ရင်ထဲမှာတော့ အချစ်ပန်းတစ်ပွင့် ဖူးပွင့်စပြုနေပြီ ဖြစ်တော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော(မာဒင်ခုနစ်တွေ) အမည်ရှိ ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနီဃာဟောတု သုခီအတ္တာနံ ပရိဟရန္တု

ကြိုသစ်

စာပြီးချိန်။ ။(၂၀၁၄)ခုနှစ်၊ ဇူလိုင်လ(၁၀)ရက်၊ စနေနေ့၊ နေ့လည်(၃)နာရီ။



www.burmeseclassic.com